www.burmeseclassic.com

ပိုးမိုးစာပေ



# နတ်သမီး

အချစ်နှင့်
မကောင်းရာမကောင်းကြောင်း

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၃၃၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၇၂၀၇၁၁
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့် ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း
အုတ်ကျင်းရွယ် ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
အချစ်နှင့် မကောင်းရာမကောင်းကြောင်း / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အချစ်နှင့် မကောင်းရာမကောင်းကြောင်း

## အခန်း (၁)

"နေချိုသွေး တဲ့ နာမည်ကိုက ယောက်ျားလိုလို မိန်းမလိုလိုနဲ့ ငါ တကယ်ကို မေ့တွာမရှိတာ၊ ကြည့်လို့လည်း မရဘူး"

"ဟယ် ချစ်သမီးရယ်၊ ကြည့်လို့မရဘူးပြောပြီး သူသွားလေရာ လိုက်ကြည့်ပြီး အကုသိုလ် ပွားနေရလား၊ မမြင်ချင် မကြည့်နဲ့ပေါ့၊ တကတည်း ဟိုကလည်း နင့်ကိုမြင်တာနဲ့ တစောင်းစေးနဲ့ မျက်ချေး ယောက်ျားတန်မဲ့ မျက်စောင်းက လွှင့်ပြီးသားနော်"

"အဲဒါပေါ့ သူ့ကိုယ်သူရှပ်ဖြောင့်တယ် စတိုင်မိုက်တယ်ဆိုပြီး ဘဝင်လေဟပ်နေတာ၊ အဝတ်အစားကအစ ကိုရီးယားဒီဇိုင်းနဲ့ ဆံပင် က အီမိုကေ၊ လက်တွေမှာလည်း ဖန်စီကြိုးတွေ ရှုပ်ယှက်ခတ်လို့"

"ဟဲ့ နင် စေ့စေ့စပ်စပ် ကြည့်ထားတာပဲ ငါတို့တော့ နေချိုသွေး

www.burmeseclassic.com



က နာမည်လေးက တစ်မျိုးလေး၊ စတိုင်မိုက်တယ်၊ ရုပ်ချောတယ် 
လောက်ပဲ အမှတ်တမဲ့ ကြည့်မိတာ”

“ဒါကရော သူ့ကို ချစ်လို့ အာရုံစိုက်ကြည့်နေတာလား။ ဆောင့်ကြွားကြွားပုံစံကို အမြင်ကတ်နေတာ၊ ဟွန်း မုန်းစရာကြီး”

ဆိုင်ရဲ့အဝင်အထွက် ထောင့်စွန်းမှာ သူငယ်ချင်းနှစ်ယောက်နှင့်ထိုင်နေသော နေချို့သွေးကို ဟွန်းခနဲ မျက်စောင်းဝင့်ပြီးမှ ချစ်သမီးချာခနဲ ပြန်လှည့်သည်။

အစားအသောက် ကောင်းတွေ မက်မက်မောမော မရှိသော ချစ်သမီးက ချောကလက် ရေခဲမုန့်နှင့် ကိတ်ကိုတော့ စွဲစွဲလန်းလန်း စားသုံးတတ်သည်။ ဘယ်နေရာမှာဖြစ်ဖြစ် ရေခဲမုန့်ဆိုလျှင် ဝင်ထိုင်ပြီးသား။ အခု ဒီသပြေရိပ် အအေးဆိုင်က သင်တန်းကျောင်းနှင့် အနီးဆုံးမှာရှိပြီး အချိန်မရွေး စားသောက်လို့ ရတာမို့ သင်တန်းတက်ချိန်ရောဆင်းချိန်ရော ဝင်ထိုင်ဖြစ်မြဲ။

အနည်းဆုံး သုံးပွဲစားတတ်ပြီး တစ်နာရီကြာ ဖိမ်ခံ၍ ထိုင်နေတတ်သည်။

သူမလို အလေ့အကျင့်ရှိသူက နေချို့သွေး။

ယောက်ျားတန်မဲ့ ရေခဲမုန့်နှင့်ကိတ်ကို မြိန်ရေယှက်ရေ စားပြီး အချိန်ကြာကြာ ထိုင်ကာ သူငယ်ချင်းတွေနှင့် ပေါ့ပေါ့ပါးပါး ပျော်ပျော်





နေသည်။

ဒါက ကိုယ့်စတိုင်နှင့်ကိုယ်မို့ ကိစ္စမရှိ။

ဆောင့်ကြွားကြွား ဘဝင်မြင့်ပြီး စကားပြော တင်စီးတာကို အမြင်ကတ်တာ။ မိန်းကလေး တစ်ယောက်ကို အလျှော့ပေး လိုက်လျောရမှန်းလည်း မသိ။

သူ့အတွက် အရေးမပါတာလိုလို အထာကိုင်ချင်သူ။

ဆုံဆည်းမှုအစက ဒီသင်တန်းကို စတက်စဉ်ကပါ။

အဲဒီနေ့က အေမီနှင့် သင်တန်းတက်ဖို့ကိစ္စ ချိန်းထားပေမယ့် အေမီက ရောက်မလာ။

“နယ်က ဝါ့ါအစ်ကို လင်မယား ရောက်လာလို့ဟဲ့၊ ဝါ့တူလေးလည်း ပါလာတယ်၊ ငါ နင့်ဆီလာဖြစ်တော့မှာ မဟုတ်ဘူး။ သင်တန်းကို နင့်ဘာသာစုံစမ်းပြီး စာရင်းသွားသွင်းလိုက်ပေါ့၊ ဆယ့်နှစ်ရက်နေ့ နောက်ဆုံးလို့ ပြောထားတယ် မဟုတ်လား။ နင်တစ်ယောက်တည်း မသွားချင်လို့ မနက်ဖြန်မှ ငါနဲ့အတူတူ သွားလည်း အချိန်မီပါသေးတယ်၊ ချစ်သမီးလေး စိတ်မကောက်နဲ့နော်”

အေမီ ချော့ပေမယ့် သူမက ပျော့စိစိ နုနယ်သူ မဟုတ်။ စိတ်မြန်လက်မြန်ပင် သင်တန်းဖစ်ဖစ်တင်းကဒ်လေး ယူ၍ ကားလို ကိုယ်တိုင်မောင်းထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းက တခြားသင်တန်းတွေလို ကွန်ဒိုတွေ တိုက်ခန်းတွေမှာမဟုတ်ဘဲ ဆိတ်ငြိမ်ရပ်ကွက်ရဲ့ ခြံဝင်းကျယ်ကျယ် လုံးချင်းတိုက်ကြီးထဲမှာပင်။

ထိုလမ်းထဲကို ဝင်လာတော့ မှန်လုံခန်းနှင့် ခမ်းနားကြီးကျယ်သော သပြေရိပ် စားသောက်ဆိုင်ကြီးကို တွေ့ရသည်။

ရေခဲမုန့်လည်း ရသည်ဆိုတော့ သူမ ဟန်ပင်မဆောင်နိုင်။ အရင်ဆုံး ကိုယ်ကြိုက်တာ ဝင်ဆွဲပြီးမှ စုံစမ်းလို့လည်း ဖြစ်တာပဲ။ ကိုယ့်အတွေးနှင့်ကိုယ် ဆိုင်ထဲဝင်လိုက်စဉ်မှာပင် ဆိုင်ထဲကနေ သူငယ်ချင်းတွေနှင့် နောက်ပြောင်ရင်း ထွက်လာသည့် နေချိုသွေးနှင့် ပြူန်းခနဲ မျက်နှာချင်းဆိုင် တိုက်မိကြသည်။

လူက ယိုင်ခနဲ ဖြစ်သွားပြီး လက်ထဲက ဟန်းဖုန်းလေး အဝေးကို လွင့်စင်ကာ ကျကွဲသွားသည်။

"ရှင် ဘယ်လိုလူလဲ၊ လူတစ်ယောက်လုံး ဝင်လာတာ မမြင်ဘူးလား"

"မင်းရော မမြင်လို့ဝင်တိုက်တာ မဟုတ်ဘူးလား။ ငါ့ကိုချည်း အပြစ်ပုံချဖို့ စိတ်မကူးနဲ့"

"ဟြော် ရှင် ရှုပ်ပလာနိုင်လို့ ရှောင်တိမ်းချိန် မရလိုက်တာလေ၊ ယောကျ်ားလေး ဖြစ်ပြီး ဣန္ဒြေကို မရဘူး၊ ဗရုတ်သုတ်ခ ပျာယာခတ်





နေတာပဲ"

"ဟိတ် မင်းငါ့ကို စေဖန်စရာ မလိုဘူး၊ ငါမှားတယ်လို့လည်း ဝန်မခံနိုင်ဘူး။ ဒါပေမဲ့ မင်းဟန်းဆက် ဘယ်လောက်တန်လဲ၊ ငါ လျော်ပေးမယ်"

"ဘာ"

စီးစီးပိုးပိုး ပမာမခန့် ပြောနေသည်မို့ ချစ်သမီး ဒေါသတကြီး ဆတ်ဆတ်ခါသွားရသည်။ ကိုရီးယားမင်းသား ဒီဖိုင်းနှင့် အသားဖြူဖြူ အရပ်မြင့်မြင့် မျက်ခုံးထူထူ နှာတံပေါ်ပေါ်။

ရင်ဘတ်ကို ဖွင့်ပြီး ကိုယ်ဟန်မတ်မတ်ရှိပုံက ကိုယ့်ကိုကိုယ် အထင်ကြီးတတ်တာ သိသာနေလျက် သူများကို အထင်သေးတတ်တာလည်း အကျင့်လို ဖြစ်နေဟန်တူသည်။

ဒါမျိုးကို ချစ်သမီး သည်းမခံတတ်။

"ဒီမယ် ရှင်လျော်ပေးမယ့် ဟန်းဆက်ကို အလုံးတစ်ရာလောက် တစ်ချိန်တည်း တစ်ခါတည်းဝယ်ပြီး ရှင့်ကို ပစ်ပေါက်သတ်လိုက်လို့ ရတယ်၊ နားလည်လား၊ လျော်ကြေးလိုချင်လို့ ဇာတ်လမ်းဆင်နေတဲ့ မိန်းမစားမျိုးများ အောက်မေ့နေလား"

"မသိနိုင်ဘူးလေ"

"ဘာ နင် နင် အရမ်းမိုက်ရိုင်းတဲ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြပါတော့ကွာ၊ ဆိုင်ထဲမှာ ညော်သည်တွေ လှမ်းကြည့်နေတာ မရှက်ကြဘူးလား၊ လာပါ နေချိုသွေးရာ မင်းက ပြဿနာကို ရှာတယ်"

"ငါ ရှာတာမဟုတ်ဘူး၊ သူ ရှာတာ"

"အေးပါ သူရှာတာဆိုလည်း သူက မိန်းကလေး၊ အလျှော့ပေးလိုက်ပါကွာ"

"ဟ မိန်းကလေးဆိုပြီး အလျှော့ပေးလိုက်ရင် ရောင့်တက်သွားမှာပေါ့ကွ"

ဘယ်သူဖျောင်းဖျလို့မှ မရသော နေချိုသွေးဆိုသည့် ထိုယောက်ျားကို သူမ ထိုအချိန်ကတည်းက အမြင်ကတ်မုန်းတီးသွားခဲ့သည်၊

ဖြစ်ချင်တော့ သင်တန်းတစ်ခုတည်းမှာ တစ်ချိန်တည်း တက်ရသည့် ရေစက်က ပါလာသည်။ ဆုံလိုက်တိုင်းလည်း သူတင် ကိုယ်တင်မာနများဖြင့် အပြိုင်အဆိုင် အတင်းတုတ် စကားနိုင်လု ရန်ဆက်ရှည်သွား၏။

သူမကရော ဒီလိုယောက်ျားမျိုးကို အလျှော့ပေး အောက်ကျို့ခံ ဆက်ဆံစရာလိုသလား။

ဟွန်း ဝေးသေး။

"ဟဲ့ ဘာတွေတွေးနေတာလဲ၊ ရေခဲမုန့်တွေတောင် အရည်ပျော်





ကုန်ပြီ၊ ဘာတွေ အချဉ်ဖောက်နေတာလဲ"

"ဟင် အေးဟဲ့ အရည်ပျော်ကုန်ရင် မစားချင်တော့ဘူး။ စိတ်တာ လာပါဦး နောက်နှစ်ပွဲချပေး"

အေမီအသံကြားမှ စိတ်က ပစ္စုပ္ပန်ကို ပြန်ရောက်ကာ ရေခဲမုန့်မှာရင်း အာရုံကို ပြန်စုစည်းရ၏။ ဒါတောင် နေချိုသွေးတို့ စားပွဲဝိုင်းက ရယ်သံတွေ လွင့်လာတော့ မျက်စောင်းတဝင့်ဖြင့် ရန်လိုမိလိုက်သေးသည်။

နေချိုသွေး ဆိုသည့် လူကို ဘယ်တော့မှ ရေစက်မဆုံချင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ရေစက်မဆုံချင်လို့တော့ မရဘူးနော်၊ မှင်းတို့နှစ်ယောက်က တစ်နေရာတည်းမှာဆုံပြီး အကြိုက်ချင်းလည်း တူတယ်၊ မင်းက ရေခဲမုန့် တစ်ခါစား သုံးပွဲ၊ ချစ်သမီးလည်း"

"တော်စမ်းပါကွာ၊ နာမည်ကိုက ချစ်သမီးတဲ့၊ ဘာတွေများ ချစ်စရာကောင်းနေလို့လဲ၊ သူ့ကိုယ်သူ ရွှေအဆင်းလို လှတဲ့သူဆိုပြီး ကြီးကျယ်နေတဲ့ မိန်းမ၊ ဘာတွေ ဘဝင်မြင့်ပြီး မာနကြီးနေလည်း မသိဘူး၊ ထောင့်ကို မကျိုးဘူး"

"သူများ သားသမီးကို အဲလောက် ပစ်စလက်ခတ် ပြောရလား ဟ၊ ချစ်သမီးက သာမန် ရုပ်ကြမ်းရော့ချုအလှ မဟုတ်ဘူးနော်၊ ထူး ခြားခြား ဆွဲဆောင်မှု ရှိတယ်၊ ယောက်ျားတိုင်း ငေးမကြည့်ဘဲ မနေနိုင် ဘူး"

www.burmeseclassic.com

"ရေစက်မဆုံချင်လို့တော့ မရဘူးနော်၊ မှင်းတို့နှစ်ယောက်က တစ်နေရာတည်းမှာဆုံပြီး အကြိုက်ချင်းလည်း တူတယ်၊ မင်းက ရေခဲမုန့် တစ်ခါစား သုံးပွဲ၊ ချစ်သမီးလည်း"

"တော်စမ်းပါကွာ၊ နာမည်ကိုက ချစ်သမီးတဲ့၊ ဘာတွေများ ချစ်စရာကောင်းနေလို့လဲ၊ သူ့ကိုယ်သူ ရွှေအဆင်းလို လှတဲ့သူဆိုပြီး ကြီးကျယ်နေတဲ့ မိန်းမ၊ ဘာတွေ ဘဝင်မြင့်ပြီး မာနကြီးနေလည်း မသိဘူး၊ ထောင့်ကို မကျိုးဘူး"

"သူများ သားသမီးကို အဲလောက် ပစ်စလက်ခတ် ပြောရလား ဟ၊ ချစ်သမီးက သာမန် ရွက်ကြမ်းရေကျိုအလှ မဟုတ်ဘူးနော်၊ ထူးထူး ခြားခြား ဆွဲဆောင်မှု ရှိတယ်၊ ယောကျ်ားတိုင်း ငေးမကြည့်တဲ့ကို မနေနိုင် ဘူး"





ဒါကျတော့ မင်းစိုးက ထောက်ခံသည်။ ဆုံလိုက်တိုင်း ဗလိုင်း ကြီး ချစ်သမီး ရန်စတိုက်ခိုက်တာ ကိုယ်တွေလည်း အသိ။

ရင်မဆိုင်ချင်လျှင် ရှောင်ထွက်သွားတာ အကောင်းဆုံးပေါ့။

အခုတော့ နှစ်ယောက်စလုံးက ရှောင်လျှင် အလျှော့ပေးရာ ရောက်မှာစိုးလို့လား မသိ။ တမင်တကာ ဖာတ်တိုက်ကာ ရန်ဖြစ်နေ ကြသည်လို့တောင် အောက်မေ့ရသည်။

ကိုယ်တွေတောင် ပတ်ဝန်းကျင်ကို အားနာကာ အနေကျုံ့ရ၏။ ခင်း ဘာလို့ ချစ်သမီးကို မုန်းနေတာလဲဟု သွေးကို မေးကြည့်တော့

"အရင်ဘဝကတည်းက ရန်ဘက်ဖြစ်ခဲ့လို့ နေမှာပေါ့၊ ကြီး ကျယ်တဲ့ မိန်းမတွေကို ငါ အရမ်းမုန်းတယ်"

ထိုအချိန်က မင်းကရော မကြီးကျယ်လို့လားဟု အငေါ်တူး မေးခဲ့မိဖို့ ကောင်းသည်။ နေချိုသွေးဆိုတာလည်း အဲလို မာနတံခွန်ဖြင့် ကြီးကျယ်သည့်ကောင်မျိုးပါ။

ဒါကြောင့်လည်း နိုင်ဦးက ချစ်သမီးနှင့်လိုက်ဖက်သည်လို့ ပြော တာနေမှာ။

နေချိုသွေးက အရည်ပျော်လုလု ဖြစ်နေသော ရေခဲမုန့်တွေကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခဲ့ ခံစားနေရင်းမှ

"အပြိုးကြီးတဲ့ မာနကြီးတဲ့ ဘဝင်မြင့်ကြီးကျယ်လွန်းတဲ့ မိန်းမတွေဟာ ဘယ်လောက်လှလှ အချစ်နဲ့မထိုက်တန်တဲ့သူတွေပဲ၊ ရုပ်ဆိုးပြီး စိတ်ထားပြည့်ဝ ရိုးစင်းတဲ့ မိန်းမတွေကို ယောကျ်ားတွေ စွဲလမ်းတာ ချစ်စရာကောင်းလို့ပေါ့"

"ဒါဆို မင်းက ရုပ်ဆိုးဆိုး မိန်းမတွေပဲ ရွေးချယ်မှာလား"

"အဲလိုလည်း မဟုတ်ဘူးလေကွာ၊ လှတဲ့ မိန်းမတိုင်း စိတ်ရင်း မကောင်းဘူးလို့ ပြောနေတာမှ မဟုတ်တာ၊ ဥပမာ ချစ်သမီးလို မိန်းမမျိုး"

"အဲဒါ မင်းအမြင်စောင်းနေတာရော မဖြစ်နိုင်ဘူးလား၊ အရည်အချင်းရှိ ထက်မြက်လွန်းတဲ့ မိန်းမမို့ မာနကြီးတယ်၊ ကြီးကျယ်တယ်လို့ ထင်ရတာမျိုးပေါ့"

"ဘာထက်မြက်တာလဲ ဘာအရည်အချင်းရှိတာလဲ၊ အလကား မိန်းမ"

"မင်း အဲလို မှိုချိုးမှျစ်ချိုး မပြောနဲ့ သွေး၊ ချစ်သမီးက မြန်မာပြည်မှာ ကြီးကျယ်ခမ်းနားဆုံး ချစ်သမီး **Beautly Feaction** ဖွင့်ထားတာတဲ့၊ ပြီးတော့ နိုင်ငံခြားထိတောင် ဖက်ရှင်ဒီဇိုင်နာ သင်တန်းတက်ထားတာလို့ ပြောတယ်၊ အခု ကိုရီးယား ဘာသာစကားကို အခြေခံကစပြီး သင်နေတာလည်း အဲဒီ လုပ်ငန်းအတွက် အရေးပါလို့ပဲ"





"ဘာ"

"အေး ကိုရီးယား အလှပြင်ပစ္စည်းတွေ၊ အဝတ်အထည် ဖက်ရှင်တွေ လက်ခံဖို့အတွက် ကိုယ်စားလှယ်လုပ် ဖြန့်ဖြူးဖို့ ပါမစ်ရထားလို့ ဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင် လေ့လာနေတာ သူ့ရဲ့ ချစ်သမီး **Beautly Feaction** ကလည်း အောင်မြင်နေပြီ၊ အရင်က သူ့အမေလက်ထက်မှာ တခြားနာမည်နဲ့လုပ်နေလို့ လူသိပ်မသိတာ၊ အခုတော့ အဲဒီနာမည်နဲ့ နိုင်ငံတကာထိတောင် ထိုးဖောက်ဖို့ ကြိုးစားနေတာ"

"ဟာ သိလှချည်လား၊ အင်တာနက်ကနေ စပ်စုလာတာ ထင်တယ်၊ ဟုတ်လား နိုင်ဦး"

အရမ်းကို အတိအကျ ပြောနေတာမို့ မင်းစိုးက မျက်နှာပင့်ကာ ကြားဝင်မေး၏။ နေချိုသွေးက ရေခဲမုန့် နောက်တစ်ခွက် မှာစားရင်း စိတ်မဝင်စားသလို လုပ်နေလိုက်သည်။

"သိဆို အေမီဆိုတဲ့ ချစ်သမီး သူငယ်ချင်းမလေးကို စပ်စုလိုက်တာပေါ့"

"ဟင် မင်းက ဘာလို့ ရှုပ်ရှုပ်ယှက်ယှက် သွားရောတာလဲ၊ ကိုယ့်အထာနဲ့ကိုယ် နေကြစမ်းပါဆိုကွာ၊ ချစ်သမီးက သူငယ်ချင်းဆိုတော့ အေမီ မြှောက်ပင့်ပြောလွှတ်လိုက်တာကို ယုံတာ၊ အံ့သြစရာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရုံနဲ့တော့ ယုံမလားကွ၊ ငါ ကိုယ်တိုင် သွားပြီး လေ့လာ အကဲခတ်တာ"

"ဘာ"

အလန့်တကြား အော်လိုက်တာမို့ နေချိုသွေး လက်ထဲက ရေခဲ မုန့် ဖွန်းလေးတောင် အောက်ပြုတ်ကျသွားသည်။ နိုင်ဦး စပ်စုတတ်တာ သိနေပေမယ့် ချစ်သမီးနဲ့ ပတ်သက်တာကို နားလည်မပေးချင်။

"မင်းက ဘာလို့ အဲဒီကို ရောက်သွားရတာလဲ၊ ငါ့ကို သစ္စာ ဖောက်တာလား နိုင်ဦး"

"မဟုတ်ပါဘူးကွာ၊ ငါ မျက်နှာပေါင်းတင် ခေါင်းလျှော်ရင်း သွားလိုက်တာပါ၊ အဲဒီမှာ အေမိနဲ့ တွေ့တော့ သူက အရင် နှုတ်ဆက် တာနဲ့ စကားစပ်မိပြီး"

"ခွီးတဲ့ ယောကျ်ားလေး လုပ်တဲ့ဆိုင် သွားပါလား။ မင်းလို ကျိုးပုံးနဲ့တော့ ခက်တာပဲ"

နေချိုသွေး ပျစ်ပျစ်နစ်နစ် ပြောသော်လည်း ကန့်ကလန့် မိန်းမဆန်ဆန် အလှပြင်ချင်သော နိုင်ဦးက စိတ်မဆိုး။ ဘယ်ချိန်ဖြစ်ဖြစ် တို့ပပ်(ပ်)လေးနှင့် တဖတ်ဖတ်ရိုက်ပြီး မျက်နှာလေး မှုန်ဖွေးနေအောင် နေတတ်သူ။

ပြီးတော့ မိန်းမဆန်ဆန် စပ်စုပြီး သိမ်သိမ်မွေ့မွေ့ နေချင်သူ





မင်းစိုးက နိုင်ဦးပခုံးကို ဖတ်ခနဲ ပုတ်ပြီး

"မင်းတကယ် အခြောက်စိတ် ပေါက်နေပြီ ထင်တယ်၊ အဒေါ် တွေ အစ်မတွေနဲ့နေပြီး စပ်စုချင်လိုက်တာလည်း လွန်ရော၊ ကဲ ပြောစမ်း ပါဦး။ ချစ်သမီး ဘယ်လောက်တောင် ချမ်းသာပြီး ထက်မြက်သလဲဆို တာ"

"ခုနက ပြောပြီးပြီလေ၊ အဲဒီ အလှပြင်ဆိုင်က သူ့အမေဆုံး ပြီး သူ့လက်ထက်ကျမှ ချစ်သမီး နာမည်နဲ့ ပိုအောင်မြင်လာတာပါဆို၊ သူ့အဖေက နိုင်ငံခြား သင်္ဘောက အရာရှိတဲ့၊ ချမ်းသာလိုက်တာမှ မျိုးရိုးစဉ်ဆက် ကျိုက်ကျိုတက်ပဲ၊ ဖအေကြီးကလည်း တစ်ဦးတည်းသော သမီးလေးကို ချစ်လိုက်တာ တုန်လို့"

"အဲဒါကြောင့် မာနတွေ မိုးပျံနေတာပေါ့"

"ဟင့်အင်း အဲဒါကိုပဲ အေမိက အံ့သြလို့ ငါ့ကိုပြောပြတာ၊ ချစ်သမီးက တခြားလူတွေအပေါ် ဆက်ဆံတာ အဲလို မဟုတ်ဘူးတဲ့၊ အရမ်းကိုယ်ချင်းစာပြီး ကူညီတတ်တာတဲ့လေ၊ ဝန်ထမ်းတွေအပေါ်လည်း ကြီးကြီးငယ်ငယ် ငဲ့ညှာမှု ထောက်ပံ့မှု ရှိတယ်၊ နေချိုသွေးနဲ့ကျမှ ဘယ်လို ရန်စရှည်သွားလဲ မသိဘူးတဲ့"

"ပြီးတော့ ဘာပြောသေးလဲ"

"နေချိုသွေးက အမြင်ကတ်စရာ ကောင်းလို့လည်း ဖြစ်မှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့"

"ဘာ အေမိက ပြောတာလား"

"ဟော အစပေါ်သွားတော့ အေမိကို ရန်သွားလုပ်တော့မလို့ မဟုတ်လား။ မင်းနဲ့ရန်စရှိတာ ချစ်သမီးနော်၊ အေမိကို သွားမကျိုင်းနဲ့ တော်ကြာ ငါ့ကို မကောင်းထင်နေဦးမယ်"

"အခြောက်မ ဒါကြောင့် ကိုယ့်ဘာသာနေပါလို့ ပြောတာ၊ ပြဿနာဖြစ်အောင် မင်းအစပျိုးနေတာ၊ သွေးစိတ်လည်း သိရဲ့လားနဲ့"

"ဟဲ့ မင်းစိုးရဲ့ ငါ မပြောလည်း သူတို့နှစ်ယောက်က ခွေးနဲ့ ကြောင်လို အမြဲရန်ဖြစ်နေကြတာပဲ၊ တို့မီးရှို့မီးလုပ်စရာ ဘာအကြောင်းမှ မရှိဘူး၊ ဟွန်း မပြောလိုက်ချင်ဘူး"

နှိုင်ဦးက မျက်စောင်းထိုးကာ ခေါင်းကို ဆတ်ခနဲ ခါလိုက်သည် မို့ မင်းစိုးနှင့် နေချိုသွေး တဟားဟား အော်ရယ်လိုက်ကြသည်။ ကိုယ့် လွတ်လပ်ခွင့်နှင့်ကိုယ် ဘယ်သူမှ ဂရုစိုက်ဖို့ သတိမရ။

ပျင်းပျင်းရှိတိုင်း နှိုင်ဦးကို စနောက်ရင်းဖြင့် သူတို့ရဲ့ ကိုယ်ပိုင်ဘဝလေးက. . .။

■ ■ ■



## အခန်း (၃)

သင်တန်းဆင်းချိန်က ညနေ ငါးနာရီ။

ပွဲတစ်ပွဲက လက်ခံထားတာ ဆိုင်က ဝန်ထမ်းတွေနှင့် လွှဲထားလို့ရသော်လည်း ကိုယ်တိုင်ကြီးကြပ် စီမံချင်သေးသည်မို့ နာရီဝက်လောက် သင်တန်းစောဆင်းလာခဲ့သည်။

ကားပါကင်နား ရောက်မှ နောက်က ခြေသံ တဖျပ်ဖျပ်ကြောင့် ခြေလှမ်းရပ်၍ ချာခနဲ နောက်လှည့်ကြည့်မိစဉ်မှာ နေချိုသွေးနှင့် ရင်ချင်းအပ်မတတ် မျက်နှာချင်းဆိုင် တွဲတိုးကြီး ဖြစ်သွားရသည်။

"ဘာဖြစ်တာလဲ ဘာလို့ ငါ့နောက်က လိုက်လာတာလဲ"

"လိုက်ချင်လို့ လိုက်လာတာ မဟုတ်ဘူး၊ ရှင်းစရာရှိလို့"

"ဘာရှင်းမှာလဲ၊ နင်လိုကောင်နဲ့ ငါက ဘာရှုပ်ထားလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



စပ်စပ်ယှက်ယှက် လာမလုပ်နဲ့၊ ငါ အရေးကြီးကိစ္စရှိလို့ သင်တန်းစော ဆင်းလာတာ''

''ငါကလည်း နင်နဲ့ စာရင်းရှင်းစရာရှိလို့ကို ဆရာ့ကိုပြောပြီး လိုက်လာတာ၊ နင် ငါ့ကွယ်ရာမှာ ငါ့ကို အမြင်ကတ်လို့လေး ဘာလေးနဲ့ ဘာလို့ အတင်းတုတ်နေတာလဲ''

''ဘာ အတင်းတုတ်တယ် ဟုတ်လား၊ ဟဲ့ နင်တို့ယောကျ်ားတွေရော ငါ့အကြောင်း အတင်းမတုတ်ကြဘူးလား၊ ငါတို့ မိန်းမတွေ ပြောတော့ အတင်းတဲ့၊ နင်တို့ယောကျ်ားတွေကျတော့ သတင်းတဲ့၊ အဲလို ဆင်ခြေပေးချင်သေးလား၊ ချစ်သမီးကိုတော့ ဒါမျိုး လာမဖော့နဲ့နော်၊ ပြောစရာရှိရင် ပြောမှာပဲ၊ အပြောမခံချင်ရင် အပြောမခံရအောင်နေ''

သွက်သွက်ခါ တရစပ် ပြောပြီး ချစ်သမီး ကားတံခါးဆွဲဖွင့်လိုက်သည်။ သူမ လက်ကို နေခြည်သွေး ပုတ်ချကာ မြန်းခနဲ ကားတံခါး ပြန်ပိတ်ပစ်လိုက်၏။

''ဒါ ဘာလုပ်တာလဲ''

''မင်းပြောချင်တာတွေချည်း ပြောသွားလို့ မရဘူးလေ၊ နောက်တစ်ခါ ငါ့အကြောင်း မဝေဖန်မိအောင်နေလို့ ငါ သတိပေးတဲ့စကားကိုလည်း နားထောင်ဦးမှပေါ့''

''အောင်မာ ငါက ဘာလို့ နင် ပြောတဲ့စကားကို နားထောင်





ရမှာလဲ၊ ချစ်သမီးဆိုတာ ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ကိုယ့်စိတ်ကြိုက် နေတာ၊ သူများအမိန့်ပေးတာ နာခံတတ်တဲ့ မိန်းမစားမျိုး မဟုတ်ဘူး သိလား၊ အရမ်းဆရာကြီးလုပ်ချင်နေရင်လည်း ချိုးပုံးသာ သွားထမ်း''

''ဘာ မင်း ရှိုင်းလှချည်လား၊ ဘယ်လိုမိဘက မွေးထားတာလဲ''

''နင်နော် ငါ့မိဘကို ဆွဲရမ်းမပုတ်ခတ်နဲ့၊ ဟွန်းယောကျ်ားဖြစ်ပြီး ဘတ်ဖိုးကတ်ဖဲ့ တင်တင်စီးစီးကို နိုင်တယ်''

''ဟာ ဒီမိန်းမ''

ချစ်သမီးက သူမ ပြောချင်တာတွေပြောပြီး သူ့ကို တွန်းထိုးဘာ ကားပေါ်တက်ပြီး မောင်းထွက်သွားသည်။ ခပ်ဝေးဝေးရောက်မှ လက်နောက်ပြန် တာ့တာ ပြသွားသေး၏။

''တောက်''

ကျယ်လောင်သော တက်ခေါက်သံနှင့် လွယ်အိတ်ကြိုးစကို တင်းတင်းဆုပ် ဆွဲထားမိ၏၊ ဒီမိန်းမနှင့်တွေ့တိုင်း မခံမရပ်နိုင် ဒေါသများဖြင့် အခုလို အကြိမ်ကြိမ် ပေါက်ကွဲရမြဲပင်။

ဘာကြောင့်များ အထုံရေစက်က ရန်ဖြစ်ဖို့ ကံဖာတာ ပါလာရတာလဲ။ မျက်နှာကြော မတည့်ရသည့် အကြောင်းအရင်းက ထူးထူးခြားခြား ကြီးကြီးမားမားလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



မာနနှင့်မခံချင်စိတ်ကြောင့် တုံ့ပြန်မိရင်း တင်စီးမခံချင်တော့တာပင်။

"ဟိတ်ကောင် ဘာဖြစ်နေတာလဲ"

နိုင်ဦးနှင့် မင်းစိုး ပခုံးပုတ်မေးမှ မေးကြောကြီးတွေ တင်းရင်းပြီး လက်သီးဆုပ်ထားမိခြင်းကို ဖြေလျော့ရ၏။

"တောက် ချစ်သမီးပေါ့"

"ထင်တယ် ချစ်သမီး ထွက်သွားပြီး မင်း လိုက်သွားကတည်းက ပြဿနာတက်တော့မယ်ဆိုတာ မမြင်ချင်ယောင် ဆောင်နေလိုက် ပြီးရောကွာ၊ ဘာလို့ တကူးတက လိုက်ပြီး ပြဿနာရှာနေတာလဲ"

"မိန်းမတွေက ငြိမ်ခံနေရင် ရောင့်တက်တယ်ကွ၊ အားနွဲ့ပါတယ်ဆိုပြီး ညှာနေလို့ မရဘူး၊ ငါကတော့ ကြုံရင် ကြုံသလို ဖွဲ့မှာပဲ"

"ချစ်သမီးမှာလည်း အဲဒီလို စိတ်ကူးရှိနေတယ် ထင်တယ်နော်၊ သူ့မှာ မင်းထက် မလျော့တဲ့ မာနတွေ မခံချင်စိတ်တွေ ရှိတယ်"

"ငါကလည်း အဲဒါမျိုးတော့ ပျင်းတောင် ပျင်းသေးတယ်၊ မြင်းဘက်တစ်ယောက်လို သတ်မှတ်ပြီးရင် ဘယ်တော့မှ အရှုံးမပေးဘူး"

"လူတစ်ယောက်ကို အဆုံးအစမရှိ အမုန်းကြီး မုန်းနေရင် ဘယ်သူဖျက်ဖျက် ခွဲခွာလို့ မရအောင် အချစ်ကြီး ချစ်တတ်သွားတတ်တယ်နော်၊ အလွန်အကျွံတွေ မဖြစ်စေနဲ့"





နိုင်ဦး စကားကြောင့် နေချို့သွေး ဆံပင်တွေကို ဆတ်ခနဲ ဆွဲသပ်ခါကာ ထောင့်ချိုးညီ နှုတ်ခမ်းလေး လှုပ်ခတ်ရုံ မဲ့ပစ်လိုက်၏။

"နိုင်ဦး ငါ့မျက်နှာကို ကြည့်ထား၊ ချစ်သမီးလို မိန်းမမျိုးကို ဘယ်တော့မှ မချစ်ဘူး"

"အပြောမကြီးစမ်းပါနဲ့ သွေးရယ်၊ နင်ကလေ အချစ်နဲ့ပတ်သက်ရင် ကျိန်စာသင့်ထားသလိုပဲ သိလား။ နင် အဲလို ဘဝင်မြင့်နေလို့ ချစ်သူမရတာ၊ ငါ့အတွက်များ သီးသန့်နေရာ ချန်ထားတာလား"

"သွားစမ်းပါ ရွှံ့စရာကြီး ရုပ်ကြမ်းကြီးနဲ့ နွဲ့နေတယ်၊ မင်းအတွက်က ဟိုမှာ မင်းစိုး လာနေပြီ"

ကားပါကင်ဘက် လာနေသော မင်းစိုးကို မေးငေါ့ပြ၍ နိုင်ဦးကို အာရုံပြောင်းပေးရသည်။ နိုင်ဦးက အတည်လိုလို ပြောင်တာလိုလိုနှင့် အရမ်းတွယ်ကပ်ချင်သည့်ကောင်။

"မင်းတို့က တစ်ယောက်ပြီး တစ်ယောက် ဆင်းပြေးလိုက်ကြတာ၊ ဘာဖြစ်တာလဲဟ"

"သွေးပေါ့ ချစ်သမီးကို လိုက်ပြီး ကွိုင်ရှာတာလေ"

"ဟာ အဲလို ဗလိုင်းကြီးတော့ မကွိုင်နဲ့လေ သွေးရ၊ တိုက်ဆိုင်လို့ ဘက်ကန်တာက တစ်မျိုးပေါ့"

"သူ ဆော်ထားတာတွေ အစာမကြေလို့ပေါ့ကွာ၊ အနိုင်ပိုင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရပြီဆိုမှ ရပ်သင့်ရင် ရပ်မယ်''

''အခု မင်းနိုင်လိုက်ရတဲ့ အလှည့်မရှိသေးဘူးလို့ ဝန်ခံတာလား''

မင်းစိုး စကားကြောင့် သွေးမျက်နှာနီရဲသွား၏။ ထူတန်းနေသော မျက်ခုံးနှစ်ခု အလိုမကျစွာ စုကျုံ့သွားရင်း

''မိန်းမတစ်ယောက်ကို အရှုံးပေးတယ်ဆိုတာ ငါ့ရာဇဝင်မှာမရှိဘူး။ ချစ်သမီးကို ပြိုင်ဘက်တစ်ယောက်လို ဆက်ဆံနေရတာလည်း ငါ့မှာ ပျင်းချိန်မရှိတော့ဘူးပေါ့ကွာ၊ အနိုင်အရှုံးနဲ့ မိန်းမ တစ်ယောက်ကို ပတ်သက်ရတာ သင်တန်းလာတက်ရတာတောင် အဓိပ္ပါယ်ရှိလာသလိုပဲ၊ ပျော်လို့တော့ မဟုတ်ဘူးနော် စိတ်လှုပ်ရှားလို့''

ကိုယ့်ဘာသာ ပြော၍ သဘောကျပြီး ပြုံးလိုက်မိ၏။

နိုင်ဦးနှင့်မင်းစိုး နားမလည်သလို သူ့ကို ကြောင်တောင်တောင်ကြည့်နေတာကို နေချိုသွေး ဂရုမပြုမိ။

စိတ်ထဲမှာ ချစ်သမီးနှင့် ရန်ဖြစ်ဖို့တွေ အစီအရီ တွေးရင်း. . .။

■ ■ ■



## အခန်း (၄)

''အတွေးနဲ့တင် အလုပ်လုပ်လို့ မရဘူး သွေး၊ သွေးက လုပ်ငန်းလုပ်မယ်ပြောပြီး အကောင်အထည်လည်း မပေါ်သေးဘူး၊ ဘာသာစကားတွေ သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်ပြီး အချိန်ဖြုန်းနေတာပဲ''

''အဲလို မပြောပါနဲ့ ယဉ်ယဉ်ရာ၊ သင်တန်းတက်တယ်ဆိုတာလည်း အလုပ်လုပ်နေတာပဲ၊ အခုခေတ်က ဘာသာစကားမျိုးစုံ တတ်ပြီး ာက်တွေ့ ပရယ်တီကယ်တွေရှိမှ လုပ်ငန်းလုပ်တဲ့နေရာမှာ အသုံးဝင်မှာ၊ ာတတ်တဲ့ရုံနဲ့ ယဉ်ယဉ်တို့ခေတ်ကလို လူရာဝင်တာ မဟုတ်တော့ဘူး၊ နိုင်ငံတကာက စီးပွားရေးဈေးကွက် ချဲ့ထွင်လာတာနဲ့အမျှ သွေးတို့က အမီလိုက် ရင်ပေါင်တန်းနိုင်မှ အောက်မကျတော့မှာပေါ့ ယဉ်ယဉ်ရ''

''ကိုကြီးကျယ်ကတော့ ပြောတော့မယ်၊ ကမ္ဘာနဲ့ချီတဲ့ စကားလုံးအကြီးကြီးတွေ ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com



ဟွန်းခနဲ မျက်စောင်းထိုးလိုက်မိပေမယ့် အပြစ်တင်သည့် အမူအရာမျိုးနှင့်တော့ မဟုတ်ပါ။

မိမိဘဝက ဒီတူလေး တစ်ယောက်သာ တွယ်တာစရာ ရှိတော့တာ မဟုတ်ပါလား။ ခဲအိုနှင့် မမ ဆုံးတော့ နေချိုသွေး အသက်က ဆယ်နှစ်သား အရွယ်လောက်ပဲ ရှိဦးမည်။

မိဘမောင်ဘွား မရှိတာမို့ မမ အိမ်ထောင်ကျတော့ မမအိမ်မှာ လိုက်နေရင်း ပညာသင်ရသည်။ မိမိရသည့် အမွေအနှစ်တွေကို ဘဏ်မှာ အပ်နိုင်းထားပြီး ခဲအိုကလည်း မငြိုမငြင် ထောက်ပံ့ စောင့်ရှောက်ခဲ့၏။ ထိုကျေးဇူးတွေကို ဒေါ်ယဉ်ကျေးနွယ် အလဟဿ အခွင့်အရေး မယူခဲ့ပါ။

အိမ်မှုကိစ္စတွေ ဝိုင်းကူလုပ်ရင်း တူလေး နေချိုသွေး မွေးလာသည့် အချိန်မှာ သား အရင်းကဲ့သို့ ပြုစုစောင့်ရှောက် ဂရုစိုက်ခဲ့သည်။ တစ်ဖက်က ရတနာဆိုင်လုပ်ငန်းကိုလည်း ကူညီကြီးကြပ်အုပ်ချုပ်မှုမှာ တာဝန်ယူခဲ့၏။

နောက်ပိုင်း ဘုရားဖူး ထွက်ရင်း ခဲအိုနှင့် မမ ကားအက်ဆီးဒင့်ဖြစ်ကာ ဆုံးတော့ ကံကောင်းထောက်မစွာ ကျန်ရစ်သော တူလေး နေချိုသွေးအပေါ် အချစ်တွေပုံကာ ဘဝတစ်ခုလုံး မြှုပ်နှံလိုက်သည်။

ချစ်ဦးသူကိုတောင် သတိမရ၊ အမှတ်မရနိုင်တော့သည့် အဖြစ်





ရယ်ပါ။ တစ်ယောက်ဆို တစ်ယောက် သစ္စာရှိရှိ ချစ်ခဲ့ပေမယ့် ဟိုအရင်ကတည်းက ဖူးစာလွဲခဲ့ရသည့် ကံကြမ္မာပါပဲလေ။

"ယဉ်ယဉ် စကားပြောနေရင်းနဲ့ ဘာဖြစ်သွားတာလဲ"

"ဟင် ဘာ ဘာမှမဖြစ်ပါဘူး သွေးရဲ့"

နေချိုသွေး လက်တို့ကာ ပြောလိုက်တာမို့ ဒေါ်ယဉ်ကျေးနွယ် ဆတ်ခနဲ တုန်ကာ လန့်ဖျပ်သွားရသည်။ နေချိုသွေးက ရယ်ကျဲကျဲလုပ်၍

"ဘာမှမဖြစ်ပါဘူးလို့ ဖုံးကွယ်မနေပါနဲ့၊ ယဉ်ယဉ် ရည်းစားဟောင်းအကြောင်း တွေးနေတာ သွေး မသိဘူး ထင်နေလား"

"ဟဲ့ လူကြီးကို ကလေးကလားစကားတွေ ပြောနေရလား၊ သွေးနော် အရောဝင်လို့ အရိုအသေ မတန်နဲ့"

"ယဉ်ယဉ်ကလေ အဲလို သိုသိပ်လွန်းလို့ အပျိုကြီးဖြစ်နေတာ သိလား၊ နေရာတကာ အကောင်းမြင်ဝါဒ မရှိတာလည်း အပျိုကြီး ဖြစ်တာကြောင့်ပဲ"

"ဟယ် ကြည့်စမ်း ကြည့်စမ်း အဒေါ်ကိုများ ပျစ်ပျစ်နှစ်နှစ် ပြောနေတာ သူ့သူငယ်ချင်း ကျနေတာပဲ၊ မင်းကလေ ငယ်ငယ်ကတည်းက အလိုလိုက်ချစ်ခဲ့လို့ အဒေါ်ကို လေးစားရကောင်းမှန်းကို မသိတော့ဘူး၊ မင်းအဖေနဲ့ အမေသာရှိရင် တိုင်ပြောလိုက်တယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



အဖေ အမေဆိုသည့် အသံကြားတော့ သွေး မျက်နှာလေး ညှိုးငယ်သွားသည်။ အခုလိုဆိုတော့ အပြောင်အပျက် စနောက်မိတာ စိတ်မကောင်း ဖြစ်မိ၏။

တကယ်ဆို ခဲအိုနှင့် မမအကြောင်း သွေးပြန်ပြီး သတိရအောင် အစမဖော်သင့်။ အခုလိုဆိုတော့ အပြောင်အပျက် စနောက်မိတာ စိတ်မကောင်း ဖြစ်မိ၏။

တကယ်ဆို ခဲအိုနှင့် မမအကြောင်း သွေးပြန်ပြီး သတိရအောင် အစမဖော်သင့်။ ဒီကလေးက ငယ်ငယ်ကတည်းက မိမိအပေါ် ဆိုးနွဲ့ အနိုင်ယူနေကြပါ။

အန်တီတို့ တီတီတို့ ခေါ်ဖို့ ဘယ်လောက် သင်ပေးပေး၊ သူ အဖေ အမေ ခေါ်သလို ယဉ်ယဉ်ဟုသာ ခေါ်ခဲ့သည်။

ဒါကိုလည်း အပြစ်မယူ ကျေနပ်နေကာ လူထူးလူဆန်း ကလေးဟု ချစ်စနိုး တွေးခဲ့သည်။

အခုလည်း အပြစ်မြင်ပြီး ကြိမ်းမောင်းနေတာ မဟုတ်ပါ။ အရယ်အရွှန်း စနောက်နေရာက ရင်ထဲဆို့နင့်သွားကာ

"ဝမ်းနည်းသွားတာလား သွေး၊ ယဉ်ယဉ်စကားပြောမှားသွားတယ်၊ တောင်းပန်ပါတယ် သွေးရယ်၊ ယဉ်ယဉ်ကလေ"

"ယဉ်ယဉ် စနောက်နေတယ်ဆိုတာ သွေး သိပါတယ်၊ သွေးကို





တမင်သက်သက် အစဖော်ပေးပြီး နစ်နာထိခိုက်အောင် လုပ်နေတာ မဟုတ်ဘူးဆိုတာလည်း သွေး နားလည်ပါတယ်၊ ဒါပေမဲ့ ဒါက မေ့လို့မရတဲ့ အတိတ်ပဲလေ၊ သွေးက ငယ်သေးတယ်ဆိုပေမယ့် အဲဒီအချိန်က ဖေဖေနဲ့မေမေရဲ့ အဖြစ်ဆိုးကို ခုထိ မြင်ယောင်နေတုန်းပဲ"

"ယဉ်ယဉ်လည်း အခုထိ ရင်ထဲမှာ နာနာကျင်ကျင် ခံစားနေရတုန်းပါပဲ သွေးရယ်၊ ကလေးကို နတ်တွေက စောင့်ရှောက်တယ်ဆိုတဲ့ အတိုင်းပဲ၊ သွေးလေး ဘာမှမဖြစ်တာကို ဝမ်းသာရပေမယ့် မမတို့ ဆုံးပါးသွားတာ ဖြေမဆည်နိုင်ဘူး။ အရမ်းသက်တမ်းတိုလွန်းတယ်၊ ဒါပေမဲ့ ဘယ်တတ်နိုင်မှာလဲ၊ သူတို့ရဲ့ ကံက ဒီလောက်ပဲ ပါတာကိုး"

ဒေါ်ယဉ်ကျေးနွယ် မျက်ရည်ကျတော့ နေချိုသွေးလည်း မနေနိုင်။ သူ့စိတ်တွေကို ဘယ်လောက်ပင် မာကျောခက်ထန်အောင် ထိန်းချုပ်ထားပါစေ၊ မေမေနဲ့ ဖေဖေအကြောင်းကို တွေးလိုက်တိုင်း မျက်ရည်တွေက အလိုလို ပျော့ညံ့စွာ ပြိုကျဆဲပင်။ ခံစားလွယ်သော နှလုံးသားနုနု အချိန်မှာ ကံကြမ္မာဆိုးကို ရင်ဆိုင်ခဲ့ရတာပဲလေ။

ထိုကာလတွေ လွန်မြောက်လာခဲ့သော်လည်း...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

“ဒါဆို မင်းမိဘတွေက တစ်ဖက်က လမ်းကြော မှားဝင်လာတဲ့ ကားတစ်စီးရဲ့ အမှားကြောင့် အက်ဆီးဒင့်ဖြစ်ရတယ်လို့ ဆိုလိုတာလား သွေး”

“မှားဝင်လာတာ ဆိုပေမယ့် နောက်မှသိလိုက်ရတာက အဲဒီကားက ဘရိတ်ပေါက်ပြီး ကားပေါ်ပါလာတဲ့ မိန်းမတစ်ယောက်လည်း ဆုံးသွားတယ်တဲ့၊ ဒရိုင်ဘာရဲ့ ပေါ့လျော့မှုလို့ ပြောရမှာပေါ့၊ ဒရိုင်ဘာလုပ်ပြီး ကားကို မစစ်ဆေးဘဲ မောင်းလိုက်တာ၊ တခဏအတွင်းမှာ လူ့အသက်သုံးချောင်း ဆုံးရှုံးလိုက်ရတယ်၊ ကံဆိုးတာလား ကံကောင်းတာလား မသိဘူး၊ ငါ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်”

“မင်းမိဘတွေကို သေစေတဲ့ အဲဒီကားပိုင်ရှင်တွေကို မုန်းတီးနာကြည်းနေတာလား သွေး”





ခေါင်းယမ်းမလို လုပ်ပြီးမှ နေချိုသွေး ခေါင်းညိတ်သည်။ ဆစ်နေရာကို ငေးပြီး ရှည်လျားသော သက်ပြင်းအရှိုက်မှာ ရေခဲမုန့်တွေ အထောင် အရည်ပျော်သွား၏။

“ဖြေကြည့်မယ်ဆိုရင်တော့ ကံကြမ္မာကို အပြစ်ပုံချလို့ ရတာပေါ့ဗျာ၊ ဒါပေမဲ့ ရင်ထဲမှာ နာကျင်ရတိုင်း နာကြည်းမှုတစ်ခုက ဒွန်တွဲနေတယ်၊ အပြစ်ကြီးရယ်လို့ ယူဆလို့ မရပေမယ့်လည်း တိုက်ဆိုင်မှုက ဖြစ်ခဲ့တာတွေကို ကံဆိုးစေတာ ငါ မဖြေနိုင်ဘူး”

“အဲဒီ ကားပိုင်ရှင်တွေဘက်ကလည်း ခံစားနေရမှာပဲနော်၊ ဘယ်သူတွေလည်း ဆိုတာရော မှတ်မိလား”

“ဟင့်အင်း အဲဒီအချိန်က ငါက ဆေးရုံမှာ တစ်ပတ်လုံး မေ့မျောနေခဲ့တာလေ၊ ဖေဖေ မေမေတို့ ရက်လည်နေ့မှ သတိရတာ၊ ကားပိုင်ရှင် အမျိုးသားကတော့ ခရီးသွားရာက ရောက်လာပြီး ဆေးရုံလာ၊ ဆေးရေးကိစ္စအစ တာဝန်ယူမှုနဲ့ တော်တော် တာဝန်ကျေတယ်လို့ ပြောပါတယ်၊ သူ့မိန်းမ ဆုံးတာလည်း အရမ်းကို ပူဆွေးနေတာတဲ့”

“မင်း အန်တီလေး ပြောပြတာလား”

“ဟင့်အင်း အဲဒီအချိန်က အန်တီလေးလည်း မရှိဘူး၊ နိုင်ငံခြားမှာနေတဲ့ ဦးလေးတစ်ယောက် ဆုံးလို့ နိုင်ငံခြားမှာ ရောက်နေတာ၊ ငါ သတိရပြီး မေမေတို့ ရက်လည်ပြီးတဲ့နေ့မှ အကြောင်းကြားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ချက်ချင်း ပြန်ရောက်လာတာ၊ အဲဒီလူလည်း ခရီးသွားတာဆိုလာ
ဘာလား မသိပါဘူး၊ ခုချိန်ထိ တစ်ခါမှ မတွေ့တော့ပါဘူး၊ အင်
မတွေ့တာလည်း ကောင်းတော့ ကောင်းပါတယ်၊ အဟောင်းတွေ
အသစ်လို ပြန်မခံစားရတော့ဘူးပေါ့''

ပြန်မခံစားရဘူးဆိုပေမယ့် နေချိုသွေး မျက်ဝန်းအိမ်မှာ မျက်
ရည်တွေ အပြည့်နှင့်ဖြစ်သည်။ ဒီလို နာကျင်ရမှာစိုးလို့ ဘယ်သူ့ကို
ပြောမပြဖြစ်တာပါ။

အခုတော့ ယဉ်ယဉ်နှင့် မေမေတို့အကြောင်း ပြောပြီး သင်တ
ကို ထွက်လာခဲ့ချိန်မှာ

''သွေး ဒီနေ့ မင်းမျက်နှာ မလန်းပါလား၊ မင်းလို အပူအ
မရှိတဲ့ကောင်က ဘာတွေညစ်လာတာလဲ ပြောစမ်းကွာ''

''ဒီမျက်နှာကြီးက မင်းနဲ့မလိုက်ဖက်ဘူး သွေး၊ ငါတို့ရှေ့မှ
အဲလိုကြီး မလုပ်ပါနဲ့၊ မနေတတ်ဘူးနော် သိလား၊ ရင်ဖွင့်စမ်းပါ၊ မျှ
ခံစားပေးပါမယ်ဆို''

မင်းစိုးက အတည်၊ နိုင်ဦးက ကန့်ကလျနှင့် ဖွတ်မေးလ
သည်မို့ ရင်ထဲပေါ့အောင် ဖွင့်ချမိသည်။ အတန်အသင့် ရင်ထဲဟာလ
တာ ဖြစ်သွားပေမယ့် တင်းကျပ်လောင်မြိုက်နေဆဲပင်။

နာကြည်းတာလား၊ ခံပြင်းတာလား၊ အလိုမကျတာလာ



စာစီးစွာ မိဘမဲ့ဖြစ်သွားခြင်းကို ဝမ်းနည်းအားငယ်မိတာလား။ ဘာမှန်း
မသိဘဲ ဘဝမှာ လိုအပ်ချက်တွေ များနေတာကတော့ အမှန်ပင်။

''သွေး ဟိုမှာ ချစ်သမီး ဆိုင်ထဲဝင်လာတယ်ကွ''

''ဟယ် ဟုတ်ပါ့ရဲ့ အေမီလည်း ပါလာတယ်၊ ငါ သွားနှုတ်ဆက်
လိုက်ဦးမယ်နော်''

''နေစမ်းပါ ဣန္ဒြေရရ''

ဒါကျတော့ နေချိုသွေးက လက်မြန်သည်။ ထရပ်ဖို့ ပြင်နေ
သော နိုင်ဦးလက်ကို ဖတ်ခနဲ ဆွဲလျက် ထိုင်ခုံမှာ ဆောင့်ထိုင်ချလိုက်
၏ နာကျင်သွားသော နိုင်ဦးက ရှုံ့မဲ့လျက် နေချိုသွေးကို မိန်းမဆန်ဆန်
မျက်စောင်းဝင့်၏။

''ဟွန်း လုပ်လိုက်ရင် ဖွတ်ပဲ၊ သူများ သားသမီးကို ညှာတာ
ရမှန်းကို မသိဘူး''

''လာနဲ့မနေစမ်းပါနဲ့၊ ဒေါသတွေ မင်းအပေါ် ပုံကျသွားမယ်
နော်''

''အယ်တော် အဲ ဟုတ်ပါဘူး၊ ချစ်သမီးကို မြင်တာနဲ့ လူကို
နှိုးလိုနေရလား။ ဟိုက ချစ်သမီး မျက်နှာလေးကတော့ ပြုံးရွှင်ချိုမြနေ
တာပဲ''

''နိုင်ဦး မင်း စကားများလွန်းတယ်နော်၊ ပါးစပ်ပိတ်နေစမ်းပါ

www.burmeseclassic.com

www.burmeseclassic.com



ကွာ၊ ဒီမှာ တင်းနေတယ်"

အေမိနှင့် စကားတွေပြောရင်း ပြုံးပျော်နေသော ချစ်သမီးကို မနာလိုစွာ နိုင်ဦးဘက် လှည့်၍ မာန်မဲလိုက်မိသည်။ ကိုယ်က နာကျင်နေသည့်အချိန်မှာ ချစ်သမီးရဲ့ အပြုံးက လှောင်ပြောင်နေသလိုပဲ မဟုတ်ပါလား။

"လူကြီးလူကောင်းယောင် ဆောင်နေပေမယ့် ကလေကချေ အဆင့်အတန်းဆိုတာ ခန့်မှန်းလို့ ရနေတာပဲဟယ်၊ ငါက စိတ်ဝင်စား စရာလား၊ လူကြည့်တော့ ဂိုဒ်နဲ့စတိုင်နဲ့၊ အိမ်မှာ ပဲပြုတ်ထမင်း စားနေရ လို့ ချို့တဲ့နေတဲ့ ရှုနာရှိုက်ကုန်းကများ ချစ်သမီးလို မိန်းမမျိုးကို ပတ်သက် ချင်ရတယ်လို့၊ မြှင်ရပ်ကို နှင်လိုက်ရရင် မကောင်းရှိတော့မယ်"

ပျစ်ပျစ်နှစ်နှစ်ပြောရင်းနှင့် ခိုးခိုးခစ်ခစ် ရယ်သံတွေကိုပါ ကြား ရသည်။ ဒါ သူ့ကို တမင်သက်သက် ပြဿနာရှာ တိုက်ခိုက်နေတာ သူ ဒီအတိုင်း ငြိမ်နေလို့ ဖြစ်မလား။

"မင်း ဘာပြောတာလဲ၊ ခုနက စကား ပြန်ပြောစမ်း"

ဖြုန်းခနဲ တစ်ခုံကျော်က ချစ်သမီးတို့ရှေ့ ရောက်လာပြီး မေ တော့ ချစ်သမီးက မခိုးမခန့် ပြုံး၍ မျက်ခုံးပင့်သွားကာ

"အို ဗလိုင်းကြီးပါလား၊ ရန်တွေ့တာလိုလို ဘာလိုလိုနဲ့ ပတ် ပတ်သက်သက် လာမလုပ်နဲ့နော်"





"ဘာ"

"ဟုတ်တယ်လေ၊ ငါတို့ စကားပြောနေတာ၊ နင့်အကြောင်း ပါလို့လား"

"နာမည်ပွာ မပါတာ၊ စောင်းမြောင်းပြောနေတာ အသိသာ ကြီး"

"အဲတော် အတိအကျ စွပ်စွဲနေတာ၊ သူ့ကိုယ်သူ ဘိုးတော်ကျ နေတာပဲ၊ ဒီမှာ သူများပါးစပ်လှုပ်တိုင်း နင့်အကြောင်း အတင်းပြောတယ် ထင်ပြီး အိုးမလုံ အုံမွှင့်မနေနဲ့၊ ချစ်သမီးတို့ ကိုယ်စိတ်မပါတဲ့ ယောကျ်ား တစ်ယောက်အကြောင်း အာညောင်းခံပြီး ပါးစပ်ထဲ ထည့်မပြောဘူး၊ အွန်း ကိုယ့်ကိုကိုယ် အထင်ကြီးနေတာ ရယ်စရာပဲ"

"တောက် ချစ်သမီး၊ မင်း မင်းကွာ"

ကိုယ်ခန္ဓာက ရှေ့သို့ကိုင်းလျက် လက်သီးဆုပ်က တင်းခနဲ ဖြစ်သွားသည်။ မခိုးမခန့် သူမ အပြုံးက အသည်းယားစရာ ကောင်းလှ ၏။

"သွေး ဟာကွာ၊ ဆိုင်ထဲမှာ ဝရုန်းသုန်းကား မလုပ်နဲ့လေ၊ ကျယ်ကျယ်လောင်လောင် ဖြစ်နေတာ ပတ်ဝန်းကျင်က ကြည့်ကုန်ပြီ"

သူ့ထက် ကိုမင်းစိုး လာဆွဲတော့ ဆတ်ခနဲ ပုတ်ခါပစ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ဘာမှမပြောရသေးဘူး၊ သူတစ်ယောက်တည်း ပြောနေတာ"

"ဟယ် ယောက်ျားကြီးတန်မဲ့ ပြောင်လိမ်ပြောင်စားတော့၊ ငါတို့ ဘာသာ ထိုင်နေတာ၊ ဆိုင်ထဲက လူတွေ အကုန်သိတယ်၊ နင်က ငါတို့ ဝိုင်းကိုလာပြီး ဇလိုင်းကြီး လာကောတာနော်"

"နင်တို့ အရင် ရန်စတာလေ၊ မဟုတ်ဘူးလို့ ပြောင်မငြင်းနဲ့ လူကြီးလူကောင်းယောင်ဆောင်နေတဲ့ ကလေကချေ အဲဆင့်အတန်းဆိုတာရော၊ အိမ်မှာ ပဲပြုတ်ထမင်းစားရတဲ့ ရှူနာရှိုက်ကုန်းရုပ် ဘာညာနဲ့"

"ဟား ဟား ကိုယ့်ဂုဏ်ပုဒ်ကိုယ် ကြော်ငြာနေတာလား၊ ငါက တော့ နင့်ကို ရည်ရွယ်တာ မဟုတ်ဘူး၊ ဒါပေမဲ့ အမှန်တရားတွေမို့ ဟတ်ထိသွားတာတော့ မတတ်နိုင်ဘူးနော်၊ အေမီ ငါ ဘယ်သူ့အကြောင်း နင်သိတယ်နော် ပြောပြလိုက်စမ်း"

အေမီကို တံတောင်ဖြင့် တွတ်ရင်း ပြောတော့ အေမီ မျက်လုံး လေးပြူးလည်နေကာ အသံတုန်တုန်လေးဖြင့်

"ဟုတ် ဟုတ်ပါတယ် နေချိုသွေးရယ် ငါတို့က နင့်အကြောင်း ပြောနေတာ မဟုတ်ပါဘူး၊ သင်တန်းမှာလေ ကုတ်တွေ နက်ခ်တိုင်တွေ ရှူးဖိနပ်တွေနဲ့ စမတ်ကျကျ လာတက်တဲ့ စိုးလင်း ဆိုတဲ့ ပိန်ခြောက်ခြောက် မည်းပြာပြာကောင်ကို သိတယ် မဟုတ်လား၊ အဲ အဲဒီကောင်က





ဒီနေ့ ချစ်သမီးကို ရည်းစားစာ ပေးတယ်"

"နှီး"

ရယ်ချချင်စိတ်ကို မျိုသိပ်ပြီး ပါးစပ်ကိုပိတ်ထားပေမယ့် နှီးခနဲ အသံထွက်သွားရ၏။ စိုးလင်းဆိုတာ သင်တန်းစတက်ကတည်းက ကုတ် အင်္ကျီရော၊ ဘောင်းဘီရော အလဲအလှယ် မလုပ်ဘဲ ဒီတစ်ရောင်တည်း ဝတ်ကာ မိန်းကလေးမြင်တိုင်း သွားသွား ဖွေးဖွေးကြီးကို ဖြီးဖြီးတတ်တာ မို့ ဓာတ်ကြောင် ဖွန်ကြောင်ဟု နာမည်ကြီးသူပါ။

"နင်က ဘာရယ်တာလဲ၊ ငါ့ကို လှောင်တာလား"

"ဘာ ဘာလဲ"

ဖြန်းခနဲ ထရပ်ကာ ချစ်သမီး အော်ချလိုက်တာမို့ နေချိုသွေး ကောက်ခြေတစ်လှမ်း ဆုတ်လိုက်ရသည်။ ချစ်သမီး မျက်ဝန်းများက ထွက်ပနေကာ ရန်လိုမှုများဖြင့် ပြူးကျယ်ဝိုင်းစက်နေ၏။

ထိုအခြေအနေမှာ နေချိုသွေးကို မင်းစိုးက လာဆွဲ၍ အေမီက ချစ်သမီးရှေ့က ဝင်ရပ်သည်။

"ဘာတွေဖြစ်နေကြတာလဲကွာ၊ တွေ့လိုက်တိုင်း ပွဲခံနေကြတယ်"

"အေးလေ မကြီးမငယ်တွေနဲ့ နင်တို့ ရန်ဖြစ်ရတာ မရှက်ကြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မှုက်လို့ ငြိမ်ခံနေရင် ရှုံးသွားမှာပေါ့၊ ချစ်သမီးတို့က လုံးဝ အတင်မခံဘူး"

"အေး နေချိုသွေးလိုကောင်ကလည်း ဒီအတိုင်းပဲမှတ်၊ ဘယ်တော့မှ နင့်ကို အရှုံးပေးလိမ့်မယ် မထင်နဲ့၊ ယောက်ျားချင်းသာဆို နေရာမရွေး ဆွဲထိုးပြီးသားပဲ"

"ငါကလည်း မိန်းမချင်းသာဆို ဆံပင်မွေးဆွဲ ပါးရိုက်ပစ်လိုက်ပြီ သိရဲ့လား"

"လုပ်ကြည့်လိုက်လေ"

"ထိကြည့်စမ်းပါ သတ္တိရှိရင်"

ဆွဲရုန်းနေကြသည့်ကြားမှ တစ်ယောက်နှင့်တစ်ယောက် ဆတ်ဆတ်ထိမခံဘဲ ရန်စောင်နေကြသည်။ ဆိုင်ထဲမှာ လူရှင်းနေချိန်လည်း ဖြစ်သလို သူတို့နှစ်ယောက် အကြောင်း၊ အထာပေါက်နေသည့် ဆိုင်ဝန်ထမ်းတွေက ဘာမှမပြော ဆွဲတာ တားတာမျိုးလည်း မလုပ်ဘဲ ပြုံးစိစိ ဖြစ်နေကြသည်။

မင်းစိုးကတော့ နေချိုသွေးကို ဆိုင်ပြင်ထိ ခေါ်ထုတ်သွား၏ ချစ်သမီးက ထိုင်ခုံမှာ ဆောင့်ခနဲ ပြန်ထိုင်ချရင်း မကျေမနပ် ဖြစ်နေ၏

"ရေခဲမုန့် သုံးပွဲချ"

"ဗျာ"





"ညည်း ပြောနေတာ မကြားဘူးလား။ ရေခဲမုန့် သုံးပွဲချပါဆိုမှ"

"ဟုတ် ဟုတ်ကဲ့"

ဆိုင်ဝန်ထမ်းလေးကို ခေါက်ငမ်းလိုက်၍ ခေါင်းလေးကုတ်ကာ ယောင်တောင်တောင် ထွက်သွားသည်။

"နားပင်းနေသလား မသိဘူး၊ စိတ်တိုနေပါတယ်ဆိုမှ နှစ်ခါ ထပ်ပြောနေရသေးတယ်"

"ဟဲ့ နင် ဒီလောက် ဒေါသဖြစ်နေတာ ဘာမှမစားဘဲ ထွက်သွားမယ် ထင်လို့နေမှာပေါ့၊ ရေခဲမုန့်ကလည်း သုံးပွဲတောင်မှာတာ အံ့သြစရာပဲ"

"နေချိုသွေးကို ဒေါသဖြစ်တာနဲ့ ငါ ကြိုက်တဲ့ ရေခဲမုန့်ကို မစားဘဲ နေစရာလား၊ တော်တော် အကုသိုလ်ပေးတဲ့အကောင်၊ ကိုယ့်အသာ ပြောတာကို သူ့ကို စောင်းမြောင်းအတင်းတုတ်တယ်ချည်း ထင်နေတာ"

"ထင်လည်း ထင်ချင်စရာပဲလေ၊ နင်ကိုက တခြားမှာ စားပွဲဝိုင်းလွတ်နေတာတွေ အများကြီးရှိရက်နဲ့ ကိုယ့်စကားကို ကြားနိုင်တဲ့ သူတို့နားက စားပွဲဝိုင်းမှာ လာထိုင်တာ မဟုတ်ဘူးလား"

"အဲဒါက သူတို့ ငါ့အကြောင်း ဘာတွေပြောနေသလဲဆိုတာ ကြားရအောင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကြည့်၊ နင်ကလေ ရန်ကို မရှောင်ဘဲ ထိပ်တိုက်တွေ့ချင်နေတာ၊ ဘယ်လောက်ပြောပြောလည်း ဆင်ခြင်မှာလည်း မဟုတ်၊ နောက်ဆုတ်မှာလည်း မဟုတ်နဲ့၊ နောက်တစ်ခါဆို နင်တို့နှစ်ယောက် အကျီချွတ် နပန်းလုံးနေလည်း ဝင်မပြောဝင်မဆွဲတော့ဘူး သိလား"

အေမိ အပြောကြောင့် စိတ်ဆိုးတာတွေ ပျောက်ပြီး ရယ်ချလိုက်မိ၏။

"ဘာအကျီချွတ် နပန်းလုံးရမှာလဲ၊ ပြောလိုက်ရင် တစ်လုံးကြီး နင့်ကိုလည်း ငါ ပြောထားမယ်နော်၊ နေချိုသွေး သူငယ်ချင်း ဟို အခြောက်မနဲ့ အရောတဝင် မနေနဲ့"

"အောင်မယ် ကျုပ်က ဆိုင်လာအားပေးတဲ့ ဖောက်သည်ကို ရန်တွေ့ လွှတ်ရမှာလား"

"ရန်တွေ့ဖို့ မလိုပေမယ့် ရောရောနှောနှော ဟိုစကားပြော ဒီစကားပြောတာတော့ မလုပ်နဲ့ပေါ့၊ တော်ကြာ စကားအရှုပ်အရှင်းနဲ့ ပြဿနာတက်နေဦးမယ်"

"ဩော် ငါတို့က တော်တော် ပြဿနာရှာတတ်ကြတာ ဆိုတော့ ပြောမှာပေါ့၊ သူတို့လိုများ အောက်မေ့နေလား မသိဘူး"

"ကဲပါ နင်နဲ့ စကားနိုင် မလုချင်ဘူး၊ သင်တန်းချိန် နီးနေပြီ သွားရအောင်"





"ဟယ်တော် ရေခဲမုန့် သုံးပွဲ ဘယ်လိုများ စားလိုက်တာလဲ၊ တ်တက်ကို ပြောင်လို့"

"ပါးစပ်ထဲရောက် အရည်ဖြစ်သွားတာကို ဇိမ်ဆွဲအရသာခံနေ လား"

"အေး အဲဒီတစ်ချက်လည်း နင်က နေချိုသွေးနဲ့ တူပြန်ပြီ"

"ဘာ ငါက"

"အေးလေ နေချိုသွေးက ရေခဲမုန့်စားရင် နင့်လိုပဲ ပါးစပ်ထဲ က်မပြတ် သွတ်တာတဲ့"

"ဘယ်သူက ပြောတာလဲ"

"နှိုင်ဦးက"

"ကဲ ကြည့်၊ အခြောက်မနဲ့ စကားရောင်းစကားဝယ် မလုပ်ပါနဲ့ တာ ပြောလို့မရဘူး"

"နင် ဘာလို့ နေချိုသွေးကို အဲလောက်တောင် မုန်းနေတာလဲ"

"ယောက်ျားဖြစ်ပြီး အလျှော့မပေးတတ်လို့၊ အမြင်ကတ်လို့ ည်မရလို့ အကြောတင်းလို့၊ မိန်းမလို မိန်းမရ ရန်တွေ့တတ်လို့"

"အံ့မယ်လေး လေး တော်ပါပြီ တော်ပါပြီ၊ ပုဒ်မတွေကလည်း လိုက်တာ၊ အဲဒါ ရှေ့ဘဝ အတုံ့ရေစက်ကြောင့်ဖြစ်မယ်၊ ဘယ်အချိန် အမုန်းတွေကနေ အချစ်ဖြစ်သွားမလဲ စောင့်ကြည့်ရသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးသေး"

ဟွန်းခနဲ မျက်စောင်းပစ်ချိကာ ထရပ်ပြီး သင်တန်းရှိရာ ထွက်လာခဲ့ကြသည်။ သူမတို့ အရင်ရောက်နှင့်နေသော နေချိုသွေးက သူမတို့ အသံကြားလို့ ဘေးစောင်းလှည့်ကြည့်ပြီးမှ မဲ့ရွဲ့နှာခေါင်းရှုံ့ကာ ချာခနဲ ပြန်လှည့်သွားသည်။

ဘယ်ဘဝက အတုံ့ရေစက်ကြောင့်မှန်း မသိ။

သူမကလည်း မျက်လုံးအစုံ ပြူးပြဲထွက်အောင် ကြည့်ပြီးမှ ကိုယ့်ခုံမှာ ဝင်ထိုင်လိုက်သည်။

နေချိုသွေးက သူမတို့ရှေ့တစ်တန်း တစ်ခုံကျော်မှာ။

ဖွန်ကြောင်စိုးလင်းက သူမတို့ ဘေးချင်းကပ်လျက် ခုံတန်းမှာ ရှိနေပြီး သူမ ဝင်လာကတည်းက ပြူးဖြဲထားသော သူ့ပါးစပ်ကြီးကို လုံးဝ မပိတ်တော့။

"တွေ့လား ဆည်ဝမှာ ဖိုင်းစောင့်သလို ပါးစပ်ကြီးကို မပိတ်တော့ပါလားကွာ၊ ဟိုတစ်ယောက်ကလည်း ဘယ်သူများ ငါ့ကို ကောက်ယူသွားမလဲဆိုပြီး ကျီးကန်းတောင်းမှောက် မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေရှာတာ၊ ကြောက်လို့တော့ မဟုတ်ဘူးနော် အချီခံချင်နေတာ အချီခံချင်နေတာ ဟား ဟား ဟား"

"တောက်"





တဟားဟား အော်ရယ်ကာ စောင်းချိတ် လှောင်ပြောင်နေတာ သိပေမယ့် ဆရာဝင်လာပြီမို့ ခပ်တိုးတိုး တက်ခေါက်ပြီး အံကြိတ်နေလိုက်ရသည်။

နေနှင့်ဦးပေါ့ နေချိုသွေး။

အခွင့်သာလို့ ငါ့အလှည့်ရောက်ရင် နင် မလွယ်ဘူးမှတ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဘာတွေ မလွယ်ဖြစ်နေတာလဲ သမီး၊ လုပ်ငန်းလုပ်ရတ
သင်တန်းတစ်ဖက်နဲ့ အဆင်မပြေဘူးလား"

"ပြေပါတယ် ဖေဖေရဲ့၊ သင်တန်းက တစ်ပတ်မှ သုံးရက်
တစ်ရက်မှ အချိန်နှစ်နာရီပဲဥစ္စာ၊ အခုဟာက သမီးလုပ်ငန်းတိုးချဲ့
ကပ်လျက်ဆိုင်ခန်းကို ဝယ်မယ်ပြောထားတာ ပွဲစားက တစ်ဆင့် သူမျ
ကို ရောင်းပြီးသွားပြီတဲ့ ဖေဖေရဲ့"

"ဩော် ဒါများ သမီးရယ်၊ သမီးအခုဆိုင်ခန်းကလည်
အကျယ်ကြီးပဲဥစ္စာ၊ လုပ်ငန်းတိုးချဲ့တာက တိုးချဲ့တာပဲ၊ ဒီလောက်ကြ
လည်း လောဘမကြီးပါနဲ့ သမီးရယ်၊ ဖေဖေ ရှာဖွေထားတဲ့ စည်းစိမ်ဥစ္
နဲ့ သမီး မေမေ ကျန်ရစ်ခဲ့တဲ့ အမွေအနှစ်က သမီးတစ်သက် ထိုင်စာ
လို့ မကုန်ပါဘူးကွယ်"





ဦးချစ်ဘုန်းခေါင် ပန်းလေး ဖွေ့ဖက်ကာ ပြောပေမယ့် ချစ်သမီးက ခပ်သွက်သွက်ပင် ခေါင်းယမ်းသည်။

"စည်းစိမ်ဥစ္စာဆိုတာ-ဘယ်လောက်ပဲ ပြည့်စုံပိုလျှံနေပါတယ် ပြောပြော တစ်ခဏခြင်းနဲ့ ကုန်သွား ပျောက်ကွယ်သွားတတ်တဲ့ အရာမျိုးပါ ဖေဖေ၊ ပညာကမှ ဘဝတစ်သက်တာအတွက် အာမခံချက် ရှိတာပါ၊ ပြီးတော့ မေမေ လက်ထက်က အလှပြင်ဆိုင်လေးကို ဒီလိုမျိုး အောင်မြင်အောင် လုပ်နေတာကလည်း မေမေ့ကို ကျေးဇူးဆပ်နေတာနဲ့ အတူတူပဲ မဟုတ်လား"

"ဖေဖေ နားလည်ပါတယ် သမီးရယ်၊ ဖေဖေက သမီး အရမ်း ပင်ပန်းနေမှာ စိုးလို့ပါ၊ ဖေဖေလည်း သဘောက နားလိုက်ပြီ မဟုတ်လား။ အဲဒါ သမီးနဲ့ အေးအေးချမ်းချမ်း နေချင်လို့ သမီးရဲ့"

"ဟင် ဖေဖေပြောပုံကြီးက သမီးက ဖေဖေနဲ့အေးအေးချမ်းချမ်း မနေချင်လို့ လုပ်ငန်းတိုးချဲ့နေတဲ့ အတိုင်းပဲ၊ အခုခေတ်က သူများရဲ့ ခြေတစ်လှမ်းကျော် တက်နေနိုင်မှ မကျန်ခဲ့မှာ ဖေဖေရဲ့၊ နိုင်ငံတကာ စီးပွားရေးဈေးကွက် ချဲ့ထွင်လာသလို သမီးတို့ လူငယ်တွေကလည်း အတွေးအမြင်အသစ်တွေနဲ့ အမီလိုက်နိုင်ရမှာပေါ့၊ အခုဆို ကိုရီးယား အလှပြင်ပစ္စည်းတွေ သမီး ကိုယ်စားလှယ်ရထားတာ ဘယ်လောက်ကောင်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါဗျာ ဟုတ်ပ့ါ၊ ဖေဖေ့သမီးလေးက အရမ်းကို ကံ ကောင်းပါတယ်၊ ပညာကလည်း တော်တာကိုးကွ"

မော်မော်ကြွားကြွားလေး ပြောနေသော သမီးကို အလိုက် အထိုက် မြှောက်ပင့်ပြောနေရသည်။ သမီးက အတိုက်အခံ ငြင်းဆန်တာ မျိုးကို သိပ်မကြိုက်။

အသက်အရွယ်လေးနှင့်မလိုက် ရင့်ကျက်တည်ငြိမ်မှုရှိပြီး လုပ်ငန်းအပေါ်လည်း အလေးအနက် တန်ဖိုးထားသည်။

ဒါကိုပဲ ကိုယ်က သမီးအပေါ် အချစ်ပိုကာ မြတ်နိုးခဲ့ရသည် မဟုတ်ပါလား။ တချို့ ဒီအရွယ် ကလေးတွေနှင့် ချစ်သူရည်းစားထား မတော်တရော်ဖြစ်၊ လင်ယူ သားမွေး မိဘတွေကို စိတ်သောကတွေ အပူတွေပေးနှင့် သားသမီးကြောင့် စိတ်ချမ်းသာရတယ်ဆို ရှားပါးနေပြီ မို့ ကိုယ့်သမီးက ကိုယ့်အတွက်တော့ ရတနာ တစ်ပါးပင်။

မြှောက်တိုင်း မမြှောက်သော သမီးက ဖအေကို ခပ်စွေစွေ စောင်းကြည့်ကာ

"ဖေဖေ သမီးကို မြှောက်ပင့်ပြောလည်း သမီးက နော်မယ် ပဲနော်"

"ဖေဖေ မြှောက်ပင့်ပြောနေတာ မဟုတ်ပါဘူး သမီးရယ် ဖေဖေ့သမီးလေး တကယ်တော်လို့ တော်တယ်ပြောတာပါ၊ ချစ်သူတွေ





ဘာတွေရပြီး အိမ်ထောင်ပြုသွားမှာတောင် ဖေဖေက စိုးရိမ်နေတာ"

"အဲဒီအတွက်တော့ လုံးဝ စိတ်ချထားလိုက် ဖေဖေ၊ သမီးက အလုပ်ကလွဲရင် တခြားဘာကိုမှ အာရုံမရှိတာ"

"ဒါက မရှိခင်ပြောတဲ့ စကားလည်း ဖြစ်နိုင်တာပဲ မဟုတ်လား၊ တကယ့်အချစ်နဲ့သာ တွေ့ရင် ဖေဖေ့ကိုတောင် မေ့သွားမှာ"

"ဖေဖေ အဲလို မပြောနဲ့နော်၊ သမီးဘဝမှာ မေမေက စောစော စီးစီး ခွဲထားခဲ့လို့ ဖေဖေတစ်ယောက်ပဲ ရှိတာ၊ ဖေဖေ့ကို ဘာလို့ ခွဲ ထားရမှာလဲ၊ သမီး ဖေဖေ့ကို မခွဲဘူး၊ ဖေဖေနဲ့ပဲ နေမှာ"

"ကဲ ဟုတ်ပါပြီ ခင်ဗျာ၊ သမီး ပြောတဲ့စကားလေး တစ်သက် လုံး ကတိတည်ပါစေလို့ ဆုတောင်းပါတယ်"

"ဒါနဲ့ မေမေနဲ့ ကားအက်ဆီးဒင့်ဖြစ်သွားတဲ့ မိသားစုကို ဖေဖေ အလုပ်နားရင် အေးအေးဆေးဆေး ရှာကြည့်ဦးမယ်ဆိုတာ ရှာကြည့်ပြီးပြီ လား ဖေဖေ"

"ဖေဖေလည်း စုံစမ်းနေတာပါပဲ သမီးရယ်၊ သူတို့က အိမ် ပြောင်းသွားတယ်ဆိုတော့ ခြေရာပျောက်နေတာပေါ့၊ အရင်က ဖေဖေ ခွင့်မရလို့ သေချာ မတောင်းပန်လိုက်ရဘူး၊ သမီး မေမေနဲ့ တစ်နေ့တည်း တစ်ရက်တည်း ဆုံးပါးသွားကြတာ ဆိုပေမယ့် ကိုယ့်အရိုင်ဘာရဲ့ ပေါ့လျော့ မှုကြောင့်မဟုတ်လား၊ လျော်ကြေးငွေလည်း ယူတာမဟုတ်တော့ သေချာ



www.burmeseclassic.com

www.burmeseclassic.com



ချာချာ ထောင်းပန်သင့်တာပါ''

"ဒါကတော့ ဖေဖေရယ် နှစ်ဖက်လုံး သတိမထားမိလို့ မှားကြ
တာပါ၊ ဖေဖေလည်း မေမေ့နာရေးတစ်ဖက်နဲ့ ရက်မလည်ခင်နေ့အထိ
တော့ တာဝန်ကျေခဲ့တာပဲ မဟုတ်လား''

ဦးချစ်ဘုန်းခေါင် ခေါင်းညိတ်ရင်းနှင့် လေးလေးပင်ပင် သက်
ပြင်းရှိုက်ပြီး မျက်ရည်ဝဲသည်။ ဘယ်လောက် နှစ်တွေကြာကြာ ရင်မှ
နောင်တတရားတွေနှင့်ပါ။

သမီး မေမေ ညိုညိုခင် ကိုယ့်အပေါ်ကောင်းမှန်း သိပါလျက်
ချစ်သူနှင့် ပေါင်းဖက်ခွင့်မရဘဲ မိဘသဘောတူသောသူကို ယူလိုက်ရ
သူ့ အရွဲ့တိုက်ကာ သင်္ဘောလိုက်ခဲ့သည်။

မင်္ဂလာဆောင်ပြီး သိပ်မကြာခင်မှာ သင်္ဘောလိုက်ခဲ့ပြီး သမီး
လေး မွေးပြီးသုံးနှစ်လောက်နေမှ တစ်ခေါက်ရောက်သည်။ ထိုနောက်
ပိုင်း သုံးလေးနှစ်မှ တစ်ကြိမ်၊ အိမ်ပြန်လာပြီး ငွေကို ကုန်းရုန်းရှာကာ
လင့်ဝတ္တရား ဖခင်ဝတ္တရား ကျေပွန်ဟန်ဆောင်ခဲ့သည်။

သင်္ဘောဆိုက်ကပ်သည့် နိုင်ငံတွေမှာသာ ပျော်အောင်နေလျက်
ညိုညိုခင်ဆုံးတော့ ခွင့်တစ်ပတ်တည်း ယူ၍ ပြန်လာခဲ့၏။ ဒါပေမဲ့ ထို
အချိန်ကစပြီး ညိုညိုခင်အပေါ် တာဝန်မကျေခဲ့တာတွေ သမီးအပေါ်
ဖခင်ကောင်း မပီသခဲ့တာတွေ နောင်တရပြီး ပျော်အောင် ဘယ်လို





နေမရဘဲ စိတ်ပင်ပန်းနေသည်။ အဲဒီနောက်မှာတော့ ခွင့်ရတိုင်း အခေါက်
ခေါက် အခါခါ အိမ်ကိုပြန်ပြီး သမီးလေးအပေါ် နွေးထွေးမှုတွေ၊ မေတ္တာ
တွေ အပြည့်အဝပေးပြီး ဖခင်ကောင်းတစ်ယောက်ဖြစ်အောင် သူ ကြိုးစား
ခဲ့သည်။

ခုဆို အလုပ်မှနားကာ သမီးနဲ့အတူတူ နေဖို့ပဲ ဆုံးဖြတ်ထား
လိုက်သည်။

ဘာတွေလိုအပ်သလဲ၊ ဘာတွေဖြစ်ချင်သလဲ၊ ဖြည့်ဆည်းဖို့
အဆင်သင့်။

"ကဲ သမီးလေး ဖြစ်ချင်တာလုပ်ချင်တာ ဖေဖေက ပိတ်ပင်
တားဆီးတာမျိုး မလုပ်ပါဘူးကွယ်၊ မေမေနဲ့ပတ်သက်ပြီးလည်း စိတ်
ကောင်းမဖြစ်နဲ့၊ ဆိုင်ခန်းတိုးချဲ့ဖို့ အဆင်မပြေတာကိုလည်း စိတ်မညစ်
နဲ့ ဖေဖေက သမီးလေး သွက်လက်ဖျတ်လတ်ပြီး ရဲရဲဝံ့ဝံ့ နေတာကိုပဲ
မြင်ချင်တွေ့ချင်တာ၊ စိတ်ပင်ပန်းတာ မျက်နှာလေး ညှိုးငယ်နေတာမျိုး
ဖြစ်စေ မကြုံစေချင်ဘူး''

"တော်ရုံတန်ရုံတော့ သမီး စိတ်မညစ်တတ်ပါဘူး ဖေဖေ၊
အခုဟာက ဘေးချင်းကပ် ဆိုင်ခန်းတွေမှာ ဘယ်သူတွေ ရောက်လာမယ်
ဆိုတာ မသိနိုင်ဘူး၊ ကိုယ်က မဝယ်နိုင်တာလည်း မဟုတ်ဘဲနဲ့ ပွဲစားက
လုပ်ချသွားတာကို မကျေနပ်တာ၊ ပွဲစားခလည်း သူများပေးသလောက်



www.burmeseclassic.com

www.burmeseclassic.com



သမီး ပေးမှာပေါ့''

''ငွေနဲ့တိုင်းတာလို့ မရတာ လူမှုကျင့်ဝတ်ပဲ သမီး၊ အဲဒီ လူမှုကျင့်ဝတ်မှာ ကျေးဇူးတရားတွေ ထောက်ထားစရာတွေ ရှိနေတော့ သမီးကို အားမနာနိုင်တော့ဘူးပေါ့''

''အဲဒီ ပွဲစားက တိုက်ခန်းပိုင်ရှင်နဲ့ သမီးကို လာတော့ တော ပန်ပါတယ်၊ တစ်ဖက်ကို ဦးစားပေးရမယ့်အကြောင်းလေးတွေ ရှိလို့ တဲ့လေ၊ တခြား စားသောက်ဆိုင်တွေ ဘာတွေ ဟော့ဟော့ရမ်းရမ် ဖွင့်မှာမဟုတ်ပါဘူးလို့ ပြောတာပဲ၊ ဟန်းဆက်နဲ့ ဖုန်းကတ်အရောင်း ဆိုလား''

''အင်း အဲဒါဆိုလည်း လူသန့်သားပဲ သမီးရဲ့၊ သမီးတို့ စီးပွ ရေးချင်းတောင် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဖြစ်သွားနိုင်သေးတယ်''

''ဘာဆိုင်လို့လဲ ဖေဖေရဲ့''

''ဟြော် သူ့ဆိုင် ဟန်းဆက်လာဝယ်တဲ့သူတွေက သမီး ဖက် အလှပြင်ဆိုင်ကို အလွယ်တကူ မြင်ပြီး ဝင်လာမှာပေါ့၊ သမီးဆိုင်လာ သူတွေကလည်း သူ့ဆိုင်ကို မြင်ပြီး စိတ်ဝင်စားနိုင်တာပေါ့ မဟုတ် လား''

''ဒါဆို သမီး ကာစတမ်မာတွေကြောင့် သူတို့ ချက်ချ အောင်မြင်သွားနိုင်တာဆိုတော့ သူတို့က သမီးကို ကျေးဇူးတင်ရမှာ





''ကဲပါ သမီးရယ် ဘယ်လိုလူမျိုးတွေ ရောက်လာမယ်မှန်း သိဘဲ သမီးက ဖွတ်အတင်းကို ကျေးဇူးအတင်ခံချင်နေတော့တာပဲ၊ ဘယ်သူတွေပဲဖြစ်ဖြစ် ကိုယ့်တက်ကလည်း သည်းခံပြီး ဆက်ဆံရမယ်နော် သမီး''

ဒါကိုတော့ ချစ်သမီး အတိအကျ ကတိမပေးနိုင်ပါ။

လူတွေကိုလည်း သည်းခံဆက်ဆံသင့်တဲ့သူနှင့် သူ့အပြုအမူ အတိုင်း တုံ့ပြန်သင့်တဲ့သူဆိုတာ ခွဲခြားထားမှ ဖြစ်မှာပေါ့။

နေချိုသွေးလို လူမျိုးဆိုလျှင် အလျော့ပေးသည်းခံလို့ လုံးဝ မဖြစ်။ တကယ်ကို ရေစက်ဆိုးနှင့် မုန်းစရာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဆိုင်ခန်းစာချုပ် ချုပ်ပြီးသွားပြီဆိုတော့ သွေးကို ယဉ်ယဉ် ယုံကြည်သွားပြီ မဟုတ်လား၊ သွေး ဘယ်လောက်တော်တယ်ဆိုတာ ယဉ်ယဉ် သိတယ်နော်"

ဆိုင်ခန်းပိုင်ရှင်နှင့် နိုင်ဦးအဒေါ်ရယ် ရှေ့နေကြီးရယ် ပြန်သွားချိန်မှာ နေချိုသွေးက ဒေါ်ယဉ်ကျေးနွယ် ခါးကို ဖက်ကာ ဝမ်းသာအားရ ဂုဏ်ယူစွာ ပြောသည်။ ဒေါ်ယဉ်ကျေးနွယ်က တူတော်မောင်ရဲ့ လက်တွေကို ဆွဲဖြုတ်ပြီး ပါးလေးကို ချစ်စနိုး ဆွဲလိမ်ကာ

"အရမ်းပိုမနေနဲ့ သိလား၊ ဒီနေရာကို ရလိုက်တာ နိုင်ဦး အဒေါ် ပွဲစားလုပ်ပေးလို့ မဟုတ်လား၊ သွေး အစွမ်းအစနဲ့ဆိုရင်တော့ မထင်ပေါင်"





"ယဉ်ယဉ်နော် ကိုယ့်တူကို အထင်ကြီးရမှန်း မသိဘူး၊ သွေးသာ နိုင်ဦးနဲ့ အပေါင်းအသင်း မလုပ်ရင် အဲလို နေရာဂွင်ကောင်းကောင်း ဆို ရပ့်မလား"

"အောင်မယ် နေရာကောင်းကောင်း ဂွင်ကောင်းကောင်းသာဆိုရင် အဲဒီနေရာကို ရောက်ရော ရောက်ပြီးပြီလား၊ လေ့ရော လေ့လာပြီးပြီလား"

"ဟင့်အင်း နိုင်ဦးက သူ့အဒေါ် နေရာဂွင်ကောင်း တစ်ခု တွေ့ထားတယ်ပြောလို့ သွေးက ဖမ်းအုပ်လိုက်တာ၊ အပူကပ် အကူအညီ တောင်းလိုက်တာဆိုလည်း မမှားဘူးပေါ့၊ ဆိုင်ချင်းကပ်လျက်လူကလည်း ပွဲစားခ ထိုက်ထိုက်တန်တန် ပေးပြီး ယူမယ်လို့ ပြောထားတာတဲ့၊ သွေးက အရမ်းလိုချင်နေတာနဲ့ တစ်ဖက်ကို အားနာနာနဲ့ စာချုပ်ပေးလိုက်တာ၊ သွေးကိုတော့ မျက်နှာနာလို့ပေါ့လေ"

"ပွဲစားတွေကတော့ ဒီလို ပြောကြတာပါပဲ သွေးရယ်၊ အားနာလို့ မျက်နှာနာလို့ မိတ်ဆွေတွေမို့နဲ့ တစ်ဖက်သားကို လိုလိုချင်ချင် ယုံကြည်လာအောင် မုသားသုံး အချိုသတ်ကြတာပါပဲ၊ ကိုယ်ပိုင်ရတနာ ပစ္စည်းတွေ ရောင်းနေတဲ့ ယဉ်ယဉ်တို့လည်း ဒီလိုပြောကြရတာပဲ၊ ခင်လို့ ခင်လို့ဆိုပြီး ဘယ်သူက ပွဲစားခ လျှော့ယူမှာလဲ"

"ယဉ်ယဉ်ကလေ"



www.burmeseclassic.com

www.burmeseclassic.com



ကတ်ကတ်သတ်သတ် ပြောနေသော အဒေါ်အပျိုကြီးကို သွေ

ဘုကြည့်ကြည့်ကာ

"ဘာလို့ တူလေးတစ်ယောက်ကို ဂုဏ်ယူအထင်ကြီးရမှန်း မသိတာလဲ ယဉ်ယဉ်ရာ၊ သွေးကို ချစ်ရင် ဒါတွေပြောနေစရာလား ဆိုင်ခန်းတောင် ဝယ်ပေးပြီးပြီဥစ္စာ၊ အရင်းအနှီး ဘယ်လောက်လိုသေ လဲ၊ ဆိုင်ဒက်ကရေးရှင်း ဘယ်လိုပြင်ဦးမလဲ၊ ဘာညာ အဲလိုလေ အားပေးပါလား"

"ဟုတ်ကဲ့ တာဝန်တွေ လစ်ဟင်းသွားမိပါတယ် ခွင့်လွှတ်ပေးပါ ငွေကိုလည်း ဘဏ်ကနေ လိုသလောက် ထုတ်ယူပါရှင်၊ အလုပ်အကိုင် အတည်တကျ ဖြစ်ရတော့မှာဆိုတော့ ဘယ်လောက် ကုန်ကုန် ဘာလု ပစ်ပစ်ပါ ကျေနပ်ပြီလား ကိုယ်တော်"

"ဟားဟား ယဉ်ယဉ်က အဲလို အလိုက်သိရင် အရမ်းချစ်စရာ ကောင်းတာ၊ သွေးကတော့လေ သွေး မိန်းမ မရမချင်း ယဉ်ယ ယောက်ျားမရပါစေနဲ့လို့ ဆုတောင်းတယ် သိလား"

"ခွေးစုတ်လေး ကဲပါ နိုင်ဦးတို့နဲ့ ဆိုင်အခြေအနေ သွားကြ မလို့ဆို၊ ဒီနေ့သင်တန်းလည်း တက်ရတာ မဟုတ်ဘဲနဲ့ သွားပါလား"

"သွားမှာပါ ယဉ်ယဉ်ရဲ့၊ မင်းစိုးက လာနိုင်မှာ မဟုတ်ဘူ နိုင်ဦးက သန့်ရှင်းရေးလုပ်မယ့် အလုပ်သမားနှစ်ယောက် ခေါ်ပြီး အ





သွားနှင့်မယ်လို့ ပြောတယ်၊ ညော် အပြန်နောက်ကျရင် ကျမယ်နော်၊ နိုင်ဦးက တစ်ဝိုင်းကျွေးခိုင်းထားလို့"

"အေး အေး ဒါတော့ လုပ်ပေးရမှာပေါ့၊ အလွန်အကျွံတော့ သုပ်မလာနဲ့နော်၊ နိုင်ဦးက လူကသာ မိန်းမစိတ်ပေါက်ချင်နေတာ၊ ဘီယာ တော့ သောက်နိုင်သလား မမေးနဲ့၊ အတည်တကျ မရောက်သေးဘူး၊ အဲဒီနားက ပတ်ဝန်းကျင် အမြင်ကတ်အောင် မလုပ်ခဲ့နဲ့ဦး"

"ဟုတ်ပါပြီ ယဉ်ယဉ်ရာ တကယ် စက်သေနတ်ပစ်တာ ကျနေ တာပဲ၊ လွန်ကို လွန်တယ်၊ ပေါက်ပေါက်ဖောက်လွန်းလို့ အပျိုကြီး ဖြစ်နေ တာ"

"ကဲ ကြည့် ဒါကိုပဲ ခလုတ်တိုက်နေတယ်၊ ယောက်ျားယူတော့ မှာဟေ့ သိပြီလား၊ နင့်လို တူဆိုးဆိုးကို ချစ်နေရမှာစိုးလို့ ကလေးသုံး လေးယောက် တစ်ပြိုင်တည်း မွေးပစ်လိုက်မယ်"

ဒေါ်ယဉ်ကျေးနွယ် အရွဲ့တိုက် အော်တာကို တဟားဟားရယ် ပြီး အနက်ရောင် ပြောင်လက်နေသော ပရာဒိုကားလေးကို မောင်း၍ ထွက်လာခဲ့သည်။ အလောတကြီး ဝယ်လိုက်ရသော ဆိုင်ခန်းက မြို့လယ် ခေါင် အချက်အချာကျသော နေရာမှာဆိုပေမယ့် ကိုယ့်စိတ်ကြိုက် ပြုပြင် ခွင်သေးသည်။

"ငါ့ဒေါ်လေး ပြောတာတော့ ဘာမှကို ပြုပြင်စရာ မလိုအောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာတဲ့ သွေးရဲ့ တိုက်ခန်းပိုင်ရှင်က ဓာတ်ပုံဆိုင်နဲ့ ပန်းချီပြခန်း လုပ်ဖို့ဆိုပြီး မြေညီထပ်ကို ဈေးကြီးပေးဝယ်ထားတာ၊ အခုက နိုင်ငံခြား ကို သွားရင်းလာရင်းနဲ့ ဟိုမှာ ချစ်သူတွေ့ အိမ်ထောင်ကျပြီး ပြန်မလာ ဖြစ်တော့လို့ အမြန်ရောင်းထုတ်တဲ့ သဘောပဲ၊ ငါ့ဒေါ်လေးက အိမ်ခြံမြေ ဘက်မှာ အကျွမ်းတဝင် ရှိတယ်လေ၊ အဲဒီဘက်က တိုက်ခန်းတွေဆိုရင် ဒေါ်လေး လုပ်ပေးထားတာ၊ တော်တော်များတယ်''

''ကြွားမနေစမ်းပါနဲ့ အဲဒီနေရာကို ငါ ရဖို့ အရေးကြီးတယ်၊ မင်းသေချာပြောထားလိုက်၊ ငွေရေးကြေးရေးက သူများတန်းတူဖြစ်ရ မယ်လို့ သေချာပြောနော်''

''ငါ သေချာပြောထားပါတယ်ဟယ်၊ အရင်ကတည်းက သွေး ဆိုင်ခန်းနေရာကောင်း ရှာနေတာ တို့သိတာပဲ''

''ဟိတ်ကောင် ရိုးရိုးပြော''

''အေးပါ ဟိုလေ အဲလိုသိတော့ ဒေါ်လေးဆီမှာ စုံစမ်းကြည့် ရတာပေါ့၊ တို့က အဲ ငါက မင်းအတွက်ဆို အမြဲတမ်း အလေးအန ထားပါတယ်နော်၊ အခုနေရာက အရမ်းကို ကောင်းတာတဲ့၊ အပြိုင်အဆို လိုချင်တဲ့သူတွေ ရှိတဲ့အထဲကမှ ငါ့ကြောင့် မင်းကို ဦးစားပေးလိုက်တာ''

နိုင်ဦး ထိုသို့အပြောကောင်းတော့ ဆိုင်နေရာကိုတောင် သွား မကြည့်တော့ဘဲ တစ်ခါတည်း အရောင်းအဝယ်စာချုပ် ချုပ်ပစ်လိုက်





သည်။

အခုတော့ မသွားမဖြစ်တော့ပြီမို့ ဆိုင်လိပ်စာအတိုင်း ကားလေး ကို မောင်းလာခဲ့သည်။

''ဟင်''

ချစ်သမီးဖက်ရှင် **Beautly Feaction** ဆိုတဲ့ ဆိုင်းဘုတ်ကြီးက သူ့မျက်စိရှေ့မှာ ထင်ထင်ရှားရှား။

ညာဘက်အခြမ်းမှာက သူ ဝယ်လိုက်သည့် သူ့ဆိုင်ခန်း။

''တောက်''

နိုင်ဦး သိသိကြီးနှင့် သူ့ကို တိုက်တွန်းခဲ့တာများလား။

သူ့သွေးတွေ ဆူကြွကာ ချစ်သမီးဆိုင်ကို ပေစောင်းစောင်း မျက်မှောင်ကျုတ်ကြည့်ပြီးမှ ကိုယ့်ဆိုင်ရှေ့မှာ ကားကို ပါကင်ထိုးပြီး ဆိုင်အတွင်းထဲ တစ်ရှူးထိုးဝင်လာခဲ့သည်။

''ဟော ဆိုင်ပိုင်ရှင် သူဌေး ရောက်လာပါပြီတော်၊ အဲ ရောက် လာပြီဗျာ၊ ကြွပါ ဘောစိ''

''ဘာ ဘောစိလဲ''

''ဟဲ ဟဲ မဟုတ်ပါဘူး ဘော့(စ်)လို့ ပြောတာပါ၊ တို့ဘော့(စ်) က ဒီနေ့မှ ပိုပြီး ခန့်ညားနေသလိုပဲ''

''တော်စမ်းပါကွာ၊ မင်း ငါ့ကို စနောက်မနေနဲ့နော်၊ ငါ အရမ်း



www.burmeseclassic.com

www.burmeseclassic.com



တင်နေတယ်''

''တင်းရင် လျှော့ပေးမှာပေါ့၊ ဘာလို့ စိတ်ကြီးနေတာလဲ လူဆိုး''

သူ့ရင်ဘတ်ကို လက်သီးဆုပ်နှင့်ထု၍ ကန့်ကလျ လုပ်နေသော နိုင်ဦး အပြုအမူကို ကြည့်ပြီး အရင်ချိန်တွေကဆို ခွက်ထိုးခွက်လှန် ရယ်ချမိမှာပါ။

အခုတော့ နိုင်ဦးအင်္ကျီစကို ဒေါသဖြစ်စွာ ဆုပ်ကိုင်၍ ထိုင်ခုံမှ ဆောင့်တွန်းပစ်လိုက်မိသည်။ သူ ဒီလိုလုပ်လိမ့်မည်ဟု ထင်မှတ်မထား သော နိုင်ဦးက သူ့ကို ပြူးကြောင်ကြောင်လေး မော့ကြည့်ပြီး

''သွေး မင်း ဘာဖြစ်လာတာလဲ၊ ဘယ်သူနဲ့ ကိုင်လာလို့လဲ''

''ဘယ်သူနဲ့မှ ဘာမှဖြစ်လာတာ မဟုတ်ဘူး။ မင်းကို သတ် ချင်နေတာ''

''တို့က ဘာလုပ်လို့လဲ''

''အဲဒီနှာသံနဲ့ ငါ့ကို ပြန်မေးမနေနဲ့၊ အခု ငါ့ကို ဝယ်နိုင်း ဆိုင်ခန်းက ချစ်သမီးတို့ဆိုင်လေးကဆိုတာ သိသိကြီးနဲ့ မင်းလုပ်လိုက် တာ မဟုတ်လား''

''ဟင်''

''မင်း မအူမလည် မသိချင်ယောင်ဆောင်မနေနဲ့၊ ချစ်သမီး ငါ ဘယ်လောက်မုန်းတယ် မကြည့်ချင် မမြင်ချင်လောက်အောင် အမြ





တ်နေတယ်ဆိုတာ မင်း အသိပဲ၊ ဒါကို မင်း ကြိုပြောသင့်တာပေါ့၊ င်းသာ ပြောလိုက်ရင် ဒီနေရာက ဘယ်လောက်ကောင်းကောင်း ရွှေတွင်း ကြီးပဲ ဖြစ်နေနေ ငါ လုံးဝ ဝယ်မှာ မဟုတ်ဘူး''

''မင်း အဲလောက်ဖြစ်နေရင် အခု မဝယ်ချင်လည်း ဖြစ်တယ် သွေး''

''ဘာ''

နိုင်ဦးရဲ့ အတည်ပေါက်စကားကြောင့် သူ အံ့အားသင့်ကာ သံက ကျယ်လောင်သွားသည်။ နိုင်ဦးက အင်္ကျီကို ဆွဲဆန့်ကာ ရုပ်ပြီး

''ချစ်သမီးတို့ ဆိုင်ဘေးက အခန်းဆိုတာ သိသိကြီးနဲ့ ဒေါ်လေး ကို မင်းအတွက် တောင်းတောင်းပန်ပန် ပြောပေးခဲ့တာလို့ ဝန်ခံနေတာ မဟုတ်ဘူးနော်၊ ဒေါ်လေးနဲ့ တိုက်ခန်းပိုင်ရှင် သူဌေး ဖုန်းစကားပြောနေ တဲ့အချိန်မှာ ဘယ်နေရာဆိုတာ ငါ တကယ် မသိဘူး၊ မင်းအတွက် စေတနာစိတ်တစ်ခုတည်းနဲ့ ဒေါ်လေးကို ငါ တောင်းဆိုခဲ့တာ''

''ကျွတ်''

''မင်း မယုံလည်း မတတ်နိုင်ဘူး သွေး၊ မနက်က သန့်ရှင်းရေး လုပ်ဖို့ ဆိုင်နေရာကြည့်ဖို့အတွက် ဒေါ်လေးဆီက သော့တွဲနဲ့လိပ်စာ တောင်းယူလာခဲ့ပြီး ဒီရောက်မှ ချစ်သမီးတို့နဲ့ ဘေးချင်းကပ်ဆိုင်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကို ငါသိတာ"

"သိသိချင်း ဘာလို့ ငါ့ဆီဖုန်းမဆက်တာလဲ၊ မင်းသာ ဖုန်းဆက်လိုက်ရင် ငါ စာချုပ်စာတမ်းနဲ့ ဝယ်လိုက်မိမှာ မဟုတ်ဘူး"

"အခု မဝယ်ချင်လည်း ဖြစ်တယ်လို့ ငါပြောပြီးပြီလေ၊ အခု မင်း မလိုချင်ဘူး ပြောလိုက်တာနဲ့ ချစ်သမီးက ချက်ချင်း ဈေးပိုပေးပြီး ဝယ်မှာ"

"ဘာကွ"

ဒါကျတော့ နေချိုသွေး ဆတ်ဆတ်ခါသွားသည်။ ဒီမိန်းမ ဒါကို သူ့ကို လာကြွားလို့ကတော့ လုံးဝ အလျှော့ပေး သည်းခံလို့ မဖြစ်

"ချစ်သမီးက ငါ ဝယ်လိုက်တယ်ဆိုတာ သိလို့ ဈေးပိုပေးပြီး ဝယ်ချင်တာလား"

"ဘယ်သူဝယ်လိုက်တယ်ဆိုတာ သူ မသိပါဘူး။ အရင်ကတည်းက ဆိုင်နေရာ တိုးချဲ့ဖို့အတွက် သူ့ဆိုင်နဲ့ကပ်လျက်ဆိုင်တွေကို လိုက်နေတာတဲ့၊ ချစ်သမီး ပြောတာတော့မဟုတ်ပါဘူး။ ဒီနေ့မှ လိပ်စာတောင်းတဲ့အချိန်မှာ ဒေါ်လေး ပြောပြတာ ချစ်သမီး ဖက်ရှင်ဆိုင်နဲ့ မျက်နှာတော် ပျက်ရတယ်တဲ့လေ၊ ကဲ အဲဒါတွေ ထားပါ၊ စာချုပ်ပြီး ငွေချေပြီးလည်း ကိစ္စမရှိဘူးနော်၊ မင်း မယူတော့ဘူးဆိုရင် ဒေါ်လေးကို ငါ ပြောလိုက်မယ်"





နေချိုသွေး အဖြေပေးဖို့ ခက်စွာ ထိုင်ခုံမှာ ပစ်ထိုင်ချပြီး နံရံကို မှီနေလိုက်၏။ နိုင်ဦးက နှုတ်ခမ်းတလန်လန်နှင့် မဲ့ရွဲ့ကာ

"စီးပွားရေးနဲ့ လူမှုရေးကို ရောထွေးပြီး ခြေလှမ်းပြင် နောက်ဆုတ်တတ်တဲ့ ဉာဏ်ရှိလို့ကတော့ မင်း ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး သိလား"

"အောင်မှာ ငါ့ကို လာပြီး မီးချောင်းမင်း ရောကင်းပြ ဆရာကြီးသာလုပ်နေတယ်၊ ငါက လူတိုင်းနဲ့ ပြဿနာဖြစ်နေတဲ့ကောင် မဟုတ်ဘူး။ ချစ်သမီးနဲ့သာ"

"ရန်သူလို့ သတ်မှတ်တယ်ပဲ ထားပါ၊ မင်းက အရှုံးပေးရှောင်ပြေးတတ်တဲ့ ပျော့ညံ့ညံ့ကောင်လား၊ ထိပ်တိုက်ဆုံပြီး ရင်ဆိုင်တတ်သော နေချိုသွေးဆို"

"အေး ဟုတ်တယ် ဒီဆိုင်ကို သူ့လက်ထဲ ရောက်အောင် ပြန်မပေးတော့ဘူး၊ ဆိုင်ကိုလည်း ငါ သတ်မှတ်ထားတာထက် ကြီးကျယ်ခန်းနားအောင် ငါ လုပ်မယ်"

"အရွဲ့တိုက်တဲ့ ဆုံးဖြတ်ချက်ဆိုပေမယ့် ဖက်ရှင်ဒီဇိုင်နာတော့ ဆောင်လိုက်နဲ့နော်"

"အာ ခွီးတဲ့၊ ငါက ဘာလို့ အဲလို လုပ်ရမှာလဲ၊ မင်းလို အကြောက်မှတ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ တို့ကိုများ အားကျနေလားလို့"

ဗလုံးဗထွေး ဆဲကာ ရယ်လိုက်မိချိန်မှာတော့ အရာရာက အရင်အတိုင်း ပြန်ဖြစ်သွားသည်။

ချစ်သမီးနှင့် အထုံရေစက်က တိုက်ဆိုင်လွန်းစွာ. . ။

■ ■ ■



## အခန်း (၈)

"ဟယ် တိုက်တိုက်ဆိုင်ဆိုင်ပဲတော့၊ ဟိုဘက်ဆိုင်ခန်းက နေချိုသွေး ဝယ်လိုက်တာ ထင်တယ်"

"ဘာ ဘာပြောတယ် အေမီ"

အေမီ့အသံစွာစွာလေးကြောင့် အလောတကြီးပင် အလှမိနိုယံ ခါးပေါက်နား အပြေးကပ်ကြည့်သည်။ အေမီက အပြင်ဘက်ကို ညွှန်ပြကာ

"ဟိုမှာလေ နေချိုသွေး ကားရပ်ပြီး ဆိုင်ထဲဝင်သွားတယ်၊ အလည်း သူ့သူငယ်ချင်း ဂန္ဒူး နိုင်ဦးကို ဆိုင်ထဲမှာ ဝင်ချည်ထွက်ချည် လုပ်နေလို့ ထူးဆန်းနေတာ၊ ကျွန္တ အဲဒီဆိုင်ကို နေချိုသွေး ဝယ်လိုက်တာ ဆိုတာကို သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် တကယ်ဆိုရင်တော့ ရေစက်ဆိုးတာပဲ၊ ဘာလုပ်ယ
မလဲ မသိဘူးဟာ"

"ဘာလုပ်လို့ ရမှာလဲ၊ သူ့ပိုက်ဆံနဲ့သူဝယ်တာ"

"အဲဒါတော့ သိတာပေါ့၊ ငါ့ပိုက်ဆံနဲ့သာ ဝယ်ပေးရလို့ကတေ
သူ့အတွက် ရေဝေးလို နေရာမျိုးပဲ ဝယ်ပေးလိုက်မယ်"

"အဲတော် အကုသိုလ်တွေ ငရဲတွေ အလုံးအရင်းလိုက်
ယူနေတော့တာပါလား။ နင်တို့နှစ်ယောက် အဲဒါကြောင့် မျက်နှာချင်းဆိ
လိုက်တာနဲ့ မတည့်တာ၊ တစ်ယောက်နဲ့တစ်ယောက် အကောင်းမှ မ
ကြဘဲ"

"မြင်စရာလား သူကရော ဘယ်နှခါ စကားပြော ပြေပျစ်
လဲ၊ ဇလိုင်းကြီး တမင်သက်သက် ပြဿနာ လာရှာတာတောင် ရှိသေ

"ဒါကတော့ နင့်ဘက်က အရင်ရန်စတာတွေလည်း ရှိတာ
လေ၊ သူတင် ကိုယ်တင် ပြဿနာရှာနေကြတာ ဘေးလူတွေတော
အနေကျပ်တယ်၊ ကဲ အခု ဆိုင်ချင်းတောင် ကပ်နေပြီ၊ သင်တန်
လည်းဆုံ၊ ဆိုင်မှာလည်း ဆုံနဲ့ မတည့်အတူနေဆိုတာ ဒါမျိုးကို ပြောတ

အေမီ စကားကြောင့် ချစ်သမီး မျက်နှာလေး ရှုပ်ပျက်ဆင်း
ရှုံ့မဲ့သွား၏။ အံကြိတ်တက်ခေါက်ရင်းဖြင့် မှန်တွေကာရန်ထားသေ
အတွင်းထဲကနေ နေခြည်သွေးကားကို ပြာကျလုမတတ် မျက်စောင်း





မိနေတာလည်း အကြိမ်ကြိမ်။

"နေခြည်သွေး ငါ့ကို သက်သက်မဲ့ ပြဿနာလုပ်ဖို့ ငါနဲ့ကပ်ရက်
ဒီဆိုင်ကို ဝယ်လိုက်တာဖြစ်ရမယ်"

"ချစ်သမီး နင်ကလေ နင့်ကိုယ်နင် အထင်ကြီးပြန်ပြီ၊ ဟိုက
နင့်ကို ဒီလောက်မုန်းနေတာ၊ အကြောင်းမဲ့သက်သက် ရောက်လာပါ့မလား
ဟဲ့၊ နေပါဦး ဘယ်လိုကြောင့် ရောက်လာတယ်ဆိုတာ သိအောင် ဟို
ဝန်ဒူးမကို ငါ မေးကြည့်ပေးမယ်"

"မလိုဘူး ဘယ်လိုပုံစံမျိုးနဲ့ ရောက်လာလာ ငါ စိတ်မဝင်စား
ဘူး၊ နင်လည်း ဘယ်သူနဲ့မှ ပတ်သက် ဆက်ဆံဖို့ မစဉ်းစားနဲ့"

"ဟယ် ငါ့ကို အဲလို ချုပ်ချယ်ကန့်သတ်နေရင် နင့်ဆိုင်ကို
ငါ မလာတော့ဘူးနော် ချစ်သမီး၊ နင့်ဆီက ပညာလိုချင်လို့ ဆိုပေမယ့်
ငါ့ဘာသာ တခြားမှာ ပိုက်ဆံပေးပြီး သွားသင်လို့ရတယ်"

"ဪ နင်က ငါနဲ့တော့ ပြတ်ချင်ပြတ်မယ်၊ အဲဒီဟာတွေနဲ့
တော့ ကင်းကင်းရှင်းရှင်း မနေနိုင်ဘူးပေါ့လေ"

"သဘောပြောတာပါ ချစ်သမီးရယ်၊ လူ့ဘောင်ထဲမှာနေရင်
လူတွေနဲ့ ပတ်သက်ဆက်ဆံမှု မရှိဘဲ နေလို့ရမလား"

"ငါကတော့ လူတိုင်းနဲ့ ပတ်သက်ဆက်ဆံစရာ မလိုဘူးလို့
ပိတ်ပင်နေလို့လား၊ နေခြည်သွေးဆိုတဲ့ကောင်ရဲ့ သူငယ်ချင်းတွေကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ရောနှောဆက်ဆံတာမျိုး မဖြစ်စေချင်တာ''

''နင် ဘာလို့ နေ့ချိုသွေးကို ခါးခါးသီးသီး မုန်းနေရတာလဲ၊ အတိတ်ဘဝက ရေစက်ကြောင့်လို့တော့ ဆင်ခြေမပေးနဲ့နော်၊ နင်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက် အလျှော့ပေးလိုက်မယ်ဆိုရင် ဒီကိစ္စ အဆင်ပြေသွားလိမ့်မယ်လို့ ငါ ထင်တယ်''

''ဟား အေမီတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ ဒီလောက် အမြင်ကတ်မုန်းနေပါတယ်ဆိုမှ အဆင်ပြေအောင် ကြိုးစားစရာလား''

အေမီကို စိတ်ကုန်စွာ တွန်းထိုးပစ်၍ ခေါင်းလျှော်စင်ဘက်လှည့်ထွက်လာခဲ့သည်။ ကိုယ့်ဆန္ဒတွေကို လွန်ဆန်နေ၍ အေမီကို နှုတ်ခမ်းတရှုံ့ရှုံ့ စိတ်ကောက်မိခြင်းပါ။

''မမ စင်နံပါတ်သုံးက ညည်းသည်က မမကိုယ်တိုင် ခေါင်းလျှော်ပေးပါလို့ တောင်းဆိုနေပါတယ်''

''ဘာ ငါ့ကို''

ဒီဘက်ရောက်လာတော့လည်း စိတ်တိုစရာကိစ္စမို့ လူက ဆတ်ခနဲ ခါကာ မေးလိုက်မိသည်။ အရင်ကလည်း ညည်းသည်တွေ တောင်းဆိုလာလျှင် ဝန်ဆောင်မှုအနေဖြင့် ညည်းသည်တွေ စိတ်ကြိုက် လိုက်လျော ပေးမြဲပါ။

ဒီနေ့တော့ စိတ်မကြည်လင်စွာ အော်လိုက်မိတော့ ဝန်ထမ်း





တပည့်မလေး မျက်နှာငယ်သွားသည်။ ဒီလိုတော့လည်း ဘာမှမဆိုင်သော ဝန်ထမ်းလေးတွေအပေါ် အနိုင်ကျင့် မာန်မဲတာမျိုး မလုပ်ချင်ပါ။

''ကဲ ကဲ မမ သွားလိုက်ပါမယ်၊ နှင်းနှင်း လုပ်စရာရှိတာ လုပ်လိုက်နော်''

နှင်းနှင်းကို ပြောပြီး စင်နံပါတ် သုံးကိုရောက်တော့ ပက်လက်လှန်လှဲနေရာမှ ပြုံးဖြီးနေသည့် မျက်နှာကြီးနှင့် ထထိုင်လိုက်သော စိုးလင်းကို တွေ့လိုက်ရသည်။

ဒီနေ့ ဘယ်လို အကုသိုလ်ဆိုး ဝင်နေလဲကို မသိ။

စိုးလင်း ကုတ်အင်္ကျီဖားဖားကြီးကို ဆွဲချွတ်လွှင့်ပစ်ပြီး ဆိုင်ထဲကနေ ဆောင့်တွန်းမောင်းထုတ်လိုက်ချင်သည်။ အနံ့ထွက်နေသော အညိုရောင်ကုတ်အင်္ကျီကြီးက ယကြားချေသည့်အနေဖြင့် ဝတ်ထားတာမို့ ဘယ်သူမှ အထိမခံပါတဲ့။

ဒါလည်း အေမီ သတင်းပို့ထားတာ။

ဒီလို အူကြောင်ကြောင် ဖွန်ကြောင်က သူမကိုများ။

''နင် ဘာလာလုပ်တာလဲ စိုးလင်း''

သူမ ဆောင့်အောင့်အော်တော့ စင်ပေါ်က ဖျတ်ခနဲ ဆင်းလိုက်ပြီး

''ညစ်နေတာတွေ လျှော်ချချင်လို့ ရေလာဆေးတာလေ၊ ချစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှန်းသိလို့ လာအားပေးတာ၊ စကားကို ညင်ညင်သာသာ ပြောပါလား ချစ်ရယ်''

''သွားစမ်းပါ ဘာချစ်လဲ ရွံစရာကြီး''

နှာခေါင်းကို ပိတ်ပြီး နောက်ခြေသုံးလှမ်းလောက် ဆုတ်လိုက်ရသည်။ ယောက်ျားလေးဖြစ်ပြီး ဖေဒင်တွေ ယတြာတွေ အစွန်းရောက်ယုံကြည်ပြီး ဒီကုတ်အင်္ကျီကြီးကို မချွတ်တမ်း ဝတ်နေရသတဲ့လား''

''ကဲ နင် ခေါင်းလျှော်မယ်ဆိုရင် ဒီအင်္ကျီကြီး ချွတ်ထားမှ ဖြစ်မယ်၊ နင့်အင်္ကျီကြီးက နံကန်နဲ့ ပို့အန်တော့မယ်''

''ဘာ ဒီအင်္ကျီချွတ်ရမယ် ဟုတ်လား''

''အေးလေ မချွတ်ရင်တော့ ခေါင်းလျှော်မပေးနိုင်ဘူး၊ တခြားဆိုင်ကို သွားချင်သွား''

''ဟာ သွားတော့ မသွားပါရစေနဲ့ဟာ၊ နင့်လက်ကလေးနဲ့ထိတွေ့ပြီး ခေါင်းလျှော်ပေးတာကို ခံချင်လို့ လာတာပါ''

''နင် အဲလို ဖွန်ကြောင်နေရင် ငါ ဆိုင်ပြင် ဆွဲထုတ်မှာနော်''

''နိုး နိုး စိတ်ကြီးရင် ချစ်သမီး ဆိုင်လေး နာမည်ပျက်သွားပါဦးမယ်၊ ကဲပါကွာ ဘာမှမပြောတော့ဘူးနော် ဒီအင်္ကျီကြီးကို ချွတ်စေချင်တယ်ဆိုရင် နင်ကိုယ်တိုင် ချွတ်လိုက်ပါ၊ ကိုယ်ကျေကျေနပ်နပ်ကြီး ခွင့်ပြုပါတယ်''





''ဘာ''

''မ မအော်ပါနဲ့ လန့်လိုက်တာ ချစ်သမီးရယ်၊ ဒီအင်္ကျီနဲ့ဆိုရင် ခေါင်းလျှော်မပေးဘူးဆို၊ အဲဒါကြောင့် အင်္ကျီချွတ်လိုက်ပါလို့ ပြောတာပါ''

''ကိုယ့်ဘာသာ ချွတ်ပါလား၊ ဘာလို့ ငါက နင့်အင်္ကျီ ချွတ်ပေးရမှာလဲ''

''ကြော် ဒီဝန်ဆောင်မှုလေးတောင် မပေးနိုင်ဘူးလား ချစ်ရယ် ... ချစ်သမီးရယ်၊ ဘာမှလည်း ခက်ခဲပင်ပန်းတာ မဟုတ်ဘဲနဲ့''

''ကျွတ် နင်လေ ငါ့ဆိုင်ထဲရောက်လာပြီးသားမို့ သည်းခံနေတာ ... တခြားညှော်သည်တွေကို အားနာလို့ သိရဲ့လား၊ နောက်တစ်ခါ ဆိုင်ထဲကို ဟိုအကြောင်းပြ ဒီအကြောင်းပြ ဝင်မလာခဲ့နဲ့''

ဗျစ်တောက် ဗျစ်တောက် ပြောရင်း ကုတ်အင်္ကျီကြီးကို ဆောင့်ချွတ်ပေးလိုက်သည်နှင့် စိုးလင်း မျက်နှာကြီး ပြုံးဖြီးသွားကာ အောင်... အောင်ပြီဟု လက်သီးလက်မောင်းတန်းကာ သုံးကြိမ်သုံးခါ ခုန်ထ ... ဘွားသည်။

''ဟဲ့ ဟဲ့ ဘာဖြစ်တာလဲ၊ ဆိုင်ထဲမှာ လူတွေနဲ့ ရှက်စရာကြီး ... ခင်း နင်ပြွန်ပါတော့တယ် ဒုက္ခပါပဲ ငါ့နှယ်နော်''

''ဆောရီး ဆောရီး ငါ အပျော်လွန်သွားလို့ပါ၊ ကဲ ကိုယ့်ရဲ့ ... အရှိဆုံး ခေါင်းလေးကို မင်းလက်ထဲ အပ်လိုက်ပြီ လိုသလို အသုံး

www.burmeseclassic.com



ချလိုက်တော့"

စင်ပေါ်တက် ပက်လက်လှန်လှဲချလိုက်ပြီး စိုးလင်း မျက်နှာ

ကြီး သွားသုံးဆယ့်နှစ်ချောင်းပေါ်အောင် ပြုံးဖြီးနေသည်။ မြန်မြန်ပြီ

အေးရောလို့ တွေးကာ စိုးလင်းခေါင်းကို တဖြင်းဖြင်း ကုတ်ဖဲ့၍ ခေါင်

လျှော်ပေးလိုက်သည်။

ထိုအချိန်မှာ အေမီက ချစ်သမီးလက်ကို ဖွတ်အတင်း လာ

ခေါ်သည်မို့ ရှန်ပူမြုပ်တွေ ဗရပွနှင့် စိုးလင်းကို ဒီအတိုင်း ထား

ထွက်လာခဲ့ရသည်။

ရှန်ပူတွေ မျက်လုံးထဲဝင်လို့ ဖျပ်ဖျပ်ခါ အော်နေသည့် စိုးလင်

အဖြစ်ကို ဆိုင်ထဲကလူတွေ ကြည့်ပြီး ရယ်နေကြ၏။

"ဟဲ့ ဘာဖြစ်လို့ ငါ့ကို ဆွဲခေါ်လာတာလဲ၊ ဟိုမှာ စိုးလင်

ပွဲဆူနေပြီ"

"ထားလိုက်စမ်းပါ နှင်းနှင်းကို ငါ လုပ်ခိုင်းလိုက်ပါတယ်

ကဲ ပြောစမ်းပါ နင်က ဘာလို့ သူ့ကုတ်အင်္ကျီကြီးကို သွားချုတ်ပေး

တာလဲ"

"ဟဲ့ ချုတ်ပေးချင်လို့ ချုတ်ပေးတာမှ မဟုတ်တာ၊ မြန်မြန်

မြန်မြန်ပြန်အောင်လို့"

"အေး နင် အဲလို လုပ်လိုက်တော့ မြန်မြန်ပြီးမှာတော့ မဟုတ်





ဘူး၊ နင့်ကို သူ့ချစ်သူအဖြစ် သတ်မှတ်လိုက်ပြီ"

"ဘာ"

"ဟုတ်တယ် သူ့ကို ဗေဒင်ဆရာက ဟောထားတာတဲ့၊ တစ်လ

ပြည့်တဲ့နေ့မှာ သူ့အင်္ကျီကို ချုတ်ပေးတဲ့ မိန်းကလေးက သူ့ရဲ့ဖူးစာရှင်

ချစ်သူ ဖြစ်လာမယ့်သူလို့ သတ်မှတ်ရမှာ"

အေမီ့စကားကြားတော့ ချစ်သမီး တဟားဟား အူလိုက်သည်း

လိုက် ဗိုက်နှိပ်၍ ရယ်လိုက်မိသည်။

"နင်က ဖွန်ကြောင် အရူးထ ပြောတဲ့စကားကို ယုံတယ်ပေါ့"

"ဟဲ့ သူပြောတာ မယုံတောင် ဗေဒင်ဆရာပြောတာ ယုံရမှာပေါ့၊

နင်က ဘာလဲ စိုးလင်းနဲ့ ဖူးစာဖက်ချင်နေတာလား"

"နင့်ကြီးတော် ယောက်ျားကို နင်ပဲ ဖူးစာဖက်၊ ငါကတော့

ဖက်ဘူး"

"ဟဲ့ နင်က သူ့ကုတ်အင်္ကျီကြီးကို ကိုယ်တိုင်ချုတ်ပေးလိုက်တာ

လေ"

"သွားစမ်းပါ အဲလို ဖွန်ကြောင် ယောက်ရှား လုံးဝ စိတ်မဝင်စား

ဘူး"

"ဒါဆို နေချိုသွေးလို တည်တည်ကြည်ကြည် ယောက်ျားမျိုး

မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတည်တည်ကြည်ကြည်လဲ၊ ပုပ်သိုးနံစော် ကောက်ကျစ် အကြောတင်း မာနကြီး ဘဝင်မြင့် ကိုယ့်ကိုယ်ကို အထင်ကြီး အောက် ခြေလွတ် အထာကိုင်၊ အရှုးဘုံမြောက် ချီးခြောက်ကောက်စား"

"ဟယ် အပုပ်ချလို့ မကုန်သေးဘူးလား၊ တော်စမ်းပါတော့ ချစ်သမီးရယ် နေချိုသွေးကို ပြောရမယ်ဆို မှိုချိုးမှျစ်ချိုး ပိုးဆိုးပက်စက် အထင်သေး အမြင်သေး ရှုတ်ချကဲ့ရဲ့"

"ကဲ တော်ပါပြီ သူပြောမှ မပြတ်တော့ဘူး၊ စိုးလင်းကိုစွ နင်နဲ့ နှင်းနှင်း ဆက်ရှင်းထားလိုက်၊ ငါ အာရုံတွေ နောက်လို့ ပြန်တော့ မယ်၊ ညပိုင်းလည်း ပြန်လာချင်မှ လာမှာ၊ ကြည့်လုပ်လိုက်တော့"

"ဟဲ့ ဟဲ့ ချစ်သမီး ချစ်သမီး ခြော် ဒီနေ့ ညသည်တွေ များပါတယ်ဆိုမှ ဒုက္ခပါပဲ"

အေမီ ဘယ်လောက်အော်အော် ဘာတွေပြောပြော ချစ်သမီး နောက်ကြောင်းပင် လှည့်မကြည့်တော့ပါ။

တကယ်ကို ဒီနေ့တစ်ရက်က စိတ်ကုန်စရာတွေဖြင့် အချိန်နာရီ တွေ ဖြတ်သန်းရင်း . . . ။

■ ■ ■



အခန်း (၉)

"ဘာဖြစ်တာလဲ သမီး၊ မျက်နှာကြီးက ရှုပုပ်လို့၊ ပစ္စည်းသစ် ...ဝင်တာ စိတ်တိုင်းမကျလို့လား၊ ညှော်ခံပွဲတစ်ခု လက်ခံလိုက်တာ ...င်မပြေလို့လား"

"မဟုတ်ပါဘူး ဖေဖေ"

"ဒါဆို ကာစတမ်မာတွေနဲ့လား၊ ဝန်ထမ်းတွေနဲ့လား သမီး ...နာတစ်ခုခု ဖြစ်လာတာတော့ သေချာတယ်"

"ဆိုင်နားနီးချင်းကြောင့်"

"ဟင် သမီးလိုချင်တဲ့ အခန်းကို ဝယ်လိုက်တဲ့ သူတွေလား၊ ...ို့က ဆိုင်တောင် ဖွင့်နေပြီလား သမီးရဲ့"

"မဖွင့်သေးပါဘူး ပြင်ဆင်တုန်း ရှိသေးတယ်၊ အမြန်ဆုံး ...င်အောင် လုပ်နေတယ်လို့တော့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် ပတ်ဝန်းကျင် အသစ်ကို အဆင်ပြေအောင် သည်းခံနေပါလို့ ဖေဖေ ပြောသားနဲ့ကွယ်၊ အခု ပြဿနာက ဘယ်လို စဖြစ်တာလဲ၊ ဖေဖေ့ကို ပြော၊ ဖေဖေ ရှင်းပေးမယ်"

ထင်ရာမြင်ရာ စိတ်ပူစိုးရိမ်နေသော ဖေဖေ့စကားကြောင့် ချစ်သမီး ကြည်နူးစွာ ရယ်လိုက်မိသည်။ ဒီမေတ္တာအရိပ်လောက် အေ ချမ်းလုံခြုံတာ ဘယ်မှာရှိပါ့မလဲ။

"ဖေဖေ ရှင်းပေးရမယ့် ပြဿနာမျိုး မဟုတ်ပါဘူး ဖေဖေ သင်တန်းမှာ မျက်နှာကြော မတည့်တဲ့ ကောင်လေးတွေက အဲဒီဆိုင်ခ ကို ဝယ်လိုက်လို့ပါ၊ ကိုယ်က အဲဒီနေရာ မရလို့ စိတ်မကောင်းဖြစ် ပါတယ်ဆိုမှ သူတို့ ရလိုက်တာဆိုတော့ ပိုဆိုးသွားတာပေါ့"

"ဪ သမီးရယ်၊ အဲလို အာဃာတ မထားပါနဲ့ကွယ်၊ ထိုက် သူ ရသွားတာပဲဥစ္စာ၊ အကြောင်းသိ တတ်သိတွေဆိုရင် ကိုယ်က ဆိုင် ဖို့တောင် ပြင်ဆင်ချိန် ရသေးတယ်"

"အာ ဒီကောင်တွေကို ရှောင်လို့ ဘယ်ဖြစ်မလဲ၊ ထိပ်တို့ ရင်ဆိုင်မှ ကြောက်တယ်လို့ မထင်မှာပေါ့"

"ဟော ကြည့် သမီးက ရန်လိုနေတာကိုးကွ၊ ဟိုဘက် ရန်စတာ မဖြစ်နိုင်ဘူး"

"ဖေဖေနော် သမီးကို အပြစ်တင်နေတယ်၊ ဟိုဘက်





အကြောင်း ဖေဖေ ဘာမှသိတာ မဟုတ်ဘဲနဲ့"

"မသိတော့လည်း သိအောင် ဖေဖေ လေ့လာကြည့်ရမှာပေါ့ သမီးဆိုင်ကို ဖေဖေ လာခဲ့ဦးမယ် သမီး"

"အရင်လည်း လာနေကျကို ဖေဖေကလည်း"

"မတူဘူးလေ သမီးရဲ့၊ အခုက သမီးနဲ့ တစ်သက်လုံး မြင်တွေ့ ဆက်ဆံသွားရမယ့် ပတ်ဝန်းကျင်အသစ်ကို လေ့လာကြည့်ရမှာ"

"လုပ်မနေပါနဲ့ ဖေဖေရာ၊ ဒီကောင်တွေက အရိုင်းအစိုင်းတွေ ဆိုတော့ကလည်း ဆိုဆုံးမမှု မရှိဘူးလား မသိပါဘူး၊ ဇရုတ်သုတ်ခ ကလေကချေ အဆင့်အတန်းပါ"

သာသာထိုးထိုး ရှုံ့မဲ့ပြီး အပုပ်ချ ဝေဖန်နေသော ချစ်သမီးကို ချစ်ဘုန်းခေါင် ချစ်စနိုးနှင့် ခေါင်းလေးကို ပုတ်ပြီး ပြုံးလိုက်သည်။

"သမီးပြောသလိုဆိုရင် သူတို့ရဲ့ လူကြီးမိဘတွေကို အသိ ပေးပြောဆို ဆုံးမခိုင်းရမှာပေါ့၊ ဖေဖေလို လူကြီးအပေါ်မှာ ရိုင်းစိုင်းရင် တော့ သမီး ဆိုင်နေရာပြောင်းသင့်ရင် ပြောင်းပေးမယ်"

"ဟာ အဲလိုတော့ မလုပ်ဘူးနော် ဖေဖေ၊ ဒီဆိုင်လေးက အနေရဲ့ အမွေအနှစ် အောင်မြေပဲ၊ အရင်က ဆိုင်ခန်းသေးသေးလေး၊ အခု ကွန်ဒိုခန်းတွေနဲ့ အဆင့်အတန်းမြင့်မြင့် အစည်ကားဆုံးနေရာ ဖြစ်နေတာ သမီးက ဒီနေရာကို စွန့်ခွာရမှာလား၊ ပြီးတော့ သူတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လို့ ရှောင်ပြေးတာမျိုး မဖြစ်ချင်ပါဘူး''

''ဖေဖေက ဖြစ်လာရင်လို့ ဥပမာ ပြောတာပါ သမီးရယ် တကယ် ဖြစ်ခဲ့ရင်တောင် သမီး ရှေ့က ဖေဖေ ကာကွယ်စောင့်ရှော ပေးမှာပါ၊ ကဲ ဘာမှမတွေးနဲ့ အနားယူ ရေမိုးချိုးတော့၊ ပြီးရင် ဖေဖေ သားအဖ ညစာ စားကြမယ် ဟုတ်ပြီလား''

''ဟုတ် ဖေဖေ''

သူမဘက်မှာ ဖေဖေ ရှိနေပြီမို့ စိတ်လက်ပေါ့ပါးကာ အိပ်ခ ထပ် ပြေးတက်လာခဲ့သည်။ အိပ်ခန်းထဲရောက်လို့ ခုတင်ပေါ် ပစ်လှဲ မှ အေမီဆီ ဖုန်းခေါ်ကြည့်လိုက်သည်။

စိုးလင်းနှင့် ဘယ်လို နှစ်ပါးသွား ကျန်ခဲ့သည် မသိ။

''ဘာလဲ အစုတ်ပလုတ်မ ငါ့ကို ထားခဲ့တုန်းက ထားခဲ့ တော့''

''ဩော် သူငယ်ချင်းလေးရယ် စိတ်မဆိုးပါနဲ့၊ အခုပဲ စိတ် လို့ ဖုန်းဆက်နေပြီပဲကို၊ ကဲ ပြော စိုးလင်း အေးအေးချမ်းချမ်း ပြန်သွ တယ် မဟုတ်လား''

''ပြန်ပါလိမ့်မယ် အားကြီးကြီး၊ နှင့်ကို ခေါ်ပေးချည်း ဖွတ်ချေ နေတာ၊ နင်နဲ့သူက ဖူးစာဖက် ဖြစ်သွားပြီတဲ့၊ နောက်နေ့ကစ နှင့်အချစ်ကို ရအောင် တောင်းရတော့မှာပဲတဲ့တော်၊ အဲဒါနဲ့ ငါက





နှင့်မှာ ချစ်သူရှိတယ်လို့ ပြောလိုက်တာပေါ့''

''ဟယ် ဘာ ဘာလို့ ပြောလိုက်တာလဲ''

လန့်ဖျပ်ကာ ခုတင်ပေါ်က လူးလဲထထိုင်ပြီး ဟန်းဖုန်းကို ဘယ်ညာပြောင်းကိုင်၍ အေမီကို ပြစ်တင်မိသည်။ အေမီက ခပ်တိုးတိုး ဆဲရေး၍

''အဲလို မပြောရင် နှင့်ဟာကြီးက မျက်နှာပြောင်တိုက်ပြီး ပြန်မှာကို မဟုတ်တော့ဘူး၊ ဒါတောင်မှ သူ သေချာစုံစမ်းဦးမယ်တဲ့ တော်၊ ဗေဒင်ဆရာက အပျိုစစ်စစ် ချစ်သူရည်းစားတောင် မရှိသေးတဲ့ သူလို့ ပြောထားတာတဲ့၊ အဲဒါကြောင့် သူ့ဘဝအတွက် နှင့်ကို ရွေးချယ် ထားတာတဲ့နော်''

''အောင်မလေးဟဲ့ သေနာကောင် ဖွန်ကြောင်ကလည်း ရောဂါ ပဲ ဒီတစ်ခါ လိုက်ကြောင်လို့ကတော့ ပါးကိုရိုက်ပစ်မယ်''

''အေး အဲဒါ အရေးမကြီးဘူး၊ သူက အသည်းအသန် နှင့် အချစ်ရအောင် ကြိုးစားတော့မှာနော်၊ ကြည့်သာ ရှောင်ပေတော့''

''ငါနှယ်နော် ဒီအရူးနဲ့တော့ စိတ်ညစ်ပါတယ် တကယ်ပဲ ကဲ ကဲ ငါ ဖုန်းချလိုက်တော့မယ်''

''နေ နေပါဦး ငါ ပြောစရာရှိလို့ နင် ညစာစားပြီးရင် ဆိုင်ပြန် လာခဲ့ဦးဟယ်၊ အိမ်မှာ ဘွားဘွား နေမကောင်းလို့ ဆေးဝင်ထပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အိမ်စောစောပြန်လာခိုင်းနေတယ်၊ ဆိုင်မှာက ညပိုင်းဆိုရင် ဖ

မရှိရင် နင်ရှိမှ ဖြစ်မှာ၊ ဒီနေ့ ညေ့သည်လည်း များတယ်ဟ၊ နင်

လာဖြစ်အောင် လာနော် ဒါပဲ"

"ဟဲ့ ဟဲ့ အေမီ"

သူမ ဘာမှမပြောရခင်မှာ အေမီ ဖုန်းပိတ်သွားသည်။ ဆိုင်က

ညကိုးနာရီအထိ ဖွင့်တာမို့ သူမ ပြန်သွားဦးမှ ဖြစ်မှာပါ။

မျက်နှာလွှဲလို့ရသည့် ကျွမ်းကျင်ဝန်ထမ်းတွေ ရှိပေမယ့် သူ

ပစ်စလက်ခတ် ဥပေက္ခာပြုတာမျိုးတော့ မလုပ်။

သင်တန်းတက်ဖြစ်သည့်နေ့တွေမှာတောင် သင်တန်းကအပြ

အချိန်ပြည့် ဆိုင်မှာဝင်နေတတ်တာမျိုးပါ။

မိတ်ကပ်နှင့်လိုက်ဖက်သော အဝတ်အစား ဖက်ရှင် ဒီဇိုင်းဘ

မှာ ဆရာမနှစ်ယောက် ငှားရမ်းထားသော်လည်း ကိုယ်တိုင် စီမံတာ

ယူရမှ စိတ်ကျေနပ်မှုရှိတာ။

ဒါကြောင့်မို့ ရေမိုးချိုး စားသောက်ပြီးတာနှင့် ဆိုင်ကို ထ

ခေါက်ပြန်သွားဦးမှ ဖြစ်မည်။ ရေချိုးပြီး အောက်ထပ် ဆင်းလာတေ

"ဟော သမီးလေး အိတ်ကြီးလည်း လွယ်လို့ ဆိုင်ပြန်သွား

မလို့လား"

"ဟုတ်ကဲ့ ဖေဖေ၊ အေမီက သူ့အိမ်ပြန်ရမယ့်ကိစ္စလေး ေ





ာလို့ သမီး ထမင်းစားပြီးရင် ပြန်သွားရဦးမယ်"

"ဟုတ်လား ဒါဆို ဖေဖေလည်း လိုက်ခဲ့မယ် သမီး"

"ဖေဖေက ညနေစာ စားပြီး လမ်းလျှောက်ထွက်ဦးမှာ မဟုတ်

ား အပြန်မိုးချုပ်မယ်၊ နောက်ကျမယ်ဆိုမှ ဖုန်းဆက်လိုက်မယ် ဖေဖေ"

"အေး အေး ဒါဆိုလည်း ပြီးရောလေ၊ ခေါ်စိန်ရေ ထမင်းပွဲ

င်ပါဗျာ"

ထမင်းစားပြီး ဆိုင်ပြန်ရောက်တော့ ည ခြောက်နာရီခွဲခန့်ကျင်။

နေချိုသွေးတို့ ခုချိန်ထိ မပြန်သေးတာ၊ သူ့ဆိုင်ရှေ့မှာ ရပ်ထား

ာ ကားက သက်သေ။

ဒီလောက်တောင် ဇိမ်ရှိယှဉ်ကောင်းကောင်းနှင့် ဆိုင်ကိုပြုပြင်နေပါ

မပြေးသော်လည်း ကန်ရာရှိ မကြည့်ချင်သော်လည်း မြင်နေရသည့်

နေ့အထားနှင့် သူမ နေ့စဉ်နေ့တိုင်း အကုသိုလ်အလုံးအရင်းလိုက်

တော့မည်လား။

မမြင်ချင် ရှောင်တိမ်းသွားလို့ ရပါလျက်နှင့် မကျေနပ်စိတ်နှင့်

ာင်းတိုးမိခြင်းကြောင့် အမြင်အာရုံက ခွာချလို့ မရအောင် ဖြစ်နေ

ည်။

စိတ်ရှိတိုင်းသာ လုပ်လိုက်ရရင် နေချိုသွေး ဆိုင်ကို ကာရန်

သော မှန်တွေအားလုံး အစိတ်စိတ် အမွှာမွှာ ကွဲကြေပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ချိန်မှာတောင် စိတ်အာရုံတစ်ခုလုံးက ထိုဆိုင်ဘ

ကို ရောက်နေတာ...။

■ ■ ■



## အခန်း (၁၀)

အလုပ်သမားတွေကို ဟိုဟာဒီဟာ တတွတ်တွတ် ညွှန်ကြားနေ က ဆိုင်ရှေ့ မျက်နှာစာဘက် ထွက်လာကာ မီးဆိုင်းအလှဆင်ဖို့ ကြည့်နေဆဲ

ချစ်သမီးကားကို မြင်လိုက်ရတော့ တိုးတိုးကြိတ်ကြိတ် ဘာ ကြောင့် တက်ခေါက်မိမှန်းမသိ။ ချစ်သမီး မျက်နှာရော သူမကားရော ယ်လိုမှ ထောင့်မကျိုး။

''နေ့လယ်က ချစ်သမီးဆိုင် စိုးလင်းလာတယ်တဲ့ကွ၊ သူ့ တ်အင်္ကျီကြီးကို ချစ်သမီးက ချုပ်ပေးလိုက်တော့ သူ့ရဲ့ဖူးစာဖက် သူဖြစ်သွားပြီလို့ စိုးလင်းက ကြွေးကြော်တယ်တဲ့၊ အံ့ပါရဲ့ ဒီလောက် တ်စော် အင်္ကျီကိုများ ချစ်သမီးက ဘာလို့ ချုပ်ပေးရသလဲ မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးကို ညနေစာ ထွက်ကျွေးတော့ သူ နားထောင်လား မ

ထောင်လား မသိဘဲ တစ်ယောက်တည်း ပြောနေတာ။

ဒီမိန်းမက လူရှေ့သူရှေ့မှာ ဟန်ဆောင်ပန်ဆောင် မာနကြီး

တစ်ခွဲသားနှင့် အမူပိုနေပေမယ့် စိုးလင်းကို ကြိတ်ကြိုက်နေလို့ ဒီလို

လုပ်ပေးတာ နေမှာပေါ့။

ခေါင်းတောင် လှော်ပေးလိုက်သေးဆိုပဲ။

သူ့ကိုတော့ ခါးခါးသီးသီး ကက်ကက်လန်အောင် ရန်တွေ့တယ်

သော မိန်းမက စိုးလင်းလို ဖွန်ကြောင်ကို မလွန်ဆန်နိုင်တာ အကြောင်း

တစ်ခုခုတော့ ရှိရမည်။

"သွေး မီးဆိုင်းတွေက ဒီညလုပ်ဖို့ အချိန်မရှိတော့ဘူးနော်

အလုပ်သမားတွေကလည်း နာရီပိုကြေးပေးပေမယ့် ပြန်ချင်နေပြီ"

နိုင်ဦး အပြင်ထွက်လာပြီး ပြောတော့ သူ ထောင်းခနဲ ဒေါ

ဖြစ်သွားသည်။

"အဲလိုလူမျိုးတွေ အဲဒါကြောင့် မကြီးပွားတာ"

"သွေး မင်း ဘယ်သူ့ကို ပြောတာလဲ"

"ဟို အလုပ်သမားနှစ်ယောက်ပေါ့၊ တစ်နေကုန် ငါ ဘာ

ပင်ပင်ပန်းပန်း ခိုင်းထားလို့လဲ၊ ဆိုင်က လာဖို့တဲ့ ရှူးကော့စ်တွေ ကောင်

တွေ မှန်ဗီရိုတွေပဲ ဟိုနေရာ ဒီနေရာရွှေ့ရတာ ဒါလည်း ဆိုင်က တစ်





လာဖို့မှ တစ်ခါနေရာရွှေ့ရတာပါ၊ လက်ဖက်ရည်၊ မုန့် အအေး ထမင်း

ဟိုလေသေးမရှိလည်း တောက်လျှောက် ကျွေးနေတယ်၊ ခြောက်နာရီကျော်

တဲ့ အချိန်ပိုကြေးကိုလည်း ငါ နှစ်ဆပေးမယ်လို့ ပြောထားတာပဲ"

"ဟုတ်ပါတယ် အဲဒါ ဘာဖြစ်လို့လဲ"

"ဘယ်ဖြစ်မလဲကွ၊ အလုပ်တွေ အားလုံးပြီးတဲ့အထိ ကြိုးကြိုး

စားစား လုပ်သင့်တာပေါ့၊ ထိုက်သင့်တဲ့ ငွေကြေးရနေရဲ့နဲ့ အချိန်တန်

ပြန်ချင်နေတာ ဘယ်လိုလုပ် တိုးတက်ကြီးပွားမှာလဲ၊ ကိုရီးယားကား

တွေကြည့်ပြီးတော့ ဆိုဂျူသောက်တာ ပဲခေါက်ဆွဲစားတာ၊ မယားငယ်

ထင်ငယ်နေတာတော့ အတုခိုးကြတယ်၊ သူတို့တွေ ကြိုးကြိုးစားစား

ညည်းရွယ်ချက်ကြီးကြီးနဲ့ မအိပ်မစား အချိန်ပိုင်းအလုပ်တွေ ဟိုပြေး

ဒီပြေး လုပ်နေကြတာတော့ မသိချင်ယောင် ဆောင်နေရလား"

"ဟော့တော် အဲ ဟောဗျာ မင်းဘာတွေ ပြောနေတာလဲ

သွေး၊ အနှောင့်အသွား မလွတ် နိုင်ငံရေးတွေ ပါနေပြီနော်၊ ဘာကို

ကျေမနပ်ဖြစ်ပြီး သိမ်းကျုံးပြောနေမှန်းမသိဘူး၊ စိတ်ညစ်တယ် တကယ်"

နိုင်ဦးက နှုတ်ခမ်းစူ ခြေဆောင့်၍ ညည်းညူသည်၊ အလိုမကျ

ဖြစ်နေသော သူ့မျက်နှာက တင်းမာခြင်းတို့ လျော့ပါးမသွားပါ။

"မင်း ဘာမှစိတ်ညစ်စရာ မလိုဘူး၊ ငါ အမှန်တွေ ပြောနေတာ၊

သို့တွေက ကိုယ်ကသာ အလုပ်မလုပ်ချင်တာ ကြီးပွားချမ်းသာတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေကို မနာလိုဖြစ်ချင်သေးတယ်၊ ဘယ်သွား ဓားပြတိုက် မတရားတာ တွေ လုပ်လို့ ပြေလည်နေကြလဲ မသိပါဘူး။ ငါတို့များကျတော့ တစ်နေ့ တစ်နေ့ ရိုးရိုးသားသား ရှာဖွေစားနေလို့ဖြစ်မှာ၊ ထမင်းတောင် နပ်မမှန် ချင်ဘူးတဲ့''

''မင်း ဘယ်သူက ပြောတာလဲ''

''လျှာမရှည်ပါနဲ့ ငါပြောတာ နားထောင်ပါ''

''အေး အေးပါ''

သူ ပေါက်ကွဲချင်နေတာကို နားလည်ပေးလိုက်သလိုဖြင့် နိုင်ဦး ရှုံ့မဲ့ချင်ပေမယ့် အေးအေးသက်သာ ခေါင်းညိတ်နားထောင်နေ၏။

''အဲဒီထက် ဆိုးတဲ့လူတွေကျတော့ ဘယ်လောက်လုပ်လုပ် ဒီဆင်းရဲတွင်းက လွတ်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် သိပ်အပင်ပန် မခံလည်း ထမင်းနှစ်နပ်တော့ စားရမှာပဲဆိုပြီး ငပိရည်နဲ့ တို့စရာ နတ်သုဒ္ဓါလို တင်းတိမ်နေတဲ့သူတွေလည်း ရှိတာပဲ၊ ဖြတ်လမ်းက လောင်းကစားနဲ့ရင်းပြီး သချ်ာတွက်ရင်း လုံးပါးပါးသွားတဲ့သူတွေက မင်း မတွေ့ဖူးဘူးလား''

''တွေ့ဖူးတယ် ငါတို့ ရပ်ကွက်ထဲမှာ အများကြီးပဲ''

''အေး အဲဒါ ငါပြောတာပေါ့၊ ဒီနေ့ ဘယ်လောက်ရရင် ဘယ် လောက်စားပြီး ဘယ်လောက်စုမယ်၊ ဘာလုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်





တွေ မရှိဘဲ ဒီနေ့ရတာ နောက်နှစ်ရက်လောက် အိမ်မှာ နပ်နေလို့ရတယ် ဆိုပြီး သိမ်ဖျင်းတဲ့ ဉာဏ်နဲ့ တစ်နပ်စား အသိရှိနေသရွေ့ ဘယ်တော့မှ သူများ ကျေးကျွန်ဝန်ထမ်းအခစား ဘဝက လွတ်မှာ မဟုတ်ဘူး''

''သွေး ငါ စကားနည်းနည်း ဖြတ်ပြောမယ်နော်''

''ပြော''

''သူတို့နှစ်ယောက်ကို ဒီနေ့ မင်းအလုပ်တွေ ပြီးပြတ်အောင် ထုပ်စေချင်တာ မဟုတ်လား''

''ဟုတ်တယ်''

''အဲဒါဆို ပြီးအောင်လုပ်ပေးပါလို့ ငါ ပြောလိုက်ပါမယ်နော်၊ သူငယ်ချင်း၊ မင်းစကားတွေ နားထောင်ရတာ ဘာမှမဆိုင်ဘဲ ငါ့ကို ဆော်သလို ဆက်ဆံနေသလို ခံစားနေရတယ်၊ မင်း ဘာကိုမကျေမနပ်ဖြစ် ပြီး ပေါက်ကွဲနေတယ်ဆိုတာ ငါ သိတယ်၊ အဲဒီတော့ စိတ်ကိုလျှော့''

''ဘာကိုလျှော့ရမှာလဲ၊ မြန်မြန်ပြီး မြန်မြန် ငါ ဆိုင်ဖွင့်မယ်၊ ပြီးရင် ချစ်သမီးကို တိုက်ခိုက်မယ် ဒါပဲ''

''ကောင်းပါလေ့ သူတော်စင်ကြီးရယ်၊ လုပ်ချင်တာလုပ် မပြော တော့ဘူး ဝဋ်ရှိသရွေ့ပေါ့''

တဟင့်ဟင့်နှင့် ဟန်ဆောင်ငိုရှိုက်ကာ နိုင်ဦး အတွင်းခန်းထဲ ပြန်ဝင်သွားသည်။ ပြန်ထွက်လာတော့ အလုပ်သမားနှစ်ယောက် ပါလာ



www.burmeseclassic.com

www.burmeseclassic.com



ကာ မီးဆိုင်းကြိုးတွေ လုပ်ဖို့ ညွှန်ကြားခိုင်း၏။

ဆိုင်ရဲ့ ဒက်ကာရေးရှင်း ခံ့ညားထည်ဝါနေမှ လူတွေစိတ်ဝင်စား နိုင်တာ သိထားသည်မို့ ပြင်ဆင်မှုအပိုင်းကို သူ ဦးစားပေးနေမိခြင်းပါ

လူတိုင်းထလုပ်နိုင်၊ လုပ်နေကြသည့် လုပ်ငန်းမို့လည်း အင်တာ တိန်းမိန့်လေး တစ်ခုနှင့် ဆွဲဆောင်ထားနိုင်မှ အောင်မြင်နိုင်မည် မဟုတ် လား။ တခြားအကြောင်းအရာကတော့ ချစ်သမီးနှင့် လုပ်ငန်းမတူသော် လည်း သူမထက်ပိုပြီး ထူးခြားအောင် မြင်ချင်သည်။

သူမ မနာလိုဖြစ်၊ ဒေါသတွေဖြစ် စိတ်အနှောင့်အယှက် ဖြစ်သွားစေချင်သည့် ဆန္ဒဆိုးတို့သည် သူ့မှာရှိနေ၏။ သူမဆိုင်ခန်းထဲ မီးရောင်တွေ ထိန်ထိန်လင်းနေသည်မို့ ဆင်စွယ်ရောင် ခန်းဆီးစ ကာရန်ထားသော်လည်း လှုပ်ရှားသွားလာ လုပ်ကိုင်နေသော ပုံရိပ်များ ကို ဝိုးတဝါးမြင်နေရသည်။

တောက် မကြည့်ချင် မမြင်ချင်ပါဘူးဆိုမှ . . ။

■ ■ ■



## အခန်း (၁၁)

"သွေး ညက အိမ်ပြန်နောက်ကျတယ်နော်၊ ဆိုင်ရဲ့ပြင်ဆင်မှု အခါတည်း ပြီးအောင်လုပ်နေတာလား"

"ဟုတ်တယ် ယဉ်ယဉ်၊ သွေး ဆိုင်အမြန်ဖွင့်ချင်လို့"

"ဖြစ်ရပြန်ပြီ ကိုယ်တော်ရယ်၊ သင်တန်းလည်း ပြီးသေးတာ ဟုတ်ဘဲနဲ့ ဘာလို့ အလောတကြီး ဖြစ်နေတာလဲ"

"သင်တန်းက တစ်ပတ်မှ သုံးရက်၊ တစ်နေ့မှ နှစ်နာရီတည်း ကိစ္စမရှိပါဘူး၊ နိုင်ဦးက ဟန်းဆက်ပစ္စည်းတွေ နားလည်တဲ့ အင်တာ ဆိုင်က သူ့အစ်ကိုဝမ်းကွဲကို အဲဒီအချိန်တွေအတွက် အကူအညီ ောင်း ခေါ်ပေးမယ်လို့ ပြောပါတယ်"

"သြော် တန်ဖိုးကြီးပစ္စည်းတွေ ရောင်းမယ့်ဥစ္စာ၊ သူစိမ်းတို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ထားလို့ ဖြစ်မလား၊ မင်းတို့နော် လုပ်ငန်းကြီးလုပ်ပြီး ပေါ့ပေါ့လေး တွေးကြတယ်၊ ခုခေတ်လူငယ်တွေ အဲဒါခက်တာပဲ''

အဒေါ်အပျိုကြီးကတော့ စိုးရိမ်တာတွေ စိတ်မချနိုင်တာတွေ ဖြင့် ပေါက်ပေါက်ဖောက်နေပြန်သည်။

အခြေအတင်ပြောပြီး စိတ်ပူအောင် မလုပ်ချင်တာမို့ ယဉ်ယဉ် ခါးကို ဖက်တော့ တွန့်လိမ်ကာ ရုန်းထွက်သည်။

''ဟဲ့ ဟဲ့ ပတ်ချွဲနပ်ချွဲ လာမလုပ်နဲ့နော်၊ ငါ ပြောနေတာ အပြောင်အပျက် လုပ်မပစ်နဲ့''

''အလေးအနက်ထားပါတယ် ယဉ်ယဉ်ရာ၊ နိုင်ဦးအစ်ကို ယုံကြည်ရတဲ့သူပါ၊ သွေး တင်ရောင်းမယ့် နိုင်ငံခြားပစ္စည်းတွေကလည်း သူ့အဆက်အသွယ်နဲ့ရတာ၊ နိုင်ဦးတို့ထက်လည်း ချမ်းသာတယ်၊ ပညာ တတ်တယ်၊ သွေးတို့ သူငယ်ချင်းသုံးယောက်ကိုတောင် သွန်သင်ဆုံးမ နေတဲ့သူပါ''

''အဲဒါဆိုလည်း ပြီးရောလေ၊ ဒါပေမဲ့ ငါလည်း အခြေအနေ လာကြည့်နေမှာပါ၊ စိတ်မချလို့တော့ မဟုတ်ပါဘူး၊ ဘယ်လော အောင်မြင်မှု တိုးတက်မှုရှိနိုင်တယ်ဆိုတာ သိရတာပေါ့၊ ဒါနဲ့ ဆိုင်ဖွင့် တွေ ဘာတွေလုပ်ဦးမှာလား''

''အကြီးအကျယ်ကြီးတော့ လုပ်ဖြစ်မှာ မဟုတ်ဘူး၊ ဆိုင်ဖွင့်





အထိမ်းအမှတ်အနေနဲ့ တစ်လအတွင်း ဒစ်စကောင့်ချတာနဲ့ ဇလာမပါ မ်းမဲ အစီအစဉ်လေးလုပ်ဖို့တော့ တိုင်ပင်ထားကြတယ်''

''အဲလောက်ဆိုလည်း မဆိုးပါဘူး။ အင်တာတိန်းမိန့် မပါရင် ငန်းတစ်ခု ဖြစ်လာဖို့က မလွယ်ဘူး။ စီးပွားရေး လုပ်တော့မယ်ဆိုရင် ယာကဏ္ဍကလည်း အရေးကြီးတာပဲ''

''မီဒီယာကိစ္စတွေက မင်းစိုး ပိုင်တယ်''

''ဟင် ပြောလိုက်သမျှ မင်းအစွမ်းအစလည်း တစ်ခုမှ မပါပါ း လုပ်လိုက်တော့ အလုပ်ကြီးအကိုင်ကြီး''

မဲ့ကာရွဲ့ကာ အပြစ်တင်ပြန်တော့ နေချိုသွေး နည်းနည်းတင်း သည်။ ကိုယ့်တူသားလေးတစ်ယောက်ကို ဘယ်လိုလုပ်လုပ် အထင် ကြီးနိုင်ဘူးလား။

ဘာမှမပြောဘဲ ဆောင့်ခနဲ ထက်လာခဲ့တော့ အခန်းထဲအ က်မှာ ယဉ်ယဉ် တောက်လျှောက် လိုက်လာသည်။

''ဘာဖြစ်သွားတာလဲ၊ စိတ်ကောက်တာလား၊ အဒေါ်က စေ နာနဲ့ ပြောတာကို''

''စေတနာနဲ့ဆိုလည်း အထင်ကြီးတဲ့ လေသံနဲ့ ပြောမှပေါ့၊ ဲ့တမ်း အပြစ်ပြောပြီး ရှုတ်ချနေတာ''

''သွေးရယ် ယဉ်ယဉ်မှာ ဒီတူလေး တစ်ယောက်ပဲ ရှိတာ၊



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင် ရှုတ်ချရက်ပါ့မလား၊ ကောင်းတာလုပ်လုပ် ဆိုးတာလုပ်လုပ် ယဉ်ယဉ် အပြစ်မပြောရက်ပါဘူးကွယ်၊ စိုးရိမ်တာ စိတ်မချတာကလည်း ယဉ်ယဉ် မေတ္တာတရားပေါ့၊ သွေးက နားလည်မပေးနိုင်ဘူးလား”

“နားလည်ပါတယ်၊ ဒါပေမဲ့ ယဉ်ယဉ်က”

“ကဲပါ သွေးရယ် ယဉ်ယဉ်က ချစ်လို့ ပြောတာပါ၊ မနက်စာ စားပြီး ဆိုင်သွားမယ် မဟုတ်လား၊ ယဉ်ယဉ်လည်း လိုက်ခဲ့မယ် ဟုတ်ပြီ လား၊ လူပျိုကြီးဖြစ်နေပြီ စိတ်က ကောက်ချင်တုန်း တကတည်း မပြော လိုက်ချင်ဘူး”

ဒေါ်ယဉ်ကျေးနွယ် ဆွဲခေါ်ရာ နေချိုသွေး ဂျစ်ကန်ကန် တွန့် ဆုတ်ဆုတ်နှင့် လိုက်လာ၏။ မနက်စာကို အိမ်အကူ မိန်းကလေးနှင့် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ပေးမှ နေချိုသွေး မျက်နှာ ပြုံးယောင်သမ်းလာ သည်။

အစားအသောက်ကောင်း မက်တာ ငယ်ကတည်းက အကျင့်ပါ ဒါပေမဲ့ အစားအသောက်စားရင်း ပြုံးယောင်သမ်းနေသော်လည်း ပြုံး သက်လွန်းနေတာတော့ တစ်ခါမှ မမြင်ဘူး။

“သွေး ဘာတွေစဉ်းစားပြီး တွေးနေတာလဲ၊ ယဉ်ယဉ်ကို စိတ် ဆိုးနေတာလား”

“မဟုတ်ပါဘူး ယဉ်ယဉ်ရာ၊ ယဉ်ယဉ်ကို ဘယ်ချိန်တုန်းက





ကြာရှည်စိတ်ဆိုးဖူးလို့လဲ”

“ဒါဆို ဘာဖြစ်နေတာလဲ သွေးရယ်၊ မင်း တစ်ခုခုကို အလို မကျဖြစ်နေတာ ယဉ်ယဉ် သိတယ်”

“သွေး ဒီဆိုင်ဝယ်လိုက်တာ မကောင်းဘူး ယဉ်ယဉ်ရ”

“ဟင် ဘာဖြစ်လို့လဲ သွေးရယ်၊ ဆိုင်က ရေခံမြေခံ မကောင်း ဘူးတဲ့လား၊ အရောင်းအဝယ်မှာ အရှုပ်အရှင်း ရှိနေလို့လား”

“မဟုတ်ပါဘူး၊ ဆိုင်ချင်းကပ်လျက်က ပြဿနာ”

“စားသောက်ဆိုင်မို့လား၊ မကောင်းတာ ဘာညာ ဖွင့်ထားတဲ့ ဆိုင်လား သွေး”

“မဟုတ်ပါဘူး ဖက်ရှင်နဲ့ အလှပြင်ဆိုင် ဖွင့်ထားတဲ့ မိန်းကလေး ပါ သင်တန်းမှာတောင် ဘယ်လိုမှ မျက်နှာကြောမတည့်တာ”

“ဪ သွေးရယ်၊ ဒါများ သူ့ဆိုင် ကိုယ့်ဆိုင် တစ်နေရာစီပဲ၊ စိတ်ညစ်နေစရာလား”

“စိတ်ညစ်တာ မဟုတ်ဘူး၊ ဒေါသဖြစ်နေတာ၊ နိုင်ဦးသာ အစက ကြိုပြောခဲ့ရင် အဲဒီနေရာကို ဝယ်ဖြစ်မှာ မဟုတ်ဘူး၊ အဲဒီကောင် မသုံးမကျတာ”

“အံမယ်လေး သူများကို အပြစ်မတင်ပါနဲ့၊ မင်း မလိုချင်ရင် အတိုင်းထားလိုက်ပါ၊ နောက်တစ်လလောက်နေရင် ဒီထက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဈေးကောင်းပိုရဦးမယ်''

ဒီလိုကျတော့လည်း နေချိုသွေး လက်မခံ၊ လည်နှင်နေသော ကိတ်ကို ကော်ဖီနှင့်မျောချပြီး

''အဲဒီလိုလည်း မလုပ်ချင်ပါဘူး၊ နောက်ဆုတ်ရင် ဒီကော မလေးကို အရှုံးပေးသလို ဖြစ်သွားမှာပေါ့ဗျ''

''ဒါဆိုလည်း အဆင်ပြေအောင် နေပေါ့ဟယ်''

''မနေချင်ပါဘူး၊ ကိုယ့်ဘာက်ကစပြီး အလျှော့ပေးဖို့ မစဉ်းစ ထားတဲ့အတွက် တစ်သက်လုံးလည်း အဆင်ပြေမှာ မဟုတ်ဘူး''

''ခက်လိုက်တာကွယ်၊ သွေး ဒီလောက်တောင် ခါးခါးသီး ဖြစ်နေတာ ကောင်မလေးက တော်တော်ဆိုးဆိုးလား''

''ဆိုးလိုက်တာမှ ဘယ်လိုမှ မျက်နှာချင်းဆိုင်လို့မရအော အော့ကြောလန်၊ အရမ်းမာနကြီး မောက်မာတယ်၊ စကားပြောရိုင်းတယ်

''အဲလောက်ထိ သိနေတာ၊ ဘယ်အခြေအနေထိ ပေါင်းသ ဆက်ဆံပြီးလို့လဲ၊ သွေးနော် သူများသားသမီးကို အကြောင်းမသိ တ မသိဘဲ မှိုချိုးမှျစ်ချိုး ပြောတတ်တာ ယဉ်ယဉ် မကြိုက်ဘူး၊ မဖြစ်သေ ဘူး၊ ယဉ်ယဉ်လိုက်ပြီး လေ့လာကြည့်ဦးမှပါ၊ ပတ်ဝန်းကျင် မကောင် လုပ်ငန်းလုပ်ရတာ အဆင်မပြေတတ်ဘူး သွေးရဲ့၊ ခက်တော့တာ

ဗျစ်တောက် ဗျစ်တောက် ပြောကာ မနက်စာ စားပြီးတာ





သွေးနောက်ကိုလိုက်ဖို့ ပြင်ရသည်။ သွေးက ဂျစ်ကန်ကန် စိတ်ဆတ်လွန်း သာမို့ ပတ်ဝန်းကျင်နှင့် ပြဿနာဖြစ်မှာ မလိုလားပါ။

အမြဲမြင်တွေ့ ဆက်ဆံရတော့မည့် ပတ်ဝန်းကျင် အသစ် မဟုတ်လား။ ဒီကောင်ဆိုးလေးကပဲ လွန်တာလား။

ကောင်မလေးကပဲ သွေးပြောသလို..။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆိုင်ထဲဝင်လာသော အမျိုးသမီးကြီးရဲ့ ပြေပြစ်ခန့်ထည်လှ
သော အလှကို အားကျကာ မင်တက် ငေးမောနေမိသည်။ ဖြူဝင်း
သော အသားအရည်နှင့် လိုက်ဖက်အောင် အနီရဲရဲ အပွင့်အခက်
သည့် အပြောင်သား ဝမ်းဆက်ကို ဝတ်ထားပြီး ဆံနွယ်များကို မရိုးလွ
မဆန်းလွန်း ဂျပန်ဆံထုံးမြင့်မြင့် ထုံးဖွဲ့ထားသည်။

ခွာမြင့်ဖိနပ်နှင့် အပြင်အဆင် ဒီဇိုင်းများက ခေတ်နောက်
မကျန်ခဲ့တာ သတိထားမိစေလျက် မျက်ဝန်းညိုများက ခပ်တွဲတွဲ နှုတ်
လေးနှင့် ပန်းရကာ ရွှန်းစိုတောက်ပနေဆဲပင်။ မဟာဆန်ဆန် မိန်းမပြ
လက္ခဏာနှင့် ကျက်သရေရှိသော မိန်းမဆိုတာ ဒါမျိုးနေမှာ။

"ဘာလိုအပ်ပါသလဲ အန်တီ၊ ဘာအကူအညီ ပေးရမလဲရှ

ဝိုး မိုး ၁၁၆ပ



ဝန်ထမ်းအားလုံး တာဝန်ကိုယ်စီနှင့် အလုပ်ရှုပ်နေကြသည်မို့
ကိုယ်တိုင်ပင် ခရီးဦးကြို ညွှန်ဝတ်ပြုမိသည်။

အမျိုးသမီးကြီးက ဖော်ရွေစွာ ပြုံးရယ်။ ဆိုင်ရဲ့ ဒက်ကာရေးရှင်း
အားလုံးကိုလည်း အကဲခတ်ကာ

"ဆိုင်ထဲက ရောက်မှ ပြင်ဆင်မှုတွေက ဆွဲဆောင်နိုင်လွန်းလို့
သစ်ခုခုတောင် လုပ်ချင်လာပြီကွယ်"

"အန်တီက ဘာမှပြုပြင်စရာ မလိုအောင် အရမ်းလှနေပါတယ်။
အဝတ်အစား ဖက်ရှင်ဒီဇိုင်းတွေလည်း လေ့လာလို့ ရတယ်နော်၊ အန်တီ့
သားတွေ သမီးတွေအတွက် လိုအပ်ရင်လည်း မင်္ဂလာဝတ်စုံ၊ ပွဲတက်
ဝတ်စုံတွေကအစ စီစဉ်ပေးပါတယ်၊ နိုင်ငံတကာရဲ့ ဖက်ရှင်ဒီဇိုင်းတွေကို
တော့ အဓိက ထားပါတယ်"

"ဟင်း ဟင်း စကားပြောလေးက ချိုသာပြီး သိမ်မွေ့လိုက်
တာ၊ ဝန်ဆောင်မှုကောင်းတာ သဘောကျပေမယ့် အန်တီက အပျိုကြီး
ဆိုတော့ ဘယ်သားသမီးကို ဝယ်ပေးရမှန်း မသိတော့ဘူးကွယ်"

"ဟယ် အန် အန်တီ ဆောရီးနော်၊ သမီး တကယ် မသိလို့ပါ၊
အားနာလိုက်တာ အန်တီရယ်၊ ခုခေတ်ကလေးအမေတွေလည်း အပျို
အအို ခွဲခြားရခက်နေတော့"

"ရပါတယ်ကွယ်၊ အားနာစရာ မလိုပါဘူး၊ အကြောင်းမသိ

ဝိုး မိုး ၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ခတ်မသိတော့လည်း ဒီလိုပဲပေါ့၊ ဒါနဲ့ ချစ်သမီးဆိုတာ''

''သမီးပါ အန်တီ''

''ဪ''

နေချိုသွေး ပြောလိုက်တာတွေနှင့် တခြားစီမို့ ဒေါ်ယဉ်ကေ

နွယ် အံ့အားသင့်နေမိခြင်းပါ။

စရိုက်ကြမ်းကြမ်း၊ စကားပြောရိုင်း၊ မာနကြီးပြီး မောက်မာ

မိန်းကလေးတဲ့။ ခုတော့ အခစား ဝန်ထမ်းမို့ အလုပ်ရှင်ကျေနပ်အော

ချိုသာပြေပြစ် သိမ်မွေ့လွန်းစွာ ဆက်ဆံရေးကောင်းနေသည်လို့ အော

မေ့နေတာ ပညာရှင် သူဌေးမလေး ချစ်သမီး ဆိုပါလား။

မော်ဒယ်ရှုံးလောက်သည့် အချိုးအစား ပြေပြစ်ကြည့်ကော

လွန်းသော ကိုယ်ဟန်သွယ်သွယ်လေးနှင့် ပြုပြင်စရာမလိုအောင် ဖေ

မွတ်လှပနေသော မျက်နှာလေးက မြင်သူငေးအောင် ဆွဲဆောင်မှု ရှိလှ

သည်။

အဝတ်အစားဝတ်တာက ခေတ်မီဆန်းသစ်ပေမယ့် ရိုင်းသ

ဘက်မပါတာ နှစ်သက်မိသည်။

နေချိုသွေး ဘယ်လိုမျက်လုံးနှင့် ကြည့်လို့ အော့ကြော

မျက်နှာကြောမတည့် အမြင်ကတ်စရာကောင်းသည်လို့ ပြောရတာ

အိမ်ပြန်ရောက်မှ ဒင်းကို ကိုင်ဆောင့်ကာ မေးရဦးမည်။





ဒီမိန်းကလေးကိုရော သွေးနှင့် ဘယ်လိုရန်ဘက်မျိုးဆိုတာ

မေးသင့်ရဲ့လား။

အတင်းဝင်ရော စပ်စုတာထက် အချိန်အခါနှင့် အခြေအနေ

ကို စောင့်ကြည့်တာက ကောင်းလိမ့်မည် ထင်၏။

''ဟို ဒီလိုပါ သမီးရယ်၊ အန်တီ ဆံပင်ကို ပေါင်းတင်ချင်တယ်၊

အဝတ်အစား တစ်စုံလည်း အပ်သွားမယ်''

''ဟုတ်ကဲ့ ပိတ်စ အဆင်မျိုးစုံ ဒီဇိုင်းမျိုးစုံရှိပါတယ်၊ ချုပ်ပြီးသား

အထည်ကို ကြည့်မယ်ဆိုလည်း အန်တီတို့အရွယ်ဝတ် အဆင်ပြေတာ

တွေ ရှိပါတယ် အန်တီ''

''နေပါစေကွယ် ပိတ်စကြည့်ပြီးပဲ အပ်သွားလိုက်ပါမယ်၊

ဘယ်နှရက်လောက် စောင့်ရမလဲကွယ်''

''ထုံးစံကတော့ ရှေ့မှာ အပ်ထည်တွေ ရှိတဲ့အတွက် တစ်ပတ်

အချိန်ယူပါတယ်၊ ဒါပေမဲ့ အန်တီ့ကို မြင်မြင်ချင်း ခင်မင်မိလို့ သုံးရက်

လောက်နဲ့ အဆင်ပြေအောင် လုပ်ပေးလိုက်ပါမယ်''

''ကျေးဇူးပဲကွယ်၊ စိတ်တိုင်းကျရင် အန်တီ ဒီမှာပဲ အပ်တော့

မယ်၊ အန်တီလည်း သမီးကို မြင်မြင်ချင်း ကိုယ့်တူမလေးလို ချစ်မိတယ်

သိလား၊ သမီးလေးက အရမ်းကို သဘောကောင်းတာပဲနော်၊ မျက်နှာ

လေးက ချိုပြီး စကားပြောတာလေးက နူးညံ့လိုက်တာ၊ ဟိုကောင်ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့များ တခြားစီ''

''ရှင် ဘယ် ဘယ်ကောင်ပြောတာလဲ အန်တီ''

လွှတ်ခနဲ ထွက်သွားတာ ဘယ်လိုမှ ဘရိတ်အုပ်ချိန်မရ

ဒါပေမဲ့ ကိုယ်ကလည်း လုပ်ငန်းရှင်တစ်ယောက်မို့ အလ

အမြန် မျက်နှာပိုးသတ်၍ ဣန္ဒြေဆယ်လိုက်နိုင်ပါသည်။

''အင်း ဟိုလေ ဒီလိုပါကွယ်၊ အန်တီ ဒီဆိုင်ကို ဝင်မယ်လု

တော့ လမ်းမှာ အန်တီ့မိတ်ဆွေ တစ်ယောက်နဲ့ တွေ့တယ်၊ သူ

ဒီဆိုင်က မိန်းကလေးတွေ ဆက်ဆံရေး သိပ်မပြေပြစ်ဘူး၊ စိတ်မရှည်

ဘူးတဲ့လေ''

''ရှင် အဲဒါ ဘယ်သူလဲ၊ ဘယ်လိုပုံစံမျိုးလို့ ပြောလဲဟ

ကာစတမ်မာ တစ်ယောက်က ဒီလိုဝေဖန်မှုမျိုး ရှိလာပြီဆိုရင် ဆိုင်

ဝန်ထမ်းလေးတွေကို စည်းကမ်းတင်းကြပ်ရဦးမှာမို့ပါ၊ လုပ်ငန်းတစ်ခု

ဆက်ဆံရေး မပြေပြစ်ရင် ဝန်ဆောင်မှုမကောင်းရင် မအောင်မြင်နိုင်

အန်တီရဲ့''

''အဲဒါ အမှန်ပေါ့ သမီးရဲ့၊ ဒါလည်း ဟိုကောင် နားမလည်

ဘူး၊ အဲလေ ဟို အဲဒီ မိတ်ဆွေ ပြောတာ စိတ်ထဲမထားပါနဲ့ သမီးရ

အန်တီ မိတ်ဆွေက သူ့သမီးဆိုင်မှာမလုပ်ဘဲ သမီးဆိုင်ကို ရောက်

လို့ လုပ်ငန်းပြိုင်ဖြစ်တဲ့ သမီးတို့ကို အပုပ်ချသွားတာ ဖြစ်မှာပါ၊ အ





နေ့တီ ရောက်လာတော့ သမီးရဲ့ ဆက်ဆံရေးကို အန်တီ လက်တွေ့

သိရပြီပဲ၊ သမီး ဒီထက်ပိုပြီး အောင်မြင်တိုးတက်မှာပါ''

''ဟုတ်ကဲ့ အဲလို နိမိတ်ဖတ်ပေးတာ ကျေးဇူးတင်ပါတယ်၊

ဒီအပ်တာ မကျေနပ်တာ ရှိရင်လည်း သွန်သင်ဆုံးမလို့ ရပါတယ်''

''အေးကွယ် လူကြီးသူမကို ရိုသေလေးစားတတ်တာ အန်တီ

သဘောကျတယ်၊ သမီးလေးက ချစ်စရာကောင်းလိုက်တာ''

အပြုံးလေးနှင့် ချစ်သမီး ပါးကို ခပ်ဖွဖွ လိမ်ဆွဲမိရင်းမှ နေချို

သွေးကို အသံတိတ် ကျိန်ဆဲမိသည်။ ဘယ့်နှယ် ဒီလောက်ယဉ်ကျေး

သိမ်မွေ့နေသော မိန်းကလေးကိုမှ ပိုးဆိုးပက်စက် ဝေဖန်ရှုတ်ချရသလား။

နေချိုသွေး အလွန်ပဲ ဖြစ်မှာ။

ပညာရှင် လုပ်ငန်းရှင် အဆင့်မှာတောင် မာနမာန မောက်မာ

မရှိသော မိန်းကလေးက ဘာကြောင့်များ သွေးရဲ့မျက်မုန်းကျိုးခြင်း

ခံရပါသလဲ။

အမုန်းရဲ့ ဆန့်ကျင်ရာ အရပ်က အချစ်လည်းဖြစ်နိုင်တာမို့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကြွပါ အန်ကယ်၊ ဘယ်လိုအမျိုးအစား ဟန်းဆက်ကို လိုချ ပါသလဲ ခင်ဗျာ၊ မော်ဒယ်အသစ် နိုင်ငံခြားဟန်းဆက် အမျိုးအစား အစုံရှိပါတယ် အန်ကယ်၊ နောက်ထွက်တဲ့ ဒီဇိုင်းတွေက ပိုလန်းတယ် ဆိုင်ဖွင့်တဲ့ အထိမ်းအမှတ်အနေနဲ့ ဝန်ဆောင်မှုတွေလည်း အများကြီး ပေးထားပါတယ် ခင်ဗျာ၊ တစ်လအတွင်း ဗလာမပါ ကံစမ်းမဲနဲ့ ဆယ် ရာခိုင်နှုန်း ဒစ်စကောင့်ချထားပါတယ်"

နောက်ကနေ တကောက်ကောက် လိုက်ပြောနေလည်း ဦးချ ဘုန်းခေါင် လှည့်လည်းမကြည့် အင်းအဲလည်း မလုပ်။

သမီး အရမ်းမုန်းနေသည့် နေချိုသွေးဆိုသော ကောင်ထေ ဘယ်လောက်ထိ စိတ်ရှည်သည်းခံနိုင်သလဲလို့ တမင် လေ့လာစမ်းသ





နေတာ။

ဒီဆိုင်ထဲကို ရောက်တာ နာရီဝက်နီးပါး ရှိပြီဖြစ်သော်လည်း ဘာတစ်ခုမှ မဝယ်သေးဘဲ ဟိုဟာကိုင်ကြည့် ဒီဟာကိုင်ကြည့်နှင့် မထီမဲ့ မြင်လုပ်နေရင်းက ကိုယ်ကတောင် ပြန်အားနာမိသလိုပင်။

တစ်ခုချင်း အမျိုးအစားတွေ ရှင်းပြပြီး မျက်နှာမငြို အပြုံး မပျက်တာက ခုခေတ်လူငယ်တွေရဲ့ ရှားပါးဆိတ်သုန်းနေသော အရည် အချင်းဟု အသိအမှတ်ပြုရ၏။

သွက်လက်ထက်မြက်ပေမယ့် ရိုင်းစိုင်းပုံလည်း မပေါ်။

"ဒီပစ္စည်းတွေ အန်ကယ် စိတ်ကြိုက် မတွေ့သေးဘူးဆိုရင် နောက်နေ့ ထပ်ရောက်ဖို့ ရှိပါသေးတယ်၊ ဈေးနှုန်းလည်း သူများတွေ ထက် မများစေရပါဘူး"

"အေး အန်ကယ့်သမီးက ချေးများလွန်းလို့ အန်ကယ် ရွေး နေတာပါ"

"ဩော် လူငယ်သုံးမှာလား၊ အဲဒါဆို ကျွန်တော် ရွေးပေးရ မလား အန်ကယ်"

"နေပါစေကွာ၊ မင်း နောက်နေ့ ထပ်ရောက်မယ်ပြောတဲ့ ပစ္စည်း ကို အန်ကယ် တစ်ခေါက် ထပ်လာကြည့်ပါမယ်၊ ဒီနေ့ အန်ကယ်ကြောင့် တခြား ကာစတမ်မာတွေတောင် လွတ်ကုန်ပြီ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလွတ်ပါဘူး အန်ကယ်၊ ကျွန်တော့်သူငယ်ချင်းတွေ ရော

နေကြပါတယ်"

"အေး မင်းဆိုင်က အသစ်ဆိုပေမယ့် ဖုန်းလာလျှောက်

သူတွေရော ဟန်းဆက်ဝယ်တဲ့သူတွေရော စည်စည်ကားကား ရှိသ

ကွ၊ ခေတ်ကလည်း ဆင်းရဲသားတောင် ဖုန်းကိုင်နိုင်လောက်အေ

တိုးတက်လာပြီဆိုတော့ ဒီလုပ်ငန်းကို အကောင်အထည် ဖော်လိုက်

မင်းစိတ်ကူးက ကောင်းသားပဲ"

"ဟုတ်ကဲ့ ခုလို ချီးကျူးပေးတာ ကျေးဇူးတင်ပါတယ် အ

ကယ်၊ ကျွန်တော့်အန်တီက ကျွန်တော့်ကို အထင်ကြီးချင်တာ မဟုတ်

အဲဒါကြောင့် ပိုပြီး အောင်မြင်ချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ ကျွန်တေ

ကြိုးစားနေတာပါ"

"မင်းမှာသည်းမခံတတ်တဲ့ မာနမျိုးတွေ ဘာတွေရှိတယ်ထ

တယ်၊ မခံချင်စိတ်နဲ့ အရွဲ့တိုက်တာ လုပ်ပြချင်တာမျိုးပေါ့"

"ဟာ အဲ အဲလိုမျိုးစိတ် မဟုတ်ပါဘူး၊ မရှိပါဘူး အန်ကယ်"

ဦးချစ်ဘုန်းခေါင် တမင်တကာ အစ်အောက်မေးတော့ နေ

သွေး ပျာပျာသလဲ ခေါင်းခါ၏။ ခင်ဗျားနဲ့ ဘာဆိုင်လဲဟု စောဒ

မတက်တာ တော်ပါသေးသည်။

"မင်းက တခြားလူငယ်တွေနဲ့ မတူတာ အမှန်ပဲကွ"





"ဗျာ"

"အန်ကယ် တွေ့ဖူးတဲ့လူငယ်တွေက မင်းလို စိတ်မရှည်တတ်

ကြဘူး၊ လူကြီးသူမကို ရိုသေလေးစားရမှန်းလည်း မသိကြဘူးလေ၊

ခုလို ဘာမှမဝယ်တဲ့ အန်ကယ် ရစ်နေတာကို ဘယ်သူက အချိန်ကုန်ခံ

သည်းခံချင်မှာလဲ၊ မဟုတ်ဘူးလား မောင်ရင်"

"ဒါကတော့ ကျွန်တော်က ဈေးသည်ကိုး အန်ကယ်ရ"

"အဲလို ဝန်ခံရဲတာလည်း မဆိုးပါဘူး၊ ဒါပေမဲ့ လုပ်ငန်းရှင်

ပီ သုံးနှုန်းရင် ပိုမှန်တာပေါ့၊ မင်းအရည်အချင်းကို သိလိုက်ရတဲ့ အတွက်

အန်ကယ် စိတ်ချသွားပြီ"

"ဗျာ ဘာ ဘာကို စိတ်ချတာလဲ အန်ကယ်"

"ဟင် ဟို"

ဦးချစ်ဘုန်းခေါင် လွှတ်ခနဲ စိတ်ထဲရှိရာ ထွက်သွားပြီးမှ မပြော

သင့်သေးတာ သတိရပြီး ယောင်နန ဖြစ်သွားရသည်။ ဒါပေမဲ့ ကိုယ်က

လူကြီးမို့ ဟန်ဆောင်ကာ ခြေဆယ်ရတာ ရင့်ကျက်နေပြီ ဖြစ်၏။

"မင်းနာမည်"

"နေချိုသွေးပါ အန်ကယ်"

"အေး မောင်နေချိုသွေးရယ် အန်ကယ် စိတ်ချတယ်ဆိုတာက

ဒီလိုပါ၊ လူငယ်ဆိုပေမယ့် လုပ်ငန်းရှင်ဖြစ်နေတဲ့အတွက် မင်းတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



သည်းခံတတ်တဲ့ တည်ငြိမ်ရင့်ကျက်မှု ရှိနေပြီလေ၊ အဲဒီအတွက် ဘယ်သူနဲ့မဆို ပြဿနာ မတက်တော့ဘူးပေါ့''

''ဟုတ်ကဲ့ လူငယ်ဆိုတော့လည်း တစ်ခါတစ်ရံတော့ မဟုတ်မခံမာနလေးတော့ ရှိပါတယ်''

''ဒါတော့ ရှိသင့်တာပေါ့ကွ၊ မဟုတ်တာ မမှန်တာ လာလုပ်လို့ကတော့ ဒီအရွယ်ရောက်တာတောင် အန်ကယ်လည်း သည်းမခံတတ်ပါဘူး၊ ဒါပေမဲ့ အရာရာတိုင်းကို ကိုယ့်စိတ်တစ်ခုတည်း ဦးစားပေးလို့လည်း မရဘူးလေ၊ ပတ်ဝန်းကျင် အမြင်မှာလည်း ကိုယ်က မှျတမှုရှိနေမှ ကောင်းတာ၊ ကိုယ်က မှန်နေတာပဲ ဟုတ်နေတာပဲဆိုပြီး ထင်သလို လုပ်နေလို့ ဘယ်ဖြစ်မှာလဲ''

''ဗျာ ဟုတ် ဟုတ်ကဲ့''

ကိုယ်နဲ့ ရင်းနှီးကျွမ်းဝင်မှု မရှိပါဘဲ ဘယ်လိုသဘောနှင့် ပြောနေသော စကားတွေမှန်း မသိတာမို့ နေချိုသွေး နားမလည်နိုင် ဖြစ်နေရသည်။ ဟန်းဆက်ဝယ်ဝယ် မဝယ်ဝယ် စိတ်ရှည်ရှည် ရှင်းပြရမှာ ကိုယ့်တာဝန်မှန်းသိပေမယ့် ဒီလူကြီးရဲ့ စကားတွေ တစ်စုံတစ်ရာ သက်ရောက်ဆက်နွယ်နေတာ ဘာသဘောလဲ။

သူ့ကို အားနာဟန်ဖြစ်သွားသော ထိုလူကြီးက

''အန်ကယ်စကားတွေများနေတာနဲ့ မင်း အလုပ်ပျက်သွားပြီ





ထင်တယ်၊ နောက်ရက်မှ အန်ကယ် ဟန်းဆက်ဝယ်ဖြစ်အောင် လာဝယ်မယ်၊ အန်ကယ့် နာမည် မှတ်ထားပါ၊ ဦးချစ်ဘုန်းခေါင်''

''ဟုတ်ကဲ့ နောက်တစ်ခါ လာဖြစ်အောင် လာပါ အန်ကယ်၊ ကျေးဇူးတင်ပါတယ်''

ဦးချစ်ဘုန်းခေါင် ပြန်သွားတော့ နေချိုသွေး စိတ်မောလှမောနှင့် ထိုင်ခုံမှာ ဘုန်းခနဲ ပစ်ထိုင်ချလိုက်မိသည်။

လုပ်ငန်းလုပ်ပြီဆိုမှတော့ ဒီလိုကိစ္စတွေရှိလည်း အောင့်အည်းသည်းခံရတော့မှာပဲပေါ့။

ဒီနေ့ မင်းစိုးနှင့်နိုင်ဦး လာကူညီပေးကြလို့ တော်ပါသေးသည်။ နောက်ရက်တွေမှာ ဘယ်လိုအကြောင်းအရာတွေနှင့် စိတ်ပင်ပန်းရဦးမလဲ။

ဦးချစ်ဘုန်းခေါင် ဆိုသည့် လူကြီးရဲ့မျက်နှာမှာ တစ်စုံတစ်ယောက်ယောက်နှင့် တူသလိုလို အတွေးတွေလည်း ယောက်ယက်ခတ်လျက်. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"နေချိုသွေး"

"ဗျာ"

နာမည်အပြည့်အစုံ တစ်လုံးတစ်ခဲ မခေါ်ဘူးသော ခေါ်လေ့ အသံဖြစ် စူးရှလွန်းတာမို့ လန့်ဖျပ်ကာ ဗျာခနဲ ထူးလိုက်မိသည်။ သူ အိမ်ပြန်အလာကို တမင်တကာ အချိန်ကုန်ခံ စောင့်နေသလား မသိ

ညည်းခန်း အဝကနေ သူ့လက်ကို ဆောင့်ဆွဲ၍ ခေါ်သွားကာ ဆိုဖာခုံပေါ် တွန်းပစ်လိုက်တာမို့ သူ ပြူးကြောင်ကြောင် ဖြစ်သွားခေ

"ယဉ်ယဉ် ဘာဖြစ်တာလဲ၊ သွေး ဘာလုပ်တာလဲ"

"ဘာဖြစ်လို့လဲ၊ ဘာလုပ်လို့လဲ ဟုတ်လား။ သူများ သားသမီး ကို နှမချင်းမစာမနာ ဘာလို့ မှိုချိုးမျှစ်ချိုး ပြောရတာလဲ"





"ဗျာ ဘယ်သူ့ကိုလဲ"

"အူကြောင်ကျား မလုပ်နဲ့၊ ချစ်သမီးအကြောင်း ငါ့ကို မင်း ဘာပြောခဲ့သလဲ"

"ဟင် ဘာပြောရမှာလဲ၊ ဒီကောင်မလေး အကြောင်း အမှန်တွေ ပြောတာပေါ့"

"ဘာအမှန်လဲ ဘာအမှန်လဲ ဟင် နင်တော့လေ ကဲ ကဲ"

"ဟာ ယဉ်ယဉ်၊ နာတယ် နာတယ်ဗျ"

သူ့ကျောပြင်ကို တဖြန်းဖြန်း ပျောတင်နေတာမို့ မရှိမဆဲ့ စူးစူး ဝါးဝါး အော်လိုက်ရသည်။ ချစ်သမီးနှင့် ဘယ်အချိန်တွေ့ပြီး ဘာတွေ ဘတုံးကတိုက် လုပ်လိုက်၍ ယဉ်ယဉ်ပေါက်ကွဲနေသည် မသိ။

"ယဉ်ယဉ်နော် ဒီကောင်မလေးနဲ့ ဘယ်အချိန်သွားပတ်သက်ပြီး သွေးကို ရန်လုပ်နေတာလဲ၊ လူကြီးဖြစ်ပြီး မနေတတ် မထိုင်တတ်"

"ကြည့်စမ်း လူကြီးကိုများ မလေးမစား ပြောလိုက်တာ၊ မင်း အဲလို အချိုးမျိုး ချိုးလို့ ချစ်သမီးနဲ့ မတည့်တာနေမှာပေါ့၊ ဟိုကတော့ ယဉ်ကျေးသိမ်မွေ့လိုက်တာ၊ မင်းနဲ့များ တခြားစီ"

"သူနဲ့ ဘယ်ချိန်သွားပြီး ပတ်သက်လိုက်တာလဲ၊ ဘယ်နှရက် ဆက်ဆံပြီးလို့ သူ့အကြောင်း သိလာတာလဲ ပြောပါဦး"

"ဟဲ့ လူတစ်ယောက်အကြောင်းဆိုတာ အကြာကြီးပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးမှ သိရတာ မဟုတ်ဘူး၊ တစ်ထိုင်တည်း စကားပြောကြည့်ရုံနဲ့ သူ့အကျင့်စရိုက်ကို ခန့်မှန်းလို့ ရတယ် နားလည်လား''

''ဩော် ယဉ်ယဉ်က အရမ်းကို လူရည်လည်တာပဲနော်၊ စိန်ကဲ ရွှေကဲပဲ ခတ်တတ်တယ်ထင်တာ၊ လူကဲလည်း ခတ်တတ်သားပဲ ပြောစ ပါဦး နေချိုသွေး အခေါ်ဆိုတာနဲ့ ဘယ်လိုတွေ အကျင့်ပုတ်ပြီး ချွန်တွ လုပ်လိုက်လဲ''

''အမလေးတော် ဟိုက နင့်အခေါ်မှန်းလည်း မသိဘူး၊ နင့်လို အကျင့်ပုပ်ပြီးလည်း ရွှတ်ချမပြောလိုက်ဘူး၊ အဆင့်အတန်းရှိတဲ့ မိန် ကလေးပီသတယ် သိရဲ့လား၊ စကားပြောတာလေးက ချိုသာပြေပြ နူးညံ့လိုက်တာမှလေ၊ သူ့အနားက ခွာပြီးတောင် ပြန်မလာချင်ဘူး''

ဒေါ်ယဉ်ကျေးနွယ် အားကိုးမာန်တက် ချီးမွမ်းခန်း ဖွင့်နေတာ ကို နေချိုသွေး ဟက်ခနဲ လှောင်ရယ်ပစ်လိုက်သည်။ အပေါ်ယံ ရွှေ ကြထားသည့် ချစ်သမီးရဲ့ အကျင့်ဆိုးတွေကို ယဉ်ယဉ် တစ်ခဏနှ မမြင်နိုင်တာ အထင်ကြီးစရာလား။

''သွေးအခေါ်ဆိုတာ သိရင် သူ့စရိုက်ပေါ်လာမှာပါ ယဉ်ယဉ် ပြောကြည့်လိုက်ပါလား''

''ပြောမှာပါ မပူပါနဲ့၊ အဲဒီအချိန်မှ နင့်မကောင်းကြောင်းတွေ ပိုပြီးတောင် သိလာဦးမယ်''





''ဟား သွေးဘက်က စရှိန်းတယ်ဆိုတာ ရာဇဝင်မှာကို မရှိဘာ၊ သူများက သေးသေးတင်လာရင်တော့ ဆံခတ်ပစ်ဖို့ ဝန်မလေးဘူး၊ နေချိုသွေးဆိုတဲ့ကောင် ရေမြှေမဟုတ်တာ သိကို သိစေရမယ်''

''ဟွန်း အဲလို အကြောတင်းပုံမျိုးနဲ့များ စီးပွားရေးလုပ်စား နေသေးတယ်၊ တော်တော် တိုးတက်ကြီးပွားဦးမှာပါ၊ လူဖြစ်တောင် ရှုံး သွားဦးမယ်''

ယဉ်ယဉ်ရဲ့ ရှုတ်ချမှုကို ခံရတော့ ဦးချစ်ဘုန်းခေါင်ဆိုသည့် ပုဂ္ဂိုလ်ကြီးကို သတိရမိသည်။ သူ့အရည်အချင်း အစွမ်းအစကို ထိုလူ ကြီးလောက်တောင် ယဉ်ယဉ် မသိပါလား။

အရင်က ယဉ်ယဉ် သူ့အပေါ် ဒီလောက်ထိ အပြစ်မပြောပါ။ အခု ချစ်သမီးကြောင့် သူ့ကို ပြင်းပြင်းထန်ထန် ရှုတ်ချနေတာလား။

ချစ်သမီးက ဘယ်တော့မှ သူ့ကို ကောင်းကျိုးမပေးသော ဏဝေမ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"အဲလို မပြောရဘူး သမီး၊ မောင်နေချိုသွေးကို ဖေဖေ
ဆက်ဆံကြည့်ရသလောက်တော့ ရည်မွန်ယဉ်ကျေးတဲ့သူတစ်ယောက်
ဝတ်တာစားတာ လူငယ်ဆန်ပေမယ့် ပေါ့ပေါ့ရမ်းရမ်းလည်း မဟုတ်
ဘူး"

"ဖေဖေက အဲလောက်ပဲ သိခဲ့တာ မဟုတ်လား၊ အကြော
မသိ စာတ်မသိလို့ လူကောင်းထင်နေတာပါ၊ ကြာကြာဝါးမှ ခါးမှန်း
ဆိုတာ နေချိုသွေးလို လူစားမျိုးပဲ ဖေဖေ"

"ဥပမာတွေ ပေးမနေပါနဲ့ သမီးရယ်၊ ဖေဖေက သမီးထ
နှစ်သက်တမ်း စောစော ထမင်းစားလာတဲ့သူပါ၊ ကမ္ဘာလှည့် တာဝန်ထ
ဆောင်လာလို့ ဘယ်လိုလူမျိုးက ဘာဆိုတာလည်း ကောင်းကောင်းသိ





တယ်၊ ရန်ဘက်လို့ သဘောထားနေရင် ဟိုဘက်ကလည်း ရန်သူလို့ သတ်မှတ်မှာပဲ သမီး"

"သမီးဘက်က အရင်ဆုံး စစ်ကြေညာခဲ့တာ မဟုတ်ဘူး ဖေဖေ၊ မိန်းကလေး တစ်ယောက်ကို တောင်းပန်ရမှန်းမသိ ငဲ့ညှာရမှန်းမသိ တစ်ကိုယ်ကောင်းဆန်ခဲ့တာ၊ ဒါကို သမီးက အထင်ကြီးပြီး အောက်ကျို့ ရမှာလား"

ဦးချစ်ဘုန်းခေါင် လေးလေးပင်ပင် ခေါင်းယမ်းရင်း သက်ပြင်း ရှိုက်မိသည်။ ဘာကြောင့်များ အမုန်းတွေ အစွန်းရောက်နေရတာလဲ။

နေချိုသွေးကို ဆက်ဆံကြည့်ရသလောက် တစ်ဖက်သတ် ရန်လို နေတတ်သည့်သူမျိုးလည်း မဟုတ်ပါ။

သမီးက မခံချင်အောင် စိန်ခေါ်ခဲ့လေသလား။ ဒါဆိုရင်တော့ ယောက်ျားမာနဖြင့် တုံ့ပြန်နိုင်တာ နေချိုသွေးအလွန် မဟုတ်။

"ဖေဖေပြောမယ် သမီး။ မောင်နေချိုသွေးနဲ့ အဆင်ပြေအောင် မနေနိုင်ဘူးလား"

"မနေနိုင်ပါဘူး၊ ဘဝင်မြင့် ကြီးကျယ်နေတဲ့သူကို ဘာလို့ အဆင်ပြေအောင် နေရမှာလဲ၊ ဖေဖေနော် ဖေဖေလည်း နေချိုသွေးကို သွားပတ်သက်စရာ မလိုဘူး"

"ဖေဖေကတော့ သမီးအတွက် ပတ်သက်ရမှာပဲ သမီး၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို ကြာကြာဝါးမှ ခါးမှန်းသိဆိုတဲ့ လူမျိုးလားဆိုတာ လေ့လ ကြည့်ရဦးမယ်၊ အခု သူ့ဆိုင်က ဟန်းဆက်ဝယ်ဖို့ ဖေဖေ ကတိပေးထ ခဲ့တယ်''

"ဟာ ဖေဖေနော် သူ့ဆိုင်က ဘာပစ္စည်းမှ ဝယ်စရာမလိုဘူ သမီးလည်း မကိုင်ဘူး။ စပ်စပ်ယှက်ယှက်နဲ့ ဖေဖေကိုက မနေတ မထိုင်တတ်''

ဖေဖေ့ကိုကြည့်ပြီး အသည်းတွေယားကာ ချစ်သမီး ပွစိ ပြောတော့ ဖေဖေက သူမ ပခုံးကို ဖက်၍ရယ်သည်။

"သမီးက ကိုယ့်အဖေကိုယ် အဲလို ပြောရလား''

"ပြောမှာပဲ၊ နေချိုသွေးကို သမီးတောင် ဂရုမစိုက်တာ၊ ဖေ က ဘာလို့ အလေးအနက် ဖြစ်နေတာလဲ၊ ငါ့သမီးကို ဘယ်လိုပုံစံမျိုး ဆက်ဆံတာလဲဆိုပြီး ရန်တွေ့ရမှာ မဟုတ်ဘူးလား''

"ကလေးအတွေးနဲ့ သမီးရယ်၊ ဖေဖေက လူကြီးလေ၊ လူ တစ်ယောက်က ကလေးကလား ရန်သွားတွေ့ရမှာလား၊ သူ့အပြု အကျင့်စရိုက်ကို ကြည့်ပြီးမှ ဆက်ဆံသင့်တဲ့သူ၊ မပေါင်းသင့်တဲ့သူဆို ဆုံးဖြတ်ရမှာပေါ့''

"လုံးဝ မပေါင်းသင်း၊ မဆက်ဆံသင့်တဲ့သူပါ ဖေဖေရ စောင့်ကြည့်နေစရာ မလိုတာ၊ ဖေဖေက ကာစတမ်မာ၊ ခဏလေးဖေ

ဝိုးမိုးဒဂေပ



ရတဲ့သူမို့ သူ အပေါ်ယံ သကာလောင်းပြီး အပြုံးရွှင်ရွှင် အပြောချိုလေး နဲ့ ဆက်ဆံလွှတ်လိုက်တာ၊ ချစ်သမီး အဖေလို့ ပြောကြည့်ပါလား ဖေဖေ့ကို ဆိုင်ပေါက်ဝကနေ ရိုက်လွှတ်လိုက်မှာ''

ဒါတော့ သမီးပြောတာ ဖြစ်နိုင်လောက်သည်။ သူ မုန်းနေသည့် ချစ်သမီးရဲ့ အဖေကို ဘယ်လိုလုပ် ကြည်ဖြူပါ့မလဲ။

လူတစ်ယောက်အကြောင်း ခဏတာ ပေါင်းသင်းဆက်ဆံကြည့် ရုံနှင့် မသိနိုင်။ လူဆိုတာ ဟန်ဆောင် ပရိယာယ် ပညာများကို မသင်ယူ ရဘဲ တစ်ဖက်ကမ်းခတ် တတ်မြောက်ထားကြသူတွေချည်းပင်။

နေချိုသွေးဆိုတာ ဘယ်လောက်ထိ တည်ကြည်ဖြောင့်မတ် စိတ်သဘောထား ပြည့်ဝသူလဲ။

အချိန်အတိုင်းအတာ တစ်ခုထိ စောင့်ကြည့်အကဲခတ် လေ့လာ မှဖြစ်မှာပေါ့။ သမီးအတွက် ပတ်ဝန်းကျင်ကောင်း၊ မိတ်ဆွေကောင်း ဆိုအပ်သည် မဟုတ်ပါလား။

ဆုံဆည်းရသည့် အကြောင်းအရင်းက အတိတ်ကံကြောင့်ဆို လျှင် အချစ်တရား၊ အမုန်းတရားကြောင့် ဝေးကွာရခြင်းကလည်း အတိတ်ကံကြောင့်ပဲမို့ . . ။

ထိုအကြောင်းတရားတွေရဲ့ တိုက်ဆိုင်မှုက . . ။

■ ■ ■

ဝိုးမိုးဒဂေပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ကျွိ"

"ကျွိ"

ဟိုဘက်ဆိုင်ခန်း ဒီဘက်ဆိုင်ခန်း ရှေ့မျက်နှာစာမှာ၊ ဦးဈ
ဘုန်းခေါင်ကားနှင့် ဒေါ်ယဉ်ကျေးနွယ်ရဲ့ကားတို့ တိုက်ဆိုင်စွာ က
ခေါင်းချင်း ထိလုနီးပါး ယှဉ်ရပ်မိကြသည်။

နှစ်ယောက်လုံး သတိထားကာ ဘရိတ်အုပ်လိုက်၍ ဆိုးဝါး
အက်ဆီးဒင့် မဖြစ်တာပါ။

"ဟင်"

"အို"

နှစ်ယောက်ပြိုင်တူ ကားပေါ်က အလျှင်အမြန်ဆင်း၍ မျက်
ချင်းဆိုင်မိချိန်မှာတော့ သံပြိုင်အာမေဍိတ်သံများဖြင့် ဇဝေဇဝါ အံ့အ



သင့်နေကြသည်။

"ယဉ် ယဉ်ယဉ် မဟုတ်လား"

"ကို ကိုဘုန်း မဟုတ်လားဟင်"

နှစ်ယောက်လုံး ရင်ခုန်နှုန်းတွေ မြန်ဆန်စွာ အသံတွေ တုန်ယင်
အက်ရှလျက် ပြိုင်တူမေးခွန်းထုတ်ရင်း ခေါင်းညိတ်ပြမိကြ၏။

"ကိုဘုန်းရယ်"

"ယဉ်ယဉ်ရယ်"

ရင်ထဲကိုယ်စီ တီးတိုးညည်းညူမိကြရင်း ချစ်ရည်ရွှန်းလဲ့နေ
သော မျက်ဝန်းများဖြင့် အတန်ကြာ ငေးမောနေမိကြကာ ပတ်ဝန်းကျင်
ကို သတိမေ့ လျစ်လျူရှုထားမိသလို ဖြစ်သွားသည်။

"ယဉ်ယဉ် ဘယ်ကိုလာတာလဲဟင်"

"တူလေးဆိုင်ကို လာတာပါ"

"ဟင် နေချိုသွေးက"

"မမရဲ့သား၊ ယဉ်ယဉ်ရဲ့ တူလေးပါ၊ ကိုဘုန်းကရော"

"ဒီအလှပြင်ဆိုင်က ချစ်သမီးက ကိုယ့်ရဲ့သမီးလေ"

"ဩော် ချစ် ချစ်သမီးက ကိုဘုန်း သမီး"

အံ့ဩပြီးရင်း အံ့ဩကာ တိုက်ဆိုင်မှုအတွက် ရင်မှာ တသိမ့်
သိမ့် လှိုက်လှိုက်ဆူဝေနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ တစ်နေရာ သွားပြီး စကားပြောရအောင် ယဉ်ယဉ်
ဒီမှာ ဘယ်လိုမှဖြစ်မှာ မဟုတ်ဘူး။ ယဉ်ယဉ်တူနဲ့ ကိုယ့်သမီးရဲ့ ဆက်ဆံ
ရေးကို ဆွေးနွေးတိုင်ပင်ချင်လို့ပါ"

"ကောင်းသားပဲ သွားမယ်လေ ကိုဘုန်း"

ကိုယ့်ကားပေါ် ကိုယ်ပြန်တက်၍ ဆိုင်ထဲမဝင်တော့တဲ ပြန်ထွက်
လာခဲ့ကြသည်။ ဆိုင်အတွင်းထဲကနေ ချစ်သမီးနှင့် နေချိုသွေး မျက်လုံး
မျက်ဆံပြူး ကျန်ခဲ့တာကိုလည်း သတိမထားမိခဲ့ကြပါ။

ဆိတ်ငြိမ်အေးချမ်းသော ကော်ဖီဆိုင်လေးရှေ့မှာ ဦးချစ်ဘုန်း
ခေါင် ကားလေးထိုးရပ်သွားတော့ ဒေါ်ယဉ်ကျေးနွယ် ကားလေးလည်း
နောက်ကနေ ထိုးရပ်လိုက်သည်။

အဲကွန်းခန်းနှင့် ကော်ဖီဆိုင်လေးက သန့်ရှင်းသန့်ပြန့် တိတ်
ဆိတ်ငြိမ်သက်နေသည်။ လူရှင်းသော ထောင့်စွန်းဝိုင်းမှာ ဝင်ထိုင်ပြီး
စားပွဲထိုးလေးကို ကော်ဖီနှစ်ခွက် မှာလိုက်သည်။

ဦးချစ်ဘုန်းခေါင်က ဒေါ်ယဉ်ကျေးနွယ်ကို မြတ်နိုးစွာ ငေးမော
ကြည့်ရင်း

"နေချိုသွေးကို ယဉ်ယဉ် တူလေး ဖြစ်နေလိမ့်မယ်လို့ ကိုယ်
ဘယ်လိုမှ အတွေးမဝင်မိဘူး"

"ယဉ်ယဉ်လည်း ဒီလိုပါပဲ ကိုဘုန်း။ တိုက်ဆိုင်လိုက်တာနော်





င်တာကာ ဆုံဖို့ တိုင်ပင်ထားရင်တောင် ဆုံချင်မှ ဆုံမှာ၊ အခု
နှစ်ယောက် ပဋိပက္ခကြောင့် စိတ်မချလို့ ဆိုင်ကို လိုက်လာခဲ့တာ။
ဘုန်းလည်း အဲဒီသတင်းကို ကြားတယ် မဟုတ်လား"

"သမီး ပြောပြတယ်လေ၊ နေချိုသွေး ဘယ်လိုမကောင်းတဲ့
ကြောင်း၊ ဆိုးတဲ့အကြောင်းပေါ့၊ ကိုယ်က သမီးပြောတာ မယုံလို့
သွေးကို လေ့လာစမ်းစစ်ကြည့်နေတာ၊ ယဉ်ယဉ်တူက သမီးပြောသလို
ည်း မဟုတ်ပါဘူး"

"ဟုတ်လား ယဉ်ယဉ်လည်း တူလေး ပြောတာ မယုံလို့ ချစ်
ကို လေ့လာ အကဲခတ်ကြည့်နေမိတာ ကိုဘုန်းရဲ့၊ သွေး ဝေဖန်
နေတာနဲ့ တခြားစီပဲ၊ အိမ်မှာလည်း ဒီအကြောင်းနဲ့ပဲ စကားများ
တာလေ၊ သူတို့နှစ်ယောက် ဘယ်လိုပြဿနာတွေနဲ့များ အငြိုးကြီး
ာတကြီးနေကြလည်း မသိပါဘူး။ ဒီကောင်လေးနဲ့ အရမ်းစိတ်ပင်
နေတယ်"

"ဟင် သူ့မိဘတွေက ပြောဆိုဆုံးမမှာပေါ့ ယဉ်ယဉ်ရဲ့ ယဉ်ယဉ်
ဘာလို့ အဲလောက် စိတ်ပူနေရတာလဲ"

"တူလေးမှာ အဖေနဲ့အမေမှ မရှိတော့တာ၊ သူ ဆယ်နှစ်သား
ယ်လောက်မှာ ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးသွားကြတယ်လေ"

"ဘာ ကားအက်ဆီးဒင့် ဟုတ်လား ယဉ်ယဉ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို တိုက်ဆိုင်မှုနှင့် ကြုံရဦးမလဲ မသိနိုင်တာမို့ ဦး
ဘုန်းခေါင် အတိတ်တလန့်ပင် ဖြတ်မေးလိုက်မိသည်။ ဒေါ်ယဉ်ကျေးမွ
က အတိတ်ကို ပြန်သတိရကာ မျက်ဝန်းအိမ်မှာ တဖျပ်ဖျပ် လက်
သော မျက်ရည်တို့ ပြည့်လျှံရစ်ဝိုင်းနေသည်။

"တူလေး နွေရာသီကျောင်းပိတ်ရက်မှာ ပြင်ဦးလွင်ဘက်
အနားယူ အပန်းဖြေရင်း ဘုရားဖူး ထွက်သွားတုန်းမှာ ဖြစ်တာ
ရန်ကုန်က အလှပြင်ဆရာမတစ်ယောက်ရဲ့ ကားနဲ့တဲ့"

"ဟင် အဲ အဲဒါဆို ကိုယ့်ရဲ့ဇနီးပါ ယဉ်ယဉ်၊ သူက အဲဒီအ
တုန်းက ရုပ်ရှင် မင်းသား မင်းသမီးတွေကို မိတ်ကပ်ပြင်ပေးရတဲ့ ဆ
လုပ်တယ်၊ ပြင်ဦးလွင်မှာ ရိုက်ကွင်းရှိလို့ ဒရိုင်ဘာနဲ့ သွားရင်း အ
ဖြစ်တာ"

"ဒါ ဒါဆို ကိုဘုန်း ဇနီးလည်း ဆုံးပြီပေါ့နော်"

"ဒါပေါ့ ယဉ်ယဉ်ရယ်၊ အဲဒီနေ့က ဒရိုင်ဘာရဲ့ပေါ့ဆမှုကြေ
သုံးလောင်းပြိုင် သေဆုံးမှုကြီး ဖြစ်ခဲ့ရတာပဲ၊ ဒရိုင်ဘာ ထောင်ကျပေ
သေတဲ့သူတွေကတော့ ပြန်ရှင်မလာတော့ပါဘူး။ ဒါနဲ့ အဲဒီနာရေ
ကိုယ်ရောက်သေးတယ်၊ ယဉ်ယဉ်ကို မတွေ့ခဲ့မိဘူး ထင်တယ်နော်"

"ဟုတ်တယ် ဘန်ကောက်မှာ ဦးလေးတစ်ယောက် ဆုံ
အဲဒီရောက်နေတာနဲ့ ယဉ်ယဉ် ဖွတ်အတင်း ပြန်လာမှာစိုးပြီး အကြေ





ကြားကြဘူး၊ ရက်လည်ပြီးမှ ယဉ်ယဉ် ပြန်ရောက်လာခဲ့တာ၊ အဲဒီတော့မှ
လေး သတိပြန်ရခါစပဲ ရှိသေးတယ်"

"ဟာ အဲဒါတောင် မောင်နေချိုသွေးမျက်နှာကို ကိုယ် ဘာလို့
မှတ်မိရတာလဲ မသိဘူး၊ ယဉ်ယဉ်အစ်မ နာရေးကိစ္စရော၊ မောင်နေ
သွေး ဆေးရုံတက်ရတဲ့ ကိစ္စအဝဝရော ကိုယ်ငွေကုန်ကြေးကျခံ တာဝန်
ခဲ့တာပါ၊ အဲဒီတုန်းက ဒဏ်ရာ ဗရပွနဲ့ မေ့မြောနေတဲ့ ကလေးလေးကို
ယ် အရမ်းသနားနေခဲ့တာ"

ဦးချစ်ဘုန်းခေါင် ယူကျုံးမရ ဆို့နင့်စွာ ပြောနေတော့ ဒေါ်ယဉ်
ကျေးနွယ် စိတ်မကောင်းပေ။ တကယ်တမ်းက တိုက်ဆိုင်စွာ ကံဆိုးခဲ့
တာပဲ မဟုတ်လား။

"သွေးက မျက်နှာရော ခေါင်းရော တစ်ကိုယ်လုံး ပတ်တီး
တွေနဲ့ဆိုတော့ ခုချိန်တွေ့တာ ကိုဘုန်း ဘယ်လိုလုပ် မှတ်မိမှာလဲ၊ ဒါနဲ့
အဲဒီနောက်ပိုင်း ကိုဘုန်း တစ်ခေါက်မှ ရောက်မလာတော့ဘူး ထင်တယ်
နော်"

"ဟုတ်တယ် သဘောက ခွင့်တစ်ပတ်ပဲ ရလို့ ကိုယ့်ဇနီးကို
ပြင်ဦးလွင်မှာပဲ သဂြိုဟ်ပြီး ပြန်သွားခဲ့ရတာ၊ တစ်နှစ်လောက်နေပြီး
ပြန်လာတော့ အဲဒီတုန်းက သိခဲ့တဲ့ လိပ်စာအတိုင်း တောင်းပန်ချင်လို့
လိုက်ရှာပါသေးတယ်၊ အိမ်ပြောင်းသွားပြီဆိုတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမတို့ လင်မယားအိမ်ကို ရောင်းပြီး မိဘတွေ ထားရစ်ခဲ့တဲ့ အမွေဆိုင်အိမ်မှာ တူလေးနဲ့ နှစ်ယောက်ပြန်နေခဲ့တယ်လေ သွေးက ငယ်သေးတော့ အဲဒီအိမ်ကြီးမှာ မိဘတွေကို လွမ်းဆွတ်သတိရ အောက်မေ့နေမှာစိုးလို့ပါ"

"တိုက်ဆိုင်မှုတွေ များပါလျက်နဲ့ ကိုယ်တို့ ဘာလို့ စောစော စီးစီး ပြန်မဆုံခဲ့တာလည်း မသိဘူး ယဉ်ယဉ်ရယ်"

"ရှင်"

အမိပ္ပါယ်ကို နားလည်ပါလျက် ရင်ခုန်မြန်နေတာကြောင့် မင်တက်မိကာ ရှင်ခနဲ မျက်လုံးလေး ပြူးလည်သွားရသည်။ ဒါကို ဦးချစ်ဘုန်းခေါင် သဘောမပေါက်ဘဲ

"ယဉ်ယဉ် အစ်မနဲ့ ကိုယ့်ဇနီး ကားအက်ဆီးဒင့်ဖြစ်တုန်းကသာ ကိုယ်တို့ ဆုံဖြစ်ကြရင် ကလေးတွေလည်း ဒီလို ပဋိပက္ခတွေ မဖြစ်တော့ ဘူးပေါ့၊ ပြီးတော့ ကိုယ်တို့လည်း"

ဦးချစ်ဘုန်းခေါင် စကားဆက်ဖို့ အားတုံ့အားနာ ဖြစ်သွား သည်။ ကိုယ်က သမီးပျိုအရွယ်လေးနှင့် မုဆိုးဖို။ ယဉ်ယဉ်က တူလေး နေချိုသွေးနှင့် နှစ်ယောက်တည်း နေတာဆိုရှဲ့ အနှောင်အဖွဲ့ အတွယ် အတာ မရှိဘူးဆိုတာ သိသာနေတာမို့ ကိုယ်နဲ့မထိုက်တန်ပါ။

တက္ကသိုလ်ကျောင်းသူ ကျောင်းသားဘဝမှာ အချစ်ကြီး ချစ်





ပေမယ့် ဖူးစာလွဲခဲ့ရတာ ကိုယ့်အပြစ် မကင်း။

မိဘသဘောတူပေးစားသူကို မလွန်ဆန်နိုင်ဘဲ လက်ထပ်ခဲ့ရ ယဉ်ယဉ်အချစ်ကို သစ္စာဖောက်ခဲ့မိတာပဲ မဟုတ်လား။

ထိုအချိန်တွေက သူ့ရင်တွေ ကြေမွပျက်စီးနေပြီး ဘယ်လိုမှ ဆည်နိုင်ခဲ့ပါ။ နောက်ဆုံး အခြေအနေကို ခက်ခဲပင်ပန်းစွာ ကျော် နေသော မေမေ့ရောဂါ ဝေဒနာကို ငဲ့ညှာရင်းဖြင့် ယဉ်ယဉ်ကို သည့် ဝေဒနာတွေ ပေါင်းစပ်ပြီး သူ နေ့စဉ်နေ့တိုင်း မျက်ရည်ကျ ည်း

နောက်ပိုင်း မေမေ ဆုံးတော့ အနေဝေးအောင် ကြိုးစားကာ ဘာလိုက်ဖို့ ဆုံးဖြတ်လိုက်၏။

ဒီလိုနှင့် သူ့ဘဝက အချစ်ဦး ချစ်သူ ယဉ်ကျေးနွယ်နှင့်လည်း ွားကာ. . .။

"ယဉ်ယဉ် ဘာလို့ အိမ်ထောင်မပြုခဲ့တာလဲ၊ ကိုယ့်ကိုစိတ်နာ ချက်ချင်းလက်ထပ်လိုက်မယ် ထင်နေတာ"

"အစကတည်းက ကိုဘုန်းကို ယဉ်ယဉ် ပြောခဲ့ပါတယ်၊ ကိုယ် ဲ့သူနဲ့ လက်ထပ်တဲ့သူက တစ်ယောက်တည်း ဖြစ်ရမယ်၊ ယဉ်ယဉ် တဲ့သူကို ဘယ်တော့မှ လက်မထပ်ဘူးဆိုတာလေ"

"ဟုတ်ပါတယ် ကိုယ်က သတ္တိကြောင်ခဲ့တာပါ၊ အချစ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မစွန့်စားရဲတဲ့ လူဖျင်းလူညံ့ တစ်ယောက်ပါ ယဉ်ယဉ်ရယ်''

''ကိုဘုန်းကို ယဉ်ယဉ် အပြစ်မတင်ရက်ပါဘူး၊ သေလုဆဲ

မိခင်တစ်ယောက်ရဲ့ ဆန္ဒကို ဘယ်သူလွန်ဆန်နိုင်ပါ့မလဲ၊ ချစ်တိုင်း မညာ

တဲ့ ဖူးစာကံကို ယဉ်ယဉ် နားလည်ပါတယ်''

အခုရော ကိုယ့်ကိုချစ်နေတုန်းလားဟု မေးထွက်လိုက်ချင်သည်

ဒါပေမဲ့ သမီးတစ်ယောက် အဖေ မှုဆိုးဖိုဆိုသည့် စည်းတစ်ခု ခြား

ပြီမို့ လည်ချောင်းဝမှာ စကားလုံးတွေ တစ်ဆို့ပျောက်ဆုံးနေ၏။

ယဉ်ယဉ်မျက်နှာလေးကို ဒီလို ငေးမောခွင့် ရနေလည်း

ကျေနပ်ပါသည်။

အချိန်တွေ အကြာကြီး နာကျင်ကြေမွ ပျက်စီးနေခဲ့သော

သူ့နှလုံးသား အခုမှ ရင်ခုန်သံတွေ လတ်ဆတ်အသက်ဝင်လာကာ...

■ ■ ■



## အခန်း (၁၇)

''လိမ်ညာလှည့်ပတ်ဖို့ မစဉ်းစားနဲ့၊ အမှန်အတိုင်းပြော၊ ဦးချစ်ဘုန်းခေါင်ဆိုတဲ့ လူကြီးနဲ့ ဆိုင်ရှေ့မှာ ရပ်စကားပြောနေတာ၊ ပြီးတော့ အတူတူ ပြန်ထွက်သွားကြတာ၊ ဒီမျက်စိနှစ်လုံးက အစအဆုံး အကုန်မြင်တယ်၊ မိတ်ဆွေအဆင့်ဆိုရင် တွေ့ဆုံနှုတ်ဆက်ပြီး ဆိုင်ထဲဝင်လာရမှာပေါ့၊ အခုတော့ဗျာ ကဲပြောပါ၊ ဘယ်လိုရင်းနှီးတာလဲ၊ ဘယ်လိုအခြေအနေမျိုးထိ ပတ်သက်တာလဲ၊ ဘာကြောင့် အဲဒီလူကြီးနောက် လိုက်သွားတာလဲ၊ ဘာတွေဖြစ်ခဲ့ကြလဲ''

နေချိုသွေး မေးခွန်းတွေက များလွန်းသည်။ တစ်ခုချင်းဖြေဖို့ တော်တော်စဉ်းစားရ၏။ အိမ်ပြန်ရောက်ကတည်းက ဗျစ်တောက်ဗျစ်တောက် ပြောဆိုဆုံးမနေတာ ပြီးပင်မပြီးနိုင်။



www.burmeseclassic.com

www.burmeseclassic.com



မြေဖာပင် ပုခက်လွှဲ ငယ်သူကို ကြောက်ရွံ့လေးစားရမည်

တာ ဒီလိုအခြေအနေကို ပြောတာများလား။

"ကဲ စိတ်မရှည်အောင် အူတူတူ အတတ ပါးစပ်ပိတ်မနေ

ဗျာ၊ ပြန်မပြော နားမထောင်၊ မခန့်လေးစားလည်း လုပ်မနေနဲ့ ဒီအရွ

ကြီးကျမှ အပြင်ထွက် ချိန်းတွေ့တာ ကောင်းသလား။ ယိုသူမရှ

မြင်သူရှက်"

"ဟဲ့ ငါ့ကို ဘာတွေပြောနေတာလဲ၊ ငါက ဘာတွေလုပ်နေ

ရှက်ရမှာလဲ"

"ဦးချစ်ဘုန်းခေါင်နဲ့ ယဉ်ယဉ် ချိန်းတွေ့တာ မဟုတ်လား

"ငါက ဘာလို့ ချိန်းတွေ့ရမှာလဲ၊ နင့်စကားက ဘယ်ရော

သွားပြီလဲ ပြန်စဉ်းစားပါဦး"

"အဲလို အမေးမခံနိုင်ရင် ဘယ်လိုပတ်သက်မှုဆိုတာ ပြော

အဲဒီအချိန်ကတည်းက ပြေးလိုက်ခေါ်ချင်တာ သိလား။ ဒီလူက လူ

လူကောင်းလား၊ အိမ်ထောင်ရှိလား၊ လူပျိုလူလွတ်လား။ မိန်းမရှိ

ဆိုတာ ယဉ်ယဉ် သိလို့လား၊ မိုင်းကော်င်းကျောက်ဖိ ဣန္ဒြေရရနေ

မဟုတ်ဘူး"

"ဟဲ့ သွေးရယ် နင်ပြောတာနဲ့ ငါတော့ ငွမ်းပါပြီ၊ ငါ့သိက္ခာ

ဘာတစ်ခုမှ ရစရာမရှိတော့ဘူး၊ ငါ့ကို ဘယ်လိုမိန်းမစားမှတ်နေလဲ





သွေး ကောင်စုတ်လေးရဲ့"

"သွေးကို မဆဲနဲ့နော် ယဉ်ယဉ်၊ အုပ်ထိန်းမယ့်သူ မရှိဘူးဆိုပြီး ထင်ရာစိုင်းမယ်တော့ မကြံနဲ့၊ သွေးဆိုတဲ့ကောင်က ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး။ အခေါ်ဆိုပြီး လုပ်ချင်တာ လုပ်၊ မျက်နှာလွှဲနေမှာလည်း မဟုတ်ဘူး၊ အမြင်မတော်ရင်တော့ ဆုံးမရမှာပဲ"

"အမလေးတော် ကြည့်ကြပါဦး အခေါ်ကိုများ ပြောနေလိုက်တာ"

ဒေါ်ယဉ်ကျေးနွယ် ရင်ဘတ်ဖိကာ ဆွေ့ဆွေ့ခုန်နေသည်။ ခပ်ဆည်တည်နှင့် လူတတ်ကြီးလုပ်ပြီးကို ပြောနေတာ။ တကယ်ဖြစ်သွားလို့ကတော့ တိုင်မှာကပ် ကြိုးတုပ်ပြီးတောင် ရိုက်မလား မသိ။

လက်ပိုက်လိုက်၊ လက်နောက်ပစ်လိုက်၊ ဟိုဘက် ဒီဘက်လျှောက်ပြီး မျက်နှာကြောတင်းတင်းနှင့် မာန်မဲပြီး ပြောနေတာ။ ဆိုဖာခုံမှာ ထိုင်နေရင်းက သူ့လိုက်ကြည့်နေရတာတောင် မျက်လုံးတွေ မူးနောက်နေရသည်။

ကိုယ်က မတင်းလျှင် သူက အထာကိုင်ကာ လျှော့မှာမဟုတ်သော။

"ကဲ ထိုင်စမ်းပါ သူ့ကိုယ်သူ ဘာများအောက်မေ့နေလဲ မသိဘူး မပြောချင်လို့ ကြည့်နေတာ၊ အကောင်းမှတ်လို့ ဒီမှာ အဲဒီ ဦးချစ်



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းခေါင် ဆိုတဲ့လူကို ဘယ်သူများ ထင်နေလဲ''

''ဘယ်သိပါ့မလဲ ယဉ်ယဉ်မှ မပြောသေးတာ၊ သိချင်လို့

နေတာကို အိုင်တင်ခံ ပဲများနေပြီးတော့''

''တယ်လေ အခေါ်ကို ပြောနေတာကိုက ထောင့်မကျိုး

ငါ လုပ်ထည့်လိုက်ရ၊ ထိုင်စမ်းပါ ငြိမ်ငြိမ်သက်သက်''

''ယဉ်ယဉ်နား လာမထိုင်ရင် သွေး ခေါင်းကို ခေါက်မလို့ မဟု

လား၊ မထိုင်ဘူး သေချင်သေပစေ''

''အေး မထိုင်ချင်နေ ငါလည်း မပြောဘူး''

ဒေါ်ယဉ်ကျေးနွယ် ကျောခိုင်းမှ နေခြည်သွေး ပျာခနဲ ဝင်ထိုင်

စပ်ဖြဲဖြဲနှင့်

''ကိုယ့်တူလေးက စနောက်နေတာကို အဲလို မျက်နှာရှုံ့

ကြီးနဲ့ စိတ်ကောက်နေရလား၊ ကဲ အဲဒီလူကြီးက ဘယ်သူလဲပြော

''ချစ်သမီး အဖေ''

''ဘာ''

''ဟဲ့ တိုးတိုးသက်သာ လုပ်ပါ၊ ချစ်သမီးအဖေ ဆို

အဲဒီမျက်နှာနဲ့အသံက ဘာဖြစ်သွားရတာလဲ''

''ဘာဖြစ်ရမလဲ ချစ်သမီး အဖေကို ယဉ်ယဉ်က ဘာလို့

သက်ရတာလဲ၊ သူ့အဖေက မိန်းမမရှိတဲ့ မုဆိုးဖိုဆိုတာ သွေး သိပြီ





သူ့အဖေလည်း သူ့သမီးလို အကျင့်ဆိုးတွေ ရှိနေမှာ၊ ယဉ်ယဉ်

ပတ်သက်စရာ မလိုဘူး၊ ဆက်ဆံစရာအကြောင်းကို မရှိဘူး''

''မင်း အဲလို လူတစ်ဖက်သားကို ထင်ရာမြင်ရာတွေ စွပ်စွဲ

မနေနဲ့ သွေး၊ လူတစ်ယောက်ကို အကြောင်းမဲ့သက်သက် မုန်းနေ

မကောင်းပြောနေရမယ်ဆိုရင် မင်းမှာ မိတ်ဆွေကောင်းကို ရှိမှာ

တ်ဘူး''

''အာ ရှိရှိ မရှိရှိဗျာ၊ ချစ်သမီးကိုရော ချစ်သမီး အဖေကိုရော

ယဉ် လုံးဝ မပတ်သက် မဆက်ဆံရဘူး''

''ဆက်ဆံရ ပတ်သက်ရမှာပဲ သွေး၊ ချစ်သမီး အဖေက

ချိန်က ငါ့ရဲ့ချစ်ဦးသူ''

''ဗျာ ချစ်သမီးအဖေက ယဉ်ယဉ်ချစ်သူ ဟုတ်လား၊ ဒါဆို

ယဉ် ပြောပြောနေတဲ့ ယဉ်ယဉ် ရည်းစားဟောင်းဆိုတာပေါ့''

ဒေါ်ယဉ်ကျေးနွယ် ခေါင်းညိတ်ပြတော့ နေခြည်သွေး ကိုယ့်နဖူး

ယ်ရိုက်ကာ ဖင်ထိုင်ကျသွားသည်။ ယဉ်ယဉ် ရည်းစားဟောင်း အ

ကြောင်းက နားထဲမှာ ယဉ်ပါးနေပြီးသားပါ။

ချစ်မယ့်ကြိုက်မယ့်သူ မရှိလို့ အပျိုကြီးလုပ်နေတာ မဟုတ်လား

စနောက်ခဲ့သည့် အချိန်တိုင်း

''ချစ်မယ့် ကြိုက်မယ့်သူ မရှိလို့ မဟုတ်ဘူးဟေ့၊ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဆို တစ်ယောက် စွဲစွဲလမ်းလမ်း မြတ်မြတ်နိုးနိုး ချစ်မိလို့၊ တစ်သ
အပျိုကြီးလုပ်ဖို့ ဆုံးဖြတ်ထားတာ သိရဲ့လား၊ ကိုယ်ချစ်တဲ့သူနဲ့ မ
ခဲ့ရပေမယ့် တခြားလူကို မချစ်ဘဲ လက်ထပ်ဖို့လည်း စိတ်မကူ
ငါ ချစ်တဲ့လူ လက်ထပ်သွားတဲ့အချိန်ကတည်းက ဘယ်ယောက်
လက်မထပ်ဘူးလို့ သစ္စာဆိုထားတာ''

အဲလို အကြိမ်ကြိမ် ဟစ်ကြွေးခဲ့သူမို့ ရည်းစားဟော
ဘယ်လောက်ထိ တန်ဖိုးထား ချစ်ခဲ့သည်ဆိုတာ သူ သိနေခဲ့ရ

တခြားမိန်းမ တစ်ယောက်ကို လက်ထပ်သွားသော ချ
မမုန်းဘူးလား၊ စိတ်မနာဘူးလားဟု မေးတော့လည်း

''သူ ငါ့ကို မုန်းလို့လမ်းခွဲသွားတာ မဟုတ်ဘူး၊ သေလု
ရောဂါသည် အမေရဲ့ဆန္ဒကို မလွန်ဆန်နိုင်တာ၊ အသိုက်အဝန်း
သိက္ခာကို ထောက်ထားလိုက်ရတာ၊ ငါက ဒါကို အပြစ်မြင်လို့ ဖြစ်
စွန့်စားပြီး ဘဝတစ်ခု ထူထောင်တော့ရော သူနဲ့ငါ စိတ်ချမ်းသာမှာ
ကိုယ်ချစ်တဲ့သူကို စိတ်ပင်ပန်းအောင် မလုပ်ချင်ဘူး၊ ဒီဘဝ မ
တော့လည်း နောင်ဘဝပေါ့''

တဲ့။ စွဲလမ်းတတ်ပုံများ နောင်ဘဝထိတောင် ရည်ရွယ်
တွေ ထားခဲ့သည်။ ထိုအချိန်က ယဉ်ယဉ်အချစ်တွေကို သူ
အားကျခဲ့တာပါ။





အခုတော့ ယဉ်ယဉ် ချစ်သူက သူအရမ်းမုန်းသည့် ချစ်သမီး
ရဲ့ အဖေတဲ့။ မုဆိုးဖို ဖြစ်သွားပြီမို့ နောင်ဘဝအထိတောင် မစောင့်ဘဲ
ဒီဘဝမှာတင် နောက်ဆုံးလက်ကျန် နေ့ရက်တွေကို အချစ်နှလုံးထကာ
ဖြတ်သန်းတော့မည် ထင်၏။

ယဉ်ယဉ် အချစ်ကို သိနေခဲ့သည့်သူက အချစ်မှာ ဖျိုသည်
အိုသည်မရှိဆိုပြီး နားလည်ပေးလိုက်ရမှာလား။

''ယဉ်ယဉ်တို့က လက်ထပ်ကြမယ်ဆိုပြီး တခြားနေရာမှာ သွား
တိုင်ပင်ကြတာလား''

''ဘာ''

''ဟုတ်တယ်လေ ယဉ်ယဉ်တို့ ဆိုင်ရှေ့ရောက်ပြီးမှ နှစ်ယောက်
သားအတူတူ ပြန်ထွက်သွားကြတာ မဟုတ်လား၊ အဲဒီတုန်းက ဆိုင်ထဲ
ဝင်မလာဘဲ ရပ်စကားပြောနေကြတာ သာမန်မိတ်ဆွေအဆင့် မဟုတ်ဘူး
လို့တော့ သတိထားမိလိုက်ပါတယ်''

''အေး အဲဒါ ငါတို့နှစ်ယောက် လက်ထပ်ဖို့ သွားတိုင်ပင်တာ
မဟုတ်ဘူးဟေ့၊ နင်နဲ့ချစ်သမီးကို လက်ထပ်ပေးမလို့ သိရဲ့လား''

''ဟာ ယဉ် ယဉ်ယဉ်နော် မညစ်ပတ်နဲ့၊ ချောက်မတွန်းနဲ့၊
ချစ်သမီးလို မိန်းမကို သွေး ဘယ်တော့မှ မယူဘူး''

ဒေါ်ယဉ်ကျေးနွယ် အရွဲ့တိုက်ပြောတာကို နေချိုသွေး ပြော



www.burmeseclassic.com

www.burmeseclassic.com



ကာကာ လက်တကာကာဖြင့် အကြောက်အကန် ခါးခါးသီးသီး ငြင်းဆ
နေသည်။

အခုမှ ဒေါ်ယဉ်ကျေးနှယ် နိုင်ကွက်ရကာ ပြုံးနိုင်တော့သည်

ပြီးတော့ ဒီကိစ္စကို မဖြစ်ဖြစ်အောင် အကောင်အထည်ဖေ
ဖို့လည်း ဆုံးဖြတ်လိုက်၏။

မိမိအလှည့်တုန်းက ဖူးစာလွဲခဲ့ရပေမယ့် ကိုယ့်ချစ်သူရဲ့ ေ
သားကို ကိုယ့်တူလေး ပိုင်ဆိုင်စေချင်သည်။ ဒါမှ ချစ်သူရဲ့ အငွေ့အသ
ကို အမြတ်တနိုး ခံစားလို့ရနေမှာ မဟုတ်ပါလား။ နေချိုသွေး ဘယ်လော
ငြင်းငြင်း ထွက်ပြီးသား ဆင်စွယ် ပြန်ဝင်ရိုး ထုံးစံ မရှိတာမို့ ...

■ ■ ■



## အခန်း (၁၈)

“အဲဒါ လုံးဝမဖြစ်နိုင်ဘူး ဖေဖေ၊ သမီး လက်သင့်မခံဘူး၊ ဖေဖေ့ငယ်ချစ်ဟောင်းဆို ဖေဖေ ယူချင် ယူလိုက်ပေါ့၊ ဘာလို့ သူ့တူနဲ့ သမီးကို ပေးစားမယ် ပြောရတာလဲ၊ နေချိုသွေးကို သမီး ဘယ်လောက် မုန်းတယ်ဆိုတာ ဖေဖေသိရဲ့သားနဲ့”

“သိလို့လည်း ဖေဖေ ဒီစကားပြောနေတာပေါ့။ သမီးတို့ အပြိုင်အဆိုင် မုန်းနေကြတာ၊ အကြောင်းအရာ ကြီးကြီးမားမား ရှိလို့လား၊ တစ်ယောက်နဲ့တစ်ယောက် မာနပြိုင်နေတာ အဓိပ္ပါယ် မရှိဘူး သမီး။ ပြီးတော့ ချစ်သူနဲ့ကွေကွင်းခဲ့ရတဲ့ ဖေဖေ့ရင်ထဲက ဒဏ်ရာကို သမီး ကိုယ်ချင်းစာတယ် သနားတယ်ဆို”

“ဟုတ်ပါတယ် သမီး ပြောခဲ့ပါတယ်၊ အခု ဒေါ်ယဉ်ကျေးနှယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်ဆုံနေရပြီပဲ၊ ဖေဖေ လက်ထပ်လိုက်ပါလား၊ ဘာဖြစ်လို့ သမီးကို"

ချစ်သမီး စကားဆက်လို့မရအောင် ဦးချစ်ဘုန်းခေါင် လက်ကာ တားလိုက်ကာ လေးပင်ပြင်းရှသော သက်ပြင်းရှိုက်သံများဖြင့်

"ဖေဖေက မုဆိုးဖို သမီးတစ်ယောက်အဖေ၊ သူက အချစ်သ မရှာ၊ အိမ်ထောင်မပြုသေးတဲ့ အပျိုလေ သမီးရယ်၊ ဖေဖေ ဘယ်လို ပြောမထွက်ပါဘူး သမီးရယ်၊ အဲဒါကြောင့် သမီးနဲ့မောင်နေချိုသွေး လက်ထပ်ပေးချင်တာပါ၊ မောင်နေချိုသွေးမှာ ယဉ်ယဉ်ရဲ့ အငွေ့အသ တွေ ရှိနေတယ် သမီး"

"ဟား စိတ်ပျက်လိုက်တာ ဖေဖေရယ်၊ ဒီလောက် ခါးခါးသ တူး မုန်းနေတဲ့ ယောကျ်ားကို သမီး လက်မထပ်ချင်ပါဘူး၊ အဲလိုမုန်း ဖေဖေ့ချစ်သူနဲ့ ပြန်ဆုံပါစေလို့ ဆုတောင်းမပေးခဲ့ပါဘူး တကယ်"

"ဟာ ရက် ရက်စက်လိုက်တာ သမီးရယ်၊ သမီးဘာလို့ အဲ ပြောရတာလဲ၊ အခု ယဉ်ယဉ်နဲ့ ပြန်ဆုံလိုက်ရတာ ဖေဖေ့ကိုယ်ဖေ အများကြီး နုပျိုသွားတယ်လို့ ခံစားရတယ်၊ ပြီးတော့ သမီး စဉ်းစားကြ စမ်းပါ"

"ဘာကို စဉ်းစားကြည့်ရမှာလဲ"

ချစ်သမီး မျက်စောင်းဝင့် နှာခေါင်းရှုံ့ကာ ဘုဘောက်ပေ တော့ ဦးချစ်ဘုန်းခေါင် မျက်မှောင်ကြုတ်သွားပြီး





"မောင်နေချိုသွေး မိဘနှစ်ပါးက ဖေဖေတို့ ဒရိုင်ဘာရဲ့ ပေါ့ဆမှု ကြောင့် ဆုံးပါးသွားခဲ့ရတာ"

"ဟင် ဖေဖေ့ကို ဘယ်သူပြောတာလဲ"

"ယဉ်ယဉ်နဲ့ စကားပြောရင်း ဆက်စပ်မိသွားတာပေါ့ကွယ်၊ မောင်နေချိုသွေးခမြာ ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘမဲ့ဘဝ ရောက်သွားပြီး ယဉ်ယဉ်ကို တွယ်ကပ်နေခဲ့ရရှာတာပါ"

"သမီးလည်း မေမေ့မေတ္တာ ငတ်ခဲ့ရတာပါပဲ၊ အရင်ကဆို ချစ်တဲ့သူကို ယူခဲ့ရလို့ဆိုပြီး မေမေ့ကို အရွဲ့တိုက် သဘော်လိုက်ခဲ့လို့ မေ့မေတ္တာနဲ့လည်း သမီး အချိန်ကြာကြာ ကင်းဝေးခဲ့တာ ဒေါ်ယဉ်ယဉ် ကြောင့်ပဲ၊ သမီးဘက်က တွေးကြည့်ရင်လည်း နာကျင်စရာကြီးပါပဲ ..."

"အဲလိုတော့ ယဉ်ယဉ်ကို အပြစ်မမြင်လိုက်ပါနဲ့ သမီးရယ်၊ သတ္တိရှိရှိ ကျန်နေရစ်ခဲ့လို့ သမီးမေမေကို ဖေဖေ လက်ထပ်ဖြစ်တာပါ၊ ...သာ ချစ်သူနဲ့ပေါင်းဖက်ရဖို့ တစ်ခုတည်း တွေးခဲ့မယ်ဆိုရင် သမီး ...သွားရဲ့ ကျေးဇူးကို ဖေဖေ ဆပ်ခွင့်ရခဲ့မှာမဟုတ်ဘူး၊ ယဉ်ယဉ်က ...မ်းကို လေးစားထိုက်တဲ့ မိန်းမမြတ်တစ်ဦးပါ"

"ဖေဖေကတော့ ကိုယ့်ချစ်သူကိုယ် အမွှမ်းတင်နေမှာပေါ့၊ သမီး ...တော့ နေချိုသွေး အဒေါ်ဆိုတာနဲ့ အကောင်းမြင်ကြည့်လို့ကို မရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး ဖေဖေ''

''အဲဒါကိုက သမီး မှားနေတာ၊ ဘာဖြစ်လို့ လူတစ်ယောက်

အစွဲအလမ်းကြီးကြီးနဲ့ မုန်းနေရတာလဲ သမီး၊ ချစ်တဲ့မျက်လုံးနဲ့ ကြ

ကြည့်စမ်းပါ၊ အရာရာ အကောင်းဘက်က မြင်သွားလိမ့်မယ် သမီ

''ဒီရုပ်ကြီးကိုလား အကောင်းဘက်က မြင်ကြည့်ရမှာ၊ ဖ

အမြင်ကတ်စရာကောင်းလွန်းလို့ ဘဝင်မြင့် မာနကြီးနေတဲ့ ယောက်

မျိုးကို သမီး မုန်းတယ် ဖေဖေ၊ လက်ထပ်ဖို့ကတော့ ဝေလာဝေ

နောက်တစ်ခါ နေချိုသွေးနဲ့ လက်ထပ်ဖို့ သမီးကို ဘယ်တော့မှ မပြော

နဲ့''

''ဖေဖေ့စကားကို မနာခံဘူး၊ နားမထောင်ဘူးဆိုတဲ့ သဘေ

လား သမီး''

ဦးချစ်ဘုန်းခေါင် လေသံမာသွားတော့ ချစ်သမီး ငြိမ်ငြိမ်သ

သက် ဖြစ်သွား၏။ ဆိုဖာခုံကို ကျောကပ်မှီပြီး မကျေမနပ်လည်း နှုတ်ခ

ရှုထားသည်။

ဘာကြောင့်များ ထင်မှတ်မထားတာတွေက ရုတ်တရက်ပြ

ပြောင်းလဲသွားရတာလဲ။ တကယ်တမ်းက ဆိုင်ရှေ့ရောက်ပြီးမှ ဒေါ်ယ

ကျေးနွယ်နှင့် ပြန်ထွက်သွားတာကို သူမက အပြစ်တင်မိတာ။

''အဲဒီ ဒေါ်ယဉ်ကျေးနွယ်က သမီးဆိုင်ကို တစ်ခေါက်ပဲ ရော





နေသေးတာ၊ ဖေဖေက ဘယ်လိုဖြစ်ပြီး သမီးဆိုင်ထဲတောင် ဝင်မလာဘဲ

ဒေါ်ယဉ်ကျေးနွယ်နဲ့ ပြန်ထွက်သွားရတာလဲ၊ မေမေ ဆုံးပြီးနောက်ပိုင်း

ဖေဖေ့ကို ဘယ်မိန်းမနဲ့မှ တွဲမတွေ့ဘူးတော့ သမီးစိတ်ထဲ တစ်မျိုးကြီးပဲ၊

ဘယ်လိုပတ်သက်မှုမျိုးလဲ ပြောပါ ဖေဖေ''

''ရှည်ရှည်ဝေးဝေး ရှင်းပြဖို့တော့ မလိုအပ်ဘူး ထင်ပါတယ်၊

ဖေဖေ့မှာ ရည်းစားဦးရှိခဲ့တာ သမီး အမေ ပြောပြလို့ သမီးသိခဲ့ပြီးသား

ပဲ''

''ဒါဆို ဒေါ်ယဉ်ကျေးနွယ်က''

''ဟုတ်တယ် ဖေဖေ့ရဲ့ အချစ်ဦးပါ၊ ဒီနေ့မှ ပြန်တွေ့ကြတာ၊

သူ အိမ်ထောင်မပြုဘဲ တူလေးတစ်ယောက်နဲ့ပဲ နေတယ်ဆိုတာသိခဲ့

ရတယ်၊ ဖေဖေ့အပေါ် အဲလောက်ထိ သစ္စာရှိမယ်လို့ မထင်ခဲ့ဘူး၊ ဖေဖေ

အမှားကြီး မှားခဲ့တယ်''

''မေမေ့ကို လက်ထပ်ခဲ့တာ မှားတယ်လို့ ပြောတာလား ဖေဖေ''

''ဟင့်အင်း ဒါက ဖေဖေ့ရဲ့ အမေကို ကျေးဇူးဆပ်ခွင့်ရလိုက်တာ

ပါ၊ သမီး မေမေအပေါ်လည်း ဖေဖေ မှားခဲ့တာပဲ၊ ချစ်သူနဲ့ မပေါင်းဖက်

ရလို့ အရွဲ့တိုက်ပြီး ဥပေက္ခာပြုခဲ့မိသလို ဖြစ်ခဲ့တယ်၊ နောင်တရပေမယ့်

လည်း ဒါတွေက ပြီးဆုံးသွားပါပြီ''

''အဲဒါတွေ ပြီးသွားပြီဆိုတော့ ဒေါ်ယဉ်ကျေးနွယ်နဲ့ ပြန်ဆက်



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတဲ့ သဘောလား''

''အဲဒီဆန္ဒမျိုးနဲ့တော့ သူ့ကိုပြန်ပြီး မချည်းကပ်ချင်တော့ပါဘူး။ အချစ်တွေ မကုန်သေးပေမယ့် စည်းခြားသွားပြီလေ၊ မုဆိုးဖိုနဲ့ ပတ်သက်တယ်ဆိုတာမျိုးနဲ့ ယဉ်ယဉ်ကို မနစ်နာစေချင်ဘူး''

''ဒါဆိုလည်း ဖေဖေတို့က ဘာလို့ ချိန်းတွေ့နေသေးလဲ''

ချစ်သမီး ဆောင့်ခနဲ အော်တော့ ဦးချစ်ဘုန်းခေါင် မျက်ခုံးပင့်သွားကာ

''ချိန်းတွေ့တယ်ဆိုတဲ့ စကားက ယဉ်ယဉ်သိက္ခာကို ထိခိုက်ပါတယ် သမီးရယ်၊ ဖေဖေတို့က သမီးတို့လူငယ်ချင်းကိစ္စကို တိုင်ပင်ကြတာပါ''

''လူငယ်ချင်းကိစ္စ၊ အဲဒါက ဘာကိုပြောတာလဲ ဖေဖေ''

''မောင်နေချိုသွေးနဲ့ သမီး၊ အဆင်မပြေဖြစ်နေတာကိုပေါ့''

''ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့ သမီးရယ်၊ ယဉ်ယဉ်က မောင်နေချိုသွေး အဒေါ်ပဲ ဥစ္စာ''

''ဟင် ဒေါ်ယဉ်ကျေးနွယ်က နေချိုသွေးဒေါ် ဟုတ်လား၊ ဒါဆို အဲဒီအန်တီကြီးက သမီးဆီကို အကြောင်းတစ်ခုခုနဲ့ ရောက်လာတာ ဖြစ်မယ်''





''ဟုတ်တယ် သမီး၊ သမီးလိုပဲ မောင်နေချိုသွေးကလည်း ...အဒေါ်ကို မဟုတ်မဟပ်တွေ လျှောက်ပြောထားတယ် ထင်တယ်၊ ...ဒါ လေ့လာချင်လို့ သမီးဆီကို ရောက်လာတာ၊ အခုတော့ ယဉ်ယဉ် ...သချာကို နားလည်သွားပါပြီ''

''ဟင် ဘာကိုနားလည်တာလဲ''

ချစ်သမီး စိတ်ဝင်တစား ခေါင်းထောင်လာတော့ ဦးချစ်ဘုန်း ...ခေါင်က ချစ်သမီး ဆံနွယ်လေးတွေကို ဖွဖွလေး သပ်တင်ပေးပြီး

''ဖေဖေ သမီးလေး အရမ်းလိမ္မာ ယဉ်ကျေးတဲ့အကြောင်းပေါ့၊ ...မောင်နေချိုသွေးကို အိမ်ရောက်တော့ ပြောဆိုရိုက်ပုတ်ပစ်လိုက်သေး ...ယ်တဲ့''

''ဟင် တကယ်လား''

ချစ်သမီး ရှင်ရှင်မြူးမြူးလေး ဖြစ်သွားကာ ဝမ်းသာအားရပင် ...မေးလိုက်မိ၏။ သူမကြောင့် နေချိုသွေး ဆဲဆိုရိုက်ပုတ်ခံရတာ ဘယ် ...လောက်တောင် ပျော်စရာကောင်းလိုက်သလဲ။

အခွင့်အရေးရလျှင် ဒီထက်ပိုပြီး အတို့အထောင် ချောက်တွန်း ...ဖို့တောင် ဆုံးဖြတ်လိုက်သည်။

''ယဉ်ယဉ်က သမီးကို တော်တော်လေးကို ချစ်သွားတဲ့ပုံပဲ၊ ...ဖေဖေလည်း စိတ်ကူးတစ်ခု ရလိုက်တယ်၊ ယဉ်ယဉ်ကို ပိုင်ဆိုင်ဖို့ မကြံ...



www.burmeseclassic.com

www.burmeseclassic.com



စားရက်တော့ပေမယ့် ယဉ်ယဉ် တူလေးကိုတော့ ဖေဖေ သားသမက် အဖြစ် တော်စပ်ချင်တယ်ကွယ်''

''ဟာ ဖေဖေ''

''ဖေဖေ့ဆန္ဒကို လိုက်လျောပေးပါသမီး၊ သမီးတို့ လက်ထပ် လိုက်ရင် အရင်က ရှိခဲ့တဲ့ အမုန်းတရားတွေလည်း ပြေပျောက်သွားမယ် မောင်နေချိုသွေး ဘဝက သနားစရာပါ သမီးရယ်၊ ငယ်ငယ်ရွယ်ရွယ် နဲ့ မိဘမဲ့ခဲ့ရရှာတာ''

''အဲဒါ သူ့ကံကြမ္မာပဲ ဖေဖေ၊ ဘာလို့ သနားရမှာလဲ၊ အကြောင်း တင်းတင်း ဘဝင်မြင့် မာနကြီးနေတဲ့ လူကို ဘာမှ စာနာပေးနေစရာ အကြောင်းမရှိဘူး''

''ဒီကိစ္စတွေက သမီးတို့ချင်း လက်ထပ်လိုက်တာနဲ့ အားလုံး ပြီးသွားမယ်လို့ ဖေဖေ ပြောပြီးပြီလေ၊ သမီးဆီက ဖေဖေ ဘာမှမတောင်း ဆိုဖူးဘူးနော်၊ ဒီတစ်ခုကိုတော့ သမီးမဖြစ်မနေ လိုက်လျောပေးရမယ် ယဉ်ယဉ် တူကို ယူကို ယူရမယ်''

ဖေဖေ့ဆီက နိုင်လိုမင်းထက် အုပ်ချုပ်တတ်သည့် အမိန့်သံ စကားမျိုး မကြားဘူးတာမို့ သူမ ထိတ်လန့်အံ့သြနေရတာပါ။

ဗွတ်အတင်းအကျပ်လိုကြီး ဖြစ်နေတာမို့ စိတ်လည်း ညစ် သည်။ တွေးရင်း တွေးရင်း နေချိုသွေးကို ထုရိုက်ကုတ်ဖဲ့ပစ်ချင်တော့





ဘာကြောင့်များ ဖေဖေ့ရည်းစားဟောင်း ဒေါ်ယဉ်ကျေးနွယ်နဲ့ သွေးသားတော်စပ် နေရတာလဲ။

ဖေဖေ့ဆန္ဒတွေ ပျောက်ပျက် နောက်ဆုတ်သွားအောင်ရော ဘယ်လိုလုပ်ရမလဲ။ ခါးခါးသီးသီး ဝုန်းဒိုင်းကျဲ အပြတ်အသတ် တစ်ခါ တည်း ငြင်းဆန်လို့ မဖြစ်သေးဘူး ထင်သည်။

ဒီဖအေလေး တစ်ယောက်ရှိတာ သူမကြောင့် စိတ်မဆင်းရဲစေ ချင်။

''တောက်''

နေချိုသွေးဆိုတဲ့ကောင် လူ့ဘဝမှာ လူလာဖြစ်တာ သူမ အတွက်တော့ တကယ့် အရှုပ်ထုပ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

BURMESE CLASSIC

"နင် အဲဒါ ဘယ်လိုလုပ်မှာလဲ ချစ်သမီး"

"ငါ ဘာလုပ်ရမှန်း မသိတော့ပါဘူးဟာ၊ အကြောက်အ
ငြင်းလိုက်ပြီဆိုလည်း ဖေဖေ စိတ်ဆင်းရဲမှာ၊ လက်ခံဖို့ကလည်း
သွေးလိုကောင်နဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ တကယ် အရမ်းစိတ်ည
ကောင်းတယ်၊ နေချိုသွေးက ငါ့အတွက်တော့ ဂြိုဟ်ဆိုးပဲ"

စိတ်ဖိစီးမှုတွေများနေတာကြောင့် ရေခဲမုန့်ကို တစ်ထိုင်တ
သုံးခွက် ငါးခွက်လောက် စားနိုင်သည့် ချစ်သမီးခမြာ တစ်ခွက်တ
မှာထားတာတောင် မစားနိုင် မသောက်နိုင် အရည်ပျော်နေပြီ ဖြစ်သ

အအေးဆိုင်မှာ နေချိုသွေးနှင့် မဆုံရလို့ စိတ်သက်သာပေ
ဒင်းနှင့် လက်ထပ်ဖို့အကြောင်း တွေးမိတိုင်း ဒေါသတို့က အလ





စုရုန်းအုံကြွလာကာ မျက်နှာချင်းမဆိုင်မိအောင် သင်တန်းကတောင်
ထွက်ပစ်လိုက်ချင်သည်။

ဒါပေမဲ့ နောက်လထဲမှာ ကိုရီးယားက ကုမ္ပဏီခွဲ လာဖွင့်ပေး
တော့မှာမို့ ကိုရီးယား ဘာသာစကားနှင့် ဓလေ့ထုံးစံကို ကျွမ်းကျွမ်း
ကျင်ကျင် တတ်မြောက်ဖို့က အရေးကြီးနေသည်။

တခြားသင်တန်း ပြောင်းဖို့ကလည်း နောက်ကျကျန်ခဲ့မှာမို့
မဖြစ်။

"ချစ်သမီး စကားပြောနေရင်းက ဘာတွေ တွေးနေပြန်တာ
လဲ"

"သင်တန်း မတက်ဘဲ လှည့်ပြန်ရမလားလို့ စဉ်းစားနေတာ၊
နေချိုသွေးကို မျက်နှာချင်းမဆိုင်ချင်ဘူး"

"ဟဲ့ နေချိုသွေးက ဒီနေ့ သင်တန်းမလာဘူးတောင် ထင်ပါ
တယ်၊ အရင်ဆို ဒီအအေးဆိုင်မှာ ဆုံနေကျ၊ အဲ တစ်ခုတော့ရှိတယ်၊
သူကလည်း နင်နဲ့မျက်နှာချင်းမဆိုင်ချင်လို့ လာမထိုင်တာလားတော့
မသိဘူး"

"အဲလို ရှောင်နေတာဆို ပိုတောင် ကြိုက်သေးတယ်၊ ဒါနဲ့
သူ့အဒေါ်ကလည်း ငါနဲ့လက်ထပ်ဖို့ ပြောထားမလား မသိဘူးနော်"

"အေး အဲဒါ ဖြစ်နိုင်တယ်၊ နင့်လိုပဲ ခါးခါးသီးသီး ငြင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



မမြင်ချင် မကြည့်ချင် ဖြစ်နေတာ နေမှာပေါ့၊ နေချိုသွေးက အကြော တင်းတင်းရယ်၊ အဲဒါဆိုရင်တော့ မိန်းကလေးသိက္ခာ အရမ်းကျတယ် နော် ချစ်သမီး၊ နင်က အရင် ဦးအောင် ပြတ်ပြတ်သားသား ငြင်းပ လိုက်''

ဒီတစ်ခါတော့ အေမီက သူမဘက်က ထောက်ခံ အားပေး သည်၊ မိန်းကလေးချင်း ကိုယ်ချင်းစာပေးသည့် သဘောပေါ့။

''ဖေဖေ လုပ်ပုံနဲ့ကတော့ ငါတော့ ဂွမ်းပါပြီဟယ်၊ ငါ့မာန ငါနေတာ အဟုတ်သားနဲ့ ရည်းစားဦး အငွေ့အသက်ကို ခေါင်းပေါ်တ ထားနေချင်တယ်၊ တကယ် သေချင်စော်နံ့တာပဲ''

''ဒါနဲ့ နေချိုသွေး မိဘတွေနဲ့ နင့်အမေက တစ်နေ့တည် ကားအက်ဆီးဒင့်ဖြစ်ပြီး ဆုံးကြတာဆို၊ အဲလိုဆိုတော့လည်း မိဘအု ထိန်းမှုအောက်မှာ မနေရတာနဲ့ နည်းနည်း အရိုင်းဆန်ချင်တာ ဖြစ်မှာ သနားတော့လည်း သနားစရာပဲ''

''ဘာသနားရမှာလဲ စကားကို အမျိုးမျိုး မပြောနဲ့၊ အခု ထမင်း အခု စာကလေးကြော်၊ နင် တအား သနားနေရင် နေချိုသွေ ကို နင်ပဲ ယူလိုက်''

''ရှင်တော့လည်း မှုမနေဘဲ ယူလိုက်ပါတယ်ဟယ်၊ နေချိုသွေ က ယောကျ်ားဆန်ဆန် ချောတာနော်၊ မျက်ခုံးက ထူထူ၊ နှာတံက





ပေါ်နဲ့ သူ့မျက်နှာတစ်ခုလုံးမှာ မျက်လုံးက ပိုပြီးဆွဲဆောင်မှု အရှိဆုံးပဲ''

''အေး နင် အဲဒီနှာရောဂါနဲ့ သေမှာပဲ၊ နေချိုသွေး ကောင်း ကြောင်း၊ ပြောမှာဆိုရင် နေခဲ့တော့၊ ငါနောက် လိုက်မလာနဲ့''

''ဟဲ့ ဟဲ့ ချစ်သမီး နေပါဦး၊ အဲတော် ငါ သောက်တဲ့အအေး ဖိုးရော ရေခဲမုန့်ဖိုးရော ရှင်းမသွားဘူး၊ ပါးစပ်ဆော့မိတာ မှားပါတယ်၊ နေချိုသွေး နာမည်ထည့်ပြောမိတာနဲ့ ကောင်းကျိုးကို မပေးဘူး''

အေမီ ဗျစ်တောက်ဗျစ်တောက် ပြောပြီး စားပွဲထိုးလေးကို လှမ်းခေါ်ရှင်းနေတာတောင် မစောင့်တော့ဘဲ ချစ်သမီး ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ကားပေါ်ရောက်တော့လည်း အေမီကို မစောင့်တော့ဘဲ သင် တန်းရှိရာ မောင်းလာခဲ့၏။ သင်တန်းခန်းထဲကို ရောက်တော့ လူမစုံသေး သမယ့် အနည်းအကျဉ်းတော့ ရောက်နှင့်နေကြသည်။

နေချိုသွေးကတော့ သူငယ်ချင်းနှစ်ယောက်နှင့် တိုးတိုးကြိတ် ကြိတ်အော်ကာ ဂိမ်းဆော့နေ၏။

''တောက်''

သူမ ခုံနားအရောက်မှာပင် စိုးလင်းက ပြုံးဖြီးပြနေတာမို့ နေချိုသွေးနှင့် ရောယောင်ကာ အံကြိတ် တက်ခေါက်မိသည်။

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံမှာ ထိုင်ပြီး လွယ်အိတ်ကို စားပွဲပေါ်တင်ဖို့ ပြင်လိုက်[...] မှာပဲ ပန်းဆီရောင်ရင့်ရင့် နှင်းဆီတစ်ပွင့် ကြွားကြွားဝံ့ဝံ့ နေရာယူထာ[...] တာကို မြင်လိုက်ရသည်။

သူမနေရာမှာ ဒါ ဘယ်သူလာထားသွားတာလဲ။ ဘယ်[...] လက်ချက်လဲ။ တစ်ခန်းလုံးကို ဝေ့ဝဲကြည့်စရာမလို။

ပြုံးဖြီးနေသော စိုးလင်း မျက်နှာကြီးက သူလုပ်ထားတာ ဟု[...] မှန်ကြောင်း သက်သေခံလျက် ရှိသည်။

"ရော့ ဟယ် နှင့်ဟာနှင် ပြန်ယူ"

စိတ်တိုတိုနှင့် စိုးလင်း မျက်နှာကြီးကို နှင်းဆီပန်းနှင့် ပစ်ပေ[...] လိုက်သည်။ စိုးလင်းက ချော်ကျသွားသော နှင်းဆီပန်းလေးကို အငမ်း[...] လိုက်ဖမ်း၍ နမ်းရှိုက်မွှေးကြူနေသည်။

"ဟဲ့ ဘာဖြစ်နေတာလဲ ရှူးရှူးရှားရှားနဲ့ မျက်စောင်းတွေလ[...] ထိုးလို့"

အေမီ အနားရောက်လာပြီးပြောမှ ထိုင်ခုံမှာ ဆောင့်ခနဲ ထို[...] ပြီး

"ဟိုမှာလေ ဟိုသေနာကောင် ငါ့စားပွဲပေါ် နှင်းဆီပန်းလာ[...] ထားတာနေမှာပေါ့။ အလိုလို စိတ်တိုနေပါတယ်ဆိုမှ မျက်နှာရှူးနဲ့ လာ[...] နေတယ်၊ အမြင်ကတ်ကတ်နဲ့ သူ့မျက်နှာကို ပြန်ပစ်ပေါက်လိုက်တာ[...]



"သူ နမ်းနေတဲ့ နှင်းဆီပန်းလား"

"ဟုတ်ပ။ မျက်နှာက ကျောက်ကျောရေပက်ထားသလို ပြောင်[...]ဲပြောင်နိုင်လွန်းတယ်"

"သူ့ချစ်သူလို့ သတ်မှတ်ထားတဲ့ နင့်ကို မြတ်မြတ်နိုးနိုးနဲ့ [...]န်းပေးတာနေမှာပေါ့ဟယ်၊ နင်က ပန်းနဲ့ပေါက်တာကိုလည်း ကျိုစယ် [...]ယ်လို့ ထင်နေတာ နေမှာ"

"အလကား ဖွန်ကြောင် အရူး။ မျက်နှာကြီးကို ကုတ်ဖဲ့ဆွဲပစ် [...]ချင်တယ်"

"ကဲ ကဲ တော်တော့၊ ဓာတ်ိမှာ ဆရာလာနေပြီ"

ပွစိ ပွစိ ဆဲဆိုရေရွတ်နေဆဲ အေမီ လက်တို့သတိပေးတာမှ [...]ငြိမ်ငြိမ်သက်သက် ကျွန်ုပ်ရရ နေလိုက်ရပါ။

နေချိုသွေးက သူမတို့အဖြစ်ကို သတိထားမိပုံပင် မပေါ်။ ထိုနေ့ [...]တစ်နေ့က အရာရာကို စိတ်တိုင်းမကျစွာဖြင့်. . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

အိမ်အတွက်မှာပင် မိုးဖွဲလေးတွေ ဖြိုင်ဖြိုင်ကျနေပေမယ့်

သမီး ထီးယူမလာမိ။ ဂျူလိုင်လမှာ မွေးလို့ မိုးရာသီကို ချစ်သလို

တွေ မိုးကာတွေနှင့် အကာအကွယ် မယူချင်။ ပတ်ဝန်းကျင်အမြင်

ထီးလေးတစ်ချောင်းတော့ လိုအပ်သော်လည်း အမှတ်တမဲ့ဟန်ဖြင့်

ခံရတာက အရသာတစ်ခုပင်။

"ဟား အေမီစုတ် စောင့်ချင် စောင့်နေမှာ"

အတွေးနှင့်ပင် အအေးဆိုင် ခြံဝင်းလေးထဲ ကားကွေ့ဝင်လို

သည်။ ကားပါကင်နှင့် အအေးဆိုင်အတွင်းက အနည်းငယ်လှမ်းတာ

သူမ တစ်ကိုယ်လုံး မိုးရေအနည်းငယ် စိုရွှဲသွားသည်။

ဆံနွယ်တွေကို ဖျပ်ဖျပ်ခါ၍ ထိုင်နေကျစားပွဲမှာ အေမီကို





ကြည့်ပေမယ့် မတွေ့။ မိုးရွာနေတာမို့ အလာနောက်ကျနေတာ ဖြစ်မည်။

မိုးအေးနေတာတောင် ရေခဲမုန့်နှစ်ပွဲ မှာပြီးမှ ထိုင်ခုံမှာ ဝင်

ထိုင်လိုက်၏။

"ဟင်"

အအေးဆိုင်မှာ တွေ့ရခဲသော စိုးလင်းက ကော်ဖီတစ်ခွက်

သောက်ကာ မိုးဝင်ခိုတာ ဖြစ်သည်။ ရှေ့ဆုံးစားပွဲမှာ ထိုင်ရင်းဖြင့် သူ

များတွေအကုန်ပေါ်အောင် သူမကို လှမ်းပြုံးပြနေ၏။

"ဟား ကျက်သရေတုံးလိုက်တာ"

ဆတ်ခနဲ မျက်နှာအလွှဲမှာ မမြင်ချင် မကြည့်ချင်ဆုံး နေချိုသွေး

မျက်နှာကို ပြုန်းခနဲ တွေ့လိုက်ရသည်မို့ အသံထွက်ကာ ကျိန်ဆဲလိုက်မိ

၏။

နေချိုသွေးကလည်း သူမကိုမြင်တော့ နှုတ်ခမ်းအစုံမဲ့ပစ်လိုက်

၏ သူငယ်ချင်းတွေဘက် လှည့်ကာ ဟေးလားဝါးလား စကားတွေ

ပြောသည်။

သူမမှာတော့ အေမီ ရောက်မလာသေး၍ တစ်ယောက်တည်း

ကြောင်တောင်တောင်။

"မောင်လေး ရေခဲမုန့်နောက်နှစ်ပွဲပေးပါ၊ ဒီတစ်ခါ ချောကလက်

နော်"



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးအေးမှာ ခါးစိမ့်သည့် အရသာလေး စားချင်သည်မို့ နောက်ထပ် မှာလိုက်ပြီး အေမီအလာကို စောင့်နေရှိသော်လည်း ခုချိန်ထိ ရောက်မလာ။

"သွေး မင်း နွေမိုးဆောင်း ဘယ်ရာသီကို အချစ်ဆုံးလဲ"

"ငါလား ငါ့မေမေက ငါ့ကို မိုးတွေသည်းသည်းမည်းမည်း ရွာတဲ့ အချိန်မှာ မွေးတာတဲ့၊ ငါ မိုးရာသီကို ချစ်တယ်၊ ခုလို မိုးရွာ အချိန်ဆိုရင် မိုးရေထဲမှာ လျှောက်ပြေးဆော့နေရတာကို ကြိုက်တယ် ဒါကလည်း ငယ်ငယ်ကပဲ ကောင်းတာပါကွာ၊ ကြီးလာတော့ ရပ်ကွက် က ကောင်တွေနဲ့ ဘောလုံးကန်တာလောက်ပဲ ကောင်းပါတော့တယ်"

"ချစ်သူတွေ ဘာတွေထားပြီးရော စိတ်ကူးယဉ်မကြည့်ဖူး လား"

"အင်း တစ်ခါတလေတော့ စိတ်ကူးယဉ်ကြည့်တယ်ကွ၊ ချစ် ပန်းကိုဖက်၊ ချစ်သူလက်ကို တွဲဆုပ်ပြီး မိုးရွာကြီးထဲမှာ အချိန်အကြာ လမ်းလျှောက်ချင်တယ်၊ ပြီးတော့ မိုးသီးမိုးပေါက်တွေ ခိုသီးပြီး ရွှဲ နေတဲ့ ချစ်သူမျက်နှာလေးကို တမေ့တမော ငေးကြည့်ချင်တယ်"

"ဟာ မင်း အိုင်ဒီယာက လန်းလှချည်လား"

"ဟယ် သွေးရယ် သွေးချစ်သူနေရာကနေ တို့ရင်ခုန်လိုက် တကယ်ပဲ"





"အာ ရုပ်ကြမ်းကြီးနဲ့ လာနွဲ့မနေစမ်းပါနဲ့၊ ဗီးလ်တောင် ပျက် တယ်၊ နှုတ်ခမ်းမွှေးနဲ့ ထဘီစကပ် ဝတ်တာ အရမ်းကြည့်ရဆိုးတာ အား ဟား"

အုတ်အော်သောင်းနင်း ရယ်သံတွေ စကားပြောသံတွေကြောင့် သူမစိတ်တွေ အချဉ်ပေါက်ကာ တစ်ခုခု ထလုပ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့ သို့အကြောင်းလည်း မပါ၊ ကိုယ်နှင့်လည်း မဆိုင်တာမို့ ရေခဲမုန့်တွေကို သာ တစ်ခွက်ပြီးတစ်ခွက် ခေါင်းငုံ့စား၍ စိတ်ဖြေရသည်။

ဆိုင်ထဲက တခြားစားသုံးသူ ကာစတမ်မာတွေကိုလည်း အား နာ။ တကယ်ဆိုးတဲ့ ဟာတွေ။

အရေးထဲ မိုးကလည်း မတိတ်။ အေမီကလည်း မလာ။ သင်တန်းချိန်လည်း နီးပြီမို့ သင်တန်းသူ သင်တန်းသားတချို့နှင့် စိုးလင်း ရော နေချိုသွေးတို့အဖွဲ့ရော ထပြန်သွားကြသည်။

သူမလည်း ဒီအတိုင်း အေမီကို ထိုင်စောင့်နေလို့မဖြစ်။ စားပွဲ ထိုးလေးကို ပိုက်ဆံခေါ်ရှင်းပြီး စလင်းဘတ်အိတ်ကောက်လွယ်ကာ ထွက် လာခဲ့သည်။

ဆိုင်ရှေ့ပေါ်တီကိုအောက်ရောက်မှ သူမ ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်ရ၏။ မိုးက အငြိုးကြီးစွာ သည်းသည်းဖြိုင်ဖြိုင်။

ဒီအတိုင်း ကားဆီရောက်အောင် ပြေးလျှင် မိုးရေတွေ စိုနိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းတောင် တက်ရမှာမဟုတ်။

"မမလေး ဒီမှာ ထီးပါခင်ဗျ"

"ဟင်"

စားပွဲထိုးလေး အနားကပ်ကာ ထီးဖွင့်ပေးတာမို့ သူမ လိုက်ခဲ့ ဝမ်းသာသွားရသည်။

"ဩော် မင်းတို့ဆိုင်က ဝန်ဆောင်မှုကောင်းသားပဲ၊ မမကို ဒီထီးနဲ့ ကားနားအထိ လိုက်ပို့မှာလား"

"လိုအပ်ရင်တော့ လိုက်ပို့မလို့ပါ၊ ဒါပေမဲ့ ဒီထီးက မမလေး ထီးဆိုတော့ ကျွန်တော် လိုက်မပို့တော့ဘူးနော်၊ ဖြစ်တယ်မဟုတ်လား"

"ဘာ ထီးက ဘယ်လိုလုပ် မမထီးဖြစ်ရမှာလဲကွဲ့၊ ဒီကိုလာ ကတည်းက မမ ထီးပါမလာခဲ့ပါဘူး"

"ဟုတ်ကဲ့ ပါမလာတာ သိပါတယ်၊ အစ်ကိုကြီးတစ်ယောက်က မမအတွက် ပေးသွားတာပါ"

"ဟင် ဘယ် ဘယ်သူလဲ"

"ကျွန်တော်လည်း မိုးနဲ့လေနဲ့ဆိုတော့ သေချာသတိမထား လိုက်ပါဘူးခင်ဗျာ၊ မမလေးကို ထီးပေးဖြစ်အောင် ပေးလိုက်ပါလို့ ပြောပြီး ထွက်သွားတာပါ"

"အို ငါ့ဥစ္စာမှ မဟုတ်တာ၊ မယူချင်ပါဘူး၊ မင်းဘာသာ အဲဒီထီး





ပြန်လာမှ ပေးလိုက်"

သူမ ဆောင့်အောင့်အောင့်ပြီး ခြေလှမ်းပြင်တော့ ကောင်လေး က ပျာပျာသလဲ သူမရှေ့မှ ပိတ်ရပ်ကာ

"ဟာ အဲ အဲဒီလို မလုပ်ပါနဲ့ မမလေးရယ်၊ ကျွန်တော် ယူ ထားလိုက်ရင် ဆိုင်ရှင်နဲ့ ပြဿနာ တက်ပါလိမ့်မယ်၊ အလုပ်ထုတ်ခံရတဲ့ အထိတောင် ဖြစ်သွားနိုင်ပါတယ်၊ မမလေးကို ပေးခဲ့တာဆိုတော့ မမလေး ပဲ ထီး မမလေး ယူသွားလိုက်ပါ"

"အာ ဘာတွေမှန်းမသိဘူး တအားရှုပ်တာပဲ ပေး ပေး"

လုလုပပ အကြည်ရောင် ထီးလေးကို မကျေမနပ်နှင့်ပင် ဆောင့်ဆွဲယူပြီး ထွက်လာခဲ့ရသည်။

ဘယ်လိုအရှုပ်ထုပ်ကများ သူမအတွက် ရည်ရွယ်ပြီး ထီး ပေးခဲ့ပါလိမ့်။ ဟား ဟိုမျက်နှာရှူး စိုးလင်းပဲ ဖြစ်မှာပေါ့။

"ဟဲ့ ထီးတွေဘာတွေနဲ့ ဘဝင်မြင့်ပြီး ငါ့ကိုတောင် မမြင်ပါ လား"

"အေမီ အစုတ်ပလုတ်မ ခုမှ ငါ့ကို ဘာတွေလာပြောနေတာလဲ၊ နင့်ကိုစောင့်နေတာနဲ့ အခုလို ဖြစ်တာ"

လှေကားအတက်မှာတွေ့သော အေမီ လက်မောင်းကို ခပ်နာနာ လေး ထုပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မိုးရွာနေတာနဲ့ အအေးဆိုင် မဝင်တော့ဘဲ သင်တန်း

ကနေ နင့်အလာကို စောင့်နေတာပေါ့။ အခုမှ သူများတွေ ရောက်လာ

အထိ နင်မလာလို့ ဆင်းလိုက်လာတာ၊ ဒါနဲ့ အဲဒီထီးက ဘယ်သူ့ထီးလဲ"

"မသိပါဘူး။ ဘယ်သေနာကောင် ငါ့အတွက်ဆိုပြီး ပေးသွား

ဟိုဖွန်ကြောင် စိုးလင်းပဲ ဖြစ်ချင်ဖြစ်မှာ"

"ချစ်သမီး နင် အရမ်း စန်းထနေတယ်နော်၊ စိုးလင်းချည်း

လည်း၊ နင် သိပ်အပြစ်မြင်မနေနဲ့၊ တခြားတစ်ယောက်ယောက်လည်း

ဖြစ်ချင်ဖြစ်နိုင်တာပဲ"

"အေးဟဲ့ ငါလည်း အဲလိုတော့ တွေးမိတယ်၊ ဘာဖြစ်လို့

ဆိုတော့ စိုးလင်းက သူ့ကိုယ်သူတောင် သဒ္ဓါတာ မဟုတ်ဘူး၊ ပြီးတော့

မျက်နှာပြောင်တဲ့နေရာမှာလည်း အရှက်မရှိဘူး။ ဒီလို ငါ မသိအောင်

ခိုးကြောင်ခိုးဝှက် လုပ်ပါ့မလား"

"ဟုတ်တော့လည်း ဟုတ်တယ်၊ ဒါဆို ဘယ်သူဖြစ်နိုင်လဲ"

"ဘယ်သူဆိုတာ သိရင် ဂုတ်ဆွဲပြီး ပါးရိုက်ပြီးနေပြီပေါ့"

"အေး အဲဒါထားပါ၊ ဒီထီးကြီး ဘယ်လိုလုပ်မှာလဲ၊ အခန်း

အထိ ယူရင် မိုးရေတွေ စိုကုန်လိမ့်မယ်"

"မယူပါဘူး အမှိုက်ပုံးထဲ ထည့်ခဲ့မှာ"

"ဟယ် ထီးလေးက လှကလှနဲ့ နှမြောစရာဟယ်၊ ငါ့ကို ပေး





ား"

"နင် အဲလောက်တောင် ငတ်နေလား။ ရှုပ်ရှုပ်ယှက်ယှက်

က်မောမနေနဲ့၊ နင်လိုချင်ရင် ငါ အသစ်ဝယ်ပေးမယ် ထားလိုက်"

စိတ်ဆိုးဆိုးနှင့် ကော်ရစ်တာထောင့်ချိုးမှာထားသော အမှိုက်ပုံး

ထဲ ဗုန်းခနဲ ပစ်ထည့်လိုက်သည်။

ထိုထီးပိုင်ရှင် စိတ်ဆိုးဒေါသထွက်နေမလား။ နှမြောတသနေ

လား မသိ။

ချစ်သမီးကတော့ ဘာကိုမှ အလေးအနက် မရှိခွာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကိုယ့်မွေးနေ့ကိုယ် အလေးအနက် မရှိလို့ မဖြစ်ဘူး သွေး အိမ်မှာဘုန်းကြီးဆွမ်းကျွေးချင် ကျွေး၊ ဘုန်းကြီးကျောင်းသွားပြီး ဆွမ်း ချိုင့်ပို့ချင်ပို့၊ ဒီလောက်တော့ လုပ်ရမှာပေါ့"

"အာဗျာ အဲလိုလုပ်ရင် ဆွမ်းတရားနာရမယ်၊ ပြီးရင် ဖေဖေနဲ့ မေမေကို အမှျအတန်း ဝေရမယ်၊ အဲလိုလုပ်တိုင်း သွေး အရမ်းဝမ်းနည်း တယ်ဗျ"

"ဟယ်တော် ဖအေ မအေ အမှျအတန်းပေးဝေတာပဲ၊ ဘာလို့ ဝမ်းနည်းရတာလဲ"

"မကျွတ်မလွတ်လို့ အမှျဝေနေရသလို ခံစားရတယ်၊ အဲလို အချိန်ဆိုရင် ငါ့မိဘက ပြိတ္တာဘဝကြီးနဲ့ သာဓုခေါ်နေတာလား၊ ဘယ်လို





ဘဝကြီးနဲ့လဲ၊ သာဓုမှ ခေါ်နိုင်ရဲ့လား၊ အစိမ်းသရဲဖြစ်နေရင် ငါ့ကို ဘာလုပ်လိုက်မလဲနဲ့"

"ဟယ် ပေါက်ကရတွေ ပြောနေတယ်ဟယ်၊ ငါ့ကို ကြက်သီး ထအောင်"

ဒေါ်ယဉ်ကျေးနွယ် ကြက်သီးထ အနေကျုံ့ကာ နေချိုသွေး ဆက် တိုးကပ်ထိုင်သည်။ နေချိုသွေးက ပြုံးချင်နေပေမယ့် ကြောက် ချင်ဟန်ဆောင်ကာ ပခုံးတွန့်လိုက်ပြီး

"သွေး ခဏ ခဏ အိပ်မက်မက်တယ်၊ အဲလို အမှျအတန်း ဝေလိုက်ရင် ဖေဖေ မေမေတို့တင် မဟုတ်ဘူး၊ တခြား နာနာဘာဝတွေ ပါ သာဓုခေါ်ချင်လွန်းလို့ဆိုပြီး တိုးဝှေ့လိုက်လာကြတာ၊ တချို့က အစွယ်ငေါငေါ၊ တချို့က အဝတ်အစားမပါ၊ ကိုယ်လုံးတီးနဲ့ တချို့ဆို ဆံပင်ဆိုးပန်းဆိုး လျှာတစ်လစ် ခေါင်းအကြီးကြီးတွေနဲ့ဗျ"

"ဟဲ့ သွေးရယ် တော် တော်ပါတော့ ငါ ကြောက်လို့ပါ၊ မမတို့ က အဲလိုကြီးတွေ ဖြစ်မယ် မထင်ပါဘူး၊ လူ့ဘဝတုန်းက ကုသိုလ် ကောင်းမှုတွေ အများကြီး လုပ်တဲ့ သူတော်ကောင်းတွေပါ"

"အဲဒါ ပြောတာပေါ့၊ ဖေဖေ မေမေတို့က သူတော်ကောင်းတွေ မို့ ကျွတ်လွတ်ပြီး လူ့ဘဝပြန်ရောက်၊ အပျိုလူပျိုတွေဖြစ် ချစ်ကြိုက်၊ အိမ်ထောင်တွေကျ၊ ကလေးတွေတောင် မွေးနေလောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ဟယ်၊ ကုသိုလ်လုပ် အမှုအတန်းဝေတော ပေး
လုပ်ရမှာပဲ၊ နင်လည်း အရင်ကတော့ နှစ်တိုင်းလုပ်နေပြီး ဒီနှစ်ကျ
ဘာဖြစ်နေတာလဲ"

"ချစ်သမီးဆိုတဲ့ ကောင်မလေး သူ့ဆိုင်မှာ မွေးနေ့ပွဲ လုပ်ပေး
ဆိုလို့ပါ"

"အဲဒါ ဘာဆိုင်လဲ၊ သူ့မွေးနေ့ သူ့ဘာသာလုပ်၊ မင်းဘာသာ
လုပ်ပေါ့"

"အာဗျာ မဖြစ်ပါဘူး၊ သူလုပ်လို့ လိုက်လုပ်တယ် အပြော
နေရဦးမယ်၊ ဘယ်လောက် အမြင်ကတ်လည်းဆိုရင် အဲလိုကို အထင်
ချင်တာ"

"အမလေးဟယ် အဖြစ်သည်း အကဲပိုနေလိုက်တာ"

"အား နာတယ်ဗျ ယဉ်ယဉ်ရ"

စိတ်ဆိုးဆိုးနှင့် ပေါင်တွင်းကြော လိမ်ဆွဲတော့ နေချို
ငယ်သံပါအောင် ထအော်သည်။

"နင် ငါ့ရှေ့မှာ ချစ်သမီး အမုန်းတရား လာမဖွင့်နဲ့၊
ဘယ်လောက် မုန်းမုန်း ချစ်သမီးကို လက်ထပ်ရမှာ"

"လုပ်ပြန်ပြီ ယဉ်ယဉ်ရာ၊ ချစ်သမီးနဲ့ ပေးစားမယ့်အစား ရွေး
လေးတစ်ကောင်ကို အမြီးဖြတ် ပေးစားစမ်းပါ၊ သွေး မငြင်းဘဲ





ယူလိုက်မယ်"

"အမလေးဟယ် ကြည့်စမ်းပါဦး၊ နင်က ခွေးနဲ့ပဲ တန်တဲ့ကောင်
ဘာ။ ချစ်သမီး မလိုချင်တာနဲ့များ ငါတို့က ခွေးမျိုးဖြစ်ရဦးမယ်"

"မသိဘူးဗျာ ဖြစ်သင့်ရင်လည်း ဖြစ်မှာပဲ၊ ချစ်သမီးတော့
ယူဘူး"

"ဟဲ့ ညမိုးချုပ်တော့မယ်၊ ဒါက ဘယ်လဲ၊ အေး ချစ်သမီးကို
ယူချင်ရင် နင် အိမ်ပြန်မလာခဲ့နဲ့၊ တကတည်း ဘယ်ကိုများ ခွေးဖာတ်
သွားခင်ဦးမလို့လဲ မသိဘူး"

ယဉ်ယဉ် ဘယ်လောက်ပဲ ပျစ်ပျစ်နှစ်နှစ် ဆဲဆိုနေနေ နားနှစ်
ဖက်ကို ပိတ်ကာ နေချိုသွေး ထွက်လာခဲ့သည်။

လျှောက်နေရင်းဖြင့် မင်းစိုးဆီ ဖုန်းလှမ်းဆက် လမ်းထိပ်
လက်ဖက်ရည်ဆိုင်မှာ ဆုံဖို့ ချိန်းလိုက်၏။

ဆိုင်ကို သူက အရင်ရောက်ကာ မင်းစိုးက နောက်မှ ကသုတ်
ကယက် ရောက်လာသည်။

"ဘာအရေးကြီးကိစ္စရှိလို့လဲ၊ ချစ်သမီးနဲ့ လက်ထပ်ဖို့ပဲလား"

"ဒါပဲပေါ့ တကယ်လေတယ် အဲဒီ ချစ်သမီးဆိုတဲ့ ကောင်မလေး
ဘယ်လို ရေစက်ဆိုးလည်း မသိပါဘူးကွာ"

"မင်း သူ့ကို တကယ်မုန်းတာလား သွေး"



www.burmeseclassic.com

www.burmeseclassic.com



"အလကား အပျင်းပြေ မုန်းတယ်ဆိုတာ ရှိပါ့မလား၊ အထ ကြီး မာနကြီးနဲ့ ငါကတော့ လုံးဝ အထင်မကြီးဘူး"

ထိုသို့ တစ်လုံးကြီး ပြောလိုက်ရမှ သူ့ရင်ထဲ ပေါ့သွားသလို ဘာတွေ လေးပင်နေမှန်း မသိဘဲ သူ့ရင်ထဲ တင်းတင်းကျပ်ကျပ် ဖြ နေတာ ဘယ်လောက်ကြာပြီလဲ။

ချစ်သမီးနှင့်ပတ်သက်သမျှ ယဉ်ယဉ်နှင့်လည်း စကား ပြဿနာ ဖြစ်ရသည်။ ချစ်သမီးကို လက်မထပ်လျှင် အိမ်ကို ပြန်မ နှင့်ဟုတောင် အမိန့်ထုတ်၏။

ဒီမိန်းကလေးက ဒီလောက်တောင် အရေးပါနေလား။

ယဉ်ယဉ်ပြောလိုက်တာ အတည်မဟုတ်လည်း သူ့ရင် တဆတ်ဆတ် စူးရှနေသည်။

ဘာလုပ်ရမလဲ။ ချစ်သမီးကို ဘာလုပ်ပစ်ရမလဲ။

"ချစ်သမီးကို ငါ မကျေနပ်ဘူးကွာ"

"လုပ်ပြန်ပြီ အဲဒါက မင်း ပြောလို့ ငါ သိပါတယ်၊ အခု က ဘာလုပ်ချင်တာလဲ"

"သူ့အဖေက ငါနဲ့ လက်ထပ်ဖို့ ပြောထားပြီးပြီလား မသိ မျက်နှာကြောက အရင်ကထက်တောင် ပိုတင်းနေသေးတယ်"

"အေးလေ မင်းအဒေါ်တောင် မင်းကို ပြောတယ်ဆိုရင်





အဖေကလည်း သူ့ကိုပြောပြီးရောပေါ့၊ သူလည်း မင်းလိုပဲကျေနပ်မှာ ည်း မဟုတ်ဘူး၊ လက်ခံမှာလည်း မဟုတ်ဘူး၊ အဲ့တော့ အံ့ဩစရာပဲ င်း ဒီလောက်မုန်းနေတဲ့ လူနှစ်ယောက်က ဒီလိုပတ်သက်မှုမျိုး ရှိလာရ တယ်လို့"

"ချစ်သမီးကို ငါ တိုက်ရိုက်မေးကြည့်ရင် ကောင်းမလား မသိ"

"ဟိုက ကောလွှတ်မှာပေါ့၊ မင်း ခံနိုင်ရည်ရှိလို့လား"

"သည်းခံဖို့တော့ တွေးမထားပါဘူး၊ သူ ဘာပြောပြော တူညီတဲ့ ပြန်မှုတော့ ပြန်ပေးမှာပဲ"

"ဒီအတိုင်းလေး ယဉ်ယဉ်နဲ့ ဆင်ဇွေရန်ရှောင် တိုင်ပင်ကြည့် လားကွာ၊ မင်းနဲ့ချစ်သမီး ထိပ်တိုက်ဆုံရင် ဘာတစ်ခုမှ ကောင်းလာ မရှိဘူးနော်"

"နိုင်ဦးကို သူ့ဘက်က အခြေအနေ စုံစမ်းခိုင်းရင်ရော ကောင်း"

"အေး အဲဒါ မဆိုးဘူး၊ မင်းဘက်က အကြောင်းသိချင်လို့ အားဖွချင်လည်း ဖွနိုင်တယ်၊ ဒါမှမဟုတ် သူ့စိတ်ရင်း အမှန်ပြောချင် ည်း ပြောမှာပေါ့"

မင်းစိုး စကားကြောင့် နေချို့သွေး လက်ဖြောက်တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



တီးကာ

"အဆုံးသတ်လုအောင် လူကြီးမိဘတွေကို လွန်ဆန်သင့်

လွန်ဆန်ရမှာပဲ၊ ချစ်သမီးကိုတော့ ငါ လုံးဝ အောက်မကျို့နိုင်ဘူး"

"သူ့ဘက်ကစပြီး အရှုံးပေးရင်ရော"

"ဒါက မဖြစ်နိုင်တဲ့ စိတ်ကူးယဉ်မှုပဲ၊ ငါတို့နှစ်ယောက်

တူညီတဲ့ မာနတွေရှိတယ်"

"ဒါတော့ သိသားပဲ၊ ဒါပေမဲ့ မင်းတို့နှစ်ယောက်ရဲ့ တူညီ

က တစ်ခု နှစ်ခုတည်း မဟုတ်ဘူးနော်"

ငါ သိပါတယ်ဟု မင်းစိုးကို အကြောင်းမပြန်ဖြစ်။ ရေခဲ

လောက် အရသာမတွေ့သော ကော်ဖီတစ်ခွက်ကို ပါးစပ်မှာ တော့

သောက်ရင်း ချစ်သမီးဆို လက်ဖက်ရည်ဆိုင်တောင် ထိုင်ဖြစ်မှာမဟု

ဘူးဟု တွေးဖြစ်သည်။

ရေခဲမုန့်အေးအေးလေးကို ဇွန်းလေးနှင့် ခပ်စားရတာက

■ ■ ■

အခန်း (၂၂)

ဆိုင်မှာပင် အကျဉ်းချုံး လုပ်ဖြစ်လိုက်သော မွေးနေ့ပွဲလေးကို

ရောက်ကြသည့် မိတ်ဆွေသူငယ်ချင်းများအတွက် ရေခဲမုန့်နှင့်

တ်သာ ကျွေးလိုက်သည်။ တကူးတက အချိန်ပိုလည်း ရှိမှမရှိတာ။

ဆိုင်က ဝန်ထမ်းတွေနှင့် အေမီကိုတော့ ညစာကျွေးပါမည်ဟု

တိပေးထားပြီး လက်ဆောင်မပေးတဲ့သူ မလိုက်ရလို့ ရာဇသံ ထုတ်

သည်။

တခြားအချိန်တွေမှာ လက်ဆောင်ပဏ္ဏာ မမက်မောပေမယ့်

နေ့တစ်နေ့မှာတော့ အမှတ်တရလေးတွေ လိုချင်မိသည်။ လူများများ

စား ဖိတ်ထားတာ မဟုတ်ပေမယ့် စားပွဲပေါ်မှာ လက်ဆောင်ပစ္စည်း

ကင်ဘူးလေးတွေကို မြင်ရတော့ သူမရင်ထဲ အလိုလို ကြည်နူးပျော်

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

"ဟဲ့ ချစ်သမီး တခြားဆိုင်နားနီးချင်းတွေကို ဖိတ်ပြီး နေချိ
ဆိုင်တစ်ဆိုင်တည်း ကွက်ချန်ခဲ့တာတော့ မကောင်းဘူး ထင်တယ်နော်
နင် အဲလို မလုပ်သင့်ဘူး"

"ဘာလို့ မလုပ်သင့်ရမှာလဲ၊ ကိုယ့်မွေးနေ့ပွဲကိုယ် ဖိတ်ချင်
ဖိတ်မှာပေါ့၊ ဖေဖေကလည်း ပြောတာပဲ ဖိတ်သင့်တယ်တဲ့ ကြီးကြီးကျယ
ကျယ် လည်း လုပ်တာ မဟုတ်ဘဲနဲ့ မဖိတ်ဘူးလို့ ပြောပစ်ခဲ့တယ်"

"နင်ကဟယ် ကိုယ်မုန်းတာက မုန်းတာပဲ၊ လူမှုရေးဆိုတာ
ရှိသေးတယ်၊ ဒီလိုလေးလုပ်လိုက်တာနဲ့ နင်တို့ချင်းလည်း ပြေလည်သွာ
နိုင်တာပေါ့"

"အံမယ် မပြေလည်ချင်ပါဘူး၊ ဘယ်သူက ပြေလည်ချင်တယ်
ပြောလို့လဲ၊ ဒီလိုလူမျိုးနဲ့ တစ်သက်လုံး အနေဝေးလေ ကောင်းလေ"

"နင် မာနကြီးတာတော့ဟယ် တကယ်လက်လန်တယ်၊ ကဲ
ပွဲလည်းပြီးနေပါပြီ၊ ပြောမနေချင်တော့ပါဘူး၊ အခု လက်ဆောင်ပစ္စည်း
တွေကို ညစာစားပြီးပြန်လာမှ ဖောက်မှာလား အခု ဖောက်မှာလား"

"အခုဖောက်မှာပေါ့၊ ညစာသွားစားဖို့က စောပါသေးတယ်
နှင်းနှင်းတို့ကို ခေါ်ပြီး အဲဒီပစ္စည်းတွေ ငါ့အခန်းထဲ ပို့ခိုင်းလိုက်"

"ဟုတ်ကဲ့ အမိန့်တော်အတိုင်းပါ၊ ကျွန်တော်မျိုးမလည်း သ





ခဲ့ပါမယ် ကြွ ကြွ"

"ကောင်းပေစွ ငယ်ကျွန်ကြီး ကောင်းပေစွ"

စိတ်ပျော်နေသည်မို့ အေမီကို ထိပ်ပုတ်ခေါင်းပုတ် စနောက်ပြီးမှ သူမ ရုံးခန်းလေးအတွင်း ဝင်လာခဲ့သည်။ အေမီနှင့် နှင်းနှင်းက လက်ဆောင်ပစ္စည်းတွေ လိုက်ပို့ကြ၏။

ခင်ရာမင်ရာ မိတ်ဆွေများနှင့် ဝန်ထမ်းလေးတွေက သူတို့နာမည်လေးတွေနှင့် လက်ဆောင်ပစ္စည်းတွေမှာ အမှတ်တရ ဆုတောင်းစကားလေးတွေ ရေးထိုးထားကြသည်။

အရုပ်တွေ နာရီတွေ၊ ရေမွှေးပုလင်းတွေနှင့် ပန်းချီကားလည်းပါသည်မို့ တစ်ခုပြီးတစ်ခု ယူကြည့်ရင်း သူမ ပျော်ရွှင်နေသည်။

"ဟဲ့ ချစ်သမီး ဒါလေးက နာမည်မပါဘူးဟဲ့၊ ဘယ်သူပေးတာလဲ မသိဘူး"

အေမီက ပါကင်ဘူးလေးကို ဖွင့်၍ အထဲက ရတနာဘူးလေးကို ယူပြသည်။ သူမ စိတ်ဝင်တစား ဆွဲယူဖွင့်ဖောက်ကြည့်လိုက်၏။

"ဟယ် ဖုချိန်းလေးပါလား လှလိုက်တာဟယ်"

ချစ်သမီး ဝမ်းသာအားရပင် ဖုချိန်းလေးကို ကိုင်မြှောက်ပြီးမြူးမြူးလေး အော်လိုက်မိ၏။ သစ်ရွက်ပုံစံလေးတွေ ခေါင်းလောင်းလေးတွေက သေးသေးလေးတွေမို့ ပလက်တီနမ်ဖုချိန်းလေးက မရိုးဆန်း

www.burmeseclassic.com



လေး ချစ်စရာကောင်းနေသည်။

"ဒါ ဘယ်သူပေးတာလဲ မသိဘူး။ ငါ့ဘတ်ဒေးအတွက် ကြိုတ
ကို စီစဉ်ထားတဲ့ ပုံစံပဲ၊ နာမည်ရှာကြည့်ပါဦးဟယ်၊ ကျေးဇူးတင်စကာ
ပြောရအောင်"

"ငါလည်း ရှာကြည့်နေတာပဲ၊ တွေ့မှ မတွေ့တာ တခြားဟာတွေ
က နာမည်တွေ အကုန်ပါတယ်"

"ဘယ်လိုအဓိပ္ပါယ်လည်း မသိဘူးနော်"

"နင် စိုးလင်းကို ဖိတ်ထားသေးလား"

"အဲဒီ ဖွန်ကြောင်ကို ငါက ဖိတ်စရာလား။ သူ သိမှာစိုး
တောင် သင်တန်းကလူတွေကို မဖိတ်ဘူး၊ ဆရာတွေကိုတော့ အားနာ
တယ်"

"အေး ထူးတော့ ထူးဆန်းနေပြီ လှို့ဝှက်ချက် ပဟေဠိတွေ
နင့်ကို တစ်ယောက်ယောက် ချည်းကပ်နေတာတော့ သေချာတယ်
ဘယ်သူဖြစ်နိုင်လဲ နင် ခန့်မှန်းကြည့်ပါလား"

အေမှီအပြောကြောင့် ချစ်သမီး တွေတွေလေး စဉ်းစားကြည့်
ပေမယ့် အဖြေမပေါ်။

"အခုက မသိမသာ ကြိုတ်ပုန်းခုတ်တဲ့ခေတ်မှ မဟုတ်တာ
ငါ စဉ်းစားကြည့်ရသလောက် စိုးလင်းပဲ ရှိတယ်"





"ဟဲ့ စိုးလင်းက အဲလိုစိတ်ကူးယဉ်ဆန်ဆန် လုပ်မယ့်ကောင်
မဟုတ်ဘူး၊ ရှေ့တည့်တည့် ထိုင်ကြည့်ပြီး ပြောချင်ရာပြောရဲတဲ့ မျက်နှာ
ပြောင်ပြောင် ကောင်စားမျိုးပဲ ပြီးတော့ဒီလောက် တန်ဖိုးကြီးတာ ပေးနိုင်
တဲ့ ရုပ်မျိုးလည်း မဟုတ်ပါဘူး၊ ဒါ ပလက်တီနမ် အစစ်"

"မသိဘူးဟာ နောက်တစ်ခါ ဒီလိုပုံစံမျိုးဆိုရင်တော့ စိုးလင်း
ကို ဂုတ်ခွဲပြီးကို မေးကြည့်မယ်၊ သူသာ သေချာလို့ကတော့ ပါးရိုက်ပြီး
သားပဲ"

"အဲလောက်စိတ်မကြီးစမ်းပါနဲ့ဟယ်၊ ငါတို့လည်း လေ့လာစုံ
စမ်းကြည့်သေးတာပေါ့။ နှင်းဆီပန်းတစ်ခါ၊ ထီးတစ်ခါ၊ အခု ဒီဖူရှိန်းလေး
က တစ်ခါ၊ နေဦး ဖူချိန်းပေးရတဲ့ ရည်ရွယ်ချက်က နင့်ကို ဒူးထောက်
တောင်းပန်ချင်တဲ့ သဘောလား"

"ဘာဆိုင်လို့လဲ"

"ဟိုလေ ကိုရီးယားကားတွေမှာဆိုရင် ကောင်မလေးကို မြတ်
မြတ်နိုးနိုးနဲ့ ဒူးလေးထောက်၊ ခြေထောက်လေးကို ကိုင်ပြီး ဖူချိန်းလေး
တွေ ဝတ်ပေးတတ်ကြတယ် မဟုတ်လား၊ အချစ်ရည်ရွှန်းလက် ရီဝေ
နေတဲ့ မျက်ဝန်းလေးတွေနဲ့ ကောင်မလေးကလည်း ကြည်နူးပြီး ကောင်
လေးရဲ့ နှုတ်ခမ်းလေးကို ဟိုဟာ ဒီဟာ"

"ကဲ တော်ပါ နာရောဂါက ထ ထလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချစ်သမီး အော်လိုက်တော့ ဖီးလ်ဝင်ပြောနေသည့် အေမီ ထ

ဖျပ်တုန်တက်သွားသည်။ ဖုချိန်းလေးကို ကြည့်ပြီး ချစ်သမီး လွှင့်ပ

ခက်၊ ဆုပ်ကိုင်သိမ်းဆည်းထားရခက်။

"ဒါကို ငါ ဘာလုပ်ရမှာလဲ"

"ဟဲ့ ဘာလုပ်ရမှာလဲ သိမ်းထားရမှာပေါ့၊ ဒါမှမဟုတ် ပိုင်

မြင်ရင်ဝမ်းသာအောင် ဝတ်ချင်ဝတ်ထားပေါ့၊ ဒီလောက် တန်ဖိုးကြီး

ကို နှင်းဆီပန်းနဲ့ထီးကို လွှင့်ပစ်သလို လွှင့်ပစ်ချင်သေးလို့လား"

"ဒါကြီးကို ယူထားရမှာ ငါ စိတ်မသန့်ပါဘူး၊ ဘာအတွ

ပေးမှန်း မသိ၊ ဘာမှန်းမသိ"

"ဘာအတွက်ပေးရမှာလဲ နင့်လို ချောချောလှလှ၊ ထက်ထ

မြက်မြက် မိန်းကလေးကို ယောက်ျားလေးတစ်ယောက်က ချစ်လို့ ကြိ

လို့နေမှာပေါ့"

"အဲဒီလူ ဘယ်သူဆိုတာ မသိရတာက ခေါင်းစားတယ

စိုးလင်းတာဆိုရင်တော့ ငါတော့ ဂွမ်းပြီ"

ချစ်သမီး တကယ်ကို စိတ်လေ အုံးစားနေတာပါ။ ဘာမှန်းမ

ဘဲ တစ်စုံတစ်ယောက်ရဲ့ ညှို့ယူဖြားယောင်းခြင်းကို ခံနေရသလိုပ

ဘယ်ထောင့်တစ်နေရာကနေ သူမ အခြေအနေကို စောင့်ကြည့်နေသထ

အနေကျံ့ စိတ်ကျဉ်းကျပ်ရတာမျိုးကို အမုန်းဆုံးမို့ ထိုတစ





တစ်ယောက်ကို သူမ ကျိန်ဆဲပစ်လိုက်ချင်၏။

အခု ပလက်တီနမ် ကြိုးလေးကို သူမ ဘာလုပ်ရမှာလဲ။

လက်ဖဝါးလေးထဲမှာ ဆုပ်ချည်ပိတ်ချည် ဂနာမငြိမ် ဆော့

တစားခံနေရသော ပလက်တီနမ်ကြိုးလေးက အပြစ်မဲ့စွာ. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ကဲ နင်တို့ဘာသာ စားချင်တာ စား၊ သောက်ချင်တာသောက် ဆိုချင်တဲ့သီချင်းဆိုကြ၊ အလွန်အကျွံတော့ မကဲကြနဲ့"

စားသောက်ဆိုင်မှာ ရှယ်ခန်းတစ်ခန်း ယူပြီး လွှတ်ပေးလိုက် တော့ အားလုံး ပျော်ရွှင်သွားကြသည်။ ကာရာအိုကေလည်း ပါတာ သီချင်းတွေဆိုကြ စားကြသောက်ကြနှင့် အားလုံးရဲ့ အပျော်က သူမ ကူးစက်ကာ သူမ ကိုယ်တိုင်လည်း သံစဉ်တွေ ကြားမှာ မြူးမြူးကြွကြွ လေး ဖြစ်နေသည်။

"ဟိတ် တို့လာမယ်နော်"

"ဟင် နိုင်ဦး လာ လာ၊ နင်က ဘယ်လို ရောက်လာတာလဲ"

ခန်းဆီးစလေးကို လှပ်ဟ၍ နိုင်ဦး ကော့ကော့ပျံပျံ ရောက်လာ





တော့ အေမီက သွက်လက်စွာပင် လှမ်းခေါ်သည်။ ချစ်သမီးက အေမီ ခေါင်းကို ဆွဲဆိတ်လိုက်ကာ

"ဘာလို့ ခေါ်ရတာလဲ၊ ကိုယ်တွေက မိန်းကလေးတွေချည်း ဘာကို"

"သူကလည်း ယောက်ျားစစ်စစ် မဟုတ်ပါဘူးဟဲ့၊ သူက အရမ်း ချယ်စရာကောင်းပါတယ်၊ မွေးနေ့မှာ အရမ်းအူတိုမနေနဲ့"

အေမီကို သူမကိုတောင် သဟောက်သဟင်း လုပ်လိုက်သေး၏။ သူမအနေနဲ့လည်း ဘာမဟုတ်တာလေးနှင့် အပျော်တွေ မပျက်စီးစေချင် ၍ ငြိမ်နေလိုက်မိသည်။

"အန်နဲ့ ကောင်းလှချည်လား။ ဘယ်လိုသတင်းရပြီး ရောက်လာ တာလဲ နိုင်ဦး"

"တို့က သွေးတို့နဲ့ ဘီယာသောက်ဖို့ လာတာလေ၊ ဒီဆိုင်က ဝန်ဆောင်မှုကောင်းလွန်းလို့ တစ်ခါတလေ ရောက်ဖြစ်ကြတယ်၊ အခုက အေမီတို့ကို မြင်လိုက်လို့ သွေးတို့ဆီက ခွဲထွက်လာခဲ့တာ ဟင်း ဟင်း သူတို့ကို ကြည့်ရတာ အရမ်းပျော်စရာကောင်းတာပဲနော်၊ တို့က အဲလို နေချင်တာ"

"ကဲ စကားတွေ မများနဲ့၊ ဘာစားမှာလဲ ဘာသောက်မှာလဲ လုပ်၊ ပြီးရင် ပြန်တော့"



www.burmeseclassic.com

"ဟယ် ချစ်သမီးရယ်၊ တို့ကို အဲလို လေစိမ်းမတိုက်

သွေးကသပ်သပ်၊ တို့က သပ်သပ်ပါ"

"သွေးသူငယ်ချင်းက သွေးသူငယ်ချင်းပဲ၊ လာနဲ့မနေနဲ့ အ

ကတ်တယ်"

"ဟဲ့ ချစ်သမီးရယ် အားနာစရာ အဲလို မပြောပါနဲ့၊ သူလ

တို့တွေနဲ့ ပျော်ချင်လို့ ဖြစ်မှာပါ၊ နိုင်ဦးလည်း စိတ်မဆိုးနဲ့နော်၊

သူငယ်ချင်းက စိတ်ရင်းကောင်းပေမယ့် စကားမပြောတတ်လို့ပါ"

"ရပါတယ် တို့က လုံးဝ စိတ်မဆိုးတတ်ဘူး"

စကားရော ဖောရှောဖြင့် သူမတို့ဆီမှာ နိုင်ဦးအဖွဲ့ကျ

သည်။ မိန်းမစိတ်လုံးလုံးကြီး ပေါက်နေတာ မဟုတ်ပေမယ့် ကနဲ့က

နှင့် နိုင်ဦးက ရယ်စရာ ခင်စရာတော့ ကောင်းပါသည်။

နေချိုသွေးတို့ဆီ ပြန်သွားဖို့လည်း စိတ်ကူးရှိပုံ မပေါ်တော့

သူမတို့အနားက လုံးဝ မခွာတော့ပေ။

ဒီလို တွယ်ကပ်နေသည့်အချိန်မှာ နေချိုသွေးအကြောင်း

ကြည့်ရရင် ကောင်းမလား မသိ။ သူမတို့နှစ်ယောက်ကို လူကြီး

လက်ထပ်ပေးချင်နေတာ သူတို့တွေလည်း သိချင်သိနေနိုင်သည်။

"ဟို နင် ငါတို့ဆီကို လာနေတာ နေချိုသွေးက အပြစ်တင်

မယ်၊ ပြန်ချင်ပြန်ပါလား"





"အံမယ် အပြစ်တင်စရာလား၊ သူငယ်ချင်းက သူငယ်ချင်းပဲ၊

ကို လာချုပ်ချယ်လို့ကတော့ လက်သင့်မခံပါဘူးနော်"

"အေးလေ ထားပါတော့ သူ့မှာချစ်သူရည်းစားတွေ ဘာတွေ

လားဟင် နိုင်ဦးတို့ အောင်သွယ်ပေးခဲ့ရဖူးလား"

"အမယ်လေး တို့က အောင်သွယ်ပေးချင်ပေမယ့် ဘယ်မိန်းမ

အထင်မကြီးလို့ မချစ်လို့ တိုက်တွန်းလို့တောင် မရပါဘူး"

"သူ့မှာ အိမ်က သဘောတူတဲ့ မိန်းကလေးရော မရှိဘူးလား"

"ရှိတယ်တဲ့ ဘယ်သူဆိုတာတော့ သူ မပြောပြဘူး၊ သူက

သူမချစ်တဲ့ မိန်းမတစ်ယောက်ကို ဘယ်တော့မှ လက်မထပ်ဘူးတဲ့လေ"

"အောင်မာ ကြီးကျယ်လို့၊ သူက အထာကိုင် ဘဝင်လေဟပ်

နေတယ်၊ သူ့လိုကောင်ကိုရော တစ်ဖက်မိန်းကလေးက သောက်ဂရုစိုက်

လက်ထပ်မှာတဲ့လား၊ ကန်တော့ပွဲနဲ့ ဒူးထောက် အောက်ကျို့ခံတောင်

ဆိုးစားမှာ မဟုတ်ဘူး"

"ဟင် သွေးနဲ့ လက်ထပ်မယ့် မိန်းကလေးအကြောင်းကို သိ

နေတယ်၊ ချစ်သမီးနဲ့ သူငယ်ချင်းလား ဆွေမျိုးလား"

"အာ မ မဟုတ်ပါဘူး၊ သမီးလို မိန်းကလေးဆိုရင် အဲလိုနေ

မှာပဲလို့ တွေးပြီးပြောတာ"

"ကြော် တော်ပါသေးရဲ့၊ ချစ်သမီးရှေ့မှာ တို့ပါးစပ်သရမ်းမိ



www.burmeseclassic.com

www.burmeseclassic.com



လားဆိုပြီး လန့်သွားတာပဲ၊ သွေးက နည်းနည်းကြီးကျယ်တယ်လေ"

"တို့က သူ့ထက်ပိုတယ်"

ဆိုသည့်စကား မပြောဖြစ်လိုက်။ အံကြိတ် စိတ်ထိန်းထားလိုက်ရ၍ ရင်ဘတ်တွေတောင် အောင့်လာသည်။ သူမ ပေါက်ကွဲမှာစိုး၍လည်း နေရာကနေ ထထွက်လာခဲ့ရ၏။

နိုင်ဦးက အေမိနှင့် စကားတွေဖောင်ဖွဲ့ကာ ကျန်ရစ်ပြီး သူမ မျက်လုံးလေး ပြူးလည်နေအောင် လိုက်ကြည့်သည်။

သူမနှင့်လက်ထပ်ဖို့ဆိုတာ သွေး ပြောမပြောဘူးဆိုတာ မဖြစ်နိုင်။ တစ်ကြိတ်တည်း တစ်ဉာဏ်တည်း သမားတွေလား။

သူမ ဘယ်သူ့ကိုမှယုံလို့ မဖြစ်။

■ ■ ■



## အခန်း (၂၄)

"ယုံလိုက်စမ်းပါကွာ၊ ချစ်သမီးမှာ မင်းထက် မလျော့တဲ့ မာန တွေနဲ့နော်၊ မင်းနဲ့ လက်ထပ်ဖို့ကိစ္စ လုံးဝ ခါးခါးသီးသီးပဲ"

"ဘယ်သူကရော သူလို မိန်းမကိုစိတ်ကူးမှာလဲ၊ ယဉ်ယဉ်က လည်း အချိန်တိုင်း ပွမ်နေတယ်၊ အခုလည်း ဆိုင်မှာ လာကျိုင်နေလို့ သင်တန်းကို စောစောစီးစီး ထွက်လာတာ၊ တကယ် အကုသိုလ်များ တယ်"

"မင်းတို့နှစ်ယောက်ကွာ ဘယ်တက်ကမှ မလျော့တာ ဘယ်လို လုပ် အဆင်ပြေမှာလဲ"

"ငါ့ဘက်ကစပြီး အလျော့ပေးမှ အဆင်ပြေမယ်ဆိုရင် တစ် သက်လုံး အဆင်ပြေလာစရာ အကြောင်းမရှိဘူး၊ တောက် သူ့ကိုယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမိန်းမများ အောက်မေ့နေလည်း မသိဘူး၊ သူ ပိုတယ်ဆိုတာ ထက် ငါက ဆယ်ဆပိုတယ် သိလား''

နေချို့သွေး မကျေမချမ်း လက်သီးလက်မောင်းတန်းနေသည် ချစ်သမီး ရှေ့မှာ ဘာမှမသိ နားမလည် ရိုးသားဟန်ဆောင်ခဲ့သော နိုင်ဦးက နေချို့သွေးကို မကွယ်မဝှက် အကုန်ပြောပြနေ၍ နေချို့သွေး ပေါက်ကွဲနေတာပါ။

စိတ်ဆိုးဆိုးနှင့် ထုချေခံထားရသော ရေခဲမုန့်တွေလည်း အရည် ပျော်လို့။

''ဒါနဲ့ အေမီဆီက ငါ သတင်းတစ်ခု ကြားခဲ့တယ်''

''ဘာလဲ''

မင်းစိုးက စကားထောက်ပြီး မေးလိုက်ပေမယ့် နေချို့သွေးက စိတ်မဝင်စားသလို မျက်ခုံးတစ်ချက်သာ ပင့်ကြည့်၏။

''ချစ်သမီးကို အခုတလော လက်ဆောင်ပစ္စည်းတွေ မသိ အောင်ပို့နေတဲ့သူ ရှိတယ်တဲ့''

''ဘာ ဘယ်သူက ဘာပစ္စည်းတွေ ပို့နေတာလဲ''

''သူသင်တန်းတက်ဖို့ အခန်းထဲဝင်လာတဲ့ အချိန်တိုင်း သူ့ ခုံပေါ်မှာ နှင်းဆီပန်းတစ်ပွင့် တစ်ပွင့် တွေ့တယ်တဲ့၊ ပြီးတော့ မိုးရွာတဲ့ နေ့က စားပွဲထိုးလေးကတစ်ဆင့် ထီးပေးခိုင်းတယ်၊ မွေးနေ့ပွဲမှာကျတော့





ဘက်တီနမ် ဖုရိုန်းလေး အမှတ်တရ လက်ဆောင် ပေးတယ်တဲ့တော် ဲ ဗျာ''

''ဟာ ဟုတ်လား၊ ဒါဆို ချစ်သမီးကို ကြိုက်နေတဲ့ကောင်က ကယ် ဖီးလ်အပြည့်နဲ့ ကြွေနေတာပဲ၊ ဘယ်လိုကောင်ဖြစ်မလဲ သိချင် ိုက်တာ''

မင်းစိုး စိတ်ဝင်တစား ဖြစ်နေခြင်းကို နေချို့သွေးက နှာခေါင်း ဲ မျက်မှောင်ကြုတ်ကာ

''ဘာတွေ ခေါင်းစားနေတာလဲ၊ သူ့ကိုကြိုက်နေတဲ့ ဖွန်ကြောင် ိုးလင်းပဲ ဖြစ်မှာပေါ့၊ ဒီလောက် မာနကြီးတဲ့ မိန်းမမျိုး အရူးတွေပဲ ကြိုက်မှာ''

''နင် ဘာစကားပြောတာလဲ နေချို့သွေး''

''ဟာ ချစ်သမီး''

''ဟယ်တော် ချစ်သမီး ဘွာ ဘွာ''

မြန်းခနဲ ချစ်သမီး ရောက်လာတာမို့ နေချို့သွေးတို့ သုံးယောက် ုံး အံ့သြမင်တက်သွားကြသည်။ ချစ်သမီး မျက်ဝန်းအိမ်က ဒေါသအနီး အလျှံများဖြင့် စူးရဲတောက်ပနေ၏။

စကားပြော အရှိန်ကောင်းနေသော နေချို့သွေးလည်း အတင်း ပြောတာ၊ လူသိသွားလို့ ဘာလုပ်ရမှန်းမသိ ကြောင်စီစီဖြစ်နေဆဲပါ

www.burmeseclassic.com



ချစ်သမီး လက်တစ်ဖက် အရှိန်ပြင်းပြင်း မြှောက်တက်သွားပြီး

"ဟာ"

"ဟင်"

"ဒါမျိုး လာမလုပ်နဲ့ ချစ်သမီး"

နေချိုသွေး ဆတ်ခနဲ ထရပ်ပြီး ချစ်သမီး လက်ကို သွက်[illegible] လျှင်မြန်စွာ ဖမ်းထိန်းလိုက်ကာ ဆောင့်ခနဲ လွှတ်ချလိုက်တော့ ချစ်[illegible] နာနာကျင်ကျင် ဖြစ်သွားတာမို့ မျက်နှာလေး ရှုံ့မဲ့သွားသည်။

ရှက်စိတ်မွှန်ကာ ဒီယောက်ျားအပေါ် ပို၍နာကြည်းမုန်းတီး[illegible] မိ၏။

"နင် ယောက်ျားမဟုတ်ဘူးလား နေချိုသွေး၊ မိန်းကလေ[illegible] တစ်ယောက် အကြောင်းကို ကွယ်ရာမှာ ဒီလောက်တောင် အပုပ်[illegible] သလား"

"ငါ အမှန်အတိုင်းပြောနေတာ ဘာမှအလွန်အကျူံ မပါဘူ[illegible]

"ငါ့ကို ဖွန်ကြောင်တို့ အရူးတို့ပဲ ကြိုက်မယ်ပေါ့၊ ငါသာ [illegible] ညီမဆိုရင်ရော အဲလိုပြောမှာလား၊ နင့်မှာ နှမသားချင်း ကိုယ်ချင်းစာ[illegible] မရှိဘူး၊ မိန်းကလေး တစ်ယောက်ကို ငဲ့ညှာစာနာရမှန်း မသိဘူး၊ [illegible] ငါလိုမိန်းမကလည်း ဘယ်သူတွေ သဘောတူတူ စိတ်ကူးထဲတော[illegible] မထည့်ဘူး၊ လုံးဝ စိတ်မဝင်စားဘူး မှတ်ပါ"





"ဟား အံ့သြစရာပဲ နေချိုသွေးကရော ဒီကိစ္စကို အိပ်မက်ထဲ [illegible]ည့်မက်မယ် ထင်နေလား၊ လူကြီးမိဘ စကားကို မဖြစ်မနေ နာခံရ [illegible]ယ်ဆိုရင် ကိုယ့်ကိုယ်ကို သတ်သေလိုက်မယ် သိလား၊ လုံးဝ နင့်ကို [illegible]ယူဘူး"

"အောင်မာ နင် နင် တော်တော် လူပါးဝပါလား"

နှစ်ယောက်လုံး အလျော့မပေး အရှိန်တက် တင်းမာနေပြီမို့ [illegible]မင်းနှင့် နိုင်ဦး မြှုန်းခနဲ ထကာ ဆွဲရှုန်းရသည်။

"မင်းတို့ကကွာ လူတွေကြားမှာ အရမ်းအရှက်နည်းကြတာပဲ၊ [illegible]ဖြစ်ချင်ရင် ဆိုင်နောက်ဘက် ခြံဝင်းထဲမှာ သီးသန့်ဝိုင်းတွေ ရှိတယ်၊ [illegible]ဒီကို သွားကြ၊ အောက်က မြက်ခင်းပြင်ဆိုတော့ နပန်းလုံးဖို့လည်း [illegible]ဆောင်ပြေတယ်"

"နင် သတ္တိရှိရင် လိုက်ခဲ့"

မင်းစိုး အခွဲ့တိုက် ပြောတာကို နေချိုသွေးက ချစ်သမီး မျက်နှာ [illegible]ရှ့ လက်ဖြောက်တစ်ချက်တီး စိန်ခေါ်ပြီး ရှေ့က ထွက်သွားသည်။ [illegible]ချစ်သမီးကလည်း မင်းစိုးတို့နှစ်ယောက်ကို တွန်းဖယ်ကာ နောက်ကနေ [illegible]ခြံဆောင့်၍ လိုက်သွားသည်။

"ဟဲ့ ဘယ်လိုလုပ်ကြမလဲ၊ ငါတို့ လိုက်သွားမှ ထင်တယ်၊ [illegible]စ်ယောက်သား သွေးသံရဲရဲ လူသတ်ပွဲတွေ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ ရောက်လာသော အေမီက ပြုံးပြုံးပျာပျာ လိုက်သွာ
ပြင်နေတာမို့ အေမီ့လက်ကို မင်းစိုး ဖျတ်ခနဲ ဆွဲထားလိုက်သည်။

"နေပစေ သူတို့နှစ်ယောက်ကို လွှတ်ထားလိုက်၊ ရန်ဖြစ်
သူတွေက ဆွဲမယ့်သူ ရှိရင် ပိုပြီး ဒေါသကြီး အရှိန်ပြင်းတတ်တယ်
ပါဝါတွေ ထုတ်ပြပြီး လူစွမ်းကောင်းလည်း လုပ်ချင်ကြတယ်၊ သူ
သေအောင် မသတ်ဘူး၊ စကားနိုင်လုပြီး မောရင် အဆင်ပြေသွားယ
မယ်၊ လာ ငါတို့ တစ်နေရာလစ်မယ်"

"ဟယ် အဆင်ပြေပါ့မလား၊ တို့ သွေးကို တို့ စိတ်မချဘူ

"အာ မင်းကတစ်မျိုး၊ နှုတ်ခမ်းမွှေးနဲ့ ဗရာစီယာ ဝတ်ပြ
လာခဲ့"

နောက်ဆံတင်းနေသော အေမီနှင့် နိုင်ဦးလက်ကို တစ်
တစ်ချက်ဆီ ဆွဲရုန်း၍ မင်းစိုး ခေါ်ထုတ်လာခဲ့သည်။

ဒီအတိုင်း ဆက်ဖြစ်နေလျှင် ကိုယ်တွေပဲ ရင်မောရမှာ။

တစ်ခုခု ပြောင်းလဲမှ . . ။

■ ■ ■



## အခန်း (၂၅)

"ကဲ မင်း ဘာဖြစ်ချင်သလဲ ပြော"

"နင်ကရော ဘာဖြစ်ချင်တာလဲ"

ကလေးတွေလို စောင်းမြောင်း စိန်ခေါ်ရင်းဖြင့် မျက်နှာချင်း
ဆိုင် ခြေစုံရပ်မိကြသည်။ နှစ်ယောက်လုံးရဲ့ မျက်ဝန်းတွေက မီးဝင်းဝင်း
တောက်လုမတတ်။

နှစ်ယောက်လုံးက ချောမောခံ့ညားကြသလို အဝတ်အစားတွေ
ကလည်း ခေတ်နှင့်အမီ ခပ်လန်းလန်းတွေမို့ ကလေးအထာနှင့် ရန်ဖြစ်
နေကြတာ ဘယ်လိုမှ မလိုက်ဖက်။

ဒါပေမဲ့ အနိုင်မခံ အရှုံးမပေးလိုသော သူတို့ရဲ့ မာနများက
ဘာကိုမှ ဂရုမစိုက်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသင့်အနေအထားနှင့် ခြေထောက်ကို ခွဲရပ်ကာ လက်သီးကို တင်းတင်းဆုပ်ထားကြပြီး စွေစောင်း မျက်စောင်းထိုး၍ တစ်ယောက်နှင့်တစ်ယောက် မျက်လုံး မလွှဲတမ်း အချိန်ကြာကြာ စူးစူးစိုက်စိုက် ကြည့်နေမိကြသည်။

ဖျန်ဖြေမည့်သူ မရှိ။

နှစ်သိမ့်ဖျောင်းဖျမည့်သူ မရှိ။

အတွင်းက စပို့ရှပ် အနက်အပေါ်မှာ ဖြူလွနေသော ရှပ်အင်္ကျီ လက်ရှည်ဝတ်ထားသော နေချိုသွေးက ကြယ်သီးတွေကို ဖြုတ်ထားတာ ကြောင့် အင်္ကျီစများက တဖျပ်ဖျပ် လေမှာလွင့်နေသည်။

ချစ်သမီးရဲ့ ရွှေအိုရောင် သရီးစတက် ဆံပင်လိပ်ခွေခွေလေး များကလည်း လေပြည်အဝှေ့မှာ တလွင့်လွင့် ခါလို့။

“နင် နင်လိုကောင်ကို လုံးဝ လက်မထပ်ဘူး”

“ငါ ငါလည်း ဒီလိုပဲ ချစ်သမီး”

နှစ်ယောက်လုံး အနီးကပ် တိုက်ပွဲဆင်နေရင်းက အသံတွေ လိုက်မော ကတုန်ကယင်ဖြစ်နေတာ ဘာကြောင့်မှန်း မသိပါ။ နေချိုသွေး လက်သီးဆုပ်က အရင်ပြေကျကာ နီးစပ်ရာ ခုံမှာ ဝင်ထိုင်လိုက်ပြီး

“မင်း ဘာဖြစ်ချင်လဲ အရင်ထိုင်ပြော၊ ပတ်ဝန်းကျင် အမြင်မှာ ဒီပုံစံက မကောင်းဘူး”





အခုမှ ပတ်ဝန်းကျင်ကို ဂရုစိုက်ရမှန်း သိသလားဟု အရွဲ့ တိုက် မမေးဖြစ်ဘဲ ခြေထောက်တွေ မခိုင်တော့သည်မို့ ချစ်သမီးလည်း ဝင်ထိုင်လိုက်ရသည်။

“နင်လည်း ဘာဖြစ်ချင်တာလဲ ပြောလေ”

“ပြောပြီးပြီပဲ နင့်ကို လက်မထပ်နိုင်ပါဘူးလို့”

“ငါလည်း အဲဒီလိုပါပဲဆိုမှ”

စကားတွေက အရင်ကလောက် မာကျောခြင်း မရှိတော့ပေမယ့် ဒေါက်ကွင်းက မလွတ်နိုင်ဘဲ ရှိနေသေးသည်။ ဘယ်စကားကို ဆက်ရမှန်း မသိဘဲ နှုတ်ခမ်းဖျားတွေက အားယူပြောနေရသလို တဆတ်ဆတ် တုန်နေကြ၏။

ဒေါသတို့ရဲ့ ထွက်ပေါက်အဖြစ် ချစ်သမီးက စားပွဲခုံကို ဖြန်းခနဲ ပုတ်လိုက်ကာ

“နင့်အဒေါ်ရဲ့ စကားကို နင် လွန်ဆန်နိုင်တယ် မဟုတ်လား”

“နင်ရော နင့်အဖေရဲ့ဆန္ဒကို ဆန့်ကျင်ရဲလား”

“ငါအရင်မေးတာလေ”

“ငါလည်း မေးသင့်လို့ ပြန်မေးနေတာပဲ”

“လိုက်ပြီး ကတ်သတ်ပြောမနေနဲ့ ယောကျ်ားဖြစ်ပြီး အရမ်းကို စီးစီးပိုးပိုး နိုင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း နင့်လို မိန်းမမျိုး မတွေ့ဖူးပါဘူး၊ ကက်ကက်လန် လို့ အံ့ဩစရာပဲ"

"ငါက မိန်းမမို့ ထားပါတော့၊ နင်ကမှ ယောကျ်ားတန်မဲ့ မိန်းကလေးနဲ့ တုဖက်ပြိုင်ပြီး"

"တော်စမ်းပါဟာ ဒါတွေ ပြောနေတာနဲ့ လိုရင်းရောက်မှာ မဟုတ်ဘူး၊ ငါ့အနေနဲ့ ပြောရရင် နင့်ကို လက်မထပ်ချင်ပေမယ့် ယဉ်ယဉ့် ဆန္ဒကို ငြင်းဖို့ ခက်နေတယ်"

"ငါလည်း အဲလိုပဲ ဖေဖေ့ကို လွန်ဆန်ဖို့ ဝန်လေးနေတာ အဲဒီတော့ ငါတို့နှစ်ယောက်ကို အရမ်းလက်ထပ်ပေးချင်နေတဲ့ လူကြီး နှစ်ယောက်ကို ပြန်ပေးစားလိုက်ကြတာပေါ့"

"ဘာ ဘာပြောတယ်"

"ဟုတ်တယ်လေ၊ ငါ့အဖေနဲ့ နင့်ဒေါ်လေးက အရမ်းကို ချစ် ကြတဲ့ ငယ်ချစ်ဦးတွေပဲ၊ ငါ့အဖေက မုဆိုးဖို ဖြစ်နေလို့ အပျိုစစ်စစ် ဖြစ်နေသေးတဲ့ နင့်ဒေါ်လေးဘဝ နစ်နာမှာစိုးပြီး ငါတို့ကို ပေးစားဖို့ လုပ်နေကြတာ၊ ဒါကို သူတို့အတွက် ငါတို့က ပါရမီ ဖြည့်ပေးရမှာလား"

ဒါတော့လည်း ဟုတ်သည်။ ယဉ်ယဉ်က ထိုအကြောင်းတရား ကြောင့် သူ့ကို ဇွတ်အတင်း လက်ထပ်ပေးချင်နေတာ။

ဒီလောက်ပဲ ချစ်ဦးသူအပေါ် ရူးသွပ်ရသလား။





ဖြစ်ချင်တော့လည်း ချစ်သမီး အဖေနှင့်မှတဲ့။ ရှက်စရာကောင်း သိုက်ပုံများ ကိုယ့်မျက်နှာကိုသာ ဓားနှင့်လှီးပစ်လိုက်ချင်သည်။ အမြင် ကတ်ကတ်နှင့် ချစ်သမီး ဖြစ်ချင်သလို ထောက်ခံပေးလိုက်တာ ကောင်း သည်ထင်၏။

"နင်က လူကြီးတွေကို လက်ထပ်ပေးချင်တယ်ပေါ့"

"အေးလေ ငါတို့ကိစ္စ သူတို့တက်ကို အတင်းအကျပ် ပြန်လှည့် လိုက်ရင် ငါတို့ လက်ထပ်စရာ မလိုတော့ဘူးပေါ့၊ နင့်ကို တိုင်ပင်နေတာ မဟုတ်ဘူးနော်၊ နင့်ကို လက်မထပ်ချင်တဲ့အတွက် အဲဒီကိစ္စကို ဖြစ်အောင် ငါ လုပ်မှာ"

ကိုယ်က မလုပ်လျှင် သူမကို လက်ထပ်ချင်လို့လို့ ထင်နေပေ ဦးမည်။ ပုံသွင်းထားသော ဆံပင်များကို ခပ်ကြမ်းကြမ်း ဆွဲဖွပစ်လိုက်ပြီး

"ကောင်းပြီလေ ငါကလည်း နင့်ကို လက်မထပ်ချင်တဲ့ အတွက် ဒီကိစ္စကို အားပေးရမှာပေါ့၊ တကယ်ဆို ယဉ်ယဉ်ကို ငါက ယောကျ်ား ယူစေချင်တာ မဟုတ်ဘူး၊ နင်တို့အိမ်က ဒရိုင်ဘာရဲ့ပေါ့ဆမှုကြောင့် ငါ့မိဘနှစ်ပါးလုံး ဆုံးပါးသွားကတည်းက ယဉ်ယဉ်ကိုပဲ အမေလို အဖေလို အချစ်ပို အားကိုးတွယ်တာလာခဲ့ရတာ၊ ဒါပေမဲ့ နင့်ကို လက်မထပ်ချင် တော့လည်း စွန့်စားကြည့်ရမှာပေါ့"

"ငါ့ဘက်မှာလည်း အခက်အခဲနဲ့ပါပဲ၊ နင့်ဒေါ်လေးကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ရဲ့ ဥပဒေသကို ငါတို့သားအမိနှစ်ယောက်လုံး ခံစားခဲ့ရတယ် မေမေသေပြီးမှ ဖေဖေ့ဆီက မေတ္တာရတော့ရော ဒါအပြည့်အဝမှ မဟုတ်ဘဲ၊ နောင်တတွေနဲ့ ဖေဖေ ပေးဆပ်နေတာကို ကြည်နူးရပေမယ့် အရေ ဒေါ်ယဉ်ကျေးနွယ် ပေါ်လာတဲ့အချိန်မှာ ငါ့ဖေဖေကို နှမြောတာပဲ၊ ဒါပေမဲ့ နှင်းနဲ့လက်ထပ်ပေးမှာကို အကြောက်အကန် ငြင်းပြီး ဒေါ်ယဉ်ကျေးနွယ်ကိုပဲ ယူချင် ယူလို့ ပြောခဲ့ပါသေးတယ်''

''ဘာ နှင်းက''

''ဟုတ်တယ် ဒေါ်ယဉ်ကျေးနွယ်ကို လက်မထပ်ရက်တော့လို့ သူ့ရဲ့သွေးသားတော်စပ်တဲ့ နှင့်ကို ငါက ယူပါတဲ့လေ၊ ဒါဖြစ်သင့်လို့လား''

''အေး ဘယ်ဖြစ်သင့်ပါ့မလဲ''

ရောယောင်ကာ ထောက်ခံမိခြင်းကို ချစ်သမီးက မျက်ခုံးပင့်ကာ စကားပြောဖို့ အားရှိသွားဟန် တူသည်။ စောစောကလို အခြေအနေ တင်းမာခြင်းမျိုး မဟုတ်တော့ဘဲ နှစ်ယောက်သား အတိုင်အဖောက်လည်း ညီလာ၏။

ဒါပေမဲ့ မာနများဖြင့် မျက်လုံးအရောင်များက လက်နေဆဲပါ။

''အဲဒီတော့ နှင့်အဒေါ်နဲ့ ငါ့ဖေဖေ လက်ထပ်ဖြစ်အောင် နှင်းရော ငါရော ပြန်တိုက်တွန်းရမယ်''

''အဲဒါက ကိစ္စမရှိဘူး၊ ဒါပေမဲ့ ငါ့အဒေါ်က အပျို၊ နှင့်အဖေ





သမီးတစ်ယောက် အဖေ မုဆိုးဖိုကြီး၊ ငါတို့ဘက်က အရှမ်းနစ်နာလွန်းတယ်''

''ဒါတော့ မတတ်နိုင်ဘူးလေ၊ ခုအချိန်မှာ သူတို့အတွက် သာတယ်၊ နာတယ် စဉ်းစားပေးနေရင် ငါတို့က သူတို့ စီစဉ်သလို နာခံရမှာသား''

''ဟာ ဒါ ဒါတော့ ဘယ်လိုမှ မဖြစ်ဘူး''

ခါးခါးသီးသီး လက်တကာကာ ဖြစ်နေသော နေချိုသွေးကို ကြည့်၍ သူမရင်ထဲ စူးစူးရှရှ နာကျင်သွားသည်။

နှင် မုန်းသလောက် နှင့်ထက်မလျော့တဲ့ အမုန်းတွေ ငါ့ရင်ဘတ်ထဲ အပြည့်စုဆောင်းထားတယ် နေချိုသွေး။

နှင့်အမုန်းတွေက ကမ္ဘာတည်သရွေ့ဆိုလည်း ငါ့အမုန်းတွေလည်း ကမ္ဘာတည်သရွေ့ပေါ့။

နှင့်စကားလုံးတွေ ပန်းတစ်ပွင့် မဖြစ်သရွေ့၊ ငါ့အပြုံးတွေလည်း အဆိပ်အတောက် ကင်းမှာမဟုတ်ဘူး။

ဒါဟာ တူညီလွန်းတဲ့ တို့နှစ်ယောက်ရဲ့ အကျင့်စရိုက်တွေဆိုရင်. . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"သမီးလေးအတွက် ပန်းစည်းရောက်နေလို့ ဦးခင် ယူလာပေးတာ"

"ဟင်"

ဦးခင် လက်ထဲက အဖြူရောင် နှင်းဆီပန်းစည်းကို ကြည့်ကာ ချစ်သမီး လှမ်းယူဖို့ လက်တွန့်နေမိသည်။

"သမီးနာမည်နဲ့ ရောက်တာ ဟုတ်လို့လား ဦးခင်၊ နာမည်ကတ်လည်း မပါပါဘူး"

"အဲဒီကတ်တော့ ဦးခင် သတိမထားမိဘူး၊ ခပ်ငယ်ငယ်ကောင်မလေး လာပေးသွားတာပဲ၊ မမ ချစ်သမီးအတွက် အစ်ကိုကြီးတစ်ယောက်က ပေးခိုင်းလိုက်လို့ပါတဲ့လေ"





"အာ ဦးခင်ကလည်း သမီးကို လာခေါ်လိုက်တာ မဟုတ်ဘူး၊ ဘယ်သူလဲဆိုတာ သိရအောင် မေးလိုက်မှာပေါ့"

"ဦးခင် မေးလိုက်ပါတယ် မသီးရဲ့"

"ဟင် ဘယ်လိုမေးလိုက်တာလဲ၊ ဘယ်သူလို့ ပြောသွားလဲ"

"သူလည်း နာမည်မသိဘူးတဲ့၊ ခပ်ချောချော အစ်ကိုကြီးက သူ့ကို မုန့်ဖိုးပေးပြီး ခိုင်းတာပါလို့ ပြောတယ်၊ ဦးခင်က သမီးနဲ့ပတ်သက်တဲ့သူ တစ်ယောက်ယောက်ပေးခိုင်းလိုက်တယ် ထင်တာ၊ ဒီအရွယ်ရောက်နေပြီဆိုတော့လည်း ချစ်သူနဲ့ စိတ်ကောက်လို့ ချစ်သူက ပန်းပေးပြီး ချော့တယ် ထင်လို့ပါ"

"အာ ဘာတွေပြောနေမှန်း မသိဘူး ဦးခင်ရယ်၊ ပေး ပေး နောက်တစ်ခါဆိုရင် သမီးကို အရင်လာမေးပြီးမှ လက်ဆောင်တွေကို လက်သင့်ခံနော်၊ တော်ကြာ ဒီထဲမှာ ချိန်ကိုက်ဗုံးတွေ ဘာတွေ ထည့်ထားရင် ဘယ်လိုလုပ်မလဲ"

"အေး အေး ဟုတ်သားပဲကွဲ့၊ နောက်တစ်ခါ ဦးခင် ဂရုစိုက်ပါမယ်"

တကယ် အဟုတ်မှတ်ကာ သူမ လက်ထဲ ပန်းစည်းထည့်ပြီး ဦးခင် နောက်ကြောင်းပြန် လှည့်ပြေးလေသည်။

ရယ်ချင်ပါဘိ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျောဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



ပင် သူမ ရယ်ချင်လိုက်တာ အူတောင် နိုပ်ထားရသည်။ ဒါပေမဲ့ အဲ့ဒြ
စိတ်တွေနှင့် အတွေးများကြောင့် တစ်ဝက်တစ်ပျက်သာ ရယ်ပြီး ပလ
စတစ်အကြည်သားလေးနှင့် ဖဲကြိုးလေး စည်းနှောင်ထားသော အလှ
စည်းလေးကို ကြည့်ကာ သူမ စဉ်းစားလို့မရ ဖြစ်နေ၏။

ခပ်ချောချော အစ်ကိုကြီးဆိုတာက စိုးလင်းလို လူမျိုးကို ပြေ
တာ မဖြစ်နိုင်။ ဒီနေ့ သူမ သင်တန်းပိတ်ရက် ဆိုင်ပိတ်ရက်ကို သိတာ
ရော ဘယ်သူဖြစ်နိုင်မလဲ။

သင်တန်းမှာတော့ နှင်းဆီပန်း အရောင်တစ်မျိုးပြီးတစ်မျိုး
စားပွဲပေါ်မှာ တွေ့တတ်ပြီး ဆိုင်မှာကျတော့ စားစရာတစ်ခုခု အ
မဟုတ် မိန်းကလေး အသုံးအဆောင် ဖန်စီပစ္စည်းလေးတွေ၊ ဝက်ဝံ
ခွေးရုပ်လေးတွေ လာထားသွားတတ်သည်။ ဒါသဘောလဲ၊ ဘယ်သူဆို
လဲ ဘယ်သူမှ မသိ။

သူမ စိတ်ဝင်စားအောင် အလေးအနက် ခံစားတတ်လာအော
ပဟေဠိ လုပ်နေခြင်းလား။

စိုးလင်းကို တဲ့တိုးမေးကြည့်ပြီးမှ အဖြေရှင်းရှင်းလင်းလ
သိရတော့မည် ထင်၏။ လတ်တလောက စိုးလင်းတစ်ယောက်သာ သူမ
စိတ်ဝင်စားနေတာ မဟုတ်ပါလား။

"သမီး အဲဒါက ဘယ်သူပေးတာလဲ"





"ဟင် ဖေဖေ"

ညှော်ခန်းထဲမှာပင် ဆုံလိုက်ရတာမို့ ပန်းစည်းလေးကို သူမ ဘယ်လိုဖွက်လိုက်ရမှန်းမသိဘဲ လွှတ်ချရမလို ကိုင်ထားရမလိုနှင့် မလုံမလဲ ဖြစ်သွားရသည်။

"ဖေဖေ့ဆန္ဒတွေကို ဆန့်ကျင်ဖို့ သမီး အပျော်ရှာနေတယ် ထင်တယ် ဟုတ်လား သမီး"

"မ မဟုတ်ပါဘူး ဖေဖေ"

"ဒါဆို ဖေဖေ့ဆန္ဒကို လက်ခံတယ်ပေါ့"

"အာ အဲလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့်"

"အပျော်ရှာတာလည်း မဟုတ်ဘူး၊ ဖေဖေ့ဆန္ဒကို လက်ခံမှာလည်း မဟုတ်ဘူးလို့ ပြောတာ"

"ဒါဆို ဒီပန်းစည်းက"

"အဲဒါလည်း ဘယ်သူပေးသွားမှန်း မသိဘူး"

"ရှုပ်နေတာပဲ သမီးရယ်၊ ထိုင်စမ်းပါဦး"

ဦးချစ်ဘုန်းခေါင်က ချစ်သမီးလက်ကိုဆွဲကာ ဆိုဖာခုံမှာ ထိုင်ခိုင်းသည်။ ချစ်သမီး အခုမှ ပန်းစည်းလေးကို စားပွဲပေါ် လှမ်းပစ်တင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ တခြားချစ်သူရည်းစားလည်း ရှိတာ မဟုတ်ဘဲ ဘာလို့ မောင်နေချိုသွေးကို လက်မထပ်ချင်ရတာလဲ သမီး၊ သမီး ဖေဖေ ဒီတစ်ခါပဲ တောင်းဆိုဖူးတာပါ"

"သမီးလည်း လိုက်လျောချင်ပါတယ်၊ ဒါပေမဲ့ နေချိုသွေးနဲ့ လက်ထပ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်ဘူး ဖေဖေ၊ သူ့ဘက်ကလည်း ဒီအတိုင်းပဲရှိမှာ၊ ဟို ဒေါ်ယဉ်ကျေးနွယ်ကို ဖေဖေ လက်ထပ်လိုက် သမီး သဘောတူပါတယ်"

"ယဉ်ယဉ်ကို လက်မထပ်ရက်တာ သမီးကို ဖေဖေ ပြော သားပဲဥစ္စာ၊ ဘယ်သူမှ ကိုယ့်ချစ်သူကို တန်ဖိုးမဲ့အောင် မလုပ်ချင် ဘူး သမီး"

"သမီးကိုတော့ မချစ်တဲ့သူနဲ့ ဖွတ်အတင်း လက်ထပ်နိုင်း တာ တန်ဖိုးမဲ့စေချင်လို့လား၊ ဟုတ်လား ဖေဖေ၊ အရင်ချိန်ကလည်း ဒေါ်ယဉ်ကျေးနွယ်ကြောင့် သမီးတို့ သားအမိနှစ်ယောက်လုံး ဥပေက္ခာ ခံခဲ့ရပြီးပါပြီ၊ သမီးရဲ့ လူမမယ် ကလေးဘဝက ဖေဖေ့မေတ္တာရိုင်း ကင်းဝေးခဲ့ရတာပါ၊ အခု မေမေ သေမှ ဖေဖေ နောင်တတွေနဲ့ ပြောင်း လာခဲ့တာ မဟုတ်လား၊ အခုမှ ဖေဖေ့ဆီက နွေးထွေးမှုတွေ နားလည် တွေ မေတ္တာတွေ ရတာဆိုပေမယ့် သမီး ကျေးဇူးတင်နေတာပါ"

"သမီး"





"သမီးကရော ဖေဖေ့ကို အပြစ်တင်ဖူးသလား၊ ဒေါ်ယဉ်ကျေးနွယ်နဲ့ ပတ်သက်ပြီး ငြိုငြင်ဖူးသလား ဖေဖေ၊ လူတိုင်း အမှားမကင်းဘူး ဆိုတာ သမီး နားလည်တယ်၊ အခုလည်း ဒေါ်ယဉ်ကျေးနွယ်နဲ့ ဆက်မှား နိုင်းနေတာပဲ၊ ဘာလို့ သမီးကို ချောက်တွန်းနေရတာလဲ"

"သမီးရယ်"

သမီးရဲ့ ပေါက်ကွဲမှုကြောင့် ဦးချစ်ဘုန်းခေါင် ရင်ထဲ ဆို့နစ်ကြေ ကွဲသွားရသည်။ အမှားမကင်းတာ နားလည်တယ်ဆိုပြီး ဘာလို့ ဒီအဖေရဲ့ မေတ္တာကိုတော့ နားမလည်ရတာလဲ။

"သမီးကို မောင်နေချိုသွေးနဲ့ လက်ထပ်စေချင်တာ ယဉ်ယဉ် တူသား ဖြစ်နေလို့ဆိုတဲ့ အချက်တစ်ချက်တည်းကြောင့်လို့ ထင်နေလား သမီး"

"တခြား ဘာအကြောင်း ရှိသေးလို့လဲ"

"သူ့မှာ အရည်အချင်းရှိတယ်၊ မျိုးရိုးသန့်တယ်၊ အကျင့်စာရိတ္တ ကောင်းတယ်၊ မိန်းမ အရှုပ်အရှင်း၊ လောင်းကစား ကင်းတယ်၊ ဒီခေတ် ကြီးထဲမှာ ဒီလိုလူမျိုးကို လိုက်ရှာကြည့်စမ်းပါ၊ သမီးလေး လူရွေးမှားပြီး အိမ်ထောင်ရေး ကံမကောင်းမှာစိုးလို့ပါကွယ်"

"အဲဒါမျိုး ဖေဖေတို့ လူကြီးတွေ အတွေးတိမ်တာ ခက်တာပဲ ဖေဖေ၊ နေချိုသွေးက ဖေဖေတို့အမြင်မှာ လူကောင်းတစ်ယောက် ဖြစ်ခြင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သမီးအတွက် လက်ခံလို့ မရလောက်အောင် ဆိုးရွားနေတဲ့ ဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ''

''သမီး ဆိုးဝါးတယ်လို့ ထင်နေတဲ့ အရာတွေက အဓိပ္ပါယ် မရှိဘဲ သမီးရယ်၊ မာနကြီးတယ်၊ စကားနိုင်လု အတိုက်အခံလုပ်တယ် တယ်၊ ဘဝင်မြင့် ကြီးကျယ်တယ်လို့ သမီး ထင်နေတာတွေက အမြ ကြီးလား''

''သမီးကို မချစ်တာက အပြစ်ပဲ ဖေဖေ''

လို့ သူမ အရှက်မရှိ ပြောမထွက်ချင်ပါ။ ယောကျ်ားတ ယောက် လက်သင့်မခံတာ ငြင်းဆန်တာကို ခံရတာ မိန်းမတစ်ယော ဂုဏ်သိက္ခာ ဘယ်လောက်ကျတယ်၊ အရှက်ရတယ်ဆိုတာ ဖေဖေ မ မိဘူးလား။

ဒေါ်ယဉ်ကျေးနွယ် မျက်နှာတစ်ခုတည်း မြင်နေတာ မဟု လားလို့လည်း အပြစ်မပြောချင်။ နေရာက ခြေစုံထရပ်လိုက်ပြီး

''ဒေါ်ယဉ်ကျေးနွယ်နဲ့ ပြေလည်ဖို့ပဲ ကြိုးစားပါ ဖေဖေ၊ သ ကို နေချိုသွေးနဲ့ကိစ္စ ထပ်တိုက်တွန်းနေမယ်ဆိုရင် သမီး ဒီမှာ မနေဘ ဘူး''

''ဒီ ဒီမှာ မနေလို့ သမီးက ဘယ်ထွက်သွားမလို့လဲ''

''ဖေဖေ ရှာမတွေ့နိုင်တဲ့ အဝေးဆုံး တစ်နေရာပေါ့''





''သမီး သမီး''

ခြေဆောင့်၍ ထွက်သွားလိုက်တာ ချစ်သမီးက နောက်ပင် လှည့်မကြည့်။

ချစ်သူရည်းစားမရှိဘဲနှင့် ဖအေဆန္ဒကို ဒီလောက်တောင် တော်လှန်ရဲသလား။ ဒါပေါ့လေ ကိုယ်ကလည်း အပြစ်မှ မကင်းခဲ့တာ။ သားသမီး မနာခံတာ ငြိုငြင်လို့ဖြစ်မလား။ ယဉ်ယဉ်နှင့်ကိစ္စ သမီးလိုက်လျော ပေးတာပဲ ကျေးဇူးတင်ရမည်။

အချစ်တွေက အရိုးခံအတိုင်း နုပျိုလတ်ဆတ်ဆဲပါ။ ယဉ်ယဉ် သာ ဈေးမဆစ်တတ်ဘူးဆိုလျှင်တော့ ချိန်ခွင်လျှာ သာသာထိုးထိုးနှင့် တစ်ဘဝလုံးတောင် အကုန်ထိုးအပ်ပေးလိုက်ချင်ပါသည်။

ယဉ်ယဉ်ရေ အခွင့်အရေးသာ ပေးလာခဲ့ရင်. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"အခွင့်အရေးဆိုတာ ပေးတုန်းယူထားတတ်ရတယ် ယဉ်ယဉ်

ကိုယ့်အသက်အရွယ်လည်း ပြန်ကြည့်ဦး၊ ဆေးပေးမီးယူ အနေနဲ့တော

ဘယ်သူကမှ စဉ်းစားချင်တော့မှာ မဟုတ်ဘူး၊ အခု ဦးချစ်ဘုန်းခေ

ကသာ ကိုယ့်ရဲ့ ငယ်ရည်းစားမို့"

"ဟဲ့ အို အဲဒါ အဒေါ်ကို ပြောရမယ့် စကားလား၊ ဒီအရွယ်

ကြီးမှ နားရှက်စရာဟယ်"

"အဲလို အရှက်လွန် မူနေလို့ အပျိုကြီး ဖြစ်နေတာ သိလား

ဟိုအရင်ချိန်က ဖူးစာလွဲခဲ့လို့ ဘယ်လောက်တောင် ယဉ်ယဉ် ခံစားခဲ့ရပြီ

ပြီလဲ၊ အခုဘဝရဲ့ နောက်ဆုံး လက်ကျန်အချိန်တွေမှာ ကိုယ့်ချစ်သူနဲ့

ကိုယ် မဖြုတ်သန်းချင်ဘူးလား"





ဒေါ်ယဉ်ကျေးနွယ် မျက်နှာလေး နီမြန်းနေသော်လည်း ငြိမ်ငြိမ်သက်သက်တော့ ဖြစ်သွား၏။ အရွယ်လွန် အချစ်နှင့် ရင်ခုန်နေမှာတော့ သေချာသည်။

"ယဉ်ယဉ်ပဲ စဉ်းစားကြည့်လေ၊ သွေးတို့ အသက်က ငယ်သေးတယ်၊ ဘယ်သူ့ကိုပဲယူ၊ ဘယ်အချိန်ပဲ ယူယူ၊ ရွေးချယ်ချိန်တွေ အများကြီး ရှိသေးတယ်၊ ဖုတ်ပူမီးတိုက် မဖြစ်မနေ အိမ်ထောင်ပြုစရာမှ မလိုတာ"

"ချစ်သမီးကို မယူချင်လို့ ဆင်ခြေပေးနေတာလား သွေး"

"မယူချင်ဘူးဆိုတာတော့ ဟုတ်တယ်၊ ဆင်ခြေပေးနေတယ်ဆိုတာတော့ မဟုတ်ဘူး၊ သွေးက ယဉ်ယဉ်အတွက် စေတနာနဲ့ တွေးပြီး ပြောနေတာပါ၊ ယဉ်ယဉ် လူ့ဘဝမှာ နေဖို့အချိန် ဘယ်လောက်ကျန်တော့လို့လဲ၊ အဲဒီကျန်တဲ့ အချိန်လေးမှာ ယဉ်ယဉ်ကို လူဖြစ်ရကျိုးနပ်သွားစေချင်တယ်"

"ဟဲ့ နှင် ပြောပုံကြီးက လင်မရရင် လူဖြစ်ရကျိုး မနပ်ဘူးပေါ့"

"အေးလေ လူဘုံကိုမှ ရောက်လာရင် ကာမဂုဏ်ခံစားပြီး သေမှလူဖြစ်ရကျိုး နပ်မှာပေါ့၊ အခုနေ ယဉ်ယဉ် သေရင် ငှက်ပျောတုံး ထည့်မပေးရပေဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပြောမှ ငါ့ကိုယ်ငါ သချိုင်းဝ ရောက်နေသလိုပဲ၊ ရင်တွေ တောင် တုန်လိုက်တာ သွေးရယ်၊ ငါ တော်တော် အသက်ကြီးနေပြီ လား ဟုတ်လား"

ဒေါ်ယဉ်ကျေးနွယ် ကိုယ့်ကိုကိုယ် ပြန်ငုံ့ကြည့်ပြီး မေးမိသည်။

နေချိုသွေးကို မိန်းမပေးစားဖို့ ပြောမိကာမှ မိမိကို လင်ယူဖို့ တိုက်တွန်းပြီး ပုံကြီးချဲ့နေလိုက်တာ ကြောက်ပင်ကြောက်စရာ။

"လူဆိုတာ ဒီနေ့ ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာ ဖြစ်နေ ပေမယ့် မနက်ဖြန် သေမလား၊ သဘက်ခါ သေမလား၊ ဘယ်သူ သိနိုင် မှာလဲ၊ မသေခင် တူလေးရဲ့ ဆန္ဒကို ဖြည့်ဆည်းသွားစမ်းပါ ယဉ်ယဉ်ရယ်"

"ဟဲ့ ဘာရယ်"

"ဩော် ယဉ်ယဉ်ကို သွေးက အိုနာကျိုးကန်းကြီးဆိုပြီး မကောင်းကျောင်းပို့နေတာ၊ ဘိုးဘွားရိပ်သာ ပို့နေတာမှ မဟုတ်တာ၊ ယ်ဘဝမှာ မပေါင်းဖက်ခဲ့ရတဲ့ ချစ်သူကို အောင့်အည်းထားခဲ့ရတဲ့ အချစ်တွေ ပုံပေးပြီး လက်ထပ်လိုက်ပါလို့ ပြောနေတာပဲ၊ ကဲ သွေးလို စိတ်သဘောထား ပြည့်ဝလိုက်လျှော နားလည်ပေးနေတဲ့ တူမျိုး ရှာကြည့် စမ်းပါ၊ အရိုးသာ ဆွေးသွားမယ်၊ ဒီလို အခွင့်အရေးမျိုး နောက်ထပ် မလာတော့ဘူးနော်"

"ဩော် ဟုတ်ကဲ့၊ ရှင့်စကားကို နားထောင်ချင်ပေမယ့် ဟိုဘက်





ဆ ဘာမှပြောမလာသေးဘဲ ကျူပ်က ခုံကမလှုပ် မြင်းကလှုပ်ပြီး ာက်ထပ်ရမှာလား၊ အရင်တစ်ချိန်က ဖူးစာလွဲခဲ့ရတဲ့ ချစ်သူတွေဆိုပေ ယ့် အခု အဲဒီအချစ်ဆိုတာတွေ ရှိပါတော့မလား"

"ဟား အဲဒီအတွက် မပူနဲ့ အရင်ကထက်တောင် တန်ဖိုးထား ပြီး ချစ်နေသေးတယ်ဗျာ"

"ဘာ နင် နင်က ဘယ်လိုသိ"

"အဲ ဟို ဟိုလေ"

နေချိုသွေး ဖြေရခက်သွားသည်။ ချစ်သမီး ပြောတာပါဆိုလျှင် ဆဉ်ယဉ် ဘယ်လိုထင်သွားမလဲ။

မတည့်ဘူးဆိုပြီး နှစ်ယောက်ပေါင်း ကြံတာလားလို့ အပြစ်မြင် ွားနိုင်၏။ မပြောလို့လည်း မဖြစ်တာမို့ မင်သေသေနှင့် လည်ချောင်း တစ်ချက် ရှင်းပြီး

"နိုင်ဦးက တစ်ဆင့် အဲဒီဘက်က အခြေအနေကို စုံစမ်း ကြည့်လို့ သိတာပါ၊ တကယ်ဆို သူတို့ ဒရိုင်ဘာကြောင့် သွေး မိဘ နှစ်ပါး ဆုံးရတာ၊ ဦးချစ်ဘုန်းခေါင်ရော ချစ်သမီးကိုရော သွေး နာနာ ကြည်းကြည်း မုန်းနေသင့်ပါတယ်၊ ဒါပေမဲ့ သွေးကို တစ်သက်လုံး စောင့်ရှောက်လာခဲ့တဲ့ ယဉ်ယဉ် ကျေးဇူးတွေကို သိတတ် နားလည်ပေး သင့်တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ကိုကြီးကျယ်က မပစ်ရက်အောင် လုပ်ချလိုက် ပြန်ပြီ"

"တကယ်ပြောတာပါ ယဉ်ယဉ်ရယ်၊ ဦးချစ်ဘုန်းခေါင်က ယဉ်ယဉ်ကို တန်ဖိုးထားပြီး ချစ်နေတယ်ဆိုတာ သိနေလို့ပါ၊ သူက သမီးတစ်ယောက်အဖေ မုဆိုးဖိုမို့ အပျိုစင်ဘဝအတိုင်း ရှိနေသေးတဲ့ ယဉ်ယဉ်ကို ဖွင့်မပြောရက်တာတဲ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ယောကျ်ားတစ်ယောက်က ဖွင့်မပြော ငါက ငမ်းငမ်းတက် ပုဆိုးစလိုက်ဆွဲရမှာလား၊ ဘယ်လောက်ပဲ ချစ်ချ မိန်းမဈေးကျအောင် ဂုဏ်သိက္ခာမဲ့အောင် ဘယ်တော့မှ အဲလို မလုပ်ဘူ ဟေ့၊ တစ်သက်လုံး အပျိုကြီးဘဝနဲ့ ငှက်ပျောတုံးပဲ ဖက်နေရ နေရ"

"အဲလို မနေရပါဘူး စိတ်သာချ၊ ဦးချစ်ဘုန်းခေါင်က ယဉ်ယဉ် ကို လက်ထပ်ဖို့ တောင်းဆိုလာတော့မှာပါ"

"ဟင် အဲဒါလည်း မင်းက သိလိုက်ပြန်တာပဲလား"

ဒေါ်ယဉ်ကျေးနွယ် အံ့ဩသလို မေးတော့ နေချိုသွေး ခေါင်း ညိတ်ပြပြီး

"ယဉ်ယဉ်အတွက် စုံစမ်းထားပါတယ်ဆို ယဉ်ယဉ်ရယ်၊ ဦးချစ် ဘုန်းခေါင်က ယဉ်ယဉ် ယယ်ရည်းစားလို့ သိလိုက်ရကတည်းက ဘယ်လို လူမျိုးလဲ၊ ဘယ်လိုအကျင့်စရိုက်ရှိလဲ၊ ချစ်သမီးနဲ့ တူသလား"





"ချစ်သမီးက ဘယ်လိုပါလာရပြန်တာလဲ၊ သူ့ဖအေကိုတောင် ကောင်းမြင်တတ်နေရင် ချစ်သမီးကိုရော ဘာလို့ အပြစ်မြင်နေတော့မှာ ဲ မင်းပြောနေတာတွေက ရှေ့စကား နောက်စကား မညီဘူးနော် ျသွေး၊ ငါတို့ချင်း ဘယ်လိုပဲ ပတ်သက်ပတ်သက် ချစ်သမီးနဲ့ က်ထပ်ဖို့ကိုလည်း စဉ်းစား"

"ဟာ အဲဒါတော့ သွေးစိတ်က ယဉ်ယဉ်လိုပဲနော်၊ ကိုယ့်ကို ါးသီးသီး လက်မခံနိုင်ဖြစ်နေတဲ့ မိန်းမတစ်ယောက်ကို သိက္ခာ မာန ကျခံပြီး စိတ်မကူးဘူး၊ တစ်လောကလုံးမှာ မိန်းမဆိုလို့ သူတစ်ယောက် ရှိမယ်ဆိုရင်တောင် ယဉ်ယဉ်လိုပဲ သွေးဆိုတဲ့ကောင်က ငှက်ပျောတုံး ာ်သေမှာ"

"အံမယ် အံမယ် သူ့ကိုယ်သူကျ သိတတ်လိုက်တာ၊ သူ ိုချင်တိုင်း ငါ့ဘက်လှည့်ပြီး ချောက်တွန်းနေတာ မဟုတ်လား"

"ယဉ်ယဉ်က တကယ် ဦးချစ်ဘုန်းခေါင်ကို မလိုချင်ဘူးလား"

ဒါကျတော့ ဒေါ်ယဉ်ကျေးနွယ် ပြန်မဖြေနိုင်။

ဦးချစ်ဘုန်းခေါင်နှင့် ပတ်သက်ခဲ့သည့် ထိုအချစ်ဆိုသော အရာ ဟိုအရင်ကတည်းက မိမိရင်ထဲ အလေးအနက် ရှိခဲ့တာပါ။ အတ္တကြီး ပိုင်ဆိုင်လိုစိတ်မရှိခဲ့တာ မဟုတ်ပေမယ့် ချစ်သူစိတ်ပင်ပန်းမှာ ရင်နာနာနှင့် စွန့်လွှတ်ခဲ့တာ အသည်းတွေ ကြွေမတတ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် စွန့်လွှတ်စွန့်စားခဲ့သော အချစ်မို့ ဘဝတစ်လျှော

လုံး တမြေ့မြေ့ နာကျင်ခံစားလာခဲ့ရတာ ဘယ်သူ သိမှာလဲ။

အခုနေသာ ထိုအချိန်က ဝေဒနာတွေကို ကုစားခွင့်ရမည်ဆို

လျှင်. . .။

■ ■ ■



## အခန်း (၂၈)

"ယဉ်ယဉ်"

"ကိုဘုန်း"

အချစ်တို့ ပျော်ဝင်ကာ ခေါ်သံတို့က တုန်ခါလှိုက်မော စီးမျော

သည်။ စားပွဲပေါ်တင်ထားသော ဒေါ်ယဉ်ကျေးနွယ် လက်ကလေးကို

စ်ဘုန်းခေါင် ဖွဖွလေး ဆုပ်ကိုင်လိုက်တော့ ဒေါ်ယဉ်ကျေးနွယ် ဆတ်

 တုန်သွားကာ မျက်နှာလေးက ရှက်သွေး ဖြန်းဖြန်းထ၍ နီမြန်းသွား

ည်။ ဒါပေမဲ့ ထိုလက်ကလေးကို ရုန်းဖယ်ခြင်း မပြုပါ။

ရင်ခုန်သံတွေ မြန်လျက် ဦးချစ်ဘုန်းခေါင် မျက်နှာကို မဝံ့မရဲ

းသော မော့ကြည့်သည်။

"အခုမှ ပြန်စရတယ်ဆိုပေမယ့် ဘယ်ချိန်တုန်းကမှ မဆိတ်



www.burmeseclassic.com

www.burmeseclassic.com



သုဉ်းခဲ့တဲ့ အချစ်ပါ၊ ဒါပေမဲ့ ယဉ်ယဉ်ကို အားနာတယ်၊ ကိုယ်က''

''ဟင့်အင်း အချစ်က တန်းညှိစရာ မလိုပါဘူး ကိုဘုန်း၊ စောင့်စားခဲ့တယ်လို့ ပြောရင် အပြစ်ကြီးပါတယ်၊ ဒါပေမဲ့ မျှော်လင့်ခဲ့တာတော့ ယဉ်ယဉ် အမှန်အတိုင်း ဝန်ခံရမှာပါ''

''ကျေးဇူးတင်လိုက်တာ ယဉ်ယဉ်ရယ်၊ ကိုယ်ကတော့ အပြစ်မကင်းခဲ့တဲ့သူမို့ မမျှော်လင့်ရဲခဲ့တာပါ၊ ဒါပေမဲ့ အခုတော့ ရင်ထဲကဆန္ဒတွေကို မမျိုသိပ်နိုင်တော့ဘူး၊ ယဉ်ယဉ်ကို လက်ထပ်ခွင့် ပေးပါနော်''

''ကိုဘုန်း သမီးက လက်ခံချင်ပါ့မလား မသိဘူးနော်၊ သမီးလေး ဖြစ်နေပြီဆိုတော့ ယဉ်ယဉ်ကိုငြိုငြင်ချင်ရှာမှာပဲ''

''ဟင့်အင်း အဲဒီအတွက်တော့ မစိုးရိမ်နဲ့ ယဉ်ယဉ်၊ သမီးကိုယ်တိုင်က ကိုယ့်ကိုယဉ်ယဉ်နဲ့ လက်ထပ်ဖို့ တိုက်တွန်းခဲ့တာပါ''

''ဟင် ယဉ်ယဉ်ကိုလည်း သွေးက တိုက်တွန်းခဲ့တာ၊ ဒီကလေးတွေ ဘယ်လိုအကြံအစည်တွေ ရှိနေကြလဲ မသိဘူး''

''ဘာပဲဖြစ်ဖြစ် ယဉ်ယဉ်ရယ်၊ ကိုယ်တော့ ယဉ်ယဉ်ကို လက်ထပ် ခွင့်ရမှာ သူတို့ကို ကျေးဇူးတင်တယ်၊ သူတို့သာ ကန့်ကွက်မယ်ဆိုရင် ကိုယ်တို့ ဘယ်လိုမှ မနီးစပ်နိုင်ဘူး၊ အခု ကိုယ်တို့ ရက်ကောင်းရက်မြတ် ရွေးပြီး လက်ထပ်ရအောင် နော် ယဉ်ယဉ်''

လက်ကလေးကို ခပ်တင်းတင်း ထွေးဆုပ်ကာ ပြောတော့





ထွန့်လွန့်လေးရုန်းကာ ဒေါ်ယဉ်ကျေးနွယ် ခေါင်းခါရသည်။

''သူတို့ ခွင့်ပြုတိုင်း လတ်တလော ဖြုန်းစားကြီး လက်ထပ်လိုက်ဖို့တော့ မလုပ်ချင်ဘူး ကိုဘုန်းရယ်၊ သူတို့ကိုဖြစ်ချင်ရာဖြစ် ဥပေက္ခာပြုလို့ မဖြစ်ဘူး၊ သူတို့အခြေအနေကို စောင့်ကြည့်ချင်သေးတယ်၊ ယဉ်ယဉ်တို့ လက်ထပ်ပေါင်းသင်းပြီးတဲ့ အချိန်ထိ သူတို့တွေ မတည့်ကြဘူးဆိုရင် ယဉ်ယဉ်တို့ စိတ်ချမ်းသာပါ့မလား''

''အဲဒါတော့ ဟုတ်တယ်၊ သူတို့ရဲ့ ဆုံစည်းမှုက ရန်သူလိုဖြစ်နေကြတာ နားမလည်နိုင်အောင်ပဲ၊ ကိုယ် စေ့စပ်ညှိနှိုင်းကြည့်တယ်၊ ဘယ်လိုမှ အဆင်မပြေဘူး၊ နားချလို့ မရဘူး၊ ဖေဖေနဲ့ ဒေါ်ယဉ်ကျေးနွယ်တို့ကို မကန့်ကွက်ဘူး၊ သမီးတို့ကိုလည်း မတိုက်တွန်းပါနဲ့တဲ့လေ၊ အကယ်တမ်းက ကိုယ့်အထင်ပြောရရင် သွေးနဲ့သမီးက မာနပြိုင်နေကြတာ ဖြစ်ရမယ်''

''သေချာတယ် ကိုဘုန်း၊ ကျောင်းတော်က ရန်စနဲ့ ပြေလည်အောင် မကြိုးစားချင်ကြတာ၊ တစ်ယောက်ယောက်ကသာ အလျှော့ပေးလိုက်မယ်ဆိုရင် အဆင်ပြေသွားနိုင်တယ်၊ အဲဒီတော့ သူတို့ကို ဗျူဟာပြောင်းပြီး ချုပ်ကိုင်မှ ဖြစ်မယ်''

''ဟင် ယဉ်ယဉ်က ဘယ်လိုတွေးထားလို့လဲ''

''လူဆိုတာ လိုက်ရင်ပြေးတယ်၊ သူများက အဖြူဆိုရင်မည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချင်တဲ့ ဆန္ဒကျင်တဲ့ သဘောတွေလည်း ရှိတယ်၊ ယဉ်ယဉ်တို့

သူတို့ကို ဖွတ်အတင်း လက်ထပ်ဖို့ တိုက်တွန်းမိကြတယ် မဟုတ်လ

အဲဒီတော့ မဖြစ်နိုင်ဘူး မယူဘူး မုန်းတယ်နဲ့ ဆန္ဒကျင်နေကြတာပေ

"ဟား ဟုတ်လိုက်လေ ယဉ်ယဉ်ရယ်၊ ယဉ်ယဉ် ပြောပ

မှန်တယ်"

ဦးချစ်ဘုန်းခေါင် အခုမှ သဘောပေါက်ကာ ဒေါ်ယဉ်ကျေး

ဆန္ဒကို ထောက်ခံလိုက်သည်။ ဒေါ်ယဉ်ကျေးနွယ်က မာန်ပါပါလေး

လိုက်ပြီး

"လူကြီးတွေက သူတို့ထက်အရင် နှစ်ပေါင်းများစွာ ထမင်း

စားထားတယ်ဆိုတာ မေ့နေကြလား မသိဘူး၊ ခေတ်သာ နောက်ကျ

ခဲ့ချင် ကျန်ခဲ့မယ်၊ အတွေးအခေါ်ကတော့ သူတို့ထက်သာတာ ပြရ

ကိုဘုန်းကရော"

"ကိုယ်ကတော့ ယဉ်ယဉ့် ဆန္ဒအတိုင်းပါ၊ ယဉ်ယဉ်က ဘယ်

လုပ်မယ် စိတ်ကူးလို့လဲ"

"မုန်းလို့ပဲဖြစ်ဖြစ် ချစ်လို့ပဲဖြစ်ဖြစ် ရေစက်ရှိလို့ အကြေ

တရားတွေရှိလို့ ဆုံဆည်းကြတာပဲ၊ ချစ်ပြီးရင်လည်း မုန်းနိုင်တယ်

မုန်းပြီး ရင်လည်း ချစ်နိုင်တယ်၊ အမုန်းကြီးမုန်းနေတဲ့ သူတို့နှစ်ယော

အချစ် ကြီးချစ်မလာနိုင်ဘူးလို့ ပြောနိုင်မလား"





"အဲဒါက ဟုတ်ပါတယ်၊ ယဉ်ယဉ်က ဘာလုပ်ချင်တာလဲ ကိုယ့်

ကို ရှင်းရှင်းပြောကြည့်ပါ"

"အခုချိန်ကစပြီး သူတို့ကို လက်ထပ်မပေးတော့ဘူး၊ သဘော

မတူတော့ဘူးလို့ ပြောမယ်၊ ဒါဆိုရင် သူတို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲ

လာလိမ့်မယ်"

"အဲဒါက ဖြစ်နိုင်ပါ့မလား ယဉ်ယဉ်၊ သူတို့ကို လက်ထပ်မပေး

ရင် ပြီးရောဆိုပြီး သူတို့ စိတ်နာစရာကိစ္စတွေ အမှတ်မရနိုင်တော့ဘဲ

ကိုယ်တို့ကို တိုက်တွန်းခဲ့ကြတာလေ"

"အဲဒီဖြောင့်ချက်ကို သက်သေထားပြီး သူတို့ကို တခြားတစ်

ယောက်ယောက်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ရမယ် ကိုဘုန်း၊ အဲဒါမှ သူတို့

စိတ်ရင်းအမှန်တွေ ပေါ်လာမှာ"

ဒေါ်ယဉ်ကျေးနွယ် စကားတွေ နားထောင်ပြီး ဦးချစ်ဘုန်းခေါင်

ခေါင်းတညိတ်ညိတ်နှင့် ပြုံးလိုက်ကာ

"ယဉ်ယဉ်က အရမ်း အိုင်ကျူမြင့်လွန်းတယ်၊ အရင်ကတည်း

က သေလုဆဲဆဲ မိခင်ကြီးရဲ့ ဆန္ဒကို လိုက်လျောပြီး ကျေးဇူးဆပ်လိုက်

ပါလို့ ပြောခဲ့တဲ့ ယဉ်ယဉ်ကို ကိုယ် လေးစားခဲ့ရတာပါ၊ အဲဒီအချိန်က

ယဉ်ယဉ်နဲ့ ဝေးရလို့ ရင်တွေ နာကျင်ရပေမယ့် မေမေ ဖြစ်ချင်တဲ့ဆန္ဒ

ကို လိုက်လျောခွင့်ရခဲ့လို့ ကိုယ် ကျေနပ်ခဲ့ရပါတယ်၊ မဟုတ်ရင် မေမေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါးသွားတဲ့အချိန်မှာ ကိုယ် နောင်တရနေရမှာ''

''ယဉ်ယဉ်ကို နောက်ဆံတင်းပြီး စိတ်ပင်ပန်းနေမှာစိုးလို့ ရင်… နာနဲ့ တိုက်တွန်းခဲ့ရတာပါ၊ ထားလိုက်ပါတော့လေ၊ ဒါတွေက ပြီးပြီးသား… တွေပါ၊ အခုလည်း ကလေးတွေငဲ့ညှာပြီး အလောတကြီး စီစဉ်လို့… မဖြစ်ဘူး ကိုဘုန်း၊ အခြေအနေတစ်ခုကို စောင့်ကြည့်ပြီးမှ လုပ်သင့်… ကို လုပ်ကြမယ်၊ အလှည့်အပြောင်း လုပ်ပေးမှ အပြောင်းအလဲဆို… လည်း ဖြစ်လာမှာ၊ ကိုဘုန်း စိတ်ရှည်တယ် မဟုတ်လား''

''ယဉ်ယဉ် သဘောဆန္ဒအတိုင်းပါလို့ ပြောပြီးပြီပဲ ယဉ်ယဉ်ရ… ယဉ်ယဉ် ဘာပဲလုပ်ချင်ချင် ဖြစ်ချင်ချင် ကိုယ်က နောက်ကနေ အား… မှာပါ၊ အခုချိန်ကစပြီး ကိုယ့်ဘဝ ယဉ်ယဉ်ပဲ''

ဦးချစ်ဘုန်းခေါင်က အခုချိန် ဒီအသက်အရွယ်ထိ အပြော… လေးတွေဖြင့် ဖမ်းစားဖြားယောင်းထားဆဲပင်။

ရုန်းမထွက်ချင်ခဲ့တာက မိမိရဲ့ အချစ်မှာပဲ အပြစ်ရှိသည်…

ဒီရင်ခွင်နွေးနွေးမှာ ခိုနားခွင့်ရဖို့ အချိန်ကာလလေး တစ်… ခြားနားပါတော့လား။

■ ■ ■



## အခန်း (၂၉)

''ဟင်''

သင်တန်းခန်းထဲကို စောစီးစွာ ဝင်လာခဲ့ချိန်မှာ အခန်းထဲက အပျာကယာ ကသုတ်ကယက် ထွက်လာသော စိုးလင်းက သူမကို မြင်၍။

ဘာကြောင့် ဖြစ်နိုင်သလဲဟု သင်္ကာမကင်းစိတ်နှင့် သူမ ခုံအနားကို အပြေးသွားကြည့်တော့ သူမ ထိုင်နေကျ လွယ်အိတ်တင်သော ခုံရှည်လေးပေါ်မှာ အဝါရောင် နှင်းဆီတစ်ပွင့်က ရောက်နှင့်နေသည်။

သင်တန်းခန်းထဲမှာက ဘယ်သူမှမရှိ၊ ဘယ်သူမှ မရောက်ခင် နှင်းဆီပန်းလေး ထားပြီးမှ စိုးလင်း ပြန်ထွက်လာတာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် နေဦး စိုးလင်း"

"ဘာ ဘာလဲ"

စိုးလင်း နောက်က အပြေးလိုက်၍ ဂုတ်ကို ဆွဲထား...

စိုးလင်း ယက်ကန်ယက်ကန်ဖြင့် နောက်ပြန်လန်ကာ သူမဘက် ...

လာသည်။

"ဟာ ချစ် ချစ်သမီး ဒီနေ့ သင်တန်းကို အစောကြီး ...

လာတာလား"

"ဘာလို့ ရောက်လာတယ်လို့ နင် ထင်လဲ"

"မ မသိဘူးလေ၊ အရင်နေ့တွေက ဟိုအအေးဆိုင်မှာ ...

သုံးလေးပွဲစားပြီး သင်တန်းတက်ချိန်နီးမှ ရောက်လာတတ်တာ ...

လား"

"ဟုတ်တယ် နင်က ငါနဲ့ပတ်သက်တာ တော်တော် ...

ထားသားပဲ၊ ဒါဆိုရင် ဒီနေ့ ငါ့ကို ပဟေဠိ လုပ်နေတဲ့သူကို အ...

ရှာခဲ့မှန့် ဝင်မစားဘဲ စောစောစီးစီး ရောက်လာတယ်ဆိုတာလည်း...

သိထားသင့်တာပေါ့"

"ဟုတ်လား အခုမိပြီလား"

"မိပြီလေ နင် အခု အဲဒီနှင်းဆီပန်းကို ငါ့ခုံပေါ်တင်ပြီး ...

လာတာ မဟုတ်လား။ နင်ဘာလုပ်တာလဲ၊ ဘာအချိုး ချိုးတာ...





သူမ စွပ်စွဲမှုကြောင့် စိုးလင်း မျက်ဖြူလန်ကာ ဆတ်ခနဲ တုန်သွားပြီး

"ဟာ အဲ အဲဒါ မဟုတ်ဘူး၊ ငါက မနေ့တုန်းက မှတ်စုစာအုပ် ကျန်ခဲ့လို့ လာယူတာ၊ အဲဒီနှင်းဆီပန်းက နင့်ခုံပေါ်မှာ ရှိနေတာတောင် သတိမထားမိခဲ့ဘူး"

"နင် ကြောင်လိမ်ကြောင်စား မလုပ်နဲ့ စိုးလင်း၊ ငါ ဒီနေ့ ငါ့ကို စိတ်အနှောင့်အယှက် ပေးတဲ့သူကို အမိဖမ်းဖို့ လာတာ၊ နင်နဲ့တန်းခနဲ တိုးတာပဲ၊ အဲဒီ သင်တန်းခန်းထဲမှာ ဘယ်သူတစ်ဦး တစ်ယောက်ရှိတာ နင် မြင်ခဲ့လဲ"

"မြင်တော့ မမြင်ဘူး၊ ဒါပေမဲ့ ငါလည်း မဟုတ်ဘူးနော်၊ တကယ်ပြောတာ၊ ငါက နိုးကြောင်နိုးဂုက် လုပ်စရာအကြောင်းမှ မရှိတာ၊ ငါ့ရဲ့ကြင်ရာဘက်က နင်ပဲဖြစ်ရမယ်လို့ ဗေဒင်ဆရာက အတိအကျ ပြောပြီးသားပဲ"

"သောက်ရူး လျှောက်ပြောမနေနဲ့ နင့်ထက် အစတစ်ရာ သာတဲ့ သူတောင် စိတ်မကူးဘူးဟဲ့ ဖွန်ကြောင်ရဲ့၊ နင် စိတ်ကူးယဉ်ရင်းနဲ့ ရူးသွားဦးမယ်"

"စိတ်ကူးယဉ်တယ်ဆိုတာ လက်တွေ့ အကောင်အထည်ဖော်ဖို့ အုတ်မြစ်ချတာပဲ၊ အောင်မြင်ဖို့အတွက် မျှော်လင့်ချက် ထားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရတယ်၊ ဘာပြောပြော တစ်နေ့နေ့ကျရင် နင်က ငါ့ရဲ့ ချစ်သူဖြ
လာမှာပါ ချစ်သမီးရယ်''

''အာ နင့်ကို လျှောက်မပြောနဲ့လို့ ငါ ပြောထားတယ်နော်
ပေါက်ကရတွေ လာပြောနေတယ်၊ ငါ လုပ်ထည့်လိုက်ရ''

စိတ်လိုက်မာန်ပါ တကယ် ထုမည်ပြင်တော့ စိုးလင်းက ဖ
ကလေး ပုသွားကာ

''ဘာလို့ စိတ်ကြီးနေရတာလဲ၊ တို့က အသည်းနုတယ်နော်
ချစ်သူကျိုးစားရင် ပန်းနဲ့ပေါက်တာလည်း နာချင်တယ်''

''လဲသေလိုက် အခု မသေတောင် ငါ လက်တွေ့ လက်ပူလ
ကြပ် မိတဲ့နေ့ကျရင် နင်သေပြီသာမှတ်၊ ဟိုဟာပေးပေး ဒီဟာပေး
နင့်လိုကောင်ကို ပြန်ကြိုက်မယ် ထင်နေလား၊ အဲလို စိတ်ရှုပ်အော
လုပ်တဲ့အတွက် အခုချက်ချင်း ပါးရိုက်ပစ်ချင်တာ သိလား၊ အလ
ဗရုတ်ဗရက်ကောင်''

သူမ ပြောချင်သလောက်ပြောပြီး အအေးဆိုင်ဘက် ပြန်ထွ
လာခဲ့တော့ ထိုင်နေကျ စားပွဲဝိုင်းမှာ အေမိ ထိုင်စောင့်နေသည်။

''အရင်နေ့တွေက ငါ့ထက်အရင် ဝီရိယကောင်းတတ်တဲ့ မို
က ဒီနေ့ ဘာလို့ နောက်ကျနေတာလဲ''

''ဘာလို့ နောက်ကျရမှာလဲ၊ အရင်နေ့ထက်တောင် ပိုစော

မိုးမိုး၁၁၆၆



တယ်၊ သင်တန်းကို ရောက်ပြီးမှ ပြန်ထွက်လာတာ''

''ဟဲ့ သင်တန်းတက်ချိန်လည်း မရောက်သေးဘဲနဲ့ ဘာသွား
လုပ်တာလဲ''

''ဘာလုပ်ရမလဲ၊ အိမ်ကနေ စောထွက်လာပြီး တရားခံသွား
ဖမ်းတာပေါ့''

''မိခဲ့လား''

''မိခဲ့တယ်''

''ဟယ် ဘယ် ဘယ်သူလဲ ပြောစမ်းပါဦး၊ ငါတို့ ထင်သလို
စိုးလင်း ဖွန့်ကြောင်ပဲလား''

''ဟုတ်တယ် ဒါပေမဲ့ ဒီကောင် ဖွတ်အတင်း ဘူးခံငြင်းတယ်ဟ၊
ဒီလိုအလုပ်မျိုး သူ မလုပ်ဘူးတဲ့၊ ငါက သူ့ချစ်သူဖြစ်မယ့်သူဆိုတော့
နှိုကြောင်ခိုးဝှက် လုပ်စရာမလိုဘူးဆိုတဲ့ သဘောပေါ့၊ တကယ် မျက်နှာ
ပြောင်တဲ့ကောင်''

''နင်က ဘယ်လိုတွေ့လာတာလဲ''

''ငါက ဝင်ပြီး ချောင်းမယ့်အချိန်မှာ သူက အဲဒီအခန်းထဲက
ရေကြီးသုတ်ပျာ ပုံစံမျိုးနဲ့ ပြေးထွက်လာတာ၊ ထိပ်တိုက်ဆုံတာတောင်
အငြင်းသန်တာ၊ အံ့ဩစရာပဲဟယ်''

ရှု့ကာ မဲ့ကာပြောရင်း ရေခဲမုန့်မှာဖို့ စားပွဲထိုးလေးကို လှမ်း

မိုးမိုး၁၁၆၆

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖို့ ပြင်လိုက်ချိန်မှာ စားပွဲထိုးတစ်ယောက်က ရေခဲမုန့်ငါးပွဲနှင့် ချော ကလက်ကိတ် ထည့်ထားသော ဗန်းလေးကို သူမတို့ စားပွဲပေါ် လာချ ပေးသည်။

"ဟဲ့ ငါတို့ မမှာရသေးဘူးလေ၊ ဒါ ဘယ်သူ့ဟာတွေ လာချ ပေးတာလဲ"

"အစ်ကိုကြီးတစ်ယောက်က အစ်မအတွက် ငွေရှင်းပြီးသွားပါ ပြီ၊ ဒါတွေကုန်အောင် စားပါလို့လည်း မှာသွားပါတယ်"

"ဘာ ဘယ် ဘယ်သူလဲ၊ ဘယ်အစ်ကိုကြီးလဲ"

"ကျွန်တော်လည်း မသိပါဘူး ခင်ဗျ၊ မန်နေဂျာဆီမှာ မှာသွား လို့ ကျွန်တော်က လာပို့ရတာပါ"

"အဲဒီ မန်နေဂျာရော ဘယ်မှာလဲ၊ မန်နေဂျာ ခေါ်ပေးစမ်း၊ ဘယ်လိုပုံစံနဲ့ လူက ဒါမျိုးလုပ်တာလဲသိချင်လို့ မေးကြည့်ရမယ်"

"မန်နေဂျာ အခုမရှိပါဘူး၊ တာမွေဆိုင်ခွဲကို ခဏသွားပါတယ်၊ အစ်မတို့ ဘာလိုအပ်ပါသလဲ၊ ကျွန်တော်တို့ကို ခိုင်းပါခင်ဗျာ"

"အာ ဒုက္ခပါပဲ၊ ဘယ်သူဝယ်ကျွေးမှန်းမသိတဲ့ ဒါတွေကို ငါ တို့ မစားချင်ဘူး၊ အဲဒီတော့ ငါတို့ကို အသစ်ထပ်ပေး၊ ငါတို့ ပိုက်ဆံနဲ့ ငါတို့ စားမယ်"

"ဟာ အဲလို လုပ်လို့တော့ မရဘူး အစ်မ၊ ဒါတွေအတွက်





ချင်းပြီးပြီဆိုတော့ အစ်မတို့ ဒီမှာ မစားလည်း ပါဆယ်ထုတ်ပေးလိုက် ယ်၊ ကျွန်တော်တို့ ပြန်ယူထားလို့ မဖြစ်ပါဘူး ခင်ဗျာ"

စားပွဲထိုးလေးက ကျိုးနွံသိမ်မွေ့စွာ ပြောနေတော့၊ သူမတို့ သန်ကဆန် အရွဲ့တိုက်ဖို့ ခက်သွား၏။ အေမီက စားပွဲထိုးလေး ထဲက ရေခဲမုန့်ခွက်တွေ စားပွဲပေါ်ချကာ

"လာစမ်းပါဟယ် ဘယ်သူက ဝယ်ကျွေးတာဖြစ်ဖြစ် ပိုက်ဆံ းဘဲ အလကား စားရတာ နည်းသလား၊ နောက်ပြဿနာ နောက်မှ း အခုလောလောဆယ် မြန်မြန်စားပြီး သင်တန်းတက်ရမယ်၊ အချိန် ာင် နီးနေပြီ"

"ကျေးဇူးတင်ပါတယ် အစ်မ"

စားပွဲထိုးလေးက အခုမှ စိတ်ချလက်ချ လှည့်ထွက်သွားသည်။ သမီးက ရေခဲမုန့်တွေ အဆက်မပြတ် သွတ်နေသော အေမီလက်ကို ာ်ခနဲ ရိုက်ချလိုက်ကာ

"နင် မျိုးကျတယ်ပေါ့ ဟုတ်လား အေမီ"

"အလကား စားရလို့လား မသိဘူး၊ ဒီနေ့ ပိုပြီး အရသာရှိ လိုပဲ၊ မောင်မင်းကြီးသား ကျန်းမာပါစေ ချမ်းသာပါစေ"

"နင်က ဘယ်သူမှန်းသိလို့ မေတ္တာပို့နေတာလဲ"

"ဘယ်သူမှန်းတော့ ဘယ်သိပါ့မလဲ၊ ဒါပေမဲ့ ဒါနဲ့ပြောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



သမ္မာဒိဋ္ဌိမရတာပေါ့။ နင်ရော စားလေ၊ ဒီလောက် ကြိုက်တဲ့ဟာကို

"ငါ လည်နင်နေတယ်၊ ဒီလောက်တောင် အချိန်ပေး

အလေးအနက် လုပ်နေတာ ဘယ်လိုလူမျိုးဆိုတာ သိချင်လို့ အသည်း

အူတွေလည်း ယားနေပြီ ငါကတော့ ဒီနေ့ကိစ္စနဲ့ စိုးလင်းလို့ပဲ ထင်တယ်

အတန်းထဲမှာ ဘယ်သူမှမရှိဘဲ သူတစ်ယောက်တည်း လူမသိသူ

နိုးဝင်ပြီး ပြန်ထွက်လာတာ"

"ဒါဆိုလည်း နောက်နေ့ ဒီထက်စောစောလာပြီး ချောင်း

လိုက်ပေါ့ဟာ၊ ဒါနဲ့ နင်က အဲဒီလူကို သိတော့ ဘာလုပ်မှာလဲ"

"နောက်မလုပ်တော့အောင် ပိုးဆိုးပက်စက် ပြောပစ်လိုက်

ပေါ့၊ စိုးလင်းဆိုလည်း နောက် ဖွန်မကြောင်ရဲအောင် ဆရာနဲ့ကို တိုင်

ပြောမယ်"

"နင် နောက်သင်တန်းတစ်ခု ပြောင်းတက်ချင် တက်လိုက်

လားဟယ်၊ ဒီမှာ ဘာမှန်းကို မသိဘူး၊ ဖယားတွေ ရှုပ်နေတာ"

"ဒီကပြီးတောင် ပြီးတော့မယ်၊ နောက်တစ်နေရာ ပြောင်းတက်

စရာလား။ နောက်လထဲမှာ ကိုရီးယားလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဖို့ ရှိတယ်

အလုပ်ကနဲ့ပနွှည်း ဘယ်နှမျိုးကိုယ်စားလှယ်ပေးမလဲ မသိဘူး၊ ဆိုင်တို့

ချင်တာတောင် အခက်အခဲ ဖြစ်နေတယ်"

"နင်က လောဘမကြီးပါနဲ့တော့၊ ဒီလောက် ဆိုင်အကျယ်ကြီး





ဘာကို မတင်းတိမ်နိုင်ရင်လည်း နှစ်ဆိုင်ကိုတစ်ဆိုင် ပေါင်းလိုက်ပါလား"

"ဘာ ဘာဆိုင်နဲ့ ပေါင်းရမှာလဲ"

"ဘယ်သူရှိဦးမှာလဲ၊ နင့်အချစ်တော်ကြီး နေချိုသွေးဆိုင်နဲ့ပေါ့"

"ဟယ် နင့်ပါးစပ်ပုပ်ကြီး ပလုပ်ကျင်းပစ်စမ်းပါဟယ်၊ သူ့လို

အကြောတင်းတဲ့ကောင်ကို ဘယ်တော့မှ အောက်ကျို့မခံဘူး မှတ်ထား"

"နောက်ဆို အမျိုးတော်ရတော့မှာ၊ အဲလို စိမ်းစိမ်းကားကား

နေကြဦးမှာလား"

အေမို့စကားကြောင့် စားပွဲခုံကို ချစ်သမီး ပြုန်းခနဲ ပုတ်ပြီး

မျက်နှာထား တင်းသွားသည်။

"ငါ့အဖေက သူ့အဒေါ်ကို ယူတာနဲ့ သူနဲ့ငါက ဆွေမျိုးစပ်ပြီး

အမျိုးတော်စရာလား၊ ငါတို့ကို ပေးစားနေမှာစိုးလို့ တစ်ထစ်လျှော့ပေး

လိုက်တာ၊ သဘောတူလွန်းလို့တော့ မထင်နဲ့"

"ဒါနဲ့ နင့်အဖေတို့ ဘယ်တော့ လက်ထပ်ဖြစ်မှာလဲ"

"မသိဘူး၊ ဟိုနေ့ကတော့ သူတို့ချင်း တွေ့ပြီး တိုင်ပင်ကြတယ်

ထင်တယ်၊ အရမ်းချစ်ခဲ့ကြတဲ့ ချစ်ဦးသူတွေဆိုတော့ ငါတို့ သဘောတူ

တယ် ပြောလိုက်တာနဲ့ အမြန်ဆုံး လက်ထပ်

ဖြစ်ကြလိမ့်မယ် ကြည့်နေ"

ရေခဲမုန့်ကို ဆောင့်အောင့် ကော်စားရင်း နှာခေါင်းရှုံ့ မဲ့ရွဲ့ပြော



www.burmeseclassic.com

www.burmeseclassic.com



နေသောချစ်သမီးကို ကြည့်၍ အေမီ ခေါင်းတညိတ်ညိတ် လုပ်ကာ

“ငါတော့ မြင်ယောင်နေတယ်၊ နင့်အဖေ မင်္ဂလာပွဲပြီးရင် နင်တို့ မင်္ဂလာပွဲလည်းဆက်လိမ့်မယ်လို့”

“ဟဲ့”

“ငါ့ပါးစပ်ကို မပိတ်နဲ့၊ အတိအကျ ဖြစ်လာနိုင်တာကို ငါ ပြောနေတာ၊ လူကြီးတွေက နင်တို့ကို အလျှော့ပေးလိုက်တယ် ထင်နေလား၊ သူတို့ လက်ထပ်ပြီးတာနဲ့ မိဘတွေရဲ့ လုပ်ပိုင်ခွင့် အမိန့်အာဏာတွေ သုံးပြီး နင်တို့ကို လက်ထပ်ပေးစားတော့မှာ နင် ဘယ်လိုလုပ်မှာလဲ”

ဘယ်လိုလုပ်မှာလဲတဲ့။ အေမီက သူမ မျက်နှာကို တည့်တည့် ကြည့်ကာ မေးနေသည်။ မျက်နှာတစ်ခုလုံး သွေးခုန်နှုန်း ဆောင့်တိုး သလို တဖျဉ်းဖျဉ်း တင်းရင်း လာတာကလွဲ၍ သူမလည်း ဘာမှစဉ်းစား မရပါ။

တကယ်သာ ထိုကိစ္စမျိုးဖြစ်လာခဲ့လျှင်...။

■ ■ ■

ဝိုးမိုး၁၁၆ပ

## အခန်း (၃၀)

“အဲဒီကိစ္စမျိုး ဘယ်တော့မှ ဖြစ်မလာတော့ဘူး”

“ဗျာ ဘာ ဘာဖြစ်လို့လဲ ယဉ်ယဉ်၊ ဟိုနေ့က ယဉ်ယဉ်တို့ ...ယောက်သား တွေ့ပြီး လက်ထပ်ဖို့ တိုင်ပင်ကြတယ် မဟုတ်လား၊ ...ွေးက မင်္ဂလာရက် သတ်မှတ်ပြီးပြီလို့တောင် ထင်နေတာ”

“ငါတို့ တွေ့ကြတယ် တိုင်ပင်ကြတယ်၊ ဒါပေမဲ့ အဲဒီကိစ္စ ...ဟုတ်ဘူး”

“ဒါဖြင့်”

နေရှိုးသွေး မေးခွန်းအထောက်မှာ ဒေါ်ယဉ်ကျေးနွယ် မျက်နှာ ...အား မှိုင်းညို့ရီဝေ ဆွေးရိပ်သမ်းသွားသည်။ သက်ပြင်းမောတွေဖြင့် ...သက်ကို မှုိင်းမှုိင်းရှူ၏။

ဝိုးမိုး၁၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ လူငယ်ချင်း အဆင်မပြေဘဲနဲ့ ငါတို့ လက်ထပ်ဖို့ ဖြစ်ပါ့မလား၊ ချစ်သမီးကလည်း မင်းနာမည်ကြားတာနဲ့ ခါးခါးသီးသီး မင်းကလည်း ချစ်သမီးဆို အသံကို ကြားချင်တာ မဟုတ်ဘူးလေ"

"အဲဒါက သွေးတို့ကိစ္စပဲ၊ ယဉ်ယဉ်တို့ကို ဘာတွေ ကန့်ကွက်နေလို့လဲ"

"မကန့်ကွက်ဘူးဆိုပေမယ့် ပြေလည်အောင် နေပါ့မယ်လို့ မင်းတို့ ကတိပေးလို့လား၊ အဲဒါကြောင့် ငါတို့ ဆုံးဖြတ်ချက် ချလိုက်တယ်၊ ငါတို့နှစ်ယောက်လည်း လက်မထပ်တော့ဘူး၊ မင်းတို့နှစ်ယောက်ကိုလည်း မတိုက်တွန်းတော့ဘူး"

"ဗျာ ယဉ် ယဉ်ယဉ် တကယ်ပြောတာလား"

"မင်းပျော်သွားတယ် မဟုတ်လား၊ ငါ့ဘဝ အဖော်မဲ့ အထီးကျန်မှာ စိုးရိမ်ပြီး သဒ္ဓါစိတ်နဲ့ ငါ့ကို လက်ထပ်စေချင်ခဲ့တာမှ မဟုတ်တာ မင်းတို့ကို ဖွတ်အတင်းပေးစားမှာစိုးပြီး စေတနာထားချင်ဟန်ဆောင်ခဲ့ တာ ငါ သိတာပေါ့၊ ငါ ရင်တွေ နာတယ်သိလား၊ ရင်တွေ နာတယ်"

"ယဉ်ယဉ်"

ဒေါ်ယဉ်ကျေးနွယ် မျက်ရည်ကျတော့ နေရှိသွေး ထိတ်လန့်သွား၏။ ဒေါ်ယဉ်ကျေးနွယ်က မျက်ရည်ကို ပွတ်သပ်သုတ်ကာ ရင်ဘတ်ကို ဖိပြီး





"ငါ့အစ်မ မင်းကိုယ်ဝန်ကို လွယ်ထားရကတည်းက မင်းကိုငါ ချစ်ရိုက်ခဲ့ရတာပါ၊ မွေးလာတော့လည်း လက်ပေါ်က မချ စောင့်ရှောက် ခဲ့ရတယ်၊ မိဘတွေ ဆုံးသွားတော့လည်း ငါ့တူလေးက မိဘမဲ့လေးဆိုပြီး အိမ်ထောင်ပြုဖို့တောင် စိတ်ကူးမယဉ်နိုင်ဘဲ ငါ့ဘဝတစ်ခုလုံး မင်းအတွက် ပဲ အသုံးချခဲ့တာ"

"သွေးသိပါတယ် ယဉ်ယဉ်ရယ်၊ ဘာလို့ ဒါတွေပြောပြနေတာ လဲ"

"မင်းသိတယ်ဆိုတာက မင်းအတွက်ပဲ မင်းသိတာပါ၊ ကျေးဇူး ဆပ်ချင်လို့ ဦးချစ်ဘုန်းခေါင်နဲ့ သဘောတူပေးတာပါလို့ ပြောပြီး လက် ထပ်တော့ပါဘူးလို့ ရှင်းပြတော့ မင်း ဝမ်းသာအားရ ဖြစ်သွားတာပါပဲ"

"ဒါကတော့"

"ရှင်းမပြပါနဲ့ ငါ အားလုံးနားလည်ပါတယ်၊ မင်းကို အပြစ် တင်နေတာ မဟုတ်ပါဘူး၊ ငါ မကျေနပ်တာ ချစ်သမီးပဲ"

"ဗျာ ချစ်သမီးက ဘာဖြစ်လို့လဲ"

"ငါ အရမ်းတန်ဖိုးထားရတဲ့ ငါ့တူလေးကို ခါးခါးသီးသီး ငြင်း တာ ငါခံစားနိုင်ပါ့မလား၊ အဲဒါကြောင့် ငါတို့ဘက်ကလည်း ဒီလို မာန မျိုး ရှိတယ်ဆိုတာ သိအောင် သူ့အဖေကို ငါ အပြတ်ငြင်းလိုက်တယ်၊ အဲဒီတော့ ဒီနေ့ ဒီအချိန်ကစပြီး သူတို့နဲ့ ပတ်သက်ဆက်ဆံစရာ မလိုဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးစရာ မလိုတော့ဘူးပေါ့၊ မင်းလည်း ဒီလိုမျိုး ကင်းကင်း

ရှင်း ဖြစ်ချင်တာ မဟုတ်လား''

''ဟုတ် ဟုတ်ပါတယ် ယဉ်ယဉ်က ဦးချစ်ဘုန်းခေါင် အ

အဲလို နေနိုင်လို့လား''

နေချိုသွေး ဘာကြောင့် အသံတုန်သွားတာလဲ မသိပါ။

ယဉ်ကျေးနွယ်က သတိမထားမိလိုက်သလို မျက်နှာလေးကို တင်း

''မနေနိုင်လည်း နေရတော့မှာပေါ့၊ တစ်သက်လုံးတောင်

ကိုယ်ကို ထိန်းသိမ်းခဲ့သေးတာ၊ ဒီအသက်အရွယ် ရောက်မှတော့

တူလေးထက် အချစ်ကို ဦးစားမပေးတော့ပါဘူး၊ ဒါပေမဲ့ တူ

ဒီအတိုင်းထားဖို့တော့ စိတ်ကူးမရှိဘူး''

''ဗျာ ဒီအတိုင်း မထားရင် သွေးက ကင်းမြီးကောက်

နေရမှာလား''

''အဲလောက် မလိုအပ်ပါဘူး။ မင်းပဲ ပြောတယ်လေ၊ ချစ်

က လွဲရင် ခွေးအမြီးဖြတ်ပေးစားတောင် ယူပါမယ်ဆို''

''အဲဒီစကားက အဖြစ်ပြောတာပေါ့ ယဉ်ယဉ်ရဲ့၊ ခွေးကို

လုပ်ဖို့ ယူရမှာလဲ''

''အေး ဘာမှလုပ်မရလို့ ခွေးနဲ့တော့ မပေးစားပါဘူး။

ရတနာလောကက ငါ့အသိမိတ်ဆွေရဲ့ သမီးနဲ့ ပေးစားဖို့





ကမ်းလှမ်းထားတယ်''

''ဟာ ယဉ်ယဉ်နော် အဲလို မလုပ်နဲ့၊ သွေး မိန်းမ မယူဘူး''

သွေး ပျာပျာသလဲ လက်တကာကာ ငြင်းဆန်တော့ ထိုလက်ကို

ဒေါ်ယဉ်ကျေးနွယ် ခပ်နာနာလေး ပုတ်ချကာ

''မင်းက မိန်းမမယူဘူးဆိုတော့ ယောကျ်ားယူမှာလား။ ဟို

တစ်ယောက်ဆိုလည်း ဟင့်အင်း၊ ဒီတစ်ယောက်ဆိုလည်း မယူဘူးနဲ့၊

မိန်းမတွေကို မစားကောင်းတဲ့ အသီး အောင့်မေ့နေလား မသိဘူး''

''မဟုတ်ပါဘူးဗျာ၊ သွေးမှ မိန်းမ မယူချင်သေးတာ၊ ယဉ်ယဉ်

နဲ့ပဲ နေမယ်နော်၊ ယဉ်ယဉ်က အပျိုကြီးဆိုတော့ မျိုးရိုးလိုက်တဲ့အနေနဲ့

သွေးက လူပျိုကြီး လုပ်မယ်၊ ဒါမှ ယဉ်ယဉ်ကို ဘယ်လောက်ချစ်လဲ

သိရမှာပေါ့''

''အပိုတွေ မပြောနဲ့၊ ငါ့စကားကို နားထောင်မှ ငါ့ကိုချစ်တယ်

လို့ အောက်မေ့မယ်၊ ငါကတော့ မင်းကိုချစ်လို့ ငါ့အချစ်ဦးကိုတောင်

ရင်နာပေမယ့် ပြတ်ပြတ်သားသား စွန့်လွှတ်လိုက်တယ်၊ မင်းကကျတော့

ငါ့အတွက် ဒီလောက်လေးတောင် မစွန့်စားပေးနိုင်ဘူးလား''

''ယဉ်ယဉ်ရာ တခြားဟာ''

''တော်ပြီ တော်ပြီ သွေး၊ ငါ မင်းကို အပြတ်သားဆုံး အရှင်း

လင်းဆုံး စကားပြောမယ်၊ ချစ်သမီးနဲ့ကိစ္စကို ငါ လက်လျှော့လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဒီကိစ္စကိုတော့ ငါ လုံးဝ နောက်ဆုတ်မှာ မဟုတ်ဘူး။ ဒီမိန်းကလေး

ကို လက်မထပ်နိုင်ဘူးဆိုရင် ငါ ဒီအိမ်က ထွက်သွားမယ်''

''ဟာ ယဉ်ယဉ်က ဘယ်သွားမှာလဲ''

''ငါ့ဘာသာ မယ်သီလရှင် ဝတ်ဝတ်၊ ဘယ်နေရာသွားသွား

ပေါ့။ အရွယ်ရောက်လို့ ခြေရာချင်း တိုင်းပြီး အာခံတာ ဂရုမစိုက်တာနဲ့

ငါ မခံစားနိုင်ဘူး၊ မင်းကြောင့် ငါ့ဘက်က စွန့်လွှတ်သင့်တာတွေ စွန့်လွှတ်

ပြီးပြီ၊ မင်းဘက်ကလည်း လိုက်လျောသင့်တာ လိုက်လျောဖို့ ကြိုးစား''

''ဟာ ယဉ်ယဉ်ရာ၊ ဂွမ်းပြီဗျာ၊ တကယ်စားတယ်''

နေချိုသွေး ငိုမဲ့မဲ့ဖြစ်နေတာကို ဒေါ်ယဉ်ကျေးနွယ် ဂရုမစိုက်

မျက်နှာကို တစ်ဖက်လွှဲရင်း ရင်တွင်းက ကြိတ်ရယ်နေလိုက်သည်။

ကသိကအောက် မခံချိမခံသာ ခံစားမှုမျိုး ခံစားကြည့်စမ်း

စေ။ မာနနဲ့ ခံနိုင်ရည်ရှိအောင် ကြိုးစားစမ်းပါစေ။

ဝေဒနာရဲ့ ဇစ်မြစ်က ကိုယ်ကိုယ်တိုင်ရဲ့ အပြစ်ပဲဆိုတာ…

■ ■ ■



## အခန်း (၃၁)

''သမီးကို အပြစ်တင်နေတာ မဟုတ်ပါဘူး။ ဖေဖေ ဆုံးဖြတ်ချက်ကို ပြောပြတာပါ၊ ယဉ်ယဉ်ကို ဖေဖေ လက်မထပ်တော့ဘူး သမီး''

''ဘာ ဘာဖြစ်လို့လဲ ဖေဖေ၊ ဟို သမီးကို နေချိုသွေးနဲ့''

''ဟင့်အင်း သမီး မုန်းနေတဲ့ လူတစ်ယောက်ကို ဖေဖေ ဖွတ်အတင်းပေးစားပါ့မလား။ လူငယ်ဖြစ်ပြီး ထောင့်မကျိုးတာ၊ သမီးကို တန်ဖိုးမဲ့စကားတွေ ပြောတာ၊ ဖေဖေလည်း လက်မခံနိုင်ပါဘူး။ ဒါကြောင့်မို့ ယဉ်ယဉ်ကို လက်ထပ်ရင် ဒီကောင်နဲ့ ပတ်သက်ရမှာ စိုးရိမ်လို့ ရယ်တန်းက ရပ်ဖို့ ဆုံးဖြတ်လိုက်ရတာ''

''ဒေါ်ယဉ်ကျေးနွယ်ကို ဖေဖေ တကယ်စွန့်လွှတ်နိုင်တယ်ပေါ့''

ချစ်သမီး မေးခွန်းကြောင့် ဦးချစ်ဘုန်းခေါင် မျက်နှာ ဖြတ်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရသလို နာကျင်ရှုံ့မဲ့သွားသည်။

အကျီရင်ဘတ်စကို စုဆွဲဆုပ်ကိုင်ထားကာ သက်ပြင်းတွေလည်း ရှိုက်၏။

"ယဥ်ယဥ်အပေါ်မှာ အမှားတွေ များခဲ့တယ်၊ အပြစ်တွေလည်း လုပ်ခဲ့တယ်၊ အဲဒါတွေအတွက် ပြန်ပြီး ပေးဆပ်ချင်တဲ့ ဆန္ဒတွေလည်း ရှိခဲ့ပါတယ်၊ ဒါပေမဲ့ သမီးနဲ့တော့ မလဲနိုင်ဘူးလေ၊ ဖေဖေက ယဥ်ယဥ် လက်ထပ်ခဲ့ရင် သမီးနဲ့ မောင်နေချိုသွေး မဖြစ်မနေ ပတ်သက်ရတော့ မှာပဲ သမီး၊ အခုလိုနေတာက တစ်ယောက်နဲ့တစ်ယောက် ရန်သူလို သဘောထားထား မခေါ်ဘဲနေနေ၊ အပြိုင်အဆိုင် ဘယ်လိုပဲ တိုက်နိုက် တိုက်ခိုက် အရှုံးမပေးလို့ ရတယ်၊ မာနနဲ့ တုံ့ပြန်လို့ ရတယ်၊ ဟုတ်တယ် မဟုတ်လား သမီး"

"ဟုတ် ဟုတ်ပါတယ် ဖေဖေ"

"အေး အဲဒါကြောင့် ဖေဖေ့သမီးလေးကို အဲဒီ အသိုက်အဝန်း ထဲ ရောက်သွားပြီး စိတ်မပင်ပန်းစေချင်ဘူး၊ ဖေဖေ့မေတ္တာပါ"

"ဖေဖေရယ် သမီးက နေတတ်ပါတယ်၊ ဒေါ်ယဥ်ကျေးနွယ် ဖေဖေ အရမ်းမျှော်လင့်ထားပြီးမှ ဒီလိုမျိုး စွန့်လွှတ်လိုက်မလို့လား"

"ဖေဖေ့ရင်ထဲမှာ ယဥ်ယဥ်ကို စွန့်လွှတ်ရလို့ နာကျင်နေပါတယ် ဒါပေမဲ့ သမီးလောက် အရေးမကြီးဘူးလို့ ဖေဖေ ပြောပြီးပြီပဲ၊ မော





နေချိုသွေးနဲ့ ပဋိပက္ခ ဖြစ်ပြီး သမီး ရှုံးမှာကို ဖေဖေ မလိုလားဘူးကွယ်၊ သမီးက မောင်နေချိုသွေး ဘာပြောပြော ဘယ်လိုအနိုင်ယူယူ သည်းခံ နိုင်လို့လား"

"ဟာ အဲဒါတော့ ဘယ်လိုလုပ် သည်းခံနိုင်မှာလဲ ဖေဖေ၊ သူတင် ကိုယ်တင် နည်းနည်းလေးမှ အစွန်းမခံနိုင်ဘူး၊ သူတောင် ယောကျ်ားလေးဖြစ်ပြီး အထက်စီးက မာနကြီးပြနေသေးတာ၊ သမီးက အကျော့ခံရမှာလား၊ သမီးအတွက် ယောကျ်ားမရှားပါဘူး၊ သူ့ထက် သာတဲ့ကောင်တွေကို ခေါင်းခေါက် ရွေးပြဦးမယ်"

ချစ်သမီးရဲ့ အားကောင်းမောင်းသန် ကြိမ်းရေးမှုကြောင့် ဦး ချစ်ဘုန်းခေါင် မျက်ခုံးပင့်ကာ ကြက်သီးဖြန်းဖြန်း ထသွား၏။ ဒါပေမဲ့ ချက်ချင်းပင် ဣန္ဒြေဆယ်၍ ပြုံးလိုက်ကာ

"ဟုတ်တယ် သမီး၊ ဒီလိုကောင်မျိုးရဲ့ အငြင်းခံရတာတော့ ခွေးကိုက်တာထက်တောင် နာဖို့ကောင်းတယ်၊ အခုလည်း သမီးကိုတော့ ငြင်းပြီး တခြားမိန်းကလေးနဲ့ ယဥ်ယဥ် စီစဥ်တာကိုတော့ ဝမ်းသာအားရ လက်ခံတယ်တဲ့၊ သမီးကလွဲရင် ခွေးကို အမြီးဖြတ်ပေးစားရင်တောင် ယူမယ်လို့ ပြောသေးတာတဲ့ဗျာ"

"ဘာ သူက အဲဒီကောင်က အဲဒီလို ပြောတယ်၊ ကြည့်စမ်း ခင်းကများ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့၊ ယဉ်ယဉ်ကို စွန့်လွှတ်ရတာ ဒီကော[...] အဆင့်အတန်းကြောင့်လည်း ပါတယ်"

"ဖေဖေပဲ မျိုးရိုးသန့်တယ်၊ အဆွေ့အတန်း ရှိတယ်ဆို"

"ယဉ်ယဉ် တူဆိုတော့ အစက ဖေဖေလည်း အဲလို ထင်ခဲ့[...] ပေါ့၊ ဖေဖေ့အပေါ် ဆက်ဆံတာလည်း မဆိုးပါဘူး။ ဒါပေမဲ့ သမီးအပေါ်[...] ပစ်စလက်ခတ် ပြောလွန်းတာတော့ ယောကျ်ားမဆန်ဘူးလို့ ဖေ[...] ထင်တယ်၊ သမီးလို အညှာအချင်းရှိတဲ့ မိန်းကလေးကို လက်ထပ်ချင်[...] သူတွေ တစ်ပုံကြီးပါ၊ ဖေဖေလည်း မခံချင်စိတ်နဲ့ တစ်ခုတော့ ရည်ရွယ်[...] ထားတယ် သမီး"

ဘာများလဲဟူသည့် သဘောဖြင့် ချစ်သမီး မျက်ဝန်းသေ[...] ပြူးလည်းစွာ နားစွင့်၏။ ဦးချစ်တုန်းခေါင်က ဆိုဖာခုံကို ကျောကပ်မှီလိုက်[...] ကာ

"ဖေဖေ့မိတ်ဆွေ သမားတော်ကြီး ဦးကျော်ဝင်းရဲ့ သားနဲ့သ[...] ကို လက်ထပ်ပေးချင်တယ်၊ သူကလည်း ဂုဏ်ဒြပ်ရှိတဲ့ အသည်းအထူး[...] ဆရာဝန်ကြီးပဲနော်"

"ဟာ ဖေဖေကလည်း သမီးကို ဟိုလူနဲ့ပေးစား ဒီလူနဲ့ ပေး[...] နဲ့"

"သမီးပဲ နေချိုသွေးထက် သာတဲ့အကောင်ကို ယူပြမယ်ဆို[...]



[...]ယ်ဆလောက် သာတဲ့လူနဲ့ ဖေဖေ စီစဉ်ပေးနေတာလေ၊ သမီး မကျေနပ်ဘူးလား၊ ဟိုတက်က သမီးကို လိုလိုလားလား ရှိတယ်နော်၊ မောင်နေချိုသွေးလို မဟုတ်ဘူး"

"သမီး မယူချင်ပါဘူး ဖေဖေရာ၊ တကယ်ကို ယောကျ်ား[...] ယူချင်သေးတာ"

"စကားကို ဗလောင်းဗလဲ မပြောနဲ့နော် သမီး၊ ဖေဖေက သမီးအတွက် စဉ်းစားရွေးချယ်ထားတာ၊ နေချိုသွေးကို သမီး အားကျ[...] ခံ မတုံ့ပြန်ချင်ဘူးလား"

"အဲဒါက အဲဒါပေါ့"

"အဲဒါပေါ့တွေ ဟိုဟာပေါ့တွေ မလုပ်နဲ့၊ ဖေဖေက ဟိုတက်ကို စကားကျွံလာခဲ့ပြီ၊ အမျိုးမျိုးနဲ့ အရိုးမျှားသလေး ချေးခါးသလေး လုပ်လို့ ဖြစ်ဘူးနော်၊ ဒီလို အဆင့်အတန်း ရှိတဲ့လူမျိုးကို ဖေဖေ မျက်နှာအပျက် ခံလို့ မရဘူး၊ ဒီကိစ္စကို လိုအပ်ရင် ဖေဖေ အမိန့်အာဏာ သုံးရလိမ့်မယ် သမီး"

ခပ်တည်တည်နှင့် ဝေါက်ငမ်းလိုက်တော့ ချစ်သမီး ပခုံးကျုံ့ကာ ငြိမ်သက်သွား၏။ မိဘတွေ အမိန့်အာဏာသုံးပြီး ခြိမ်းခြောက်တာ ခံရဘူးလို့ ကလန်ကဆန် လုပ်နေတာကို နေရာတကာ အလျှော့ပေးလို့တော့ မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



အကျင့်တစ်ခုလို ထင်ရာလုပ်တတ်တာကို နားလည်ပေး
ရပေမယ့် ပမာမခန့် ဂရုမစိုက် လုပ်တာမျိုးတော့ လက်မခံနိုင်။

မုန်းလို့မဟုတ်ပေမယ့် လိမ္မာ သိတတ်စေချင်သည့် စေတနာ
ဒါတွေကို တဖြည်းဖြည်း သဘောပေါက်လာခဲ့လျှင်တော့ ပေးဆပ်ရ
နပ်ပြီပဲမို့ . . ။

■ ■ ■



## အခန်း (၃၂)

ပထမ တစ်သုတ်သင်တန်း လွှတ်ချိန်ကတည်းက သူမ အခန်းထဲ ဝင်ဖို့ စဉ်းစားထားပေမယ့် ဘယ်နေရာမှာ ပုန်းခိုစောင့်ကြည့်နေရမှန်း မသိ၍ အခန်းထောင့်အကွယ်က ကော်ရစ်တာ ထောင့်ချိုးလေးမှာပဲ ရပ်နေလိုက်ရသည်။

ဒီနေရာက ကြည့်လျှင် အခန်းတွင်းကို ဘယ်သူဝင်သည် ဘယ်သူထွက်သည်၊ သူမ နေရာလေးကို ဘယ်သူလာပြီး ဘာလုပ်သွားသည်ဆိုတာ သေချာမြင်တွေ့နိုင်သည်။

ဒီနေ့ ဒီအချိန်မှ သိသာထင်ရှားမှု မရှိဘူးဆိုလျှင်တော့ သူမ စွန့်စားရကျိုး မနပ်။ သေချာပေါက်သိရလျှင်လည်း သူမ ဒီအတိုင်း ငြိမ်ခံနေမှာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကို တိုင်ချင်တိုင်၊ ဂုတ်ကဆွဲပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြောချင်ပြော၊ ပိုးစိုးပက်စက် ဆဲချင်ဆဲ။

တစ်ခုခုတော့ လုပ်မှဖြစ်မည်။ ကိုယ်ရောင်ဖျောက် ပဟေဠိလုပ်နေတာ ဘယ်လောက်အသည်းယားဖို့ ကောင်းလဲ။

လက်တွေ့မိတာတောင် ဖြောင်ဖြောင်းရဲသည့် စိုးလင်းကို မှတ်လောက်သားလောက် ပညာခန်းပြမှ ဖြစ်မည်။

တကယ်လို့ စိုးလင်း မဟုတ်တဲ့ တခြားတစ်ယောက်ဆိုရင်ရော။

"မိပြီ မိပြီ ဟိတ်ကောင် မပြေးနဲ့၊ မပြေးနဲ့"

"ဟင် ဘာ ဘာဖြစ်တာလဲ"

ရုန်းရင်းဆန်ခတ် အသံဗလံတွေကြောင့် အတွေးလွန် မင်တက်မိနေရာမှ ထိုနေရာကို ပြူးပြဲကာ ချောင်းမြောင်းကြည့်လိုက်မိသည်။

"ဟယ် နေ နေချိုသွေး"

စိုးလင်းက နေချိုသွေးကို ခုန်အုပ်ပြီး ဖမ်းချုပ်ထားတာ လုံးဝမလွှတ်။ နေချိုသွေးက ဇွတ်အတင်း ရုန်းလေ၊ စိုးလင်းက တင်းတင်းဖက်တွယ်ထားလေနှင့် ပါကေးခင်းပေါ်တွင် လုံးထွေးနေတာ မြင်လို့တောင်မကောင်း။

"ဟိတ်ကောင် ဖယ်စမ်း၊ ဘာလုပ်တာလဲ လွှတ်စမ်းပါ"

ကုန်းရုန်းထကာ နေချိုသွေး အော်တော့ စိုးလင်းက နေချိုသွေး

က်တစ်ဖက်ကို မလွှတ်တမ်း ဆွဲချုပ်ထားကာ

"ခု ဒီနှင်းဆီပန်းကို ချစ်သမီးအတွက် မင်းလာထားတာ ဟုတ်လား၊ အရင်ခါတွေက ကိစ္စတွေလည်း မင်းလက်ချက်ပဲ မဟုတ်ဘူး"

"ဘာကိစ္စတွေလဲ ငါ မသိဘူး"

"မင်း မငြင်းနဲ့နော်၊ ငါ မဟုတ်ဘဲနဲ့ ငါ့ကို ချစ်သမီး ငြိုငြင်ပြောဆိုပြီး မုန်းနေလို့ ငါ အမိဖမ်းမယ်ဆိုပြီး စောင့်နေတာ၊ မင်းဝန်မခံ င် အခု မင်းလက်ထဲက နှင်းဆီပန်းကို သက်သေထားပြီး ချစ်သမီး ရောက်လာတဲ့အထိ မင်းကို ဒီအတိုင်း ဖမ်းထားရမှာပဲ"

"အာ အဲ အဲလိုလုပ်လို့ မဖြစ်ဘူး၊ ငါ ဝန်ခံမယ်၊ မင်း ငါ့ကို လွှတ်"

"ပြောပြီးရင် လွှတ်မယ် ပြောစမ်း၊ အရင်နေ့တွေက ချစ်သမီး ပေါ်မှာ နှင်းဆီပန်းလေးတွေ တင်ထားတာ၊ မိုးရွာတဲ့နေ့က စားပွဲထိုး လေးက တစ်ဆင့် ထီးလှလှပေးဖူးတာ၊ ချစ်သမီး မွေးနေ့က ပလက်တီ မ်ဖုရိုန်းလေး ပေးဖူးတာ၊ နောက် အရုပ်လေးတွေ ဖန်စီပစ္စည်းလေးတွေ"

"ဟုတ်တယ်ကွာ ဟုတ်တယ်၊ အဲဒါတွေ ငါပေးတာ၊ ငါ ဝန်ခံ တယ်၊ မင်းဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ"

"မင်းလူမိုက်စကား မပြောနဲ့နော်၊ မင်းက အဲလို သူမသိအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာတွေက ငါ့ကို ထိခိုက်တယ်ကွ၊ ငါ့ကိုယုန်ထင်ကြောင်ထင်နဲ့ အမုန်းခံနေရတယ်၊ အစွပ်စွဲခံနေရတယ်၊ ယောကျ်ားပဲ သတ္တိရှိရှိနဲ့ ပေါ် တင် ပေးပါလား။ ကြိုက်ရင်လည်း ကြိုက်တယ်လို့ ပြောပါလား။ အဲ နေဦး အဲလို လုပ်ရင် ငါနဲ့ရန်သူဖြစ်သွားမှာပေါ့''

''ဟား ဟား မင်းနဲ့ ရန်သူဖြစ်သွားမယ် ဟုတ်လား''

နေချိုသွေး တဟားဟား လှောင်ရယ်တော့ စိုးလင်း ကြောင် စီစီဖြင့် လက်လွှတ်လိုက်တော့မလို ဖြစ်သွား၏။ ဒါပေမဲ့ ပြန်ဆွဲထားကာ

''မင်းက ဘာရယ်တာလဲ''

''မင်းလိုကောင်ကို ချစ်သမီးက ပြန်ကြိုက်မှာတဲ့လား''

''အခုလောလောဆယ် ပြန်ကြိုက်တာ မကြိုက်တာထက် သူက တစ်ချိန်ချိန်မှာ ငါ့ရဲ့ ဇနီးမယား ဖြစ်လာမယ့် ဖူးစာဖက်ကွ၊ မင်းလို ရန်အမြဲတမ်းဖြစ်ပြီး အမုန်းခံနေရတာ မဟုတ်ဘူး။ အခုလို မင်း မဟုတ် တာတွေ လုပ်နေတာတွေက ငါ့ကြောင့်ထင်ပြီး စိမ်းစိမ်းကားကား ဆက်ဆံ ခံနေရတာ မင်း အဲဒီကိစ္စ ချစ်သမီးရှေ့မှာ ဖြေရှင်းပေးရမယ်''

''ဘာလို့ ဖြေရှင်းပေးရမှာလဲ''

''မရှင်းလို့ ရမလား။ ရှင်းကို ရှင်းပေးရမယ်၊ ငါက သူမကြိုက် တာတွေ လုပ်နေတယ်လို့ သံသယဝင်နေရင် ငါ ဘယ်လိုလုပ် အခြေ တောင်းလို့ ရမှာလဲ''





''မရ မတောင်းနဲ့ပေါ့၊ ငါ့အကြောင်းမှ မဟုတ်တာ၊ မင်းလည်း ယောကျ်ား ငါလည်း ယောကျ်ား၊ မိန်းကလေးတစ်ယောက်ကို နည်း အမျိုးမျိုးနဲ့ ကြိုးစားခွင့်ရှိတယ်''

''ဘာ မင်းက ဒီလိုနည်းလမ်းနဲ့ ချစ်သမီးကို ကြိုးစားနေတာ ဟုတ်လား၊ လူမသိသူမသိ ဘယ်လိုလုပ် အရာထင်မှာလဲ၊ ရှေ့မှာတော့ ချစ်သမီးကို တန်ဖိုးမရှိ အထင်သေး နှိပ်ကွပ်ဖိုက်နေပြီးတော့''

''ဒါက ငါ့မာနနဲ့ငါ့အတ္တလေ၊ သူငယ်ချင်းတွေ ရှေ့မှာ သိက္ခာ ကျ မခံချင်လို့ သူ လုပ်သမျှ ပြန်ပြီး တုံ့ပြန်နေတာ၊ ကွယ်ရာမှာတော့ ငါ့ရင်ထဲက ခံစားချက်အတိုင်း ငါ ကြိုးစားနေတာ တစ်ချိန်ချိန်မှာ အသိအမှတ်ပြုဖို့ မျှော်လင့်ချက်နဲ့''

နေချိုသွေး စကားမဆက်တော့ဘဲ စိုးလင်း လက်ထဲက ဆောင့် ခနဲ ရုန်းထွက်၏။ သင်တန်းခန်းမထဲ သင်တန်းသား သင်တန်းသူတချို့ ဝင်လာလို့ ဣန္ဒြေတယ်လိုက်ခြင်းဖြစ်သည်။

ပြီးတော့ ဆူးများသင်ထားသော အဝါရောင် နှင်းဆီပွင့်လေးကို ရှိုက်ခနဲ နမ်းပြီးမှ ချစ်သမီး ခုံပေါ်မှာ ရွရွလေး တင်ခဲ့ပြီး လှည့်ထွက် သွားသည်။

''ဒါ ဒါ ဘယ်လိုဖြစ်တာလဲ၊ ဘာလုပ်တာလဲ''

ချစ်သမီး ခြေတုန်လက်တုန် လူတစ်ကိုယ်လုံး ကတုန်ကယင်



www.burmeseclassic.com

www.burmeseclassic.com



နှင့် နံရံကို မှီကာပ်ကာ ရင်ဘတ်ကို ဖိထားရသည်။ ရင်ဘတ်တစ်နေရာက တဆတ်ဆတ် သွေးခုန်နှုန်းတွေ မြန်နေ၍ မှိုတွယ်ရာ ရှာမိခြင်းပါ။

နေချိုသွေး ဒီလိုလုပ်လိမ့်မယ် စိတ်ကူးယဉ်ဆန်ဆန် သူမကို ညို့ယူ ဖြားယောင်းနေလိမ့်မယ်လို့ ဘယ်လိုမှ ထင်မှတ်မထား။ ဒီနေ့ ဒီအချိန်ထိ မျက်နှာချင်းဆိုင်လိုက်တိုင်း တကယ် ရန်သူတော်ကြီးတွေလို တွိုက်ခိုက်နေခဲ့ကြတာ မဟုတ်ပါလား။

သူကိုယ်တိုင် နိုးကြောင်နိုးဝှက်လုပ်တာတွေ ရှိသလို သူများက တစ်ဆင့် သူမ မရိပ်စားမိအောင် လက်ဆောင်ပစ္စည်း အမှတ်တရ ပစ္စည်းလေးတွေဖြင့် သူမ နှလုံးသားကို သိမ်းပိုက်ဖို့ ကြိုးစားနေတာ နေချိုသွေးတဲ့။

သူများပြောလျှင် ယုံမှာမဟုတ်။ အခု နေချိုသွေး ဝန်ခံသွားတာ ကိုယ်တိုင် ကြားသိရပြီး သူမကရော ဘာကြောင့် ရင်တွေခုန်နေရတာ လဲ။

တကယ်ဆို ထိုနေရာကို ဝုန်းဒိုင်းကျဲ ဝင်သွားပြီး နေချိုသွေး ပါးကို ဘယ်ပြန်ညာပြန် ရိုက်ပစ်လိုက်ရမှာ။

သူမ ဘယ်လောက်တောင် စိတ်အနှောင့်အယှက် ကသိက အောက်ဖြစ်ခဲ့ရလဲ။ ဘယ်သူမှန်းမသိဘဲ သံသယဝင်မိသော စိုးလင်း အပေါ် အပြစ်တွေ ပုံချပြီး ပျစ်ပျစ်နှစ်နှစ် ပြောချင်တိုင်း ပြောပစ်ခဲ့တာ။





နေချိုသွေးက သူ့အချစ်တွေကို ပိပိရိရိ လိမ်ညာဖုံးကွယ်ပြီး သူမကို ရန်သူတစ်ယောက်လို ခပ်ကြမ်းကြမ်း ဆက်ဆံခဲ့တာပါလား။

"ဟဲ့ ဟဲ့ ချစ်သမီး၊ နင်က ဒီနားမှာရပ်ပြီး ဘာလုပ်နေတာလဲ၊ အခန်းထဲလည်း မဝင်၊ အအေးဆိုင်ထဲလည်း ရောက်မလာနဲ့ ကားပါကင် မှာ နင့်ကားကို တွေ့လို့ ငါ တက်လာတာ၊ လာလေ သင်တန်းက စ တော့မှာ ဝင်ရအောင်"

ကပျာကယာ အနားရောက်လာပြီး အေမီ ဆွဲခေါ်နေပေမယ့် ချစ်သမီး မတုန်မလှုပ်နှင့် တွေတွေကြီး ဖြစ်နေသည်။

"ချစ်သမီး နေမကောင်းဘူးလား၊ နေမကောင်းရင်လည်း အစ ကတည်းက မလာဘဲ နေတာ မဟုတ်ဘူးဟယ်၊ ရောက်လာမှတော့ သင်တန်းချိန်က ခဏလေးပဲဥစ္စာ၊ တက်လိုက်ပါတော့"

"ဟင့်အင်း ငါ ငါ ပြန်တော့မယ်"

"ဘာဖြစ်လို့လဲ၊ အရမ်းနေမကောင်းဖြစ်နေရင် ငါ ပြန်လိုက်ပို့ မယ်လေ၊ ခေါင်းကိုက်တာလား၊ ဖျားတာလား"

"မဟုတ်ပါဘူး"

"နင်တို့ကလည်း တူမှတူတတ်ပလေတယ်"

"ဘာ ဘာလဲ"

"နေချိုသွေးလည်း နင့်လိုပဲ မျက်နှာက ညိုးညိုးငယ်ငယ်



www.burmeseclassic.com

ငြိမ်ငြိမ်သက်သက်နဲ့ ဒီနေ့ သင်တန်း မတက်ချင်လို့ ပြန်တော့မှာတဲ့ ကားပါကင်အထွက်မှာ သူ့သူငယ်ချင်းတွေနဲ့ ပြောနေတာ၊ နိုင်ဦးကတောင် မင်းပျောက်သွားလို့ လိုက်ရှာနေတာ၊ မင်းက သင်တန်းကို ရောက်ပြီး ဘာလို့ မတက်တာလဲလို့ မေးနေတယ်"

"အဲဒီတော့ သူက ဘာပြောလဲ"

"ဘာပြောလဲလို့ ငါလည်း သေချာရပ်နားမထောင်ခဲ့ပါဘူး သူ့ကားပေါ် သူ့သူငယ်ချင်းတွေ ပြန်ပါသွားလေရဲ့၊ တစ်ဖွဲ့လုံး သင်တန်း မတက်တော့ဘူး နေမှာပေါ့၊ သွေးလည်း ဘာဖြစ်မှန်းမသိ၊ နင်လည်း ဘာဖြစ်မှန်းမသိ"

"ငါ ငါ့ကို ကိုယ်ရောင်ဖျောက် ပဟေဠိတွေ လုပ်နေခဲ့တာ နေ နေချိုသွေးတဲ့"

"ဘာ"

နေချိုသွေး မျက်နှာနားကပ်ကာ အေမိ အံ့ဩတကြီး အော်သည်။ ပြီးမှ မျက်လုံး ပေကလပ် ပေကလပ်နှင့် စိတ်ဝင်စားကာ

"နင် နင့်ကို ဘယ်သူပြောတာလဲ ချစ်သမီး"

"နေချိုသွေးကိုယ်တိုင် ဝန်ခံတာ"

"နှဖ့်ကိုလား"

"ဟင့်အင်း စိုးလင်းက သူ့ကိုအပြစ်ပြောတာတွေ မခံနိုင်လို့





ဒီနေ့ သင်တန်းကို အစောကြီးလာပုန်းနေပြီး ဘယ်သူဖြစ်နိုင်မလဲလို့ အမိဖမ်းလိုက်တာ ဖြစ်မယ်"

"အဲဒါနဲ့ နေချိုသွေးကြီးကို မိရောလား"

"ငါ့စားပွဲပေါ် သူနှင်းဆီပန်း တင်တော့မယ့်အချိန်မှာ ခုံအောက်မှာ ပုန်းနေတဲ့ စိုးလင်းက ခုန်အုပ် နပန်းလုံးပြီးကို လွှတ်မပေးဘဲ ဆွဲထားတာ"

"ဟယ် ငါ မမြင်လိုက်ရတာ နာတာပဲ၊ ပွဲကြီးပွဲကောင်း ဖြစ်မယ်နော်၊ နင်က ဘယ်ကနေ ကြည့်နေတာလဲ"

"ငါက အခန်းထဲဝင်ပြီး ခုံအောက်တွေ ဘာတွေကနေ မစောင့်ရဲလို့ ဒီနားကနေ ချောင်းကြည့်နေတာပေါ့၊ ဘယ်သူဆိုတာ သိလိုက်တော့ အသေအကြေပဲဆိုပြီး"

"ဟင် အ အခု နေချိုသွေးကို ဘာလုပ်လိုက်လဲ"

အေမိက ပြူးပျာကာ အထိတ်တလန့် မေး၏။ ချစ်သမီးက ဖြည်းလေးစွာ ခေါင်းယမ်းသည်။

"ငါ ငါ ဘာမှမလုပ်လိုက်ရသေးဘူး"

တိုးညင်းသော ချစ်သမီးအသံက တုန်ခါလှိုက်မောနေသည်။ ခရီးဝေးကနေ အားကြိုးမာန်တက် ခြေကုန်သုတ် ပြေးလာပြီးမှ ပန်းတိုင်ပျောက်လို့ အမောဆို့နေသလို ခံစားမှုကြီး ဖြစ်နေတာ အံ့ဩစရာ

www.burmeseclassic.com



ကိုယ်ကိုယ်တိုင်ကရော ကိုယ့်နှလုံးသားကို လိမ်ညာ

သလား။ ဖြားယောင်းမှုအပေါ် မှိန်းမောသာယာခြင်း မရှိခဲ့ပါဘဲ။

ဘယ်လိုဝေဒနာမျိုးလဲ။

ဒီရင်ဘတ်တွင်းက နှလုံးသားနုနု ရင်ခုန်သံက အခုမှ

ကာ. . . ။

■ ■ ■



## အခန်း (၃၃)

ခေါင်းငိုက်စိုက်ချ၍ နေချိုသွေးရဲ့ ဝန်ခံမှုတွေကို နိုင်ဦးတို့

ယောက် အံ့သြနေကြသည်။ နေချိုသွေးကတော့ သူ့ရှေ့က ရေခဲမုန့်

တွေ အရည်ပျော်နေတာတောင် သတိထားမိပါရဲ့လား မသိ။

"မင်းတကယ် ချစ်သမီးကို ချစ်ခဲ့တာလား"

"မိန်းကလေးတစ်ယောက်ကို တကယ်မချစ်တဲ့ ဘယ်ယောက်ျား

က ဒီလိုမျိုး အလေးအနက် ဒုက္ခခံနေမှာလဲ"

"ဒါနဲ့များကွာ"

မင်းစိုးက စကားမဆက်။ နိုင်ဦးက နွတ်ခမ်းတစ်လံ ပန်းတစ်လံ

ရွဲ့ကာ လက်ဝါးချင်း တဖျပ်ဖျပ်ရိုက်ပြီး

"အမယ်လေး အစကတော့ လေတစ်လုံး မိုးတစ်လုံး အပြော



www.burmeseclassic.com

www.burmeseclassic.com



ကြီးပြီး လူကြားကောင်းအောင် ချစ်သမီးကို ရန်တွေ့နေတဲ့လူက
အရှက်မရှိ နိုးကြောင်နိုးဝှက် အလုပ်တွေကို သူငယ်ချင်းတွေ မသိအော
လုပ်နေခဲ့တာတဲ့ အံ့ဩစရာပဲ"

"ဟုတ်တယ် သွေး၊ အဲဒီကွက်ရှင်ကတော့ မင်းလွန်တယ်
လောက် ရင်းရင်းနှီးနှီး ပေါင်းသင်းလာတဲ့ သူငယ်ချင်းတွေကွာ၊
ပွင့်လင်းလင်း မပြောသင့် မတိုင်ပင်သင့်ဘူးလား၊ ဘာမဟုတ်တာ
မာနကြီးပြီး"

"ဘာမဟုတ်တာဆိုတဲ့ စကားတော့ မပြောပါနဲ့ကွာ၊ ယော
တစ်ယောက်မာနနဲ့ သိက္ခာထိခိုက်လောက်အောင် သူ့ဘက်က ဆတ်
ရေးကို မင်းတို့သိရဲ့သားနဲ့"

"မင်းကရော ဘယ်နှခါ အလျှော့ပေးဆက်ဆံဖူးလို့လဲ၊ အ
အဆိုင် မာနတွေ ထားပြီး တိုက်ခိုက်နေတာ ဘယ်မိန်းကလေးက
ကြည်ပျော်ဝင်မှာလဲ၊ တကယ့် အချစ်စစ်မှာ မာနမရှိဘူး။ အပြိုင်အ
တိုက်ခိုက်တယ် ဆိုတာ မရှိဘူး၊ သိမ်မွေ့နူးညံ့မှုတွေ ပေးဆပ်နားလ
တွေ စွန့်လွှတ်အနစ်နာခံမှုတွေနဲ့ အရမ်းကို မြတ်နိုးစရာကောင်း

"အဲတော် မထင်ရဘူး၊ မင်းစိုး နင် အဲဒါတွေပြောတတ်
ဟုတ်လား။ ရင်ခုန်စရာကြီးဟယ်"

"အာ ဒီ မစိုတစို မချောက်တချောက်က တစ်မျိုး"





မိုးနွဲ့က လက်သီးဆုပ်နှင့် ထုနေသော နိုင်ဦးကိုယ်ကြီးကို မင်းစိုး ဆောင့်တွန်းပစ်လိုက်သည်။ နေချိုသွေးက ရယ်ပင်မရယ်နိုင်ပါ။

"သွေး မင်းဘာဆက်လုပ်မှာလဲ"

"ဘာလုပ်ရမှန်း မသိတော့ပါဘူး ဟိုဖွန့်ကြောင်ဖွလို့ ချစ်သမီးလည်း သိတော့မှာ"

"သူ သိရင် မင်းကို အပေါ်စီးကနေ လာကွိုင်မှာ မြင်ယောင်သေးတယ်၊ မင်း ကြောက်နေပြီလား သွေး"

"သူ ဘာပြောပြော သည်းခံနိုင်မယ်လို့ ထင်ပါတယ်၊ ငါက မှားခဲ့တာပဲ"

"ချစ်တာက မှားတာ မဟုတ်ဘူး အလျှော့မပေးတဲ့ အနိုင်လိုချင်တဲ့စိတ်က ချစ်သမီးနဲ့ ဝေးအောင် ဖန်တီးနေတာ၊ သူ အရင်ကထက် ပိုမုန်းသွားရင်လည်း ခံနိုင်ရည်ရှိအောင် ကြိုးစား၊ ကိုယ့်ကိုယ်ကို ဂုဏ်သိက္ခာတွေ ဆယ်နေရင်းက အစွန်းရောက်ပြီး အလွန်အကျူးတွေ လုပ်မိတော့ ဒီလောက် ရင်းရတော့မှာပဲ"

"ဝန်ခံလိုက်တာတောင် ရင်တွေက ပေါ့ပါးမသွားဘူးကွာ၊ အရမ်းပင်ပန်းနေတယ်၊ ငါ သူ့ကို သွားတောင်းပန်တာမျိုးလည်း မလုပ်ချင်ဘူး"

"မာနက စည်းခြားအောင် ခတ်ထားပြန်ပြီလား။ မင်းအဲဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ စနောက်နေတာတောင် မရယ်နိုင် မပြုံးနိုင်ဖြစ်နေသော နေခြည်သွေးမျက်နှာကို ကြည့်၍ မင်းစိုး မသက်မသာ ဖြစ်ကာ ပြောလိုက် သည်။

နိုင်ဦးကလည်း သဘောပေါက်ပါသည်။ ငြိမ်သက်တိတ်ဆိတ် ညှိုးနွမ်းနေသော နေခြည်သွေးကို သနားကရုဏာ ဖြစ်ကာ အကူအညီ ပေးဖို့ ဆုံးဖြတ်လိုက်သည်။ ချစ်သမီး လွယ်လွယ်ကူကူ လက်ခံပါ့မလား

သွေးနှင့်အပြိုင် စိတ်ကြီးလွန်းသော မိန်းကလေးမို့ နားဝင် အောင် ပြောဖို့ လက်ခံလာအောင် ပြောဖို့တော့ အခက်တွေ့မှာ အမှန် ပင်။

သွေးနှင့် ချစ်သမီးဆိုတာ အရာရာ တူညီတာတွေ များလွန်း လို့ . . .။

■ ■ ■

မိုး မိုး ၁၁၃၂

## အခန်း (၃၄)

"ဟဲ့ နိုင်ဦးဆိုင်ကို ဘာလာလုပ်ပြန်တာလဲ"

ဆိုင်ထဲ လှမ်းအဝင်မှာတင် အေမီက စီးဟောက်သည်။ နိုင်ဦး က အပြုံးမပျက် ဆက်လျှောက်လာကာ

"ချစ်သမီးနဲ့ တွေ့ချင်လို့ လာတာ၊ ချစ်သမီး ရှိလား"

"မရှိဘူး"

"ဟင် သင်တန်းလည်းလာမတက်ဘဲနဲ့ ဘယ်သွားနေလို့လဲ"

"အခန်းအောင်းပြီး ဝဠိစိတ်ကျဉ်နေတယ်၊ ငါ့ကိုတောင် မေးတူး ဒါပြော လုပ်ချင်ပုံ မပေါ်ဘူး။ နှင့်ဆို ဝေလာဝေးပဲ၊ သွားစမ်းပါဟယ်၊ စိတ်ရှုပ်ရတဲ့အထဲ"

"ဘာဖြစ်လို့လဲဟယ်"

"အဲတော် နိုင်ဦး၊ အခြောက်မ တော်တော် လျှာရှည်ပါလား၊

မိုး မိုး ၁၁၆၂

www.burmeseclassic.com

www.burmeseclassic.com



ချစ်သမီးကဲ့ လေနေတာနော်၊ ဒါသတွေ နင့်အပေါ် ပုံကျသွားလိမ့်မယ်"

"သွေးနဲ့ ပတ်သက်ပြီး ခံစားနေရတာ မဟုတ်လား၊ အ

အတွက် ရှင်းပြချင်လို့ပါ၊ သွေး သူ့ကိုချစ်နေတယ်ဆိုတာ သူ သိသွား

လားဟင်"

"သိသွားကတည်းက အဲလိုကြီး ဖြစ်နေတာပေါ့၊ သင်တ

တက်ဖို့လည်း ခေါ်လို့မရ၊ အိမ်မှာလည်း ကြာကြာမနေချင်ဘူးတဲ့၊ ဘာ

နေတာလဲလို့ မေးနေတာလည်း မဖြေဘူး"

"ဒါဆို သွေးကြောင့် အလေးအနက် ဖီးလ်ဝင်နေတာ ဖြစ်

တယ်"

"ဘာ"

"ဟုတ်တယ်လေ သွေးနဲ့ချစ်သမီးက အကြိုက်ချင်း စရိုက်ချ

တူတယ်ဆို၊ ခံစားချက်ချင်းရော မတူနိုင်ဘူးလား၊ အခု သွေးလည်

မာနတွေပျောက်ပြီး၊ လူကယ့်ယ့်ပဲ ရှိတော့တယ်၊ ချစ်သမီး အရင်ကထ

မှန်းမှာ နာကြည်းမှာ ကြောက်နေတာ နေမှာပေါ့၊ သူတို့နှစ်ယောက်

ငါတို့တွေကြားဝင် စေ့စပ်ဖျန်ဖြေပေးမှ ဝေဒနာတွေ သက်သာတော့မှာ"

နှိုင်ဦး အေးဆေးရှင်းပြတော့ အေမီ သဘောပေါက်နားလည်

သွားသည်။ နှိုင်ဦး လက်ကို ချစ်သမီး နားနေခန်းလေးရှေ့ထိ ဆွဲခေါ်လာ

ပြီးမှ





"ပြောတော့ ပြောကြည့်ကြမယ်၊ အကြောက်အကန် လက်ခံ

ချင်တဲ့ပုံ မပေါ်ရင်တော့ အခြေအနေ ကြည့်ပြီး နားလည်နော်၊ တစ်ခုခု

ထုပ်လိုက်ရင် ငါ အာမ မခံဘူး"

"အေးပါ ငါ နားလည်ပါတယ်၊ ချစ်သမီးကို မတွေ့ရသေးဘူး၊

နင် ပြောတာနဲ့တင် ကြောက်လာပြီ တကယ်ပဲ"

နှိုင်ဦးက မျက်စောင်းထိုးကာ ဖျစ်တောက် ဖျစ်တောက် ပြော၍

ချစ်သမီး အခန်းတွင်း ဝင်သွားသော အေမီနောက်က လိုက်လာသည်။

ချစ်သမီးက ဆိုဖာခုံရှည်လေးပေါ်မှာ မှိန်ခွေကာ ထိုင်ရင်း မျက်နှာ

ကြက်ကို မော့ကြည့်ကာ ဘာတွေတွေးနေမှန်း မသိ။

"ချစ်သမီး"

အေမီ ခေါ်တော့ နောက်က ပါလာသော နှိုင်ဦးကိုပါ မြင်သွား

ကာ ကိုယ်ကို မတ်မတ်ပြင်ထိုင်၍ ရှေ့က ထိုင်ခုံကို မေးငေ့ပြ၏။ ဒီလောက်

ဆို အခြေအနေ မဆိုး။

အော်ဟစ်နှင်မထုတ်တာမို့ အေမီနှင့် နှိုင်ဦး မျက်စပစ်ကာ

ဝင်ထိုင်လိုက်ကြသည်။

"နှိုင်ဦးက ဘာလာလုပ်တာလဲ"

"နင်နဲ့တွေ့ချင်လို့တဲ့"

"ဘာကိစ္စလဲ"

www.burmeseclassic.com



"ဟို ဒီလိုပါ"

ချစ်သမီး မျက်ဝန်းလေး စူးခနဲ လက်ကာ ပင့်မော့လာတာကို နိုင်ဦးစကားစဖို့ ခက်သွား၏။ လက်မခံလျှင် ဒီနေရာက ထပြန်သွားရမှာ။ အေမိကလည်း ချစ်သမီး မျက်နှာရိပ် မျက်နှာကဲကြည့်ဖို့ လက်တတို့ တို့။

"သွေး သွေးလုပ်ရပ်တွေနဲ့ ပတ်သက်ပြီး နားလည်ပေးဖို့"

"ဘာကို နားလည်ပေးရမှာလဲ"

"သွေး ဘာကြောင့် ဒီလိုတွေ လုပ်ခဲ့တယ်ဆိုတာ သိပြီးပြီ မဟုတ်လား"

ချစ်သမီး မဖြေ။ ငြိမ်သက်နေခြင်းက ဝန်ခံခြင်းမို့ နိုင်ဦး အားရှိသွားသည်။ သိလျက်နှင့် မတုံ့ပြန်ခြင်းက နားကြည်းမနေဘူးဆိုသည့် သက်သေဖြစ်နိုင်သည်။

ဒါပေမဲ့ လက်ခံသည်လို့လည်း ယူဆလို့ မရနိုင်။

ချစ်သမီး မျက်ဝန်းတွေက ပျော့ပျောင်းနေပေမယ့် ဘာနူးညံ့မှု မှ မရှိသေး။

"သွေးက မာနနဲ့သာ ချစ်သမီးကို ရန်လိုချင်ဟန်ဆောင်နေပေမယ့် သူ့ရင်ထဲမှာ ချစ်သမီးကို အလေးအနက် ကြိတ်ချစ်နေခဲ့တာပါ။ ကျောင်းတော်က ရန်စနဲ့ အပြောကြီးထားတော့ သူငယ်ချင်းတွေကို





တော် ရင်မဖွင့်ရဲရှာဘူး"

"အေးလေဟယ် နင်တို့မသိအောင် ချစ်သမီး မသိအောင် သက်ဆောင်ပစ္စည်းလေး၊ ပန်းလေးတွေ လာလာပြီး ပေးလိုက် ထားလိုက်နဲ့ သွေး တော်တော် စိတ်ပင်ပန်းခဲ့မှာပဲ၊ အခု ချစ်သမီး သိသွားလောက်ပြီထင်ပြီး သွေး ဘာတွေဖြစ်နေလဲဟင်"

အေမိ ကြားထဲကနေ အထောက်အကူလုပ်ပြီး မေး၏။ ချစ်သမီးကလည်း စိတ်ဝင်စားနေဟန် ရှိတာမို့ နိုင်ဦး လေသံကို နည်းနည်း မြှင့်လိုက်ပြီး

"သူ အရမ်းကြေကွဲနေတယ်လေ၊ အားလုံး သိသွားပြီဆိုတော့ ရှက်လည်းရှက်နေတာ၊ သင်တန်းတက်ဖို့တောင် ခေါ်လို့ မရဘူး၊ ချစ်သမီးနဲ့ မျက်နှာချင်းဆိုင်တွေ့ရင် ဘာတွေအပြောခံရမလဲစိုးရိမ်ပြီး ဆိုင်ထဲက ဆိုင်ပြင်ကိုလည်း မထွက်၊ အိမ်ကိုပြန်ပြေးတော့မယ်ချည်း လုပ်နေတာ"

"ဩော် သူက ဆိုင်ကိုပြောင်းနေတော့မယ်ဆို"

"အဲဒါ ပြောတာပေါ့၊ သူက ပြောင်းမနေဘဲ ငါနို့မင်းစိုးကို တစ်ယောက်တစ်လှည့် အိပ်ခိုင်းတယ်၊ ဘာလုပ်ရမှန်း မသိ အရူးအမူး လိုမ့်ခံစားနေရတာတော့ သေချာတယ်၊ အဲဒါကြောင့် ချစ်သမီးကို အရင်က ကိစ္စတွေ မေ့ပြီး နားလည်ပေးလိုက်ပါလို့ လာပြောရတာပါ"

"နားလည်ပေးလိုက်ပါလို့ ပြောတာက ဒီအကြောင်းကိစ္စနဲ့



www.burmeseclassic.com

www.burmeseclassic.com



ညသိသော်ပြီး သူ့ကို ရန်မလုပ်ပါနဲ့ဆိုတဲ့ အဓိပ္ပါယ်လား"

"ဟင် သြော် အင်း ဟုတ် ဟုတ်ပါတယ်၊ သူ့ကိုယ်စားလည်း တောင်းပန်ပါတယ်"

"နိုင်ဦး အပြစ်လုပ်ထားတာမှ မဟုတ်တာ၊ နိုင်ဦး တောင်းပန်စရာ မလိုပါဘူး"

ဒါက အပြစ်လုပ်တဲ့သူက တောင်းပန်ဆိုသည့် အဓိပ္ပါယ်ပင်။ ခါးခါးသီးသီး မငြင်းဆန်ဘဲ တောင်းပန်တာကို ခံချင်သည့် သဘောက အပြစ်ကို ခွင့်လွှတ်ချင်တဲ့ သဘောပဲ မဟုတ်လား။

"သွေးက တောင်းပန်ချင်တယ်လို့ ပြောနေတာ တဖွဖွပါပဲ။ ဒါပေမဲ့ ချစ်သမီးက ဆတ်ဆတ်ထိမခံ ရန်တွေ့မှာကို သွေးက ကြောက်နေတာ"

"ရန်တွေ့မယ်ဆို စိုးလင်းနဲ့သွေး ပြဿနာဖြစ်နေတဲ့ အချိန်ကတည်းက ချစ်သမီးပြောလည်း ပြော၊ ဝင်လည်းရိုက်ပစ်မှာပေါ့ နိုင်ဦးရယ်၊ နင်ကလည်း ဒါလေးတောင် မသိဘူးလား"

"ဟင် ဟုတ်လား"

အေမိ ပြောတော့ နိုင်ဦး အံ့သြသွားသည်။ တကယ်ဆို အေမိ ပြောသလို ထိုနေရာမှာတင် ပွဲကြမ်းလို့ ရနေသားနှင့်။

"အဲဒီနေရာမှာ ချစ်သမီး ရှိနေတယ်ပေါ့"





"ရှိတယ်လေ၊ အဲဒီနေ့က သူကလည်း ဘယ်သူမှန်းသိအောင်ဆိုပြီး လာချောင်းတာ၊ အရင်က စိုးလင်းပဲ ဖြစ်လိမ့်မယ်လို့ ထင်ပြီး စိုးလင်းကို အပြုတ်ကောနေတာကိုး၊ စိုးလင်း အပြုတ်ငြင်းမှ သံသယက ပိုကြီးသွားတာလေ၊ သေချာသိရရင် ပွဲကြမ်းမယ်ဆိုပြီး"

"တော်ပါတော့ အေမိရယ်၊ နင်ကလည်း လျှောက်ပြောနေတာပဲ ငါလည်း နေချိုသွေး ဖြစ်နေမယ် မထင်လို့ အံ့သြနေတာနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားတာပါ"

"အေး ထားပါတော့ အဲဒီအချိန်က အံ့သြနေတာနဲ့ အခု နင်လုပ်ချင်တာ လုပ်၊ ပြောချင်တာ ပြောလို့ ရနေပြီပဲ၊ အရင်ကထက်တောင် ပွဲကြမ်းလို့ ရသေးတယ်၊ သွားပြီး ရန်တွေ့ပါလား၊ ပါးရိုက်မယ်လို့ ကြိမ်းမောင်းထားတာ၊ ဂွင်တွေ့တုန်း ဆော်ပစ်လိုက် ပြီးရော"

မြှောက်ထိုးပင့်ကော်လုပ် တမင်တကာ ပြောနေပေမယ့် ရီဝေဝေ ဖြစ်နေသော ချစ်သမီး မျက်ဝန်းများက အဆိပ်မဲ့လွန်းလှသည်။ ပြောင်းလဲခြင်း အဓိပ္ပါယ်က လွယ်မယောင်နှင့်ခက် တိမ်မယောင်နှင့်နက်၏။

"နေချိုသွေးက ပွင့်ပွင့်လင်းလင်း ဝန်ခံပြီးပြီ၊ နင်လည်း ဝန်ခံသင့်တယ် ချစ်သမီး"

"ငါ ငါက ဘာကို ဝန်ခံရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နေချိုသွေးရဲ့ လူမသိ သူမသိ ဖြားယောင်းမှုတွေကို နှင်လည်း လူမသိ သူမသိ နှစ်မျောပျော်ဝင်နေခဲ့တယ် မဟုတ်လား"

"အေမီ"

"နှင်အစွယ်ကျိုးနေတာ ငါတို့ သိတယ်၊ ဟန်ဆောင်တယ် တာ ကိုယ့်ကိုယ်ကိုတော့ လုံခြုံတယ်လို့ ထင်နေကြတာပါပဲ၊ ဒါပေ ဘေးလူတွေကတော့ နှင် ဘာတွေဖြစ်နေတယ်ဆိုတာ သတိထားမိတ ချစ်သမီး၊ ဘယ်လိုအကြောင်းအရာဆိုတာပဲ ငါတို့ သေချာမသိ နှင်လည်း နေချိုသွေးကို ချစ်နေတယ် မဟုတ်လား"

"ဟင့်အင်း"

အေမီရဲ့ အတိအကျ မေးခွန်းကို ချစ်သမီး ကယောင်ကတ ခေါင်းရမ်းလိုက်ပြီးမှ မျက်နှာလေးကို ဆံနွယ်တွေနှင့် ဖုံးအုပ်ချလိုက် နိုင်ဦးက မသိမသာ ငုံ့ကြည့်ပြီး

"ဟုတ်တယ် ဟုတ်တယ် သွေးမျက်နှာကလည်း ဒီလိုပဲ ဝန် ရမှာ ရှက်နေသလိုမျိုးနဲ့ နီရဲနေတာ၊ ခေါင်းကြီးက ငုံ့၊ မျက်နှာကြီး သုန်မှုန်၊ မာနနဲ့ ရင်ထဲရှိသမျှလည်း အကုန်ပြောမထွက်နဲ့ တော်တော် မအီမလည် ဖြစ်နေတာ"

"အဲလို လုပ်နေတော့ သူတို့ပဲ ပင်ပန်းတာပေါ့၊ မုန်းတဲ့အချိ တွေတုန်းကတော့ ပွင့်ပွင့်လင်းလင်း ကန်နေကြပြီး ချစ်တဲ့အချိန်မှ အံ့ပုန်





အတွင်းကြေတွေ ဖြစ်နေတာ အံ့ဩစရာပဲ၊ ကဲ ချစ်သမီး နှင် ဒီအတိုင်း နေတော့မှာလား"

"မနေတော့ ငါက ဘာလုပ်ရမှာလဲ၊ အပြစ်လုပ်ထားတဲ့သူက ကိုယ်တိုင် လာမတောင်းပန်ဘဲ ကြားလူက မနေသာလို့ ပြောပေးနေတာ ငါက ကျေနပ်လိုက်ရမှာလား"

"စိတ်ဆိုးနေတာလည်း မဟုတ်ဘဲနဲ့ မျက်နှာကြီးပေါ်မှာ အရင် က ဒေါသတွေလည်း မတွေ့ရပါဘူး"

"ကဲပါ ချစ်သမီးက ဒီလိုတောင်းပန်ခံဖို့ ဆန္ဒရှိရင် သွေးဘက် ကလည်း လိုလိုလားလား တောင်းပန်ရမှာပေါ့၊ အဲဒီကိစ္စ တို့ တာဝန်ထား ချစ်သမီး၊ သွေးက ချစ်သမီး လက်မခံမှာကို စိုးရိမ်နေတာပါ၊ နှစ်ယောက် သား တွေ့ရင်တော့ ပွင့်လင်းဖို့ လိုတယ်နော်"

နိုင်ဦးက လက်ညှိုးလေးထောင် သတိပေးတော့ ချစ်သမီး မျက်နှာက ပြုံးမလို ရယ်မလိုနှင့် ပန်းသွေးရောင် ပြေးနေသည်။ ရန်လိုမှု တွေ မရှိတော့သော မျက်နှာလေးက မှုန်ကုပ်တင်းမာမနေ။

ပျော့ပျောင်းနေသလားဆိုတော့လည်း ဟန်ဆောင်နေတာ ကြောင့် ဖိုးသိုးဖတ်သတ် မအီမလည်နှင့်။

ဒါဟာ အချစ်ရဲ့ ဖမ်းစားခြင်း ခံရလို့လား. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟုတ်တယ် ဒါတွေအားလုံးက ငါ လုပ်ခဲ့တာပါ၊ နင့်နောက် က အရိပ်လို လိုက်ကြည့်နေခဲ့တာလည်း ဝန်ခံတယ်၊ စိုးလင်းလို ထင် ယောင်ထင်မှား ဖြစ်တာကို မဖြေရှင်းခဲ့တာက နင် စိမ်းကားမှာ မခံစားနိုင်လို့"

"ဘယ်တုန်းကမှ မနှုးညှံ့ခဲ့ဘဲနဲ့ ဘာကို တွေးကြောက်နေတာ လဲ၊ အမြဲ ရန်လိုတိုက်ခိုက်ခံနေရတာ၊ နင် ဖြစ်နေလိမ့်မယ်လို့ မတွေး ခဲ့ဘူး၊ အလကားနေ စိုးလင်းကိုပဲ ရန်သွားသွား တွေ့မိနေတာ အားနာ တောင် ကောင်းတယ်"

နေခြည်သွေး မလုံမလဲ ရှက်ရယ်ရယ်၏။ စိုးလင်းက ချစ်သမီး ဖွန်ကြောင်ရင်းနှင့် ဓားစာခံ ဖြစ်သွားရတာ။

စိုးမိုးဇော်ဒပ



စိုးလင်းကို မျက်စောင်းတွေထိုး၊ ရန်တွေ့တာ မြင်တိုင်း သူ ကွယ်ရာမှာ ကြိတ်ရယ်ခဲ့တာ သိလျှင် သူ့ကို စိုးလင်း ဆိုတဲ့ကောင် လက်သီးနှင့် ထိုးချင်နေပေလိမ့်မည်။

ဟိုနေ့က သူ့ကို အမိဖမ်း ကြိမ်းမောင်းလိုက်တာ ဒေါသတကြီး နှင့်ပါ။ ခုလို နှစ်ယောက်သား တွေ့နေတာကို မြင်လျှင် အသည်းအူတွေ ယားပြီး ဆတ်ဆတ်ခါ မခံမရပ်နိုင် ဖြစ်နေပေလိမ့်မည်။

သူတို့နှစ်ယောက် ဆုံခဲ့တာက တိုက်ဆိုင်မှု မဟုတ်။ နိုင်ဦးက တမင်တကာ ချိန်းပေးခဲ့တာ။ ဝေးဝေးလည်း မဟုတ်ဘဲ ဆုံနေကျ အအေးဆိုင်မှာ ရေခဲမုန့်ခွက် ကိုယ်စီနှင့်။ ဒါပေမဲ့ အကြိုက်နှစ်သက်ဆုံး ရေခဲမုန့်လေးတွေက မျက်နှာငယ်စွာ အရည်ပျော်လုလု။

"နင်က ဘာလို့ ပြုံးစိစိ ဖြစ်နေတာလဲ"

"ဩော် ငါတို့ အငမ်းမရစားခဲ့တဲ့ ရေခဲမုန့်တွေ မျက်နှာငယ် နေလို့ပါ၊ အဲဒါ ဘာကြောင့်လဲ"

"ဘယ်သိပါ့မလဲ"

"မသိချင်ဟန် မဆောင်ပါနဲ့တော့ဟာ၊ ငါတို့တွေ အချိန်တော် တော် ဖြုန်းခဲ့ကြတာပဲ၊ အချစ်တွေကို ဖုံးဖိပြီး အမုန်းတွေ ပြိုင်နေခဲ့ကြ တာ ဘယ်လောက် နှမြောဖို့ ကောင်းလဲ"

"အံမယ် နင့်ကို ဘယ်သူက ချစ်တယ် ပြောလို့လဲ၊ ရာရာစ"

ငိုမိုးဇော်ဒပ

www.burmeseclassic.com

www.burmeseclassic.com



"ငါ တောင်းပန်တာကို ခံချင်တာ၊ ငါ့အချစ်ကို အသိအမှတ် ပြုချင်လို့ မဟုတ်ဘူးလား"

"ဘာဆိုင်လဲ နင့်မှာအပြစ်ရှိလို့ နင် တောင်းပန်ရတာပေါ့ အလံဖြူပြရင် ရန်သူတောင် ခွင့်လွှတ်ရလို့ ငါက ကျေအေးပေးတာ တလွဲတွေးမနေနဲ့"

ချစ်သမီးက မာနနှင့် ရှောင်ပြေးနေချင်ဆဲပင်။ ဒါပေမဲ့ မျက်ဝန်းအိမ်လေးက အရည်လဲ့ပျော်ဝင်နေကာ ရွှန်းစိုစို ညို့ငင်နေသည်။ ဒါသည်ပင် အချစ်ကို ငံ့လင့်နေသော ပြယုဂ် မဟုတ်ပါလား။

"ရန်သူလို့ မတွေးတော့ရင် ချစ်သူ ဖြစ်လာနိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ မဟုတ်လားဟာ၊ ငါ အမြတ်တနိုး ပေးခဲ့တာတွေကို အသိ အမှတ်မပြုဘူးလား"

"အဲဒါက သက်မဲ့အရာဝတ္ထုတွေလေ၊ ငါ့ဆီမှာ အပြည့်အ ရှိနေတာလည်း မဟုတ်ဘူး"

"အမှတ်တရ ဖြစ်စေမယ့် တန်ဖိုးကြီး အရာတစ်ခု ပေးမယ် ရင်ရော နင် လက်ခံမှာလား"

"ဘာလဲ"

"တိုးတိုးလေး ပြောမယ် လာ"

နားနားကို လေသံတိုးတိုးလေးနှင့် ကပ်လိုက်တော့ ချစ်သမီး





တ အလိုက်သင့်လေး ကိုယ်ကို ကိုင်းပေး၏။ နေချို့သွေးက စကားပြော သလိုလိုနှင့် ချစ်သမီး ပါးလေးကို ဖျတ်ခနဲ နမ်းချလိုက်သည်။

"ဟာ ကောင်စုတ် ဘာမှန်းလည်း မသိဘူး"

ရှက်မျက်နှာလေးနှင့် ဘယ်ဖွက်ရမှန်းမသိ၊ နီရဲပျာဆင်းသွား ခါး ကတုန်ကယင် နှလုံးသွေးတွေ ပွက်ပွက်ဆူနေသည်။ နေချို့သွေးက အတင့်ရဲကာ ချစ်သမီး လက်ဖဝါးနုနုလေးကို ခပ်တင်းတင်း ထွေးဆုပ် ထားပြီး

"ကျွန်ခဲ့တဲ့ အချိန်တွေလိုမျိုး အုံ့ပုန်းချစ်နဲ့ နောင်တမရချင် တော့ဘူး၊ အဲဒီအချိန်တွေက ရန်ဖြစ်ရတာ သွေးဆူပေမယ့် ရင်ခုန်သံ တွေလည်း မြန်နေခဲ့တယ်၊ လူမသိအောင် တိတ်တိတ်ကလေး ခံစားရ တာလည်း ဖီးလ်တစ်မျိုးပဲကွ၊ တခြားလူတွေက ဖျောင်းဖျရင် ငါ ရယ် လည်း ရယ်ချင်တယ်၊ နင် ဒေါသဖြစ်အောင် ထိုးဆွရတာ အရမ်း ပျော်စရာကောင်းတာပဲ"

"အေး နင်က ပျော်နေ၊ ငါကတော့ အဲလိုအချိန်တွေဆို ဒေါသ ယ်ထိပ်ရောက်ပြီး နင့်မျက်နှာကြီးကို ကုတ်ဖဲ့ဆွဲချင်နေတာ သိလား"

"အိပ်ရာထဲထိ မခံချိမခံသာ ငါ့မျက်နှာကြီးကို မြင်ယောင်နေ တာလည်း ငါ့ရဲ့ ဆွဲဆောင်မှုပေါ့ဟာ မဟုတ်ဘူးလား"

"အမယ်လေး သူ့ကိုယ်သူ အထင်ကြီးရပြန်ပြီ၊ လူတစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ဘယ်နေရာမှ အထင်ကြီးစရာ မရှိဘူး''

''ဝွမ်ပြီကွာ၊ အချစ်အကြောင်း ပြောနေတာ နည်းနည်းလော

နူးညံ့ပါတော့လား၊ မချစ်တတ်ရင် မျက်ခမ်းစပ်ရောဂါ ဖြစ်မယ်နော်''

''ဘာ''

''ဟုတ်တယ် မချစ်တတ်တာ နလုံးသားကို မြင်အောင် မကြည့်

တတ်လို့လေ၊ အဲဒါ မျက်ခမ်းစပ်ရောဂါ ရနေတာနဲ့၊ အတူတူပဲ

နောက်ဆိုရင် မျက်လုံးပါ ကွယ်ချင်ကွယ်မှာ''

''နိုင်းယှဉ်တင်စားတာကြီးကလည်းဟယ် ကြောက်စရာကြီး

မျက်ခမ်းစပ်ရောဂါ ဖြစ်မှာ ကြောက်တာနဲ့ပဲ သူ့ကို ပြန်ချစ်ရတော့

မလိုပဲ''

''ဟာ အဲဒါ အမှန်ပေါ့၊ မျက်ကပ်မှန်သာ တပ်လိုက်၊ နက်

သိမ်မွေ့တဲ့ အချစ်ရဲ့ အလင်းရောင်ကို တွေ့ရလိမ့်မယ်''

''ဒုက္ခပဲ နင်က မျက်စိအထူးကု ပါရဂူကြီးလား၊ သူ့ကို အ

ချက်ချင်း အဖြေမပေးရင် ငါ့ဘဝကြောင်တောင်ကန်းတောင် ဖြစ်မလား

မသိဘူး''

နေခြည်သွေး တဟားဟား အော်ရယ်ပြီး ချစ်သမီး ပခုံးလေး

ထွေးဖက်လိုက်ကာ

''နင်ကလေ ငါနဲ့လိုက်တုပြီး ဇရွတ်ရွတ်တပြောတာ သိ





ချစ်စရာကောင်းတာပဲ၊ ငါ့ကို အခုချက်ချင်း ပြန်ချစ်လိုက်နော်၊ ငါတို့

အမြန်ဆုံး လက်ထပ်ကြမယ်''

''အဆင့်တွေ ကျော်ပြန်ပြီ သွေးရယ်၊ နင့်ရဲ့ ကြမ်းတမ်းတဲ့

စိတ်ကြီးကို ငါ စောင့်ကြည့်ချင်သေးတယ်၊ မိန်းမလို မိန်းမရနိုင်လို့

ခင်းထက် ရန်တွေ့တတ်တဲ့ နင့်ရဲ့စိတ်ကြီးကို ငါ ဘယ်လိုယုံကြည်

ကိုးကွယ်ရမလဲ''

''အချစ်ကြောင့် စောင့်ကြည့်စရာ မလိုအောင် အရာရာ ပြောင်း

သွားမှာပါ၊ ငါ စိုးရိမ်တာက နင့်အဖေနဲ့ ငါ့အဒေါ်ပဲ''

''ဘယ်လို''

''ငါ့ကို နင်နဲ့ မပတ်သက်ရတော့ဘူး၊ မိန်းမ ပေးစားမယ်

သုပ်နေတာ''

''ဟင် ငါ့အဖေကလည်း ငါ့ကို ယောက်ျားပေးစားဖို့ စီစဉ်ပြီး

နေပြီ''

''ဟာ အဲဒါ တကယ်လား''

''တကယ်ပါဆို''

''ငါတို့ကို လူကြီးတွေ ပညာပေးပြီ ထင်တယ်၊ သူတို့ စီစဉ်တဲ့

အချိန်က ငါတို့က အကြောက်အကန် ခါးခါးသီးသီး ငြင်းဆန်ခဲ့တာကို၊

ငါတို့ မတည့်ကြတာနဲ့ သူတို့ချင်းလည်း လက်မထပ်ဖြစ်ကြတာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

နေချိုသွေးနှင့် ချစ်သမီး မျက်နှာလေးတွေ ညှိုးငယ်လျှက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းချမိကြ၏။

နေချိုသွေး ဆုပ်ကိုင်ထားသော သူမ လက်ကလေးကို မေ့လျော့စွာနှင့် မရှုန်းဖယ်မိ။

အမြဲလိုလို ပြိုင်ဆိုင် ရန်ဖြစ်နေခဲ့ကြသော သူမတို့နှစ်ယောက်ရဲ့ ပြောင်းလဲမှုကို ဆိုင်အတွင်းရှိ လူများနှင့် ဝန်ထမ်းလေးများ ပြုံးပြီး ကြည့်ပြီး တီးတိုးဝေဖန်ပြောဆိုနေကြတာလည်း ဂရုမစိုက်မိ။

နေချိုသွေးရဲ့ ရင်အုပ်ကျယ်ကျယ်မှာ မှီခွဲပြီး ကိုယ်သင်းရနံ့လေးကို ရှူရှိုက်ကာ သူ့ရဲ့ သက်ပြင်းရှိုက်သံပြင်းပြင်းကိုလည်း နားထောင်ချင်သည်။ ငုံ့မိုးချကာ ထိကပ်နမ်းရှိုက်လာမည့် သူ့အနမ်းနွေးနွေးလေးကိုလည်း မှတ်သိပ် တောင့်တမိ၏။

ဟိုအရင်က ရန်တွေ့တတ်ခဲ့သော နှုတ်ခမ်းလေးရဲ့ ညှို့ငင်ဖြားယောင်းမှုက ဘယ်လောက်များ ရင်ခုန်စရာ ကောင်းလိုက်မလဲ။

''သမီး ဘာတွေစဉ်းစားနေတာလဲ၊ ဒီကကောင် ငုတ်တုတ်မေ့နေပြီ''

''ဟင် ဘာ ဘာမှမဟုတ်ဘူး ဖေဖေတို့ ဘယ်လိုတွေ ကန့်ကွက်ကြမလဲ စိုးရိမ်နေတာ''





သမီး ဆိုသော နေချိုသွေးရဲ့ အသံချိုချိုလေးနှင့် ပြောင်းလဲခေါ်လိုက်သံကြောင့် သူမ အတွေးတွေ လန့်ဖျပ်ကာ တသိမ့်သိမ့် လှိုက်ဖြာသွား၏။ သမီး တဲ့။ ခေါ်ပုံလေးက ချစ်စရာကောင်းလိုက်တာ။ ဖေကြီးလို့ ပြန်ခေါ်လိုက်ရမလား။

ဟင့်အင်း မဖြစ်သေးပါဘူး။ လူဆိုလေးကို သူများတွေ ခေါ်တာနှင့်မတူအောင် နေချိုလို့ပဲ ခေါ်ရမည်။

''နေချို''

''ဟင် ဘာလဲ''

''ညင်ညင်သာသာ ထူးပါဟဲ့၊ ဆောင့်ကြီးအောင့်ကြီးနဲ့''

''နေချိုလို့ ဘယ်သူမှ မခေါ်ဘူးတော့ ထူးဆန်းနေလို့''

''သူများနဲ့ မတူအောင် ခေါ်ပါတယ်ဆိုမှ''

''ကိုတွေ မောင်တွေ ခေါ်တာ မဟုတ်ဘူးဟာ၊ နားဝင်မချိုလိုက်တာ''

''အဲဒါ အရင်ခေတ်က အသုံးအနှုန်းတွေပါ၊ နင်နဲ့ငါနဲ့ လက်ထပ်ပြီးရင်တော့ ကိုရီးယားတွေလို ယောကျ်ားလို့ ခေါ်မယ်''

''တကယ် မညာနဲ့နော်''

''ညာစရာလား၊ ငါ့ယောကျ်ားဖြစ်ရင် ခေါ်ပါ့မယ်ဆို၊ ဒါပေမဲ့ ဖေဖေတို့ အတိုက်အခံလုပ် ခွဲလို့ လက်မထပ်ဖြစ်ရင်တော့ မတတ်နိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



နေခြည်သွေး မျက်နှာညိုညိုနှင့် ခေါင်းကြီးငိုက်စိုက်ကျသွားသည်။ ဒီအခေါ်ကို သူ ဘယ်လိုလွန်ဆန်ရပါ့မလဲ။

အစက ချစ်သမီးနှင့် သဘောတူပေးစားခဲ့တာကို လက်ခံခဲ့ရုံ အကောင်းသား။ ထိုအချိန်ကတော့ မာနများဖြင့် ခါးခါးသီးသီး အတိုက်အခံ ငြင်းဆန်ခဲ့တာ။

မချစ်လို့လည်း မဟုတ်ပါဘဲ ယောကျ်ားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ကိုးကွယ်ချင်သည့်စိတ်တစ်ခုကြောင့်ပဲ မဟုတ်ပါလား။

အခုတော့ အချစ်ဆိုသော အရာကြောင့် သူ့မှာ မာနတွေ ယောကျ်ားဂုဏ်သိက္ခာတွေ ရန်လိုခြင်းတွေ အငြိုးတွေ ဘာမှမရှိတော့။

သိမ်မွေ့နက်နဲ အဖိုးတန်လွန်းသော အချစ်ရဲ့ ဖြားယောင်းရာ ကိုသာ. . .။

■ ■ ■

## အခန်း (၃၆)

"ချစ်တယ် ချစ်သမီးကို ချစ်တယ် ဟုတ်လား၊ အံ့ဩစရာပဲ သွေးရယ်၊ အခုမှလာပြောတော့ ငါက ဘာလုပ်ပေးရမှာလဲ၊ ဒီဘက်မှာ နင့်ကို မိန်းမပေးစားဖို့ အားလုံး စီစဉ်ပြီးနေပြီ"

"ဟာ ယဉ်ယဉ်ရာ၊ သွေး လက်မခံဘူးလို့ ပြောပြီးပြီပဲ၊ သွေး လုံးဝ လက်မထပ်ဘူးနော် ယဉ်ယဉ်"

"မင်းကိုလည်း ငါ ပြောပြီးပါပြီ၊ ငါ့စကား နားမထောင်ရင် ငါ ဒီကနေ ထွက်သွားမယ်လို့"

"ယဉ်ယဉ် တကယ်စားတယ်ဗျာ၊ သမီးကို သွေး ချစ်ပါတယ် ဆိုမှ"

ငိုသံပါကြီးနှင့်ပြောပြီး ဆိုဖာခုံရှည်ပေါ်မှာ သွေး ခွေခေါက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မတ်မတ်ထိုင်ဖို့တောင် အားမရှိတော့လို့ပါ။

ယဉ်ယဉ်ကို ဘယ်လိုတောင်းပန်ရမှာလဲ။

"ဟဲ့ ဟဲ့ အဲဒါ ဘာလုပ်တာလဲ"

ဆိုဖာခုံပေါ်က လူးလိမ့်၍ အောက်မှာ ဒူးထောက်ထိုင်ချကာ ဒေါ်ယဉ်ကျေးနွယ်ကို အကြိမ်ကြိမ် ဦးချကန်တော့နေသည်မို့ ဒေါ်ယဉ်ကျေးနွယ် လန့်ဖျပ်ကာ ဆိုဖာခုံပေါ် ခုန်တက်၍ ဆောင့်ကြောင့် ထိုင်ကြီး ဖြစ်သွား၏။

"သွေး ကန်တော့ပါတယ် ယဉ်ယဉ်ရယ်၊ နေ့တိုင်းလည်း လက်အုပ်ချီပြီး ကန်တော့ပါမယ်၊ သွေးကို သမီးနဲ့ လက်ထပ်ပေးပါနော်၊ အရင်ကလည်း လက်ထပ်ပေးမယ်လို့ ပြောထားပြီး ဘာတွေခဲယဉ်းနေ တာလဲ"

"စကားကို ရှုပ်ချည်နှပ်ချည် အလွယ်မပြောနဲ့ သွေး၊ ချစ်သမီး နဲ့ လက်ထပ်ပေးမယ်လို့ ပြောခဲ့တုန်းက မင်း ငါ့ကို ဘယ်လို ကလန် ကဆန် အတိုက်အခံ လုပ်ခဲ့လဲ၊ မင်း မှတ်မိတယ် မဟုတ်လား"

"အဲဒါက"

"ငါ့ကို ဖြတ်မပြောနဲ့၊ ငါ ပြောတဲ့စကားကို ဆုံးအောင် ရှုံး အောင် နားထောင်၊ ငါကတော့ ငါ့တူလေး ချစ်သမီးကြောင့် ဒီလောက် တောင် စိတ်ဆင်းရဲနေရှာတာ၊ ငါပဲ အနစ်နာခံလိုက်ပါမယ်လေ ဆိုပြီး





ငါ တစ်သက်လုံး မွေးလင့်လာခဲ့ရတဲ့ ချစ်သူကိုတောင် စွန့်လွှတ်ခဲ့တယ်၊ ချွေးအမြီးဖြတ် ပေးစားရင်တောင် ယူပါမယ်ဆိုတဲ့ မင်းရဲ့စကားကြောင့် ချစ်သမီးနဲ့ လွဲရင် ပြီးရောဆိုပြီး တခြားတစ်ယောက်နဲ့ တင့်တင့်တယ် တယ် ဖြစ်အောင် စီစဉ်ခဲ့တာ၊ ငါ ဘာတွေမှားသွားလို့လဲ၊ ငါ ဘာတွေ မှားနေလဲ"

ဒေါ်ယဉ်ကျေးနွယ် မျက်ရည်တွေ ရစ်ဝိုင်းကာ ရင်ဘတ်ကို ပုတ်ပုတ်ပြီး ပြောနေတော့ သွေး ဘာပြောရမှန်းမသိအောင် ဖြစ်နေသည်။ ယဉ်ယဉ် လုပ်ရပ်တွေကလည်း မှန်နေတာပဲ မဟုတ်လား။

ငယ်စဉ်ကတည်းက သူ့အပေါ် မိခင်တစ်ယောက်လို အေးမြ လုံခြုံတဲ့ မေတ္တာတွေ ပေးခဲ့တဲ့သူပါ။

လွတ်လပ်ပေါ့ပါးပြီး ပျော်ပျော်နေတတ်အောင်လည်း သူငယ် ချင်းလို ပြောမနာ ဆိုမနာ ရင်းရင်းနှီးနှီး နေပေးခဲ့သည်။ အခု မျက်ရည် တွေကျနေတော့ သွေး ဘယ်လိုမှ မခံစားနိုင်။

ယဉ်ယဉ်ဆန္ဒကို လိုက်လျောလိုက်လျှင်လည်း သမီးနှင့် အဝေး ကြီး ဝေးရမှာ။ ဘယ်လိုပဲ စဉ်းစား စဉ်းစား သူ့ရင်တွေ အဆမတန် နာကျင်အောင့်မျက် ရူးရှုနေသည်။ ယဉ်ယဉ် မျက်နှာကို မဝံ့မရဲ မော့ကြည့် ပြီး ဆိုဖာခုံပေါ် ပြန်တက်ထိုင်လိုက်ကာ

"သွေး တစ်ခုလောက် တောင်းဆိုပါရစေ ယဉ်ယဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"သမီးကို လက်မထပ်ရဘူးဆိုလည်း ထားပါ၊ ဒါပေမဲ့ တခြား တစ်ယောက်နဲ့လည်း လက်မထပ်ပါရစေနဲ့"

"ဒါလည်း ငါ့ဆန္ဒကို ဆန့်ကျင်တာနဲ့ ဘာထူးလဲ"

"အဲလို မတွေးပါနဲ့ ယဉ်ယဉ်၊ သွေးကြောင့် ယဉ်ယဉ် ချစ်သူကို စွန့်လွှတ်ခဲ့တာဆိုလို့ တူညီတဲ့ တုံ့ပြန်မှုနဲ့ သွေး ရင်တွေကို နာကျင်ကြေကွဲ ခံလိုက်တာပါ၊ သမီးကို အရမ်းချစ်မိလို့ အရမ်းကို ခံစားရပါတယ်၊ ဒီ လောက်လေးနဲ့ပဲ ယဉ်ယဉ် ကျေနပ်ပေးပါ၊ သွေး သွေး တောင်းပန်ပါတယ် ယဉ်ယဉ်ရယ်"

သွေး မျက်ရည်တွေ ကျ၍ အပေါ်ထပ် ပြေးတက်လာခဲ့သည်။ ဒီရင်က ဝေဒနာနှစ်မျိုးအတွက် ခံနိုင်ရည် မရှိပါ။ ယဉ်ယဉ်ကို စွန့်လွှတ် ရမလား။

သမီးကို စွန့်လွှတ်ရမလား။

တန်ဖိုးအထားရဆုံး ဒီလူနှစ်ယောက်လုံးကို မစွန့်လွှတ်ရဲ ဆိုလျှင်. . .။



## အခန်း (၃၇)

"မစွန့်လွှတ်ချင်လို့ပါဆိုပြီး တိုင်ပင်စရာ မလိုတော့ဘူး သမီး၊ ဖေဖေ ဆုံးဖြတ်ချက်ကို သမီးကို ပြောပြီးပြီပဲ၊ ဖေဖေ့မိတ်ဆွေရဲ့သားကို ယူရမယ်၊ မောင်နေချိုသွေး အကြောင်း ဖေဖေကို လာမပြောနဲ့"

"မပြောလို့ မဖြစ်ဘူး ဖေဖေ၊ နေချိုနဲ့သမီး ချစ်သူတွေ ဖြစ် နေကြပြီ"

"အရင်က ရန်သူတွေဆို၊ အခု ပြောင်းလဲသွားတာ ဖေဖေ ဘာတတ်နိုင်မှာလဲ၊ ဒီဘက်မှာ ဖေဖေ သိက္ခာကျမခံနိုင်တော့ဘူး သမီး၊ လူဆိုတာ ကတိသစ္စာတည်ရတယ်၊ လူတစ်ယောက်ရဲ့ အဆင့်အတန်းနဲ့ ဂုဏ်သိက္ခာဆိုတာ ကတိသစ္စာနဲ့ ခွဲခြားလိုက်တာပဲ၊ ငွေကြေးချမ်းသာမှ ပညာတတ်မှ ဂုဏ်ရှိတာ အဆင့်အတန်း ရှိတာ မဟုတ်ဘူး"

www.burmeseclassic.com



ဦးချစ်ဘုန်းခေါင် ပြောနေသမျှ ဘာမှနားမဝင်သလို ချစ်သမီး ခေါင်းတွင်တွင် ရမ်းသည်။ မျက်ဝန်းအိမ်က မျက်ရည်တွေ အလိုလို ပြည့်လျှံလာကာ ဦးချစ်ဘုန်းခေါင် ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်၏။

''သမီး တောင်းပန်ပါတယ် ဖေဖေ၊ နေချိုကို သမီး မစွန့်လွှတ်နိုင်လို့ပါ၊ သမီးတို့ကို လက်ထပ်ခွင့်ပြုပါ ဖေဖေ၊ အရင်က ကိစ္စတွေကို မေ့ပေးပါ၊ ဖေဖေနဲ့ ဒေါ်ယဉ်ကျေးနွယ်လည်း လက်ထပ်ဖို့ ပြန်ညှိနှိုင်းကြပါ၊ ဒေါ်ယဉ်ကျေးနွယ်ကို ဖေဖေ အရမ်းချစ်ခဲ့တယ်ဆို''

''အဲဒီလို အရမ်းချစ်နေပါလျက်နဲ့ စွန့်လွှတ်လိုက်ရတာ သမီးကြောင့်လေ၊ သမီးကိစ္စ အဆင်မပြေလို့ သမီး ဆန္ဒအတိုင်း နေချိုနဲ့ လက်မထပ်ရအောင်လို့ ယဉ်ယဉ်ကို ဖေဖေ ရင်နာနာနဲ့ နောက်ဆုတ်လိုက်ရတာပါ၊ အခုက ကလေးတွေ ကစားနေတာ မဟုတ်ဘူး''

''လူကြီးတွေ ဖဲရိုက်နေတာလား''

''ဘာ''

မျက်ရည်တွေကြားမှ အပြောင်အနောက် စကား လွှတ်ခနဲ ထွက်သွားတော့ ဖေဖေ့မျက်နှာ ပြုံးစိစိ ဖြစ်သွားတာမို့ အားရှိသွားသော်လည်း ချက်ချင်း ဘာခနဲ အကျယ်ကြီး အော်ချလိုက်၍ ချစ်သမီး ထိတ်လန့်သွားရ၏။

''ဖေဖေ စိတ်ပြောင်းသွားအောင် စနောက်ဖို့ မစဉ်းစားနဲ့ သမီး





သမီးဆန္ဒနဲ့ ဖေဖေ နှလုံးသား လဲလှယ်လိုက်ရတာ ဖေဖေ့ရင်တွေ ဘယ်လောက်ထိ နာကျင်ခဲ့ရလဲ၊ ယဉ်ယဉ်လည်း သူ့တူက သမီးကို ခါးခါးသီးသီး ငြင်းဆန်ခဲ့လို့ ဖေဖေ့ကို အားနာနာနဲ့ သူ့တူကို ဦးစားပေးလိုက်ရတာ၊ ဒါကို လူငယ်တွေက လူကြီးတွေအတွက် စဉ်းစားမပေးတာ၊ မလွန်လွန်းဘူးလား၊ သမီးတို့နှစ်ယောက်လုံး လူကြီးမိဘနေရာကနေ ကြည့်ကြစမ်းပါ၊ အခုစာကလေးကြော် အခုဆီထမင်း၊ ရှုံ့ချည်နှပ်ချည်နဲ့''

''ဖေဖေတို့ ဘယ်လိုပြောပြော သမီးကတော့ နေချိုကို မစွန့်လွှတ်ဘူး ဖေဖေ''

''အေး ဒီတစ်ခါတော့ သမီး ခေါင်းမာတာကို ဖေဖေ လိုက်လျောမှာ မဟုတ်ဘူး သမီး၊ သမီး ဒီအတိုင်း ဖွတ်လုပ်မယ်ဆိုရင် ဖေဖေ ဝဋ်သိက္ခာကို မြန်မာပြည်မှာ အကျမခံနိုင်ဘူး၊ ဖေဖေ နိုင်ငံခြားသွားမယ်''

''ဖေဖေ''

''ဒါ ဖေဖေ့ရဲ့ နောက်ဆုံး ဆုံးဖြတ်ချက်ပဲ၊ သမီးတစ်ယောက်ကို ဆုံးမနိုင်တဲ့ အဖေအဖြစ် လူသိခံရတာ ဘယ်လောက် ရှက်ဖို့ကောင်းလဲ၊ သမီး ဖြစ်ချင်တာတွေကို ဖေဖေ ခဏ ခဏ အမြဲတမ်း လိုက်လျောဖြည့်ဆည်းပေးဆပ်ခဲ့တာပါ၊ အခုမှ ချက်ချင်း ပြောင်းလဲသွားတဲ့ သမီးရဲ့ ခံစားချက်ကို ထိန်းချုပ်နိုင်အောင် ကြိုးစားလိုက်ပါ သမီး''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေရယ်"

မျက်နှာလွှဲကာ ဖေဖေ မျက်ရည်ကျနေသည်မို့ ချစ်သမီး ဘာ ဆက်ပြောရမှန်း မသိတော့ပါ။ နေချိုနှင့် ပေါင်းဖက်ဖို့ ဒီဘဝ ဒီမျှနှင့်ပဲ လား။

ဖေဖေ တစ်ခါမှ မျက်ရည်ကျတာ မမြင်ဘူးတာမို့ သူမရင်ထဲ ဆတ်ဆတ်ခါ နာကျင်ရပါသည်။

နေချိုနှင့် လက်ထပ်ပေးဖို့ ပြောသည့် အချိန်က အတိုက် အခံ ကလန်ကဆန်လုပ် ငြင်းဆန်ခဲ့မိတာအတွက် ဒီအချိန်မှ နောင်တ ရနေလို့ရော ဘာထူးတော့မှာလဲ။

အချစ်ဆိုတော့ အရာက တစ်ချိန်ချိန်မှာ အစားထိုးလို့ ရချင် ရနိုင်သော်လည်း မိဘဆိုတာက အသက်သွေးနှင့် အစားထိုး လဲလှယ် သော်လည်း အစားပြန်မရနိုင်ပါ။

"ဖေဖေ"

ဆိုဖာခုံပေါ် ပြန်ထိုင်ကာ ဖေဖေ့လက်ကလေးကို ဆုပ်ကိုင်ပြီး ခေါ်တော့ ဖေဖေ မျက်နှာမသာမယာနှင့် လှည့်ကြည့်လာသည်။ လေးလံ လွန်းလှသော ဖေဖေ သက်ပြင်းရှိုက်သံက သူမရင်တွေကို စူးရှနာကျင် နေစေ၏။

ဖေဖေ့မျက်ဝန်းအိမ်မှာ မျက်ရည်စတွေ ကျန်နေပါသေးလား

ဦး မိုး ၁၇၆၀



"သမီးကြောင့် မျက်ရည်မကျပါနဲ့ ဖေဖေ၊ နောက်လည်း ဘယ် တော့မှ မျက်ရည်မကျစေရပါဘူး"

"နေချိုသွေးကို စွန့်လွှတ်မယ်ပေါ့"

"သမီး အသည်းတွေ ကွဲချင်ကွဲပါစေ၊ ဖေဖေနဲ့တော့ မလဲပါဘူး ဖေဖေ၊ အခုမှ အချစ်ဆိုတာကို သိခွင့်ရတာ ဖြစ်လို့ သမီး အရမ်းကို ခံစားနေရပါတယ်၊ အမုန်းကြီးမုန်းနေရာက ချစ်မိလိုက်တဲ့အတွက် အဲဒီ အချစ်က အရမ်းလေးနက်ပြီး တန်ဖိုးမဖြတ်နိုင်အောင်ပါပဲ၊ ဒါပေမဲ့ ဆိုင်ဆိုင်ထိုက်တာ သမီးရဲ့ကံပဲပေါ့၊ နောင်ဘဝဆိုတာအတွက်ပဲ သမီး ဆုတောင်းတော့မယ် ဖေဖေ"

ဖေဖေ့နားက မျက်ရည်စက်လက်နှင့် ထထွက်လာခဲ့သည်။

အချစ်နှင့်မေတ္တာတရားရဲ့ လွန်ဆွဲပွဲမှာ ဒီရင်က ဘယ်လိုမှ ခံနိုင်ရည် မရှိပါ။

ဘယ်အရာကိုမှ မစွန့်လွှတ်ချင်ပေမယ့် တစ်ခုခုကို အဆုံးရှုံး ခံမှ ဖြစ်တော့မှာမို့ ဆုံးဖြတ်ချက် မချလို့လည်း မဖြစ်။

တကယ်ကို ရင်တွေ ကွဲကြေပြုတ်ကျတော့ မတတ်ပါ။

ခံစားရသမျှ နေချိုရင်ခွင်မှာ နှိုဝင်ပြီး ဖွင့်ထုတ်အန်ချပစ်လိုက် ချင်သည်။

နေချိုရေ ရာသက်ပန်အတွက် မဖြစ်နိုင်တော့ပေမယ့် ခဏတော့

ဦး မိုး ၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



နားခိုချင်လို့ ရင်ခွင်ခဏ ငှားပါလားကွယ်။

■ ■ ■





## အခန်း (၃၈)

နေချို ရင်ခွင်ထဲမှာ ဖွတ်အတင်း ခိုဝင်ပြီး မျက်ရည်တွေကို အားရိုပါးရို သွန်ချပစ်လိုက်သည်။ နေချို မျက်ဝန်းအိမ်မှာလည်း မျက်ရည်စတွေနှင့်ပါ။

အချစ်နှင့် ပတ်သက်ပြီး အတွေ့အကြုံ မရှိသည့် သူတို့နှစ်ယောက်က အမှန်းကတစ်ဆင့် ကူးပြောင်းလာသော အချစ်ကို ထူးခြားစွာ ကြုံဆုံလိုက်ရသည်မို့ ရင်တနင့်နင့် ကြေကွဲမဆုံး ဖြစ်နေကြသည်။

ချစ်တတ်လာတာ အချိန်မကြာသေးပေမယ့် ဝေးကွာဖို့က အချိန်တို နီးကပ်လွန်းလှသည်။

ဒီနေ့က နောက်ဆုံးအနေနှင့် လမ်းခွဲနှုတ်ဆက်ဖို့ တွေ့ဆုံကြခြင်းဖြစ်သည်။ ငိုကြွေးခြင်းနှင့် အဆုံးသတ်ရမှာ ဘယ်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်နာစရာကောင်းလိုက်သလဲ။

"သမီး ကိုယ်တို့ ဒီအတိုင်းပဲ နောက်ဆုတ်ကြတော့မှာလား"

"ရှေ့ဆက်တိုးလို့မှ မဖြစ်တာပဲ နေချိုရယ်၊ နေချို ဒေါ်လေးနဲ့ ဖေဖေ့ကို စိတ်ဆင်းရဲအောင် မလုပ်ရက်ဘူး။ သူတို့တွေက ဒီအချိန်ထိ သမီးတို့ကို ပေးဆပ်ဖြည့်ဆည်းစောင့်ရှောက်ခဲ့ကြတာ မဟုတ်လား"

"ဒါတော့ ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်က"

"အစကတည်းက သမီးတို့အချစ်က အတ်မြစ်မှ မခိုင်မာခဲ့တာ။ လူကြီးတွေကို ကလန်ကဆန်လုပ်ခဲ့တဲ့ အပြစ်ဒဏ်တွေ ခံရတယ်လို့ အောက်မေ့လိုက်ပါတော့ နေချိုရယ်"

"သမီးရယ် ကိုယ် ကိုယ်တို့နောက် တစ်ကြိမ်လောက် တောင်ပန်ကြည့်ရအောင်၊ သူတို့ စိတ်အပြောင်းအလဲ ဖြစ်ချင် ဖြစ်လာနိုင်ပါတယ်"

"ဟင့်အင်း မဖြစ်နိုင်ဘူး နေချို၊ ဖေဖေက သမီးလိုပဲ ဆုံးဖြတ်ချက်ချပြီးရင် စိတ်ပြတ်တယ်၊ အစွမ်းကုန် လိုက်လျောပြီးတဲ့ ကိစ္စတစ်ခုကို နောက်တစ်ခါ ပြောင်းလဲတော့မှာ မဟုတ်ဘူး၊ သူ အရမ်းချစ်ခဲ့တဲ့ နေချို ဒေါ်လေးကို စွန့်လွှတ်လိုက်တာပဲ ကြည့်ပါလား"

"အဲဒါတော့ ဒေါ်လေးလည်း ဒီအတိုင်းပဲ၊ သူ့ရင်တွေ ကွဲကြေခံ စွန့်လွှတ်ခဲ့တာလို့ ပြောတယ်၊ မျက်ရည်တွေတောင် ကျလို့၊ ကိုယ်





တကယ် စိတ်မကောင်းဘူး"

"ဖေဖေလည်း ငိုတယ် နေချို၊ ဒေါ်ယဉ်ကျေးနွယ်ကို ဖေဖေ တကယ် ချစ်ခဲ့တာ ခံစားလို့ ရတယ်၊ သူတို့ ရင်တွေ နာကျင်ကြေမွခံ စွန့်လွှတ်ပြီးမှ စီစဉ်ခဲ့တဲ့ကိစ္စတစ်ခုကို သမီးတို့ နာခံရုံပဲ ရှိတော့တာပေါ့"

"နင်တို့ အဲလို မလုပ်နဲ့၊ အဲဒါ လိမ်ဆင်ကြီး"

"ဟင် နိုင်ဦး မင်းစိုး"

"ဟယ် အေမီလည်း ပါတယ်၊ နင် နင်တို့"

နေချိုသွေးနှင့် ချစ်သမီး အံ့အားသင့်နေစဉ်မှာ နိုင်ဦးတို့ သုံးယောက် ဝရုန်းသုန်းကား ခုံတွေ ဆွဲ၍ ဝင်ထိုင်ကြသည်။ တစ်ယောက်တစ်မျိုး အအေးမှာ၊ ကော်ဖီမှာ ရေခဲမုန့်မှာနှင့် ရှုပ်ယှက်ခတ်သွား၏။

"ဟဲ့ ခုနက စကားဆက်လေ၊ ဘာဖြစ်လို့ အစားအသောက်တွေ အငမ်းမရ မှာနေကြတာလဲ"

"နင်တို့အတွက် တန်ဖိုးကြီးတဲ့ စကားပြောဖို့ အားဖြည့်နေတာ"

"အောင်မာ ဘာတန်ဖိုးကြီးတဲ့ စကားလဲ၊ ဝေါ်ကြီးကျူ ကျူတယ် မပြောဘူး"

"မင်းတို့ကလေ မသဒ္ဓါအောင် လုပ်နေတယ်၊ အရင်နေ့တွေလည်း ဝေါ်ကြီးကျူချင်ရင် ဒါနချနေတဲ့ဟာကို"

"မင်းတို့နှစ်ယောက်ကလေ သူများကို ဖွဲ့တဲ့နေရာမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



တော်တော် လိုက်ဖက်တယ်နော်၊ ငါတို့တွေက မင်းတို့နှစ်ယောက် မအေ
ရအောင် သတင်းကောင်း ပေးဖို့ လာတာ"

"တကယ်နော်၊ အဲဒါဆို ပြောကြည့်စမ်းကွာ၊ ခုန လိမ်ဆေ
ဆိုတာကရော ဘာပြောတာလဲ"

"အေး မင်းတို့ ထင်သလို မင်းအဒေါ်နဲ့ ချစ်သမီး အဖေ
ရင်နာနာနဲ့ စွန့်လွှတ်ကြေကွဲနေကြတာ မဟုတ်ဘူး"

"ဘာ"

"ဟင် အဲဒါ ဘာပြောတာလဲ"

နေချိုသွေးနှင့် ချစ်သမီး ထိတ်လန့်တကြား စိတ်ဝင်စားသွား
ကြသည်။

"တကယ်တော့ သူတို့နှစ်ယောက်ကို အခုပဲ ပန်းခြံထဲမှာ ထို
တွေ့လာခဲ့ကြတာ"

"ပန်း ပန်းခြံထဲမှာ ဘာလုပ်နေကြတာလဲ"

"တစ်ယောက်က ပန်းလေးကို ဖက်၊ တစ်ယောက်က ခါးအေ
ကိုဖက်ပြီး ကြည်နူးပြုံးရွှင် ရယ်မောလို့ ချစ်ခွန်းသီ ပလူးနေကြတာ
မှာပေါ့"

"ဟာ မ မဖြစ်နိုင်တာကွာ၊ အရင်ကဆိုရင်တော့ ဟုတ်ချ
ဟုတ်မယ်၊ အခုက ငါတို့နှစ်ယောက်ကြောင့် လမ်းခွဲပြီးကြပြီ၊ ဒီအ





အထားမျိုး ချိန်းတွေ့စရာ အကြောင်းမရှိဘူး"

"မယုံရင် ပုံပြင်မှတ်၊ အခုက ငါတို့ လက်တွေ့တကယ် မြင်ခဲ့
တာကို ပြောနေတာ"

"နေပါဦး၊ နင်တို့ကရော ပန်းခြံထဲ ဘာသွားလုပ်ကြတာလဲ၊
အတွဲသွားချောင်းတာလား"

"အေး အာ မဟုတ်ပါဘူး၊ နင်တို့နှစ်ယောက်အတွက် စိတ်
မကောင်းလို့ ပန်းခြံထဲက စားသောက်ဆိုင်မှာ ချိန်းပြီး တိုင်ပင်ဖို့ လုပ်
နေကြတာ"

"ဟုတ်တယ် အဲဒီအချိန်မှာ မင်းအဒေါ်နဲ့ ချစ်သမီး အဖေကို
မြင်လိုက်လို့ ငါတို့ လိုက်ချောင်းကြတာ၊ ဟား ငယ်မူပြန်တဲ့အချစ်က
လူငယ်တွေထက်တောင် လန်းသေးတယ်"

နိုင်ဦးတို့တွေက ပြောပြီး ရယ်ကြသည်။ နေချိုသွေးနှင့် ချစ်သမီး
က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ယုံကြည်ဖို့ ခက်ခဲနေဆဲ။

"အခု အဲဒီနေရာကိုလိုက်သွားရင်ရော ယဉ်ယဉ်တို့ ရှိပါဦး
မလား"

"ဒီနေရာနဲ့ သိပ်မဝေးဘူး၊ အခုလေးမှ ရောက်တာဆိုတော့
ပြန်သေးမှာလည်း မဟုတ်ပါဘူး၊ မင်းတို့သွားချင် သွားကြည့်လေ၊ ငါတို့
လိုက်ပို့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ အဲလိုတော့ မလိုက်ခဲ့ကြနဲ့၊ မင်းတို့လိုက်ရင် ရှုပ်သွားလိမ့်မယ်၊ ငါတို့ဘာသာ သွားလိုက်မယ်၊ မင်းတို့ပြောတာ မှန်လို့ကတော့"

"ဘာလုပ်မှာလဲ"

"ဘာလုပ်ဖြစ်မလဲ တွေးလို့ မရသေးဘူး၊ လာ သမီး ကိုယ်တို့ သွားရအောင်"

ချစ်သမီး လက်ကို ဖွတ်ဆွဲကာ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။

ဒါ ဘာအဓိပ္ပါယ်လဲ။

ပြောင်းလဲမှုရဲ့ အရာရာတိုင်းဟာ အချစ်ကြောင့်ဆိုလျှင်...။

■ ■ ■



## အခန်း (၃၉)

"အချစ်ကြောင့် စစ်ပွဲတွေ ဖြစ်ကြသလို၊ အချစ်ကြောင့် ငြိမ်းချမ်းရေးတွေ ရကြတာ၊ ခေတ်အဆက်ဆက် သာဓကတွေ ရှိခဲ့တာ မေ့ထားလို့ မရဘူး၊ ကိုယ်ကတော့ သမီးနဲ့ မောင်နေချိုသွေးတို့ရဲ့ စိတ်တွေ ပြောင်းလဲသွားတာ အရမ်းဝမ်းသာတာပဲ"

"ယဉ်ယဉ်လည်း ဒီလိုပါပဲ ကိုတုန်းရယ်၊ အစက ဒီအတိုင်းကြီး ဖြစ်နေကြမလားဆိုပြီး စိတ်ပူနေခဲ့တာ၊ အခုတော့ ထိုင်မရ ထမရ မျောက်မီးခဲကိုင်မိသလို ဆတ်ဆတ်ကို တုန်လို့လေ၊ ချစ်သမီးနဲ့ လက်ထပ်ပါရစေ ဆိုပြီး မျက်ရည်လည်ရွဲနဲ့ ဒူးထောက်ပြီး တောင်းပန်တာ"

"ဟား တူတာတ်ပလေ ယဉ်ယဉ်ရယ်၊ ကိုယ့်သမီးလည်း အဲလို ဒူးထောက်တောင်းပန်ပြီးကို မျက်ရည်တွေ ကျနေရှာတာ၊ ဒါပေမဲ့



www.burmeseclassic.com

အလျှော့ပေးလိုက်ရင် ပေါ့သွားမှာကွ၊ ကိုယ်တို့ကို စိတ်အနှောင့်အယှက် ပေးခဲ့တာ၊ ထိုက်တန်တဲ့ ပြစ်ဒဏ် ခံစားမှ ဖြစ်မယ်ဆိုပြီး မျက်နှာလွှဲလိုက်တယ်၊ သမီး မျက်ရည်တွေကို မြင်တော့ စိတ်တော့ မကောင်းဘူး"

တကယ် ရင်ထဲမကောင်းတာမို့ ဦးချစ်ဘုန်းခေါင် အသံက တိမ်ဝင်သွား၏။ ဒါပေမဲ့ မျက်နှာက ပြုံးပျော်ကြည်နူးနေသည်။ ချစ်ရည်ရွှန်းလဲ့နေသော မျက်ဝန်းများဖြင့် ဒေါ်ယဉ်ကျေးနွယ်ကိုလည်း မြတ်မြတ်နိုးနိုး ကြည့်၏။

"ကိုယ်တော့ ဒီနေ့ အပျော်ဆုံးပဲ သိလား၊ လူကြီးတွေကို မလိမ့်တပတ် ကလန်ကဆန် လုပ်တဲ့ ကလေးတွေကို နည်းနည်းစိတ်ကသိကအောက်ဖြစ်အောင် လုပ်နိုင်လို့လေ၊ ကိုယ်တို့တွေတောင် အချစ်ကို မကင်းနိုင်တာ၊ သူတို့က လူတွင်ကျယ်လုပ် မာနကြီးပြနေကြတယ် အချစ် ကို အပြီးအပြတ် လွန်ဆန်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ကလေးတွေ အရမ်းတော့ ခံစားနေရရှာမှာ၊ သွေး မျက်ရည်ကျတာ ဒီတစ်ခါပဲ မြင်ဖူးတယ်၊ ရင်ထဲတော့ မကောင်းဘူး၊ ဒါပေမဲ့ ဒီလိုလုပ်မှလည်း သူတို့အချစ်တွေ ပိုပြီးလေးနက်လာမယ်၊ တန်ဖိုးထားတတ်လာမယ်"

"စေတနာကို နားလည်ရင်တော့ ကောင်းတာပေါ့၊ သေချာသိသွားရင် ကိုယ်တို့ကို အပြစ်တင်မယ် ထင်တယ်၊ တကယ် မလွယ်ဘဲ





ကလေးတွေ၊ သူတို့အတွက် ပြောမှန်းမသိ ဘာမှန်းမသိ"

"အဲလိုတော့ မပြောပါနဲ့ ကိုဘုန်းရယ်၊ သွေးရော ချစ်သမီးရော မိဘနဲ့ အဒေါ်ကို အရမ်းဆန့်ကျင်နေတဲ့ လူဆိုးလေးတွေ မဟုတ်ပါဘူး၊ သူတို့ခမြာ အဒေါ်နဲ့ဖအေ မျက်ရည်ကျ စိတ်ထိခိုက်ဟန်ဆောင်လိုက်တော့ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်နေကြတာတောင် စွန့်လွှတ်ပါမယ်လို့ ကတိပေးခဲ့ကြတာပါ၊ သူတို့နှစ်ယောက်ကို ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ပေးမယ်လို့သာ သိရင် ဘယ်လောက်များ ဝမ်းသာပြီး ပျော်နေကြမလဲ မသိဘူး"

"ကိုယ်တို့ရော ဘယ်အချိန် မင်္ဂလာဆောင်ကြမလဲ ဟင် ယဉ်ယဉ်"

"ဘယ်အချိန်မှ မင်္ဂလာမဆောင်ရဘူး၊ သွေး သဘောမတူဘူး"

"ဟုတ်တယ် သမီးလည်း သဘောမတူဘူး"

"ဟာ သမီး"

"ဟယ် သွေး"

အနားရောက်လာသော နေရှိုးသွေးနှင့် ချစ်သမီးရဲ့ ဒေါသတကြီး ခပ်စွာစွာ အသံကြောင့် ဒေါ်ယဉ်ကျေးနွယ်တို့ နှစ်ယောက်လန့်ဖျပ်တာ ကိုယ်ချင်းခွာပြီး မျက်လုံးမျက်ဆံပြူးသွားကြ၏။

"တစ်ယောက်နဲ့တစ်ယောက် ရင်နာနာနဲ့ ခွဲလိုက်ကြပြီး စွန့်

www.burmeseclassic.com



လွှတ်လိုက်ကြပြီဆို၊ ငါ့တူလေးအတွက် အနစ်နာခံပြီး ငါ့ချစ်သူကို မမျှော်လင့်တော့ပါဘူးဆို၊ အခု ဒါ ဘာလုပ်နေကြတာလဲ၊ ငယ်မူပြန် ချိန်းတွေ့နေတာ ဘာသဘောလဲ''

''ဟုတ်တယ် ဖေဖေတို့ မကောင်းဘူး၊ သမီးမှာတော့ သမီးကြောင့် စိတ်ဆင်းရဲမှာ၊ ဂုဏ်သိက္ခာကျမှာစိုးလို့ ချစ်သူကို မျက်ရည်စက်လက်နဲ့ လမ်းခွဲဖို့ ကြိုးစားနေလိုက်ရတာ၊ ဖေဖေတို့က သမီးတို့ကို အရူးလုပ်တာပေါ့ပါလေ၊ ရှေ့မှာတော့ တကယ်ကို ဒေါ်ယဉ်ကျေးနွယ်နဲ့ လမ်းခွဲရလို့ ပူဆွေးနေသလိုလို ရင်နာသလိုလို ဟန်ဆောင်ကောင်းပြီး အခုကျတော့ ချစ်ရည်လူး ပျော်မြူးနေကြတာ ကောင်းသလား၊ ထမင်းယောက်ပခုံး တစ်ယောက်မှီ ရင်ဘတ်ချင်းအပ် ကြည်နူးနေလိုက်ကြတာ ရှက်လည်း မရှက်ကြဘူး''

''ဒါ ရှက်စရာလား၊ လူငယ်ဖြစ်ဖြစ် လူကြီးဖြစ်ဖြစ် ချစ်ထဲကြတာချည်းပဲ၊ သမီးတို့ရော မချစ်လို့လား''

''ချစ်တယ်လေ ချစ်လို့ပဲ သမီးတို့ကို လက်ထပ်ခွင့် ပြုဖို့တောင်းပန်ခဲ့ကြတာပေါ့၊ ဒါကို ဖေဖေတို့ လက်ခံပေးသလား၊ နားလည်ပေးသလား''

''လက်ခံတယ် နားလည်တယ်၊ ဒါကြောင့်လည်း အချစ်တို့ပိုပြီး တန်ဖိုးထားတတ်အောင် ဒီဇာတ်ညွှန်းကို ဖေဖေနဲ့ ယဉ်ယဉ် တိုင်ပင်





ပြီး ရေးခဲ့၊ သရုပ်ဆောင်ခဲ့ကြတာ''

''ဟင်''

''ဗျာ ဒါ ဒါဆို သွေးတို့ကို တခြားလူတွေနဲ့ ပေးစားမယ်ဆိုတာ တကယ်မဟုတ်ဘူးပေါ့''

ဦးချစ်ဘုန်းခေါင်နှင့် ဒေါ်ယဉ်ကျေးနွယ် ပြိုင်တူ ခေါင်းညိတ်ပြတော့ နေချိုသွေးတို့နှစ်ယောက် အကြည့်ဆုံကာ အပျော်လွန်ပြီး ဖြုန်းခနဲ ဖက်တွယ်လိုက်မိကြ၏။

''တ တကယ်နော် ဖေဖေ''

''ဝေ့လည်ကြောင်ပတ် ဟိုလိုလို ဒီလိုလို မလုပ်နဲ့နော် ယဉ်ယဉ်၊ ဒီစကားကို သွေး အတည်ယူလိုက်ပြီ''

''တကယ်ပြောတာပါ သွေးရယ်၊ ယဉ်ယဉ်တို့က သွေးတို့အတွက်ပဲ စိတ်ပူနေတာ လိမ်ညာပါ့မလား၊ ချစ်သူတွေ မဖြစ်ခင်ကတည်းက လက်ထပ်ပေးချင်ခဲ့တာ၊ မင်းတို့က ဖွတ်ငြင်းခဲ့တာလေ၊ အခု တကယ်ချစ်သူဘဝ ရောက်ပြီး လက်ထပ်မယ်ပြောတော့ ယဉ်ယဉ်တို့ စိတ်လည်းချမ်းသာ၊ ပျော်လည်း ပျော်တာပေါ့ကွယ်''

''ဒါနဲ့များဗျာ သွေးတို့နှစ်ယောက်ခံစားပြီး ကြွေနေတာ၊ နိုင်ဦးတို့ လာပြောလို့ ချိန်းတွေ့နေတာ လက်တွေ့ မဖမ်းနိုင်ရင် ဘယ်အချိန်ထိနှိပ်စက်ထားမလဲ မသိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား အဲလောက်ကြီး လုပ်ရက်ပါ့မလားကွာ၊ အနက်ကယ့် သမီးအူးနဲ့မျက်ရည် သုတ်နေတာ အနက်ကယ် ကြာကြာ မကြည့်ရက်ပါဘူး"

"ဖေဖေနော် ဘာမှန်းမသိဘူး၊ သမီးက အဲလောက် မဟုတ်ပါဘူး"

ချစ်သမီး စကားကြောင့် နေချိုသွေး မျက်ခုံးနှစ်ခု တွန့်ကွေးစုကျုံ့သွားကာ

"ဒါဆို ကိုယ်က သမီးထက် ပိုပြီး ခံစားနေရတယ်လို့ ဆိုလိုတာလား"

"အဲလို အဓိပ္ပါယ်သက်ရောက်သွားလို့လား။ ဒါဆိုလည်း မတတ်နိုင်ဘူး၊ သမီး စိတ်ထဲရှိသလို ပြောလိုက်တာပဲ"

"မင်း အဲလိုပြောလို့ ဖြစ်မလားကွ၊ မင်းက ကိုယ့်လောက် မချစ်ဘူးဆိုတဲ့ သဘော သက်ရောက်နေတာ ကိုယ် လက်မခံနိုင်ဘူး။ ကိုယ့်လို တန်းတူမချစ်နိုင်ရင် ဘာလုပ်ရမှာလဲ၊ ကိုယ်ပဲ အမြဲ အရှုံးပေးနေရမှာလား"

"နေချိုက အရှုံးမပေးချင်ဘူးလား။ ဒါဆို ဘာလို့ ချစ်နေသေးလဲ၊ ဘာလို့ လက်ထပ်မယ် ပြောနေသေးလဲ"

"မင်းလည်း မစွန့်လွှတ်နိုင်ဘူး၊ လက်ထပ်မယ်လို့ ပြောခဲ့တာပဲလေ"





"ကဲ တော်ကြပါတော့ ဒီကလေးတွေနှယ်နော်၊ အဲဒါတွေကြောင့် နင်တို့နှစ်ယောက်ကို စိတ်မချတာ၊ ဒီလောက်ပဲ တစ်ယောက်နဲ့တစ်ယောက် အနိုင်ယူချင်နေရလားဟဲ့၊ ဒီလိုမျိုး ဆက်ဖြစ်နေရင် နင်တို့ကို တခြားလူတွေနဲ့ပဲ ပေးစားလိုက်မယ်နော်"

နားကြားပြင်း ကတ်လာပြီမို့ ဒေါ်ယဉ်ကျေးနွယ် ခြိမ်းခြောက်လိုက်ရသည်။ ဒီလိုလုပ်လိုက်မှ နေချိုသွေးတို့နှစ်ယောက် လက်ချင်းပြန်တွဲဆုပ်ပြီး စပ်ဖြဲဖြဲ မျက်နှာသွင်ပြင် ပြောင်းသွား၏။

"အဲလို စိတ်မကြီးပါနဲ့ ယဉ်ယဉ်ရယ်၊ ယဉ်ယဉ်မှာလည်း ချစ်သူရှိနေပြီ ဝင်မလိုက်မှာ မကြောက်ဘူးလား၊ အနက်ကယ်နဲ့ နောက်တစ်ခါ ကွဲနေဦးမယ်"

"ဟယ် ကြည့်စမ်း၊ နိမိတ်မရှိ နမာမရှိ ပါးစပ်ပုတ်ကြီးနဲ့၊ ပြောလိုက်ရ မကောင်း ရှိတော့မယ်၊ နင်တို့ကို ကြီးကြီးကျယ်ကျယ် ခင်းလာဆောင်ပေးဖို့ တိုင်ပင်ထားတာတွေ ပြန်ရုပ်သိမ်းတယ် သိလား"

"ဟာ မ မလုပ်ပါနဲ့ ယဉ်ယဉ်ရာ၊ သွေးက စတာပါ ဘွာဘွာ"

"အေး ပြီးရော အခု အားလုံး အေးဆေးသွားပြီလို့ သဘောထား၊ နင်တို့လည်း သွားတော့"

"ဗျာ ယဉ်ယဉ်တို့က အိမ်ပြန်မလိုက်သေးဘူးလား၊ ဒီနေ့ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ ဘာလုပ်နေဦးမှာလဲ''

''ငါတို့ဘာသာ ဘာလုပ်လုပ်၊ နင်တို့ အရေးလား''

''ကဲပါကွာ သမီးကိုခေါ်ပြီးသာ မင်းပြန်လိုက်ပါ၊ အန်ကယ်တို့ တိုင်ပင်စရာ ရှိသေးလို့''

သူတို့ကို ဖွတ်ပြန်လွှတ်နေတာ ဒီလူကြီးတွေ မရိုးသား။

ဖွတ်ပေကပ်နေလျှင် မင်္ဂလာ မဆောင်ပေးဖတော့ဘူးလို့ ခြိမ်းခြောက်မှာစိုး၍ နှစ်ယောက်သား ခပ်ကုတ်ကုတ် ရှောင်ထွက်လာခဲ့ရသည်။ ခပ်လှမ်းလှမ်းရောက်ပြီးမှ နိုးကြောင်ခိုးဝှက် ပြန်လှည့်ချောင်းမြောင်း ကြည့်တော့ အချစ်နှင့် မကင်းရာ မကင်းကြောင်း လူသားနှစ်ယောက်က ဘာကိုမှ ဂရုမပြုမိဘွာ။

သူနဲ့ ချစ်သမီးကလည်း အချစ်နှင့် မကင်းတာမို့...၊

အနမ်းတွေ တနင့်တပိုး ဆင့်ကဲရင်း...။

အားလုံးအတွက်

နှတ်သမီး

ဝိုး မြို့ ၁၁၁၄

www.burmeseclassic.com